www.dhammaransi.com

# ဗုဒ္ဓဂါဓပြည် နှင့် ပုဂံမြို့

ရွှေစကြာ ဦးမိုးမြင့်

ဝေမှုန်လင်း

www.dhammaransi.com

စာပေဝါသနာရှင်လူငယ်များ ပြုစုပျိုးထောင်သော

# စပယ်ဦး

•စပယ်ဦးစာပေဖြန့်ချိရေး

www.dhammaransi.com

ဘာသာရေး စာမူ ကြိုတင်ခွင့်ပြုချက် အမှတ်(၀၁၂၀)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက် အမှတ်(၁၂၄၈)
ခွင့်ပြုချက်အရ ထုတ်ဝေသည်။

ရွှေစကြာ ဦးစိုးမြင့်
(စာရေးသူ၏မူပိုင်)

ပြည်လုံးကျွတ်ဖြန့်ချီရာဌာန

စပယ်ဦး

စပယ်ဦးစာပေဖြန့်ချီရေး
အမှတ် ၁၄၈/၁၅၀၊ ၃၃-လမ်း၊ ရန်ကုန်မြို့။
(ဖုန်း-၇၆၈၈၅)

www.dhammaransi.com

ရွှေစကြာ-ဦးစိုးမြင့်

# ဗုဒ္ဓရောင်ခြည်နှင့်ပုဂံမြို့

၁၈

www.dhammaransi.com

ပထမအကြိမ်၊
၁၉၇၃-ခုနှစ်၊ ဧပြီလ
အုပ်ရေ (၂၀၀၀)

---

**မျက်နှာဖုံးပန်းချီ**
ပန်းချီ ဝေမွန်လင်း

---

**ကာလာဖလင်**
ဦးလှစိန် (ဇမ္ဗူအေး)

---

**စာအုပ်ချုပ်**
မောင်မြင့်နှင့်အဖွဲ့

---

**ပုံနှိပ်သူ (မျက်နှာဖုံး/အတွင်း)**
ဒေါ်သန်းသန်း (၀၂၆၀၇) စပယ်ဦးပုံနှိပ်တိုက်
အမှတ် ၁၄၀/၁၅၀၊ ၃၃-လမ်း၊
ရန်ကုန်မြို့။

---

**ထုတ်ဝေသူ**
ဒေါ်ခင်မျိုးညွန့် (၀၃၀၁၄) မြစပယ်စာပေ
အခန်း အမှတ် ၅၊ အိမ်အမှတ် ၃၊ အရိုးကုန်းလမ်း
ကျောက်မြောင်း၊ ရန်ကုန်မြို့။

www.dhammaransi.com

# မာတိကာ


| အမှတ်စဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ | နမော အဒွေဇ္ဈဝစနဿ ဝိဘဇ္ဇဝါဒိနော | ၁ |
| ၂။ | တကောင်းခေတ်သာသနာ ပထမတကောင်းဆက် | ၄ |
| ၃။ | ဒုတိယတကောင်းဆက် | ၅ |
| ၄။ | သတိုးဓမ္မဒီပ ဓဇရာဇာ၏ နန်းတက်ချိန် | ၈ |
| ၅။ | သာသနာဝင်ကျမ်းများအဆို | ၈ |
| ၆။ | သရေခေတ္တရာခေတ်သာသနာ | ၁၄ |
| ၇။ | ဒွတ္တပေါင်မင်း လက်ထက် | ၁၆ |
| ၈။ | သာသနာရေး | ၁၆ |
| ၉။ | သာသနာမှုခင်း | ၁၉ |
| ၁၀။ | ဒွတ္တရန်မင်း | ၂၁ |

www.dhammaransi.com

| အမှတ်စဉ် | မာတိကာ | စာမျက်နှာ |
| --- | --- | --- |


၁၁။ ရန်ပေါင်မင်း ၂၁

၁၂။ အာသောက မင်းတရားကြီးနှင့် နန်းပြိုင်ပုံ ၂၁

၁၃။ ရန်ပေါင်မင်းနှင့် အသောကမင်းတရားကြီး တတိယ သင်္ဂါယနာတို့အတွက် သက္ကရာဇ် စိစစ်ချက် ၂၂

၁၄။ အမှန်စင်စစ် သက္ကရာဇ် ၂၅

၁၅။ ရန်ပေါင်မင်းလက်ထက် သာသနာ ၂၅

၁၆။ ပစ္စန္တဇနပုဒ် သို့မဟုတ် ပစ္စန္တရစ်ဟူသည် အဘယ်နည်း ၂၆

၁၇။ ပစ္စန္တဇနပုဒ် သို့မဟုတ် ပစ္စန္တရစ် ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုလွှတ်ခြင်း၊ သာသနာပြုမထေရ်များနှင့် ကြွသွားရာ တိုင်းများ ၂၈

၁၈။ ရန်မန်မင်းမှ သီရိခန်မင်းအထိ မင်းငါးဆက်လက်ထက် သာသနာရေး ၃၆

၁၉။ သီရိရာဇ်မင်းလက်ထက် သာသနာရေး ၃၇

၂၀။ တေပါးမင်းလက်ထက် သာသနာရေး ၃၈

၂၁။ စတုတ္ထ သင်္ဂါယနာ ၃၉

၂၂။ ပါပိရန် မင်းလက်ထက် ၄၀

၂၃။ မိလိန္ဒမင်းနှင့် အရှင်နာဂသိန် ၄၁

၂၄။ ဗုဒ္ဓမြတ်စွာဘုရား၏ ဗျာဒိတ်တော် ၄၁

၂၅။ မိလိန္ဒပဉှာကျမ်းကြီး ၄၂

၂၆။ မိလိန္ဒမင်းကြီးလက်ထက် ရဟန္တာများ ၄၂

၂၇။ သက္ကရာဇ် ရှင်းချက် ၄၃

www.dhammaransi.com




၂၈။ သရေခေတ္တရာခေတ် နောက်ဆုံးသာသနာရေး ၄၄
၂၉။ သက္ကရာဇ်ဖြိုခြင်း၊ ဂေါစာခေါ် သက္ကရာဇ်အသစ် ၄၅
၃၀။ သရေခေတ္တရာပြည်၏ နောက်ဆုံး ရှင်ဘုရင် ၄၇
၃၁။ သုပညာနဂရဆိန္နမင်း ဘုရားကြည်ညိုပုံ ၄၈
၃၂။ စကောဲတာချုပ်အတွက် သရေခေတ္တရာပြည် ပျက်ခြင်း ၅၁
၃၃။ ပျူအစုနှင့် ကမ်းယံအစု စစ်ဖြစ်ခြင်း ၅၃
၃၄။ ပျူချင်း ကွဲကြပြန်ခြင်း ၅၄
၃၅။ သရေခေတ္တရာခေတ် သာသနာဝေဖန်ချက် ၅၄
၃၆။ ပါဠိဘာသာနှင့် သရေခေတ္တရာ ၅၆
၃၇။ ပုဂံခေတ်သာသနာရေး ၆၁
၃၈။ သမုဒ္ဒရာဇ်မင်းလက်ထက် ၆၃
၃၉။ သမုဒ္ဒရာဇ်မင်းလက်ထက် ရန်သူကြီးလေးမျိုး ၆၄
၄၀။ ပျူစောထီး ပေါ်လာခြင်း ၆၅
၄၁။ ငှက်ကြီး၏ ပမာဏ ၆၆
၄၂။ ရသေ့ကြောင်မင်း ၆၈
၄၃။ ပျူစောထီး သို့မဟုတ် ပျူမင်းထီး ၆၉
၄၄။ ပျူစောထီး၏ ဘုန်းသမ္ဘာ ၆၉
၄၅။ ပျူစောထီးမင်းလက်ထက် သာသနာရေး ၇၀
၄၆။ ထီးမင်းယဉ်မင်း ၇၂
၄၇။ ယဉ်မင်းပိုက်မင်း ၇၂
၄၈။ သိဟိုဠ်ကျွန်းသို့ လက်ဝဲအောက် ဓာတ်စွယ် တော်မြတ် ရောက်လာပုံ ၇၃

www.dhammaransi.com




၄၉။ စွယ်တော်ရောက်သောနှစ် သက္ကရာဇ်ဝိဝါဒ ၇၄
၅၀။ ပိုက်သေဉ်လည်မင်း ၇၅
၅၁။ သေဉ်လည်ကြောင်မင်း ၇၆
၅၂။ မဟာဂိရိနတ်မောင်နှမ ရောက်လာခြင်း ၇၇
၅၃။ သီရိပစ္စယာမြို့တော် ၇၇
၅၄။ ကြောင်ဒူရစ်မင်း ၇၈
၅၅။ အရှင်မဟာ ဗုဒ္ဓဃောသ ပိဋကတ်တော်ကို
ကူးယူဆောင်ယူရန် သီဟိုဠ်ကျွန်းသို့
သွားရောက်ခြင်း ၇၈
၅၆။ အရှင်မဟာဗုဒ္ဓဃောသအကြောင်း ၇၉
၅၇။ အဋ္ဌကထာဆိုတာဘာလဲ ၈၂
၅၈။ သာသနာရေးအတွက် အားနည်းချက် ၈၆
၅၉။ ပုပ္ပားစောရဟန်းခေါ် သဈ်ရာဇာမင်း
သက္ကရာဇ် ဖြိုပြန်ခြင်း ၈၆
၆၀။ ခဆပဉ္စအဓိပ္ပာယ် ၈၈
၆၁။ ပုဂံမြို့ဟူသောအမည် ၈၉
၆၂။ တောင်သူကြီးမင်းလက်ထက် အရည်းကြီးဝါဒ
ထွန်းကားပုံ ၈၉
၆၃။ အရည်းကြီးတို့၏ အယူဝါဒ ၉၀
၆၄။ အရည်းကြီးဂိုဏ်း ဆရာကြီးများနှင့်
တပည့်များ ၉၁
၆၅။ အရည်းကြီးဝါဒ၏ အစမူလ ၉၁
၆၆။ တောင်သူကြီးမင်းလက်ထက်
အရည်းကြီးဝါဒအပြည်လုံး ထွန်းကားခြင်း ၉၂

www.dhammaransi.com

| အမှတ်စဉ် | မာတိကာ | စာမျက်နှာ |
| --- | --- | --- |


၆၇။ ပုဂံပြည်၌ သာသနာအလုံးစုံ မကွယ်သေး ၉၃
၆၈။ သာသနဒါယကာ အနော်ရထာမင်းစော ၉၅
၆၉။ အနော်ရထာမင်းစောနှင့် အရည်းကြီးများ ၆၅
၇၀။ သထုံပြည်မှ ပုဂံပြည်သို့ အရှင်အရဟံ ရောက်လာကြောင်း ၉၇
၇၁။ ရာဇဝင်၌လာသော ရှင်အရဟံ၏ ထေရုပ္ပတ္တိ(ထေရာပဒါန်) ၉၈
၇၂။ အနော်ရထာ မင်းစော ယူကျုံးမရ တောင့်တခြင်းနှင့် သံဝေဂ ဖြစ်ရပုံ ၁၀၂
၇၃။ ပရိတ္တဒါန်း၌လာသော ရှင်အရဟံ၏ ထေရုပ္ပတ္တိ (ထေရာပဒါန်) ၁၀၃
၇၄။ စူဠဝံသကျမ်းမှလာသော ဂါထာ ၁၀၄
၇၅။ လှည့်ပတ်ပုံကား ၁၀၆
၇၆။ (၃) သာသနာဆက်စာတမ်း၌လာသော ရှင်အရဟံ၏ ထေရုပ္ပတ္တိ(ထေရာပဒါန်) ၁၀၇
၇၇။ သာသနာလင်္ကာရ စာတမ်း၌ပါသော မဟာဓမ္မသင်္ကြံ၏ မှတ်ချက် ၁၀၈
၇၈။ အရည်းကြီးတို့၏ ကျမ်းစာများကို မီးတိုက်ခြင်း ၁၀၉
၇၉။ အရှင်အရဟံ ကြွရောက်လာခြင်း ၁၁၀
၈၀။ ရှင်အရဟံ၏ ထေရာပဒါန် ၁၁၄
၈၁။ ရှင်အရဟံ ပုဂံပြည်သို့ရောက်သော သက္ကရာဇ် ၁၁၅
၈၂။ သထုံပြည်ကို တိုက်သိမ်းအောင်မြင်သော သက္ကရာဇ် ၁၁၆

www.dhammaransi.com


| အမှတ်စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၈၃။ | ရဟန်းလူထွက် (ဘုန်းကြီးလူထွက်) ကျန်စစ်သား | ၁၁၇ |
| ၈၄။ | စိစစ်ချက် | ၁၁၈ |
| ၈၅။ | ရှင်အရဟံ ကြွလာခဲ့ရာ ဌာနမှ သာသနာရေး | ၁၂၁ |
| ၈၆။ | သုဓမ္မပုရ သထုံပြည်မှ ပိဋကတ်တော်များကို ဆောင်ယူခြင်း | ၁၂၂ |
| ၈၇။ | မနူဟာဘုရား | ၁၃၀ |
| ၈၈။ | အနော်ရထာမင်းစော တရုတ်ပြည်သွား၍ စွယ်တော်ပင့်ခြင်း | ၁၃၁ |
| ၈၉။ | တောင်ပြုံး ဆုတောင်းပြည့် ဘုရား | ၁၃၃ |
| ၉၀။ | တောင်ပြုံးညီနောင် မင်းကြီး မင်းကလေး | ၁၃၃ |
| ၉၁။ | မန္တလေးတောင်ထိပ်၌ ဘုရားတဆူနှင့် ရွှေကြက်ယက် ရွှေကြက်ကျတောင်နှစ်လုံး၌ ဘုရားနှစ်ဆူ တည်တော်မူခဲ့ခြင်း | ၁၃၄ |
| ၉၂။ | ရွှေစာရံဘုရား | ၁၃၇ |
| ၉၃။ | မင်းအဆက်ဆက် ဆက်လက် လှူဒါန်းကြခြင်း | ၁၄၀ |
| ၉၄။ | ရွှေစည်းခုံ စေတီတော် | ၁၄၁ |
| ၉၅။ | သီဟိုဠ်ကျွန်းသို့ သံတမန် စေလွှတ်၍ စွယ်တော်ပွား တောင်းယူ ရရှိခြင်း | ၁၄၃ |
| ၉၆။ | ပိဋကတ်တော်များကို မြန်မာအက္ခရာသို့ တင်ခြင်း | ၁၄၅ |

www.dhammaransi.com


| အမှတ်စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၉၇။ | အနော်ရထာမင်းစော လက်ထက် သာသနာရေး | ၁၄၆ |
| ၉၈ | ရဟန်းဟူသော ဝေါဟာရ | ၁၄၇ |
| ၉၉။ | ပါဠိဘာသာ ထွန်းကားစ ပြုလာခြင်း | ၁၄၉ |
| ၁၀၀။ | အနော်ရထာ မင်းစော၏ အမည်တော်ရင်း | ၁၅၁ |
| ၁၀၁။ | သီဟိုဠ်ကျွန်းသို့ သာသနာရေးအတွက် အကူအညီပေးခြင်း | ၁၅၃ |
| ၁၀၂။ | ဘုရင့်အနော်ရထာမင်းစော နတ်ရွာစံခြင်း | ၁၅၅ |
| ၁၀၃။ | ထီးလှိုင်ရှင် ကျန်စစ်သားမင်း | ၁၅၆ |
| ၁၀၄။ | မွန်နန်းမဟာရာဇဝင်တော်နှင့် မြစေတီ ကျောက်စာ | ၁၅၆ |
| ၁၀၅။ | ကျောက်စာရှိတိုင်း အမှန်လော ကျောက်စာသည် ဘုရားစကားလော | ၁၅၈ |
| ၁၀၆။ | ရွှေစည်းခုံစေတီတော်ကို ပြီးစီးအောင် ဆက်လက် တည်တော်မူခြင်း | ၁၆၁ |
| ၁၀၇။ | ဟိမဝန္တာ ဂန္ဓမာဒနတောင်မှ ရဟန္တာများ ကြွလာခြင်း | ၁၆၂ |
| ၁၀၈။ | အာနန္ဒာဘုရား | ၁၆၃ |
| ၁၀၉။ | မင်းတိုင်ပင်အမတ်ကြီး မဟာဗမ္မသကြံ၏ မှတ်ချက် | ၁၆၄ |
| ၁၁၀။ | ရှင်းချက် | ၁၆၄ |
| ၁၁၁။ | ဂူပြောက်ကြီးဘုရားအတွင်းမှ မင်စာ | ၁၆၅ |

www.dhammaransi.com


| အမှတ်စဉ် | မာတိကာ | စာမျက်နှာ |
| --- | --- | --- |
| ၁၁၂။ | ရွှေကျင်သာသနာပိုင် ဆရာတော် အရှင် အဂ္ဂဓမ္မာဘိဝံသ၏ အဘိဓာန် နိဿယ | ၁၆၆ |
| ၁၁၃။ | နတ်ဘီလူး စစ်သူကြီး နှစ်ကျိပ် ရှစ်ယောက်သရုပ် | ၁၆၆ |
| ၁၁၄။ | 'ကာရိကာ'ခေါ် သဒ္ဒါငယ်ကျမ်း | ၁၆၇ |
| ၁၁၅။ | ကျန်စစ်သားမင်းလက်ထက် သာသနာ | ၁၆၇ |
| ၁၁၆။ | အလောင်းစည်သူမင်း | ၁၆၈ |
| ၁၁၇။ | အလောင်းစည်သူမင်းလက်ထက် သာသနာရေး | ၁၆၉ |
| ၁၁၈။ | ရွှေဂူကြီးဘုရား | ၁၇၀ |
| ၁၁၉။ | ရှင်အရဟံ ပရိနိဗ္ဗာန်စံခြင်း | ၁၇၀ |
| ၁၂၀။ | သဗ္ဗညုဘုရား | ၁၇၃ |
| ၁၂၁။ | သာသနာ လွန်စွာ တောက်ပခြင်း | ၁၇၄ |
| ၁၂၂။ | အလောင်းစည်သူမင်းတရား ပြစ်မှားမိခြင်း | ၁၇၅ |
| ၁၂၃။ | ကုလားကျခေါ် နရသူမင်း | ၁၇၇ |
| ၁၂၄။ | ပံသုကူ မဟာထေရ် | ၁၇၈ |
| ၁၂၅။ | နရသူမင်းလက်ထက် သာသနာရေးအတွက် ဘေးအန္တရာယ် ဖြစ်လာခြင်း | ၁၈၂ |
| ၁၂၆။ | မင်းယဉ်နရသိင်္ခ | ၁၈၅ |
| ၁၂၇။ | နရပတိစည်သူ | ၁၈၆ |
| ၁၂၈။ | အနန္တ သူရိယ၏ စာလေးပုဒ် | ၁၈၆ |
| ၁၂၉။ | စာ ၄ ပုဒ်ကား | ၁၈၆ |

www.dhammaransi.com

| အမှတ်စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|


၁၃၀။ နရပတိစည်သူလက်ထက် သာသနာရေး အရှင်ဥတ္တရာဇီဝနှင့် အရှင်ဆပ္ပဒ အရှင်ဥတ္တရာဇီဝ မဟာထေရ် သီဟိုဠ်သို့ ကြွခြင်း ၁၈၈

၁၃၁။ ဤအထက်ပါ ကလျာဏီကျောက်စာ၏ မြန်မာ ဘာသာပြန်ကား ၁၈၈

၁၃၂။ ပြာဏဒဿီမထေရ် လောကီချောန်ရပုံကို သိခြင်း ၁၈၉

၁၃၃။ ဥတ္တရာဇီဝ မထေရ် သီဟိုဠ်သို့ ကူးခြင်း ၁၉၁

၁၃၄။ နရပတိစည်သူမင်း၏ ကြည်ညိုမှု ၁၉၇

၁၃၅။ ထိုကျောက်စာ၏ မြန်မာဘာသာပြန်ကား ၁၉၇

၁၃၆။ ရောဝတီနဒီသိမ် ၁၉၈

၁၃၇။ အရှင်ရာဟုလာနှင့် ဘုရင်မင်းမြတ်၏ အလှူတော်ပွဲသဘင်ကြီး ၁၉၉

၁၃၈။ သီဟိုဠ်ဂိုဏ်းသံဃာတော် စုတို့၏ ပဓာန နာယကဖြစ်သော မြန်မာပြည်သား ပုသိမ်မြို့နယ် ဆပ္ပဒရွာဇာတိ အရှင်ဆပ္ပဒမထေရ် မြတ် ပြုစုတော်မူခဲ့သော ကျမ်းဂန်များ ၂၀၅

၁၃၉။ သာသနာလင်္ကာရ စာတမ်း၏ အဆို ၂၀၆

၁၄၀။ ပိဋကတ်သမိုင်း စာတမ်း၏ အဆို ၂၀၇

၁၄၁။ စေတကပြဿနာ ဝင်လာပုံအချက် ၂၀၈

၁၄၂။ ဒုတိယ ဆပ္ပဒ ပြုစုကြောင်း ဖော်ပြသော သာသနာဝင်ကျမ်းများ အဆို ၂၁၃

၁၄၃။ မဟာဒွါရနိကာယ သာသနဝံသ ဒီပနီ၏အဆို ၂၁၄

www.dhammaransi.com


| အမှတ်စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁၄၄။ | တိပိဋကပါဠိမြန်မာအဘိဓာန် နိဒါန်း၏အဆို | ၂၁၅ |
| ၁၄၅။ | သီဟိုဠ်ကျွန်းသား ဆရာတော် အရှင်ဗုဒ္ဓဒတ္တ မထေရ်မြတ်၏အဆို | ၂၁၅ |
| ၁၄၆။ | ဒုတိယဆပ္ပဒမထေရ်အကြောင်း | ၂၁၆ |
| ၁၄၇။ | ညှိနှိုင်းဆင်ခြင်ရန် အချက်များ | ၂၁၈ |
| ၁၄၈။ | နာမည်ကျော် ကျမ်းနှစ်ကျမ်း | ၂၂၁ |
| ၁၄၉။ | ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံ | |
| ၁၅၀။ | ဆရာတော် ဘုရားကြီး၏ရေးသားချက် | ၂၂၃ |
| ၁၅၁။ | ပထမဆပ္ပဒ မဖြစ်စေချင် | ၂၂၅ |
| ၁၅၂။ | ငစွယ်ရှင် ပံသုကူမထေရ် | ၂၂၆ |
| ၁၅၃။ | နရပတိစည်သူ မင်းတရားနှင့် ငစွယ်ရှင် ပံသုကူမထေရ် | ၂၂၈ |
| ၁၅၄။ | ပေါင်လောင် ရှင်ကဿပနှင့် အရှင်သုမေဓာ မထေရ် | ၃၂၃ |
| ၁၅၅။ | ပေါင်လောင် ရှင်ကဿပပြုသောကျမ်း | ၂၃၃ |
| ၁၅၆။ | ခုဒ္ဒသိက္ခာ အဋ္ဌကထာ နိဿယဟောင်း | ၂၃၄ |
| ၁၅၇။ | ပိဋကတ်တတ် ရဟန်းပျိုနှင့် မင်းသမီး | ၂၃၇ |
| ၁၅၈။ | သံပျင်ဋီကာ၏အကြောင်း | ၂၄၀ |
| ၁၅၉။ | နျာသခေါ် မုခမတ္တဒီပနီကျမ်း | ၂၄၂ |
| ၁၆၀။ | သံပျင်ဋီကာကျမ်း | ၂၄၃ |
| ၁၆၁။ | ဓမ္မဝိလာသ ဘွဲ့တံဆိပ် | ၂၄၄ |
| ၁၆၂။ | ဓမ္မဝိလာသ ဓမ္မသတ်ကျမ်း | ၂၄၆ |

www.dhammaransi.com


| အမှတ်စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁၆၃။ | ကန်တော့ပလ္လင်(ကော်တော့ပလ္လင်လည်း ခေါ်၏) စေတီတော်နှင့် ဓမ္မရာဇိက စေတီတော် | ၂၄၇ |
| ၁၆၄။ | ဇေယျသိခ်နန်းဘောင်းမျှားမင်း(ထီးလိုမင်းလိုမှင်းဟုလည်း ခေါ်ဝေါ်ကြ၏ | ၂၄၈ |
| ၁၆၅။ | ကျစွာမင်း | ၂၄၈ |
| ၁၆၆။ | ကျစွာမင်းလက်ထက် သာသနာရေး | ၂၄၉ |
| ၁၆၇။ | ကျစွာမင်းတရား၏မှာထားချက်မိန့်ခွန်း | ၂၅၁ |
| ၁၆၈။ | သီဟိုဠ်သားတို့ လက်ဖျားခါရသော သဒ္ဒနီတိကျမ်း | ၂၅၂ |
| ၁၆၉။ | သဒ္ဒနီတိသုံးကျမ်း | ၂၅၃ |
| ၁၇၀။ | ပုဂံနှင့် သီဟိုဠ်သဒ္ဒါတတ်ပြိုင်ခြင်း | ၂၅၆ |
| ၁၇၁။ | သဒ္ဒနီတိနှင့်နမောဗုဒ္ဓါယသိဒ္ဓံ | ၂၅၆ |
| ၂၇၂။ | ပြဿဒါးစေတီ | ၂၆၀ |
| ၂၇၃။ | သဒ္ဒါငယ်ကျမ်းပြု-စုဖုရား | ၂၆၁ |
| ၂၇၄။ | အနော်ရထာမင်းစော ဝင်စားသူ | ၂၆၂ |
| ၂၇၅။ | ဥဇ္ဇနာမင်း | ၂၆၃ |
| ၂၇၆။ | မင်းခွေးချေးခေါ်တရုတ်ပြေးမင်းလည်းခေါ် နရသီဟပတေ့မင်း | ၂၆၄ |
| ၁၇၇။ | နရသီဟပတေ မင်းလက်ထက် သာသနာရေး ဦးကျည်ပွေ့ခေါ် ဒိသာပါမောက္ခ ဆရာတော် | ၂၆၄ |
| ၂၇၈။ | နရသီဟပတေ့(တရုတ်ပြေးမင်း)လက်ထက် သာသနာရေးဘက်မှ ပျက်စီးချက် | ၂၆၇ |

www.dhammaransi.com

| အမှတ်စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|


၂၇၉။ နရသီဟပတေ့ (တရုတ်ပြေးမင်း)၏ ထူးခြားချက် ၂၆၈

၂၈၀။ မင်္ဂလာစေတီကျောက်စာမှ ကောက်နုတ်ချက် ၂၆၈

၂၈၁။ ဒလစား ကျော်စွာမင်း ၂၆၉

၂၈၂။ စောနစ်မင်း ၂၇၀

၂၈၃။ စောမွန်နစ်မင်း ၂၇၀

၂၈၄။ ပုဂံရာဇဝင်ပြီးဆုံးခြင်း ၂၇၀

၂၈၅။ ပုဂံခေတ်သာသနာရေးအကျဉ်းချုပ် ၂၇၁

၂၈၆။ ပုဂံတပြည်လုံး ပိဋကတ်တော်များဖုံးအုပ် နေခြင်း ၂၇၂

၂၈၇။ ဆွမ်းခံကြွလာသော ရဟန်းတော်နှင့်(၁၂)နှစ် ရွယ် သတို့သမီးငယ် ၂၇၃

၂၈၈။ သာသန ဘာသာဖြစ်သော ပါဠိဘာသာ စည်ကားပြန့်ပွားခြင်း ၂၇၅

၂၈၉။ ကျမ်းပြီးနိဂုံး ၂၇၅

၂၉၀။ ကျမ်းဆရာ၏ဆုတောင်း ၂၇၆

www.dhammaransi.com

# နမော အဒွေဇ္ဇဝဲစနဿ ဝိဘဇ္ဇဝါဒိနော

အကျွန်ုပ်တို့ကိုးကွယ်ရာ ဗုဒ္ဓဘာသာ၏ ကတ္တာ သာသနသခင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၂၀ က ပရိနိဗ္ဗာန်စံလွန်တော်မူခဲ့၏။ ထိုဗုဒ္ဓမြတ်စွာ ဘုရား၏ သာသနာကို ဤမြန်မာနိုင်ငံမှ မြန်မာဟူသော အမည်မပေါ် ပေါက်မီ အထက်ကျော်ကာရီ ပဝေဏီကစပြီး ကိုးကွယ် ဆည်းကပ်လာခဲ့ကြ၏။ မြန်မာဟူသော အမည်မှာ ဗုဒ္ဓမြတ်စွာ ဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၆၃၈ နှစ်ရောက်မှ ပေါ်ပေါက်လာ၏။ ထိုစကားမှန်၏။ မြန်မာရာဇဝင် သရေ ခေတ္တရာ ပြည်ပျက်သောအခါ ပျူတစု၊ ကမ်းယံတစု၊ မြန်မာ တစု ဟူ၍ သုံးစုကွဲကြောင်း ပါရှိ၏။ မြန်မာဟူသော အမည်ကို ထိုအခါမှစ၍ တွေ့ရ၏။ လူမျိုးကား ဗုဒ္ဓမြတ်စွာ ဘုရားမပွင့်မီ တကောင်းရာဇဝင် စတင်ကတည်းက ပေါ်ပေါက်ခဲ့၏။ မိမိတို့ ကိုးကွယ်ရာ ဗုဒ္ဓသာသနာနှင့် ပတ်သက်သော အချက်အဆစ်

www.dhammaransi.com



အနှစ်သာရ ဗဟုသုတအဖြာဖြာနှင့် ဗုဒ္ဓသာသနာ ဤမြန်မာနိုင်ငံသို့ မည်သည့်အခါက ရောက်လာသည်၊ မည်သို့သောနည်းဖြင့် ရောက်လာဘည်တို့ကို ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်ကြပေ၏။ ဤဖော်ပြပါ အချက်တို့နှင့် ပတ်သက်၍ သာသနာဝင်အဆက်ဆက်၊ ရာဇဝင် အဆက်ဆက်မှစပြီး ရေးသားထားခဲ့ကြသော သာသနာဝင် ကျမ်းများ အတော်အသင့်ရှိခဲ့ကြ၏။ ယခုလက်ထက် ၌ ဆက်လက်ရေးသားကြသော သာသနာဝင်ကျမ်းများလည်း အတော်အသင့်ရှိခဲ့ကြ၏။ သို့ရာတွင် ထိုဆိုခဲ့ပြီးသော ကျမ်းစာတို့မှာ ရှေးမူရှေးဟန်နှင့် ရှေးဆန်ဆန်ရေးထားကြသဖြင့် တကြောင်း၊ အချို့နေရာများတွင် ယနေ့အထိ တွေ့ရှိရသော သုတေသန အချက်များနှင့် ကင်းကွာကွဲလွဲနေသဖြင့် တကြောင်း၊ သိပ္ပံနည်းအရ၊ သိပ္ပံနည်းကျကျ သဘာဝအစစ်ကို နှစ်သက်သော ယခုခေတ် လူတို့အတွက် အားရတင်းတိမ်ခြင်း မဖြစ်နိုင်ကြပေ။ သို့ဖြစ်၍ နောက်ဆုံးသုတေသန ပြုချက်အရ ယထာဘူတ သဘာဝ အစစ်ဖြစ်သော သာသန ဗဟုသုတများကို ဤယနေ့ခေတ်သစ်ကြီးနှင့် လျော်ညီစွာ ခေတ်သုံးဝေါဟာရ၊ ခေတ်သုံးအရေးအသားတို့ဖြင့် တခမ်းတနား ကျမ်းတစောင်တဖွဲ့ ရေးသားထားရန် လိုအပ်ကြောင်း စဉ်းစားမိရာမှ ဤကျမ်းစာ ဖြစ်ပေါ်လာရခြင်း ဖြစ်ပေ၏။

သာသနာ၏ အကြောင်းကို ရေးလျှင် ဒါယကာ၏ အကြောင်းမပါပဲ မဖြစ်ပေ။ ဒါယကာကား အခြားမဟုတ်၊ ရှင်ဘုရင်များပင် ဖြစ်၏။ အကြောင်းကား—

www.dhammaransi.com



"သာသနံနာမ ရာဇာနံ နိဿာယ တိဋ္ဌတေ ဣစ= သာသနာ မည်သည်ကား မင်း(အစိုးရ)ကို အမှီပြု၍ တည်ရ၏"

ဟူသော ဋီကာဆရာမြတ်တို့ အမိန့်စကားအတိုင်း မင်းအစိုးရကို အမှီပြုရသောကြောင့်၊ မင်းအစိုးရက ချီးမြှောက်မှသာလျှင် တည်တံ့ထွန်းကားနိုင်သောကြောင့် ဖြစ်၏။ သို့ဖြစ်၍ ဤကျမ်းစာတွင် သာသနဒါယကာ ဘုရင်များ၏ အကြောင်းကိုလည်း ဆိုင်ရာဆိုင်ရာ အချက်တို့တွင် အမြွက်မျှ ဖော်ပြသွားရလိမ့်မည်ဖြစ်၏။

ဤကျမ်းစာအတွက် မှီငြမ်းပြုသော အရာများမှာ ဗုဒ္ဓမြတ်စွာ ဒေသနာတော် ပိဋကတ်များနှင့် ဗုဒ္ဓါနုလောမ၊ ဗုဒ္ဓါနုရူပ၊ ဗုဒ္ဓါနုကူလ၊ သုတ္တာနုလောမ၊ သုတ္တာနုရူပ၊ သုတ္တာနုကူလဖြစ်သည့် ဂန္ထန္တရကျမ်းစာများ၊ သာသနာဝင် ကျမ်းစာများ၊ ရာဇဝင်များ၊ မော်ကွန်းများ၊ ကျောက်စာများ၊ အုတ်ခွက်စာများ၊ စည့်ကွင်းစာများ၊ ပုဂံခေတ်ကရှိသော ရှေးမင်စာဟောင်းများ၊ နန်းတွင်းမှတ်တမ်းများ၊ လွှတ်တော် အမိန့်တော်ပြန်တမ်းများ၊ ရှေးနန်းစဉ်ဆက် ဆင်းသက်၍ မှတ်သားလာခဲ့ကြသော ရှေးနန်းစဉ် မှတ်တမ်းများ၊ နိုင်ငံခြားသားတို့၏ မှတ်တမ်းများ၊ မုံရွေးဇေတဝန် ဆရာတော် အရိယာဝံသ အာဒိစ္စရံသီ မထေရ်မြတ်နှင့် နော်ရထာကျော်ထင်ဘွဲ့ရ ပုဂံဦးတင်စသော ယုံကြည်ကိုးစားလောက်သည့် ရှေးသုဟောင်းပညာရှိတို့၏ မှတ်စုများ၊ ခိုင်မာသော သမိုင်းများ၊ ပျို့ကဗျာလင်္ကာ ဧချင်းများ ဖြစ်ပေ၏။ ရာဇဝင်နှင့် ပတ်သက်၍ ဖော်ပြရာ၌ ဘကြီးတော်ဘုရား လက်ထက်က ပြုစုသော မှန်နန်းမဟာ

www.dhammaransi.com



ရာဇဝင်တော်ကြီးကို အများဆုံး ကိုးကား ဖော်ပြသွားမည် ဖြစ်၏။ အကြောင်းကား မှန်နန်းမဟာရာဇဝင်တော်ကြီးမှာ ဘုရင်၏ အမိန့်နှင့် ရဟန်းပညာရှိ၊ မှူးမတ်ပညာရှိ၊ ပုဏ္ဏားပညာရှိတို့ စုပေါင်း ရေးသားထားသော ရာဇဝင်ကြီး ဖြစ်သောကြောင့်တည်း။

## တကောင်းခေတ် သာသနာ

## ပထမ တကောင်းဆက်

တခကောင်းရာဇဝင်မှာ အကျွန်ုပ်တို့ ကိုးကွယ်ရာ ဗုဒ္ဓဂေါတမမြတ်စွာဘုရား မပွင့်မီ အထက်ကျော်ကာရီ ပဝေဏီကတည်းကတည်ရှိနေနှင့်၏။ အဘိရာဇာမည်သော သာကီဝင်မင်းသည် မဇ္ဈိမဒေသ ကပိလဝတ္ထုပြည်မှ နောက်လိုက်စစ်သည် ဗိုလ်ပါအလုံးအရင်းနှင့်တကောင်းပြည်တည်ရာ အရပ်သို့ရောက်လာပြီး သင်္ဃာသရဋ္ဌမည်သော တခကောင်းပြည်ကြီးကို တည်ထောင်စံနေ၏။

မှတ်ချက်။ ။ကပိလဝတ္ထုပြည်မှာ နီပေါ (Nepal) ပြည်အတွင်း၌ ရှိ၏။ နဂရခါဆ် (Nagarkhas) ခေါ် ဌာနဟောင်းသည်ပင် ကပိလဝတ္ထုဖြစ်ကြောင်း ကျောက်စာပညာရှင်တို့က ဖော်ပြကြ၏။

အဘိရာဇာမင်းကစ၍ မင်းလောင်းသုံးကျိပ် သုံးယောက်အထိ ရှိခဲ့၏။ နောက်ဆုံးဖြစ်သော ဘိန္နကရာဇာ လက်ထက်တကောင်းပြည်ကြီး ပျက်စီး၍ ဖရိုဖရဲ ဖြစ်သွား၏။ ထိုအချိန်တွင်

www.dhammaransi.com



မဇ္ဈိမဒေသခေါ် အိန္ဒိယပြည် ဗုဒ္ဓဂယာအရပ်၌ ဂေါတမမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

မှတ်ချက်။ ။ဗုဒ္ဓ စတင် ပွင့်တော်မူရာဌာန (မဟာဗောဓိပင်ကြီး)မှာ အိန္ဒိယနိုင်ငံ ဗီဟာ (Bihar) နယ် ဂယာ (Gaya) ခရိုင်အတွင်း၌ ရှိ၏။

ဤကား ပထမ တကောင်းဆက်တည်း။ ထိုပထမ တကောင်းဆက်တွင် ဗုဒ္ဓသာသနာနှင့် ပတ်သက်၍ အရိပ်အမြွက် တစုံတရာ ဘာမျှမတွေ့ရပေ။

## ဒုတိယတကောင်းဆက်

ဗုဒ္ဓမြတ်စွာ ဘုရားပွင့်တော်မူပြီးနောက် ဝိဋူဍဘဘေးကြောင့် သာကီဝင်မင်းများ ထွက်ပြေးလာကြ၏။ ထိုအခါတွင် 'ဓဇရာဇာ' မည်သော သာကီဝင်မင်းသည် မိမိ၏စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့် ထွက်လာခဲ့ရာ မောရိယပြည်၊ သင်းတွဲပြည်၊အညာပုဂံပြည်တို့ကို ခေတ္တမျှ တည်ထောင်စံနေပြီးနောက် အဘိရာဇာ တည်ထောင်သော သဃဿရဋ္ဌ တကောင်းပြည်သို့ ရောက်လာခဲ့၏။ ပျက်စီးနေသော တကောင်း ပြည်ကြီးကို 'ပဉ္စာလရာဇ်' ဟူသော အမည်နှင့် အသစ်တဖန်တည်ထောင်စံနေ၏။ ထိုပြည်မှာ နောက်အခါ ပဉ္စာတကောင်းဟု တွင်၏။ဓဇရာဇာမင်းသည် အလွန်ကြီးကျယ်စွာ ထီးဆောင်းမင်္ဂလာ မဟာဥကင် ဖွင့်တော်မူ၏။ 'သတိုးဓမ္မဒီပဓဇရာဇာ'

www.dhammaransi.com



ဟူသော တံဆိပ်နာမံကိုလည်း ခံတော်မူ၏။ တခမ်းတနား နန်းတော်ကြီး ဆောက်တော်မူ၏။ နန်းတော်ဆောက်ရာ၌—

"ရဟန္တာနှစ်ပါး ပရိတ်မေတ္တာ ပြုရ၏။ (၈) လေးမျက်နှာ၌ နံဂြိုဟ်သင့် ဘုရား အတွင်းနှင်ဆူ ပြင်နှင်ဆူ ထား၏"

ဟု မှန်နန်း မဟာရာဇဝင်တော်၌ ဖော်ပြပါရှိ၏။ ဤသည်ကို ထောက်၍ ဒုတိယ တကောင်းဆက် ဖြစ်သော ထိုအချိန်တွင် မြန်မာပြည်သို့ သာသနာရောက်နေကြောင်း ထင်ရှားသိရ၏။ ထိုရဟန္တာများသည် မည်သည့်ဒေသ၊ မည်သည့်တိုင်းပြည်က ကြွလာကြောင်းမူ မပါရှိပေ။ သာသနာဝင် ကျမ်းများတွင်လည်း ထိုအကြောင်း မဖော်ပြကြပေ။ သို့ဖြစ်၍ ရဟန္တာရှိနိုင်သော နေရာများကို ကြည့်ရှုရန် ဖော်ပြဖို့ အခွင့်ဆိုက်လာ၏။

ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံလုခါနီး၊ သို့မဟုတ် ပရိနိဗ္ဗာန် စံပြီးခါစဖြစ်၍ ရာဇဂြိုဟ်၊ သာဝတ္ထိ စသော မဇ္ဈိမဒေသ (အိန္ဒိယနိုင်ငံ)၌ ရဟန္တာအမြောက်အမြား ရှိကြောင်း ပိဋကတ်တော်၌ အထင်အရှား ပါရှိ၏။

ထို့ထက်တဆင့် အနီးကပ်ဆုံးဒေသကို ကြည့်ရှုသော်— ဗုဒ္ဓမြတ်စွာ ဝါတော် ၂၀ ကျော်တွင် သုနာပရန္တ တိုင်းသား ရဟန္တာ အရှင်ပုဏ္ဏမထေရ် ပင့်လျှောက်၍ သုနာပရန္တတိုင်းခေါ် မြန်မာနိုင်ငံတော် မင်းဘူးစက်တော်ရာ တည်ရာသို့ ကြွလာ၏။ ကြွလာပြီးနောက် လယ်ကိုင်းကျောင်းတော်ရာတွင် စန္ဒကူး

www.dhammaransi.com



နံ့သာကျောင်းတော်ကိုအလှူခံ၍ တရားဓမ္မစက်ဟောမြွက်တော်မူရာ ရှစ်သောင်းလေးထောင်သော သတ္တဝါများ တရားထူးရကြောင်း ထိုအရပ်တွင် မြတ်စွာဘုရား ခုနှစ်ရက် သီတင်းသုံးနေတော်မူကြောင်း၊ ထို့နောက် ထိုခရီးအကြား အနီးနားရှိ နမ္မဒါမည်သောမြစ်သို့ ကြွတော်မူ၏။ ထိုအခါ နမ္မဒါနဂါးမင်းက နဂါးပြည်သို့ပင့်၍ ပူဇော်၏။ ထိုသို့ပူဇော်ပြီးနောက် နမ္မဒါနဂါးမင်း တောင်းပန်၍ နမ္မဒါမြစ်ကမ်း၌ ခြေတော်ရာတဆူ ချထားခဲ့ကြောင်း၊ သစ္စဗန္ဓတောင်တွင် သစ္စဗန္ဓရသေ့ကို ချွတ်၍ အကျွတ်တရားရကာ ရဟန္တာဖြစ်ကြောင်း၊ သစ္စဗန္ဓမထေရ် တောင်းပန်၍ ခြေတော်ရာတဆူ ချထားခဲ့ကြောင်း သံယုတ္တနိကာယ် သဠာယတန သံယုတ်ပါဠိတော်နှင့်အဋ္ဌကထာတွင် အထင်အရှား ပါရှိ၏။ သို့သော် ရှင်ပုဏ္ဏမထေရ်နှင့် သစ္စဗန္ဓမထေရ်တို့ ပရိနိဗ္ဗာန်စံပြီးနောက် ထိုဌာနတွင် ဆက်လက်၍ ရဟန္တာအပါအဝင် ရဟန်းသံဃာတော်များရှိကြောင်းမူ မပြဆိုခဲ့ပေ။ ဘိုးတော်ဘုရားလက်ထက် မဲထီးဆရာတော် စီရင်ရေးသားသော ဝံသဒီပနီ၌ကား ထိုအချိန်ကစ၍ ထိုဌာနတွင် ရဟန္တာအပါအဝင် ရဟန်းသံဃာတော်များ အဆက်မပြတ်ရှိနေသည့် အနေမျိုး ဖော်ပြထား၏။

သာသနာဝင်ကျမ်းများအရ ဖော်ပြရသော် ဗုဒ္ဓမြတ်စွာဘုရား ဝါတော် ၈ ဝါရတွင် အရှင်ဂဝံပတိရဟန္တာ လျှောက်ထား၍ မြန်မာနိုင်ငံ ရာမညတိုင်း သုဓမ္မပုရမည်သော သထုံပြည်သို့ ကြွလာကြောင်း၊ ကြွလာပြီးနောက် တရားဓမ္မစက် ဟောမြွက်တော်မူ၍ သတ္တဝါအများ အကျွတ်တရားရကြောင်း

www.dhammaransi.com



ဆံတော်ဓာတ် ခြောက်ဆူကိုလည်း ပေးသနားခဲ့ကြောင်း၊ ထို့နောက် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီး နောက်လည်း မြတ်စွာဘုရား၏ ဗျာဒိတ်တော်အရ အရှင်ဂဝံပတိမထေရ်သည် မြတ်စွာဘုရား၏ သွားတော် သုံးဆယ့်သုံးချောင်းတို့ကို ယူ၍ သထုံပြည်၌ စေတီတည်ကာ သာသနာ ဆက်လက် ပြုစုနေကြောင်း၊ ထိုအခါကစ၍ မြန်မာနိုင်ငံ သထုံမြို့တွင် ရဟန္တာ အပါအဝင် ရဟန်းသံဃာတော်များ အဆက်မပြတ်ရှိခဲ့ကြောင်း ဖော်ပြကြ၏။ သို့သော် ပါဠိတော်နှင့် အဋ္ဌကထာများတွင်မူ မပါရှိခဲ့ပေ။ အရှင်ဂဝံပတိမထေရ်နှင့် ပတ်သက်သော ဂဝံပတိ အပဒါန ပါဠိတော်နှင့် အဋ္ဌကထာ၊ ဂဝံပတိထေရဂါထာ ပါဠိတော်နှင့် အဋ္ဌကထာ များတွင်လည်း အရိပ်အမြွက်မျှ မပါရှိခဲ့ပေ။

ဤကား ရဟန္တာများ ရှိနိုင်သော ဒေသများကို ဖော်ပြခြင်းတည်း။

## သတိုးဇမ္ဗုဒီပ ဓေရာဇာ၏ နန်းတက်ချိန်

ဤနေရာ၌ သတိုးဇမ္ဗုဒီပ ဓေရာဇာမင်း၏ နန်းတက်ချိန်ကို မည်သည့် အချိန်အခါ သက္ကရာဇ်၌ဖြစ်ကြောင်း စိစစ်ကြည့်ရှုဖို့ လို၏။

## သာသနာဝင် ကျမ်းများအဆို

"ပထမ သင်္ဂါယနာ တင်ချိန်၌ အဇာတသတ်မင်း နန်းစံရှစ်နှစ်၊ တကောင်းသင်းတွဲပြည်မှ သတိုးဇမ္ဗုဒီပဓေ

www.dhammaransi.com



ရာဇာမင်းနန်းစံ ငါးနှစ်ကျော် ဖြစ်သည်။ အဇာတသတ်မင်းနှင့်သတိုးဇမ္ဗုဒီပဓဇရာဇာမင်းနန်းပြိုင်၏”

ဟု သာသနာ၀င် ကျမ်းများ၌ဖော်ပြထားကြ၏။

## စိစစ်ချက်

ပထမ သင်္ဂါယနာ တင်ချိန်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သုံးလနှင့် ငါးရက်မြောက်တွင်ဖြစ်၏။ မြတ်စွာဘုရားသည် သက်တော်ရှစ်ဆယ်တွင် ပရိနိဗ္ဗာန် စံတော်မူ၏။ သတိုးဇမ္ဗုဒီပဓဇရာဇာသည် မဇ္ဈိမဒေသ ကပိလဝတ္ထုပြည်မှ ၀ိဋ္ဋူဘဘေးကြောင့် ထွက်ပြေးလာသော သာကီ၀င်မင်းဖြစ်၏။ ၀ိဋ္ဋူဘဘေးသည် မည်သည့်အချိန်အခါက ဖြစ်ခဲ့သနည်း။ စိစစ်ကြည့်ဖို့လို၏။ စိစစ်ကြစို့။

မဇ္ဈိမနိကာယ် ဓမ္မစေတိယသုတ်ပါဠိတော်၌ ဗုဒ္ဓမြတ်စွာဘုရား သက္ကတိုင်း 'မေဒါဠုပ' မည်သော သာကီ၀င်တို့၏ နိဂုံး၌ သီတင်းသုံးနေတော်မူစဉ် ပသေနဒီကောသလမင်းကြီး ရောက်လာ၏။ မင်းကြီးသည် မြတ်စွာဘုရား၏ ခြေလက်တို့ကို ဦးခေါင်းဖြင့်တိုက်၍ ခြေလက်တို့ကို နမ်းစုပ်ခြင်း၊ လက်ဖ၀ါးတို့ဖြင့် ခြေတော်တို့ကို ဆုပ်နယ်ခြင်းပြုကာ အလွန့်အလွန် ရိုသေသမှု ဂရုဂါရ၀ပြုလေ၏။ ထိုအခါ မြတ်စွာဘုရားက—

“ဒကာတော် မင်းကြီး၊ ဤခန္ဓာကိုယ်ကို အဘယ့်ကြောင့် ဤမျှလောက် အရိုအသေ ပြုရသနည်း”ဟု မေးတော်မူ၏။ ပသေနဒီ ကောသလမင်းကြီးက အရိုအသေ ပြုခြင်း၏

www.dhammaransi.com



အကြောင်းအချက် မြောက်မြားစွာတို့ကို တခုစီတခုစီ အသေးစိတ် စိတ်၍ လျှောက်ထား၏။ ထိုသို့ လျှောက်ထားရာ၌ အောက်ပါ အကြောင်းလည်း အချက်တခု အဖြစ်နှင့် ပါဝင်ခဲ့လေသည်။ ထိုအချက်ကား အခြားမဟုတ်။

"မြတ်စွာဘုရားလည်း သက်တော် ရှင်ဆယ့်ရှိ၍ တပည့်တော်လည်း သက်တော် ရှစ်ဆယ်ရှိသဖြင့် ရိုခသာမြတ်နိုးရခြင်း ဖြစ်ပါသည်"ဟူသော အချက်ပင်ဖြစ်ပေ၏။

ဤသည်ကို ထောက်၍ ထိုအချိန်တွင် မြတ်စွာဘုရား၏ အသက်တော် ရှစ်ဆယ်ရှိနေပြီဖြစ်ကြောင်း သိရ၏။ ပသေနဒီကောသလမင်းကြီးသည်မြတ်စွာဘုရားထံ ထိုသို့ဝင်ရောက်ခစားနေစဉ်ဝိဋ္ဋူဘက အာဏာသိမ်း၍နန်းလုယူသဖြင့်ရာဇဂြိုဟ်ဘက်သို့ထွက်ပြေးခဲ့ရ၏။ ထိုအချိန်တွင်မှ ဝိဋ္ဋူဘ ရှင်ဘုရင်ဖြစ်၏။ ဝိဋ္ဋူဘလည်း ရှင်ဘုရင်ဖြစ်ပြီးချက်ချင်းပင် ယခင်က ရန်ငြိုးအတွက် လက်စားချေကာ သာကီဝင်များကို သတ်ရန် ကပိလဝတ္ထုပြည်သို့ စစ်ချီလာခဲ့၏။ ထိုအခါ မြတ်စွာဘုရားသည် ဆွေတော်မျိုးတော် သာကီဝင်တို့၏ အသက်ဘေးအတွက် ကာကွယ်ရန် ကပိလဝတ္ထုနှင့် သာဝတ္ထိနယ်သို့ ကြွလာ၏။ ကြွလာပြီးနောက် ကပိလဝတ္ထု နယ်ခြားဘက်၌ ရှိသော အခက်အရွက် ကျိုးတိုးကျဲတဲ ပြောက်တိ ပြောက်ကျားနှင့် အရိပ်ကောင်းစွာ မရသော သစ်ပင်ရင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုသစ်ပင်နှင့် နီးကပ်နေသော သာဝတ္ထိနယ်ဘက်တွင်မူ အရိပ်အာဝါသ ကောင်းစွာရသော ညောင်ပင်ကြီးတပင်ရှိ၏။ ဝိဋ္ဋူဘသည် မြတ်စွာဘုရားရှိရာ ရောက်လာ၍ရှိခိုးဝတ်ချပြီးနောက်—

www.dhammaransi.com



"မြတ်စွာဘုရား၊ ဤလို နေပူချိန်တွင် အရိပ်မရတဲ့ သစ်ပင်ရင်းမှာ အဘယ့်ကြောင့် သီတင်း သုံးတော် မူပါ သနည်း။ ဟိုဘက်မှာ အရိပ်ရတဲ့ ညောင်ပင်ကြီးအောက်မှာ သီတင်းသုံးတော်မူပါ"ဟု လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက–

"ဒကာတော် မင်းမြတ်၊ ဆွေမျိုးတို့၏ အရိပ်သည် အေးမြသည်"ဟု မိန့်မြွက်တော်မူလိုက်၏။

ဝိဋူဋဘလည်း မြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့အတွက် စောင့်ရှောက်ခြင်းငှာ ကြွလာခြင်း ဖြစ်လိမ့်မည်ဟု တွေးကြံသိရှိပြီး တပ်ကို ရုပ်သိမ်းကာ ပြန်သွားလေ၏။ ထိုနည်းတူစွာပင် ဝိဋူဋဘသည် သုံးကြိမ်တိုင်တိုင် စစ်ချီလာရာ မြတ်ဘုရားကလည်း သုံးကြိမ်တိုင်တိုင် အထက်ပါ နည်းအတိုင်း သီတင်းသုံး နေထိုင်သဖြင့် ကပိလဝတ္ထုပြည်သို့ ချီတက်ခြင်း မပြုပဲ ပြန်သွားခဲ့၏။ ဝိဋူဋဘသည် လေးကြိမ်မြောက်စတုတ္ထအကြိမ် ချီသွားပြန်ရာ ထိုအခါ၌ကား မြတ်စွာဘုရားသည် သာကီဝင်တို့၏ ဘဝသံသရာက မြစ်တွင်း၌ အဆိပ်ခတ်ခဲ့ဖူးသော အကုသိုလ်ကံအတွက် ကာကွယ်ချက် မပြုတော့ပဲ၊ မကြွလာပဲ နေတော်မူခဲ့လေ၏။ ဝိဋူဋဘလည်း မိမိ၏အဘိုးဖြစ်သူ မဟာနာမသာကီဝင် မင်းမှတပါး သာကီဝင် အားလုံးကို တမျိုးလုံး သုတ်သင်သတ်ဖြတ်၍ ကပိလဝတ္ထုပြည်ကြီးကို ဖျက်ဆီးလိုက်လေ၏။ ထိုအခါ သာကီဝင်များသည် အသက်ဘေးအတွက် ထွက်ပြေးသူပြေး၊ မပြေးနိုင်သူများလည်း အသေခံ၍ တနိုင်ငံလုံး အတုံးအရုံး ဖြစ်သွားကြလေ၏။

ဤကား ပါဠိ အဋ္ဌကထာ တို့၌ အခိုင်အမာ လာရှိချက်များတည်း။

www.dhammaransi.com



သို့ဖြစ်၍ ဝိဋူဋဘဘေးကြောင့် ဓေရာဇာ ပြေးလာချိန်တွင် မြတ်စွာဘုရား သက်တော် ရှစ်ဆယ် ရှိနေကြောင်း ထင်ရှားသိရ၏။ မြတ်စွာဘုရားသည် သက်တော် ရှစ်ဆယ်တွင်ပင် ပရိနိဗ္ဗာန် စံတော်မူ၏။ ဝိဋူဋဘဘေးနှင့် သာကီဝင်မျိုးအရေးတော်ပုံသည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံသောနှစ်တွင်ပင် ဖြစ်၏။ ဓေရာဇာ ကပိလဝတ္ထုပြည်မှ ထွက်ပြေးချိန်၌ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိနိုင်သေး၏။ ဓေရာဇာသည် မဇ္ဈိမဒေသ ကပိလဝတ္ထုပြည်မှ တကောင်းသင်းတွဲပြည်သို့ တိုက်ရိုက်လာသည်မဟုတ်ပေ။ ရှေးဦးစွာ မောရိယမြို့ကို တည်ထောင်စံနေကြောင်း၊ ယင်းကမှတဖန် ပြောင်းခဲ့၍ သင်းတွဲပြည်ကို တည်ထောင် စံနေကြောင်း မှန်နန်းရာဇဝင်တော်ကြီး၌ အတိအလင်း ဖော်ပြထား၏။ ဤအသက်ပါ ဖော်ပြချက်တို့အရ ဓေရာဇာမင်း ကပိလဝတ္ထုပြည်က ထွက်လာသည်မှ တကောင်းသင်းတွဲပြည်ကို တည်ထောင်စံနေသည်အထိ အချိန်အားဖြင့် အနည်းဆုံး တနှစ်ခန့် ကြာနိုင်၏။ ထိုအချိန်တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခဲ့လေပြီ။ အကြောင်းကား ဝိဋူဋဘအရေးတော်ပုံ မဖြစ်မီကပင် မြတ်စွာဘုရား သက်တော်ရှစ်ဆယ် ရှိနေပြီ ဖြစ်သောကြောင့်တည်း။

သို့ဖြစ်၍ ပထမ သင်္ဂါယနာ တင်ချိန်၌ တကောင်းသင်းတွဲပြည်မှ သတိုးဇမ္ဗုဒီပ ဓေရာဇာမင်းနန်းစံ ၄ါးနှစ်ကျော် ရှိပြီဟူသော သာသနာဝင်ကျမ်းတို့၏ ဖော်ပြချက်မှာ မဖြစ်နိုင်ကြောင်း၊ ယုတ္တိမရှိကြောင်းသန္နိဋ္ဌာန်ကျ တထစ်ချသိအပ်ပေ၏။ ပထမသင်္ဂါယနာမှာ ပရိနိဗ္ဗာန်စံပြီးနောက် သုံးလနှင့်ခုနစ်ရက်

www.dhammaransi.com



မြောက်တွင် တင်ခြင်းဖြစ်၏။ အမှန်စင်စစ် ဖြစ်မည်ဆိုက ဖြစ်နိုင်သည်မှာ မထမသင်္ဂါယနာတင်ချိန်၌ တကောင်းသင်းတွဲပြည်မှ သတိုးဇမ္ဗူဒိပဓဇရာဇာမင်း နန်းစံ အလွန်ဆုံး ခြောက်လလောက်သာ ဖြစ်နိုင်ပေ၏။

ဤကား သတိုးဇမ္ဗူဒိပ ဓဇရာဇာမင်း တကောင်းသင်းတွဲပြည်၌ စံနေခိုက်ကိုသာ ဆိုခြင်း ဖြစ်၏။ ဓဇရာဇာသည် တကောင်းသင်းတွဲပြည်၌ ကြာရှည်မနေပဲ ထိုကတဖန်ပြောင်းခဲ့ပြန်၍ 'မလည်' အရပ်တွင် အညာပုဂံပြည်ကို တည်ထောင်စံနေပြန်၏။ ထိုကမှတဖန် ပြောင်းခဲ့ပြန်၍ ရွှေးအဘိရာဇာ စသောသာကီဝင်မင်းတို့နေရာ သဿဿရဌမည်သော တကောင်းပြည်ကြီးကို 'ပဥ္စာလရာဇ်' သမုတ်၍ ထီးနန်းမြို့ပြ တည်ထောင်စံနေ၏။ ထိုအခါ နန်းတော်ဆောက်ရာတွင်မှ 'ရဟန္တာနှစ်ပါး ပရိတ်မေတ္တာ ပို့ရကြောင်း' ပါရှိ၏။ ဤအချိန်တွင် သုနာပရန္တတိုင်း လယ်ကိုင်းကျောင်းတော်ရာနှင့် သုဓမ္မပုရမည်သော သထုံပြည်တို့၌ ရှိနေသော ရဟန္တာများ ကြွလာမည်ဆိုကလည်း ကြွလာနိုင်၏။ အကယ်၍ လယ်ကိုင်း ကျောင်းတော်ရာနှင့် သထုံပြည်တို့၌ ရဟန္တာများ မရှိစေကာမူလည်း မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးခါစဖြစ်၍ ရာဇဂြိုဟ်သာဝတ္ထိစသော မဇ္ဈိမဒေသ၌ကား ရဟန္တာများ အမြောက်အမြား ထင်ရှားရှိနေသဖြင့် ထိုဒေသတို့မှ ကြွလာနိုင်ကြပေ၏။

သို့သော် သတိုးဇမ္ဗူဒိပ ဓဇရာဇာမင်းကစ၍ သတိုးဆက်ဆုံးသည်အထိ 'ပဥ္စာတကောင်း' ခေါ် 'ပဥ္စာလရာဇ်' လည်းခေါ်

www.dhammaransi.com



ဒုတိယတကောင်းဆက် ရာဇဝင်တခုလုံးတွင် အထက်ဖော်ပြပါ 'ရဟန္တာနှစ်ပါး ပရိတ်မေတ္တာပြုရ၏။' ဟူသော အချက်မှ တပါး နောက်ထပ် သာသနာနှင့် စပ်လျဉ်း ပတ်သက်သော အကြောင်းအရာ အရေးအခင်း အချက်အလက် အရိပ်အမြွက် ဘာမျှ မတွေ့ရတော့ပေ။

## သရေ ခေတ္တရာခေတ် သာသနာ

## (ရဟန္တာများ ထင်ရှားရှိကြောင်း)

တကောင်းရာဇဝင်မှ ဆက်၍ ဆင်းသက်လာသော သရေ ခေတ္တရာ ရာဇဝင်တွင် ပထမဆုံး မင်းပြုသော ရှင်ဘုရင်မှာ မဟာသမ္ဘဝနှင့် စူဠသမ္ဘဝ ညီနောင်နှစ်ပါး ဖြစ်၏။ မဟာသမ္ဘဝသည် သာသနာ သက္ကရာဇ် အနှစ် ခြောက်ဆယ်တွင် နန်းတက်၏။ ဤ၌ သာသနာသက္ကရာဇ် ဆိုသည်ကား အကျွန်ုပ်တို့ ကိုးကွယ်ရာ ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးသည့်နှစ်မှစ၍ ရေတွက်သော သက္ကရာဇ် ဖြစ်၏။

မှတ်ချက်။ ။ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သုံးလနှင့် ငါးရက်မြောက်တွင် ပထမ သင်္ဂါယနာ တင်၏။ ခုနစ်လကြာမှ ပြီး၏။ ထိုအခါတွင် လက်ရှိ သက္ကရာဇ်မှာ ၁၄၈ နှစ် ရှိနေပြီ။ ထိုလက်ရှိ သက္ကရာဇ်မှာ မြတ်စွာဘုရား၏ ဘိုးတော် အဥ္စနမင်းကြီး ထားခဲ့သော ကာဝစ်နွေ့ကိန်း အရ သက္ကရာဇ်ဖြစ်၏။ အဇာတသတ်မင်း၏ လျှောက်ချက်အရ အရှင်မဟာကဿပသည် လက်ရှိသက္ကရာဇ် ၁၄၈

www.dhammaransi.com



နှစ်ကို အကုန်ဖြိုခွင်း ချေဖျက်၍ သက္ကရာဇ် အသစ်တခု ထားတော်မူခဲ့၏။ ထိုသက္ကရာဇ်ကို 'သာသနာသက္ကရာဇ်' ဟု ခေါ်၏။ကျမ်းစာတစောင်လုံးတွင် သာသနာ သက္ကရာဇ် ဟု ရေးလျှင် ထိုသက္ကရာဇ် ဖြစ်ကြောင်း မှတ်သား ထား အပ်ပေ၏။

မဟာသမ္မတမင်းသည် သက်တော်နှစ်ဆယ်တွင် ရှင်ဘုရင်ဖြစ်၍ ခြောက်နှစ်နန်းစံပြီး နတ်ရွာစံသွား၏။ မဟာသမ္မတ နတ်ရွာစံလျှင် သက်တော် ၂၆ နှစ်ရှိ ညီတော် စူဠသမ္မတက ဆက်ခံ၍ နန်းတက်၏။ စူဠသမ္မတမင်းသည် ၃၅ နှစ် နန်းစံပြီး နတ်ရွာစံသွား၏။ ထိုအခါ ထိုမင်းနှစ်ပါး၏ သားတော်ဖြစ်သူ ဒွတ္တပေါင်က ဆက်ခံ၍ နန်းတက်၏။ ထိုမင်းနှစ်ပါး၏ သား တော်ဆိုသည်ကား မဟာသမ္မတသည် ရှင်ရသေ့၏ သုက်ရည် ပါသော ကျင်ငယ်ရေကို သောက်၍ သမင်မက မွေးသည် ဆိုသော 'ဘေဒါရီ'ကို မိဖုရားမြှောက်ရာ ဒွတ္တပေါင်ကို ပဋိသန္ဓေရှိ၍ သုံးလရသောအခါ မဟာသမ္မတနတ်ရွာ စံသွား၏။ ညီတော် စူဠသမ္မတက မရီးတော် ဘေဒါရီကို ဆက်၍ မိဖုရား မြှောက်ရာတွင်မှ ဒွတ္တပေါင်ကို ဖွားမြင်လာသဖြင့် ထိုမင်း နှစ်ပါး၏ သားတော်ဟု ဆိုခြင်းဖြစ်၏။ မဟာသမ္မတနှင့် စူဠ သမ္မတလက်ထက် နှစ်ပေါင်း ၄၀ ကျော်ပတ်လုံး ဗုဒ္ဓသာသနာ နှင့် ပတ်သက်သောအချက် အရိပ်မြွက်မျှ မတွေ့ရှိရပေ။

www.dhammaransi.com



## ဒုတ္တပေါင်မင်း လက်ထက်

ဒုတ္တပေါင်မင်းသည် အလွန် ခမ်းနားကြီးကျယ်စွာ သရေခေတ္တရာ ရွှေမြို့တော်ကြီးကို တည်မတော်မူကြောင်း၊ ဘုန်းတန်ခိုးလည်း အလွန်ကြီး၍ နတ်တို့သခင် ဘုရင်ဖြစ်သော သိကြားမင်းကိုယ်တိုင် လက်တော်ကိုင်မ၍ ရွှေနန်းတင်ကြောင်း၊ ဇမ္ဗူဒီပါ တကျွန်းလုံးကို အစိုးရကြောင်း၊ ဇမ္ဗူဒီပါ တကျွန်းလုံးရှိ တရာသောမင်းအပေါင်းတို့က သမီးကညာ ရတနာမှစ၍ ရတနာမျိုးစုံ နှစ်စဉ် လာရောက်ဆက်သကြရကြောင်း ရာဇဝင် အစောင်စောင်တို့၌ တခမ်းတနား ဖော်ပြထားကြ၏။

## သာသနာရေး

ဒုတ္တပေါင်မင်းကြီး လက်ထက်တွင် သရေခေတ္တရာပြည်ကြီး၌ ဗုဒ္ဓမြတ်စွာသာသနာတော် တည်ရှိထွန်းကားး၏။ ရဟန္တာပေါင်းပင်လျှင် သုံးထောင်ရှိ၏။ ဒုတ္တပေါင်မင်းကြီး ကိုယ်တိုင်ကလည်းသာသနာကိုကြည်ညိုချီးမြှောက်တော်မူ၏။ဗုဒ္ဓမြတ်စွာဘုရား၏ သရီရဓာတ်တော်များကိုလည်းစေတီတည်၍ ကိုးကွယ်ဆည်းကပ်တော်မူ၏။ဒုတ္တပေါင်မင်းကြီးသည် လောကီကြောင်းဆိုင်ရာ လူမှုရေးအတွက်လည်း ရဟန္တာ သုံးထောင်တို့နှင့် တိုင်ပင်၍ 'အပါယဂတိမုပါယံ'ဟူသော ဂါထာအစရှိသည့်ခုံမွှေသတ်ကျမ်းကို စီရင်ပြုစုတော်မူခဲ့၏။ ဤအကြောင်းများကို

www.dhammaransi.com



မှန်နန်း မဟာရာဇဝင်တော်ကြီး ဒုတိယပေါင်မင်း အခန်းတွင် အောက်ပါအတိုင်း ရေးသား ဖော်ပြထားခဲ့၏။

"ဘုရားသားတော် ရဟန္တာမြတ် သုံးထောင်အားလည်း နေ့တိုင်းမပြတ်လျှင် ပစ္စည်းလေးပါး ထောက်ပံ့၍ ဆရာပြု တော်မူ၏။ ခပ်သိမ်းသော ပြည်သူတကာ အပေါင်းတို့ ကိုးကွယ်စိမ့်သောငှာ ဘုရားရှင် သရီရဓာတ်တော်ကို စေတီ ပုထိုး တည်တော်မူသည်။ ထိုစေတီတို့၏ အမည်ကား 'သောကြမ္မာ' ဟူသော ကောင်းမှုတော်တဆူ။ 'ညည်း ညည်း' ဟူသော ကောင်းမှုတော်တဆူ။ 'စည်စည်' ဟူသော ကောင်းမှုတော်တဆူ။ 'ပေါပေါ' ဟူသော ကောင်းမှုတော် တဆူ၊ 'လျော့လျော့' ဟူသော ကောင်းမှုတော်တဆူ၊ 'မြသိ ထင်' ဟူသော ကောင်းမှုတော်တဆူ၊ 'ဘုရားတောင်' ဟူ သော ကောင်းမှုတော်တဆူ။ 'ဆုတောင်းပြည့်' ဟူသော ကောင်းမှုတော်နှစ်ဆူ။ ထိုမှတပါးလည်း ဘုရားရှင် လက် ရိုးတော်ဓာတ်ကို ဌာပနပြု၍ 'မြင်ဗာဟု' ဟူသော ကောင်းမှု တော်တဆူ။ ဘုရားရှင် နဖူးသင်းကျစ်တော် ဓာတ်တော်တို့ ကို ကမ်းယံပြည်မှယူ၍ တည်သော ပုထိုးကြီးတဆူ။ ပေါင်း တဆယ့်တဆူတည်း"

ဟူ၍လည်းကောင်း၊

"ထိုမင်း လက်ထက်၌ ဘုရားရှင် သာသနာတော်ကား ထင်ရှားစွာဖြစ်၏။ ထိုမင်းကား နောင်လာလတ္တံ့သော မင်းတို့အား မှတ်သားစိမ့်သောငှာ ရဟန္တာ သုံးထောင်

www.dhammaransi.com



တို့နှင့် တိုင်ပင်တော်မူ၍ ခပ်သိမ်းသော သတ္တဝါအပေါင်း
တို့၏ စီးပွားအလို့ငှာ 'အပါယဂတိမှုပါယံ' ဂါထာဦးတပ်
သော ဓမ္မသတ်ကျမ်းကို ပြုတော်မူ၏။

ဟူ၍လည်းကောင်း ရေးသား ဖော်ပြထားခဲ့၏။

ဒွတ္တပေါင်မင်းကြီးသည် သာသနာသက္ကရာဇ် ၁၀၁ နှစ် မြောက်တွင် ရှင်ဘုရင်အဖြစ်သို့ရောက်၏။ သက်တော် ၃၅ နှစ် တွင် နန်းတက်၍ ရှင်ဘုရင်အဖြစ်နှင့် နှစ်ပေါင်း ၇၀ နေရ၏။ ဒွတ္တပေါင်မင်းကြီး နန်းတက်ချိန်မှာ—

မဇ္ဈိမဒေသ ဝေသာလီပြည် ဝါလိကာရုံ ကျောင်းတော်၌ အရှင်မဟာယသ အမှူးရှိသောရဟန္တာ ခုနစ်ရာတို့သည် ပါဋ္ဌလိ ပုတ်ပြည်မှ ကာလာသောကမင်းကို အမှီပြု၍ ရှစ်လတိုင်တိုင် ဒုတိယသင်္ဂါယနာ တင်ပြီးစအချိန် ဖြစ်ပေ၏။ ဒုတိယသင်္ဂါ ယနာမှာ သာသနာ သက္ကရာဇ် ၁၀၀ တွင် တင်ခြင်းဖြစ်၍ ဒွတ္တပေါင်မင်းကြီးနန်းမတက်မီ တနှစ်တွင် ဖြစ်ပေ၏။ဒွတ္တပေါင် မင်းကြီးနှင့် ကာလာသောကမင်း နန်းပြိုင်၏။

ဒွတ္တပေါင်မင်းကြီး ကိုးကွယ်ဆည်းကပ်သော ရဟန္တာမြတ် သုံးထောင်မှာ ထိုအချိန်တွင် ဒုတိယ သင်္ဂါယနာ တင်ပြီးစဖြစ်၍ သာဝတ္ထိ၊ ဝေသာလီ၊ ရာဇဂြိုဟ် စသော မဇ္ဈိမဒေသ၌ရဟန္တာ များ အမြောက်အမြား ရှိနေသောကြောင့် ထိုဒေသတို့မှကြွလာ ကြသော ရဟန္တာများ ဖြစ် နိုင် ၏။ လယ်ကိုင်းကျောင်း တော်ရာနှင့် သုဓမ္မပုရ သထုံပြည်တို့၌ ရဟန္တာများ ရှိနေသေး ပါလျှင်လည်း ထိုဌာနတို့မှ ကြွလာနိုင်သည်ပင်ဖြစ်၏။

www.dhammaransi.com



## သာသနာ မှုခင်း

ဒုတ္တဗေါင်မင်းကြီးလက်ထက် သာသနာရေးနှင့် ပတ်သက်သော မှုခင်းတခုဖြစ်ပုံကို မှန်နန်း မဟာရာဇဝင်တော်ကြီး၌ အောက်ပါအတိုင်း ရေးသားဖော်ပြထား၏။

"ထိုသို့ ဘုန်းလက်ရုံး အာဏာနှင့် ပြည့်စုံတော်မူသော ဒုတ္တဗေါင် မင်းကြီးသည် တရံသောအခါ မုန့်သည်မ တယောက်သည် ဆရာရဟန်းအား လှူသော ကျောင်းဝတ်မြေ လယ်ငါးပယ်မျှကို သိမ်းယူတော်မူမိချေသောအားဖြင့် သိကြားပေးသော လှံပျံသည်လည်း မသွားပဲရှိ၏။ခေါင်းလောင်း ကြီးစည်ကြီးတို့သည်လည်း တီး၍မမြည် ရှိ၏။ ထိုသို့သောအခါ မင်းကြီးသည် ရဟန္တာမြတ်တို့အား ထိုအကြောင်းကို နားတော်လျှောက်လေ၏။ ရဟန္တာမြတ်တို့သည်လည်း ဉာဏ်ဖြင့် ဆင်ခြင်တော်မူသည်ရှိသော် မုန့်သည်မယ် ဆရာ ရဟန်းအား လှူသော ကျောင်းဝတ်လယ်ငါးပယ်ကို သိမ်းယူတော် မူသောကြောင့် ဖြစ်သည့် အကြောင်းကို မြင်တော်မူလေ၏။ ရဟန္တာမြတ်တို့လည်း မင်းကြီးကို ဤသို့ မိန့်တော်မူ၏။ 'မင်းကြီး ခပ်သိမ်းသော လောက၌ ရတနာသုံးပါးနှင့်စပ်သော ပစ္စည်းပစ္စယံတို့သည် အဆိပ်ထန်သော မြွေဟောက်နှင့်တူ၏။ ထိုမြွေတို့၏ သဘောသည်ကား ထိခိုက်မိချေသည် ရှိသော် ပြန်၍ ခွပ်မြဲတည်း။ ထိုသို့ ခွပ်သည်ရှိသော် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် ကြီးစွာသော ဘေးဘယသို့

www.dhammaransi.com



ရောက်ကြလေသကဲ့သို့ ရတနာသုံးပါးနှင့်စပ်သော ငွေ၊ ပစ္စယံတို့ကို မအပ်သော သိမ်းဆည်းယူငင်ခြင်းဖြင့် သိမ်းယူမိချေသော် မြတ်သော စည်းစိမ်မှုလည်း ရွှေ့ရှောင်ချလေရာ၏။ ဘေးအန္တရာယ်တို့သည် ရောက်သည်ဖြစ်၍ အသက်သော်လည်း ယုတ်လေရာ၏။ မင်းကြီးသည် မအပ်သော ဝတ္ထု ပစ္စည်းတို့ကို သိမ်းယူတော်မူမိချေသောကြောင့် ဤအကြောင်းတို့သည်ဖြစ်ခဲ့ချေသည်ဟု" မိန့်တော်မူကုန်၏။ မင်းကြီးလည်း ထိုလယ်ငါးပယ်ကို မုန့်သည်မ ဆရာအား လှူတော်မူလေ၏"

ဟု ပါရှိ၏။

ဤသည်ကို ထောက်၍ ထိုအချိန်တွင် သရေခေတ္တရာပြည်ကြီး၌ သာသနာတော် အတော်စည်ကားနေကြောင်း သိရ၏။ မုန့်ရောင်းသော မုန့်သည်မကပင်လျှင် ဝတ်မိုးဝတ်မြေ လယ်မြေများ လှူဒါန်းနိုင်ကြောင်း ထောက်ချင့်ကာ တိုင်းသူပြည်သား ဆင်းရဲသား လူထုအထိ သာသနာရေး အားပေး၍ အလေးပြုနေကြပုံ သိနိုင်၏။ ဒွတ္တပေါင်မင်းကြီးကိုယ်တိုင်လည်း အရေးကိစ္စရှိလျှင် ရဟန္တာမြတ်တို့အား လျှောက်ထား မေးမြန်း၍ ရဟန္တာများစကား နာယူလိုက်နာကြောင်း သိနိုင်၍ သာသနာတော်၏ အရှိန်အဝါ ဩဇာအာဏာ အဘယ်မျှလောက် ရှိနေပုံ သိရ၏။

(ဤနေရာ၌ ဗောဗောကြီးဘုရား၏ အုတ်ခွက်စာများ၊ ပျူဘာသာရေးစာများနှင့် စပ်ဆိုင်ရာ ကျောက်စာများ ဖော်ပြရန် ဉစ်၏။)

www.dhammaransi.com



## ဒွတ္တရန်မင်း

ဒွတ္တဘောင်မင်းကြီး မရှိသည့်နောက် သက်တော် ၅၉ နှစ်ရှိ သားတော် ဒွတ္တရန်သည် သာသနာ သက္ကရာဇ် ၁၇၁ ခုနှစ်တွင် နန်းတက်၏။ ဘုရင်အဖြစ်နှင့် ၂၂ နှစ်နေရ၏။ သက်တော် ၈၁ နှစ်တွင် နတ်ရွာစံ၏။ ထိုမင်းလက်ထက် သာသနာရေးနှင့် ပတ်သက်၍ အထူးအထွေ မတွေ့ရပေ။

## ရန်ပေါင်မင်း

(တတိယသင်္ဂါယနာတင် အသောကမင်းတရားနှင့် နန်းပြိုင်)

ဒွတ္တရန်မင်း နတ်ရွာစံလျှင် သက်တော် ၄၀ ရှိ သားတော် ရန်ပေါင်သည် သာသနာသက္ကရာဇ် ၁၉၃ ခုနှစ်တွင် နန်းတက်၏။ ရှင်ဘုရင် သက်နှင့် နှစ်ပေါင်း ၅၀ နေ၍ သက်တော် ကိုးဆယ်တွင် နတ်ရွာစံ၏။ ထိုမင်းကား အလှူကောင်းမှု၌ မွေ့လျော်၏။ ရသေ့၊ ပုဏ္ဏား၊ ရဟန်းပညာရှိတို့နှင့် ပေါင်းဖက်၍ ဉာဏ်ပညာကြီး၏။ မင်းကျင့်တရား ဆယ်ပါးနှင့် ပြည့်စုံ၏။

## အသောက မင်းတရားကြီးနှင့် နန်းပြိုင်ပုံ

ရန်ပေါင်မင်း နန်းတက်၍ နန်းစံသက် (ရှင်ဘုရင်သက်) ၄၁ နှစ်ရှိသောအခါ မဇ္ဈိမဒေသ ပါဋလိပုတ်ပြည်အသောကာရုံ

စပယ်ဦးစာပေ
၁၄၀၀၄

www.dhammaransi.com



ကျောင်းတော်ကြီး၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်သည် ရဟန္တာပေါင်း တထောင်နှင့် အသောကမင်းတရားကြီးကို အမှီပြု၍ တတိယသင်္ဂါယနာတင်တော်မူ၏။ တတိယ သင်္ဂါယနာကို သာသနာသက္ကရာဇ် ၂၃၄ ခုနှစ် ပြာသိုလပြည့်နေ့မှ စ၍ တင်ရာ ၂၃၅ ခုနှစ် သီတင်းကျွတ် လပြည့်နေ့မှ ပြီး၏။ ကိုးလတိုင်တိုင်ကြာ၏။ ရန်ပေါင်းမင်းနှင့် သီရိဓမ္မာသောကခေါ် အသောက မင်းတရား နှင့် ပြိုင်၏။ ရန်ပေါင်မင်းသည် အသောက မင်းတရားကို အခွန်ဆက်ရကြောင်း၊ ဘိုးတော်ဘုရားလက်ထက် မဲသီးဆရာတော်ရေးသော ဝံသဒီပနီ၌ ဖော်ပြထား၏။

## ရန်ပေါင်မင်းနှင့် အသောက မင်းတရားကြီး၊ တတိယသင်္ဂါယနာတို့အတွက် သက္ကရာဇ် စိစစ်ချက်

ဘကြီးတော်ဘုရားလက်ထက် သာသနာပိုင်လူထွက် မင်းတိုင်ပင် အမတ်ကြီး မဟာဓမ္မသင်္ကြံ ဘွဲ့ခံ မောင်းထောင်ဆရာကြီး ဦးမြတ်နေ ရေးသော သာသနာလင်္ကာရ စာတမ်းတွင်—

"အသောကာရုံ ကျောင်း၌ ရဟန္တာကြီး တထောင် စည်းဝေး၍ ကိုးလပတ်လုံး သင်္ဂါယနာ တင်တော်မူ၏။ ထိုအခါ မဇ္ဈိမဒေသ ပါဋလိပုတ်ပြည်၌ သီရိဓမ္မာသောက မင်း နန်းစံတဆယ့်ရှစ်နှစ်၊ ငါတို့မြန်မာတိုင်း သရေခေတ္တရာ ရသေ့ပြည်တွင် ရန်ပေါင်းမင်း နန်းစံ နှစ်ဆယ့်တနှစ်တည်း။ သီရိဓမ္မာသောကနှင့် ရန်ပေါင်မင်းပြိုင်၏"

ဟု ဖော်ပြထား၏။

www.dhammaransi.com



**စိစစ်ချက်။** ။တတိယသင်္ဂါယနာမှာ သာသနာသက္ကရာဇ် ၂၃၄ ခုနှစ်၌ တင်၏။ ရန်ပေါင်းမင်းသည် သာသနာသက္ကရာဇ် ၁၉၃ ခုနှစ်တွင် နန်းတက်၏။ ရန်ပေါင်မင်း နန်းစံ ၂၁ နှစ်တွင် သာသနာသက္ကရာဇ် ၂၁၄ နှစ်သာ ရှိသေး၍ နှစ်ပေါင်း ၂၀ တိုင်တိုင် ကွာနေ၏။ သို့ဖြစ်၍ မှားယွင်းနေကြောင်း သိရ၏။

မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ် အတွင်းဝန် မဟာသေနာပတိ မင်းကြီး မဟာသီရိဇေယသူဘွဲ့ခံ ဦးရန်ရေးသောပိဋကတ်သမိုင်း စာတမ်း၌—

"သီရိဓမ္မာသောက မင်းကို အမှီပြု၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာအမှူးရှိသော၊ တထောင်မျှ လောက်ကုန်သော ရဟန္တာ အရှင်မြတ်တို့သည် ကိုးလတို့ပတ်လုံး ပိဋကတ်သုံးပုံကို တတိယသင်္ဂါယနာ တင်တော်မူကုန်သည်။ ထိုအခါ မဇ္ဈိမဒေသ ပါဋလိပုတ်ပြည် သီရိဓမ္မာသောမကမင်း နန်းစံ ၁၅ နှစ်၊ ငါတို့မြန်မာတိုင်း သီရိခေတ္တရာ ရသေ့ပြည်၌ သက္ကရာဇ် ၁၉၃ ခုနှစ်၊ နန်းတက်သော ရန်ပေါင်မင်း နန်းစံ ၁၂ နှစ်တည်း၊ သီရိဓမ္မာ သောက မင်းနှင့် ရန်ပေါင်မင်းပြိုင်၏"

ဟု ဖော်ပြထား၏။

**စိစစ်ချက်။** ။တတိယ သင်္ဂါယနာမှာ သာသနာသက္ကရာဇ် ၂၃၄ ခုနှစ်၌ တင်၏။ ရန်ပေါင်မင်းသည် သာသနာသက္ကရာဇ် ၁၉၃ ခုနှစ်တွင် နန်းတက်၏။ ရန်ပေါင်မင်း နန်းစံ ၁၂

www.dhammaransi.com



နှစ်တွင် သာသနာ သက္ကရာဇ် ၂၀၅ နှစ်သာ ရှိသေး၍ နှစ်ပေါင်း ၂၉ နှစ်တိုင်တိုင် ကွာနေ၏။ သို့ဖြစ်၍ မှားယွင်းနေကြောင်း သိရ၏။

မဟာဒွါရနိကာယ ဒုတိယ မဟာနာယက ဟသ်ာတမြို့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ 'သံပြေပင်ဆရာတော်' သီရိသောဘဏမထေရ်မြတ် စီရင်အပ်သော 'မဟာဒွါရနိကာယ သာသနဝံသဒီပနီ' ကျမ်းတွင်—

"အသောကာရုံ ကျောင်း၌ ရဟန္တာကြီးတထောင် စည်းဝေး၍ သင်္ဂါယနာလည်း တင်တော်မူ၏။ ၂၃၅ ခုနှစ်မှာ တတိယ သင်္ဂါယနာတင်ပြီးသည်။ (လ) ထိုအခါ မဇ္ဈိမဒေသ ပါဋလိပုတ်ပြည် သီရိဓမ္မာသောက နန်းစံ ၁၇ နှစ်၊ ငါတို့မြန်မာတိုင်း သရေခေတ္တရာရသေ့ပြည်၌ ရန်ပေါင်မင်း နန်းစံ ၃၂ နှစ်ကည်း။ သီရိဓမ္မာသောကမင်းနှင့် ရှန်ပေါင်မင်းပြိုင်၏" ဟု ဖော်ပြထား၏။

စိစစ်ချက်။ ။တတိယသင်္ဂါယနာမှာ သာသနာ သက္ကရာဇ် ၂၃၄ ခုနှစ်၌ တင်၏။ ရန်ပေါင်မင်းသည် သာသနာ သက္ကရာဇ် ၁၉၃ ခုနှစ်တွင် နန်းတက်၏။ ရန်ပေါင်မင်း နန်းစံ ၃၂ နှစ်တွင် သာသနာ သက္ကရာဇ် ၂၂၅ နှစ်သာ ရှိသေးသဖြင့် ၉ နှစ် ကွာနေ၏။ သို့ဖြစ်၍ မှားယွင်းနေကြောင်း သိရ၏။

www.dhammaransi.com



## အမှန်စင်စစ် သက္ကရာဇ်

အမှန်စင်စစ် သက္ကရာဇ်မှာ အောက်၌ ဖော်ပြခဲ့သည့်အတိုင်း ရန်ပေါင်မင်း နန်းစံ ၄၁ နှစ်တွင် ပါဋ္ဌလိပုတ်ပြည်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်အမှူးရှိသော ရဟန္တာမြတ်တထောင်တို့ တတိယသင်္ဂါယနာတင်ခြင်း ဖြစ်၏။ အကြောင်းကား တတိယ သင်္ဂါယနာမှာ သာသနာသက္ကရာဇ် ၂၃၄ ခုနှစ်တွင် တင်ခြင်းဖြစ်ရာ။ ရန်ပေါင်မင်းမှာ သာသနာသက္ကရာဇ် ၁၉၃ ခုနှစ်တွင် နန်းတက်၍ ဘုရင်အဖြစ်သို့ ရောက်ခဲ့သောကြောင့်တည်း။ ရန်ပေါင်မင်းသည် နှစ်ပေါင်း ငါးဆယ်တိုင်တိုင် နန်းစံရသောဘုရင်ဖြစ်၏။

## ရန်ပေါင်မင်းလက်ထက် သာသနာ

တတိယ သင်္ဂါယနာ တင်ပြီးသည့်နောက် သင်္ဂါယနာ၏ အကြီးအမှူးဖြစ်ခဲ့သော အရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်သည် နောင်သောအခါ အဘယ်အရပ်၌ သာသနာတော်ကောင်းစွာ တည်လတ္တံ့နည်းဟု ဆင်ခြင်တော်မူ၏။ မဇ္ဈိမဒေသမှ တပါးသော ပစ္စန္တ ဇနပုဒ်တိုင်းတို့၌ သာသနာတော်ကောင်းစွာ တည်လတ္တံ့သည်ကို မြင်တော်မူ၏။ သို့ဖြစ်၍ ပစ္စန္တဇနပုဒ်ဖြစ်သော ကိုးတိုင်းကိုးဌာနတို့သို့ သာသနပြုရန် ရဟန္တာမထေရ်များကို အသီးသီး တာဝန်ပေးအပ်၍ စေလွှတ်တော်မူ၏။

www.dhammaransi.com



## ပစ္စန္တ ဇနပုဒ် သို့မဟုတ် ပစ္စန္တရစ်ဟူသည် အဘယ်နည်း

ဇမ္ဗူဒီပါကျွန်း၏ အလယ်ဗဟိုချက် ကျရာအရပ်ကို မဇ္ဈိမ ဒေသဟု ခေါ်၏။ ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူရာဌာန (မဟာဗောဓိညောင်ပင်ကြီး တည်ရှိရာ အရပ်သည်) ဇမ္ဗူဒီပါ ကျွန်း၏ အလယ်ဗဟိုတည့်တည့် ဖြစ်၏။ အပိုင်းအခြား ကား အလျားအားဖြင့် တောင်နှင့်မြောက် ယူဇနာသုံးရာရှိ၏။ အနံ အားဖြင့် အရှေ့နှင့်အနောက် ယူဇနာ နှစ်ရာ့ငါးဆယ် ရှိ၏။ အားလုံးပေါင်း အဝန်းအဝိုင်းအားဖြင့် ယူဇနာ ကိုးရာရှိ၏။ ပုံစံအားဖြင့် အလယ်ခေါင်ကကြီး၍ အဖျားနှစ်ဘက်က သေး ငယ်နေသဖြင့် မုရိုးစည်သဏ္ဍာန်ရှိကြောင်း ပိဋကတ်တော်များ၌ ဖော်ပြထား၏။ ဦးကုလား၏ မဟာရာဇဝင်ကြီး၌ကား မဇ္ဈိမ ဒေသ၏ အနေအထားပုံသဏ္ဍာန်သည် ဇမ္ဗူဒီပါကျွန်း၏ ပုံစံ ကဲ့သို့ ရှိသည်ဟု ဖော်ပြ၏။ ဇမ္ဗူဒီပါကျွန်း၏ ပုံသဏ္ဍာန်မှာ မြောက်ဘက်၌ ကျယ်၍ တောင်ဘက်၌ လှည်းဦးသဏ္ဍာန်ရှိ ကြောင်း ဒီဃနိကာယ် မဟာဝဂ္ဂ မဟာဂေါဝိန္ဒသုတ် ပါဠိ တော်၌လာရှိ၏။ သို့ဖြစ်၍ မဇ္ဈိမဒေသဟူသည် ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူရာဌာန (ယခု ဗုဒ္ဓဂယာ)၏ အနီးတဝိုက် ဖြစ်သော အထက်ဖော်ပြပါ အပိုင်းအခြားဒေသပင် ဖြစ်ကြောင်း သိအပ် ၏။ ဤဖော်ပြရာပါ မဇ္ဈိမဒေသမှတပါး ကျန်ရှိသမျှ ဒေသ အားလုံးကို ပစ္စန္တ ဇနပုဒ် သို့မဟုတ် ပစ္စန္တရစ်ဟု ခေါ်ခြင်းဖြစ်၏။

မှတ်ချက်။ ။ဤ၌ ယူဇနာဟူ၍ပါရှိရာ ယူဇနာ့ယူပုံကို အမြွက် မျှ ဖော်ပြပေအံ့။ ယူဇနာယူပုံမှာ နည်းအမျိုးမျိုးရှိ၏။

www.dhammaransi.com



မြင်းမိုရ်တောင်ကို တိုင်းလျှင် တယူဇနာလျှင် ၁၂.၇၃ (၁၂ မိုင်နှင့် ဒသမ ၇၃) နှင့် ညီမျှသော ယူဇနာမျိုးဖြင့် တိုင်းရမည်။ ဒသမ ၇၃ ကို ဖာလုံဖွဲ့သော် ၆ ဖာလုံခန့် ရှိ၏။ ၁၂ မိုင်နှင့် ၆ ဖာလုံခန့်ကို တယူဇနာယူရမည်ဆိုသော ဤနည်းမှာ သမ္မောဟဝိနောဒနီမည်သော အဘိဓမ္မာ အဋ္ဌကထာကြီး၏ ဈာနဝိဘင်းအဖွင့်၌ လာသော နည်းဖြစ်၏။ တရုတ်ရဟန်းတော် ဖာဟိယန်၏ မှတ်တမ်း၌-

၈ မိုင် တယူဇနာ။

၇ ၁/၂ မိုင် တယူဇနာ။

၇ မိုင် တယူဇနာ။

၆ ၁/၂ မိုင် တယူဇနာ, ဟူ၍—

ယူဇနာယူပုံ လေးမျိုးပြထားပြီး အရာဌာနအားလျော်စွာ ယူရကြောင်း ဖော်ပြထား၏။ ထိုဖော်ပြချက်ကို သီဟိုဠ်နှင့် အိန္ဒိယတိုင်းသား ပညာရှိတို့က လက်ခံကြ၏။ အထက်ပါ လေးနည်းတွင် နောက်ဆုံးဖြစ်သော ၆ ၁/၂ မိုင် တယူဇနာ ယူနည်းကို ယခုခေတ်တွင် သုတေသနပြုနေကြသူ ကျော်စွာ ပညာရှင်တို့က အများဆုံး အသုံးပြုနေကြ၏။ သို့ဖြစ်၍ မဇ္ဈိမဒေသ အပိုင်းအခြားကို တိုင်းထွာရာ၌ ၆ ၁/၂ မိုင် တယူဇနာ ယူသောနည်းဖြင့် တိုင်းသင့်သည်ဟု ထင်မြင်မိပေ၏။ ယူဇနာယူပုံနှင့် ပတ်သက်၍ ပိဋကတ်နှင့်တကွ သက္ကဋဘာသာတို့၌ ပါရဂူဖြစ်ရုံမက ဒေသန္တရ ဗဟုသုတလည်း

www.dhammaransi.com



လက်တွေ့ စုံလင်စွာရှိသော မောင်းလုမြို့မှ တောင်ပေါက် ဆရာတော် အရှင်ကောပါလ မထေရ်မြတ်ကြီး၏ ဗုဒ္ဓသာသနိက ပဋိဝင် ကျမ်းကြီးတွင် တခမ်းတနား ဖော်ပြထား ချက် ရှိပေ၏။

ပစ္စန္တဇနပုဒ် သို့မဟုတ် ပစ္စန္တရစ် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုလွှတ်ခြင်း

သာသနာပြုမထေရ်များနှင့် ကြွသွားရာတိုင်းများ

(၁) မဇ္ဈန္တိကမထေရ်ကို ကသ္မီရဂန္ဓာရတိုင်း။
(၂) မဟာရေဝတမထေရ်ကို မဟိံသကတိုင်း။
(၃) ရက္ခိတမထေရ်ကို ဝနဝါသီတိုင်း။
(၄) ယောနကဓမ္မရက္ခိတမထေရ်ကို အပရန္တတိုင်း။
(၅) မဟာဓမ္မရက္ခိတမထေရ်ကို မဟာရဋ္ဌတိုင်း။
(၆) မဟာရက္ခိတမထေရ်ကို ယောနကတိုင်း။
(၇) မဇ္ဈိမ မထေရ်ကို ဟိမဝန္တာအနီးဖြစ်သော စိန့်တိုင်း ငါးရပ်။
(၈) သောဏမထေရ်နှင့် ဥတ္တရမထေရ်တို့ကို သုဝဏ္ဏဘူမိတိုင်း။
(၉) အသောကမင်းတရားကြီး၏သားတော် မဟိန္ဒမထေရ်ကို သီဟိုဠ်ကျွန်းတို့သို့ အသီးအသီး စေလွှတ်တော်မူခဲ့၏။

www.dhammaransi.com



အထက်ပါ ကိုးတိုင်း ကိုးဌာနတို့တွင် အပရန္တတိုင်း ဟူသည် ကား ရွှေစက်တော်တည်ရာ လယ်ကိုင်း ကျောင်းတော်ရာဒေသ တဝိုက်နှင့် သရေခေတ္တရာပြည်ပင်ဖြစ်ကြောင်း။ ရာဇဝင်အစဉ် အဆက်၊ ဆရာစဉ် အစဉ်အဆက်၊ သာသနာ့ဝင် အစဉ်အဆက် က ဆင်းသက် မှတ်သားလာခဲ့ကြ၏။ ဤ၌ ခြေတော်ရာနှစ်ဆူ နှင့် လယ်ကိုင်း ကျောင်းတော်ရာကို ဖော်ပြခဲ့စဉ် သုနာပရန္တ တိုင်းဟု ဖော်ပြခဲ့၏။ ယခုတဖန် အပရန္တတိုင်းဟု ဖော်ပြပြန် သဖြင့် ရှေ့နောက် စကားမညီညွတ်ဟု မှတ်ထင်ရန်ရှိ၏။ အဖြေ ကား အပရန္တတိုင်းနှင့် သုနာပရန္တတိုင်း အမည်သာကွဲ၍ တခု တည်း ဖြစ်ကြောင်း မှတ်သားအပ်ပေ၏။ ပါဠိတော် အဋ္ဌ ကထာတို့တွင် အချို့နေရာ၌ သုနာပရန္တဟူသောအမည်နှင့် ဖော် ပြ၍ အချို့နေရာ၌ အပရန္တဟူသောအမည်နှင့် ဖော်ပြသော် လည်း နေရာဌာနမှာ တခုတည်းဖြစ်ကြောင်း အဋ္ဌကထာဆရာ မြတ်တို့က အသေအချာ မှတ်ချက် ရေးသားထားခဲ့ကြ၏။

ယောနကဓမ္မရက္ခိတမထေရ်သည် နောက်ပါ ရဟန်းတော် လေးပါးနှင့် အပရန္တတိုင်းသို့ကြွ၍ အဂ္ဂိခန္ဓောပမသုတ်ကို ဟော တော်မူ၏။ ခုနှစ်သောင်းမျှလောက်သောသူတို့သည် အကျွတ် တရားရကြ၏။ တိုင်းသူ တိုင်းသားတို့လည်း များစွာ ရဟန်း ပြုကြ၏။ မင်းမျိုးထဲကပင် တထောင်မျှလောက် ရဟန်းပြုကြ ကုန်၏။ အမျိုးသမီးပေါင်း ခြောက်ထောင်ကျော် တို့လည်း ဘိက္ခုနီမ (ရဟန်းမ) ပြုကြကုန်၏ ဟူ၍ ပိဋကတ်တော်တို့၌ အထင်အရှား ပါရှိ၏။ ယောနကဓမ္မရက္ခိတမထေရ် သာသနာ ပြုရာ အပရန္တတိုင်းသည် မြန်မာပြည် သရေခေတ္တရာပင် ဖြစ်

www.dhammaransi.com



နိုင်၏။ သရေခေတ္တရာဖြစ်ပါကလည်း ရန်ပေါင်မင်းလက်ထက်ပင်ဖြစ်၍ ရန်ပေါင်မင်းအမှူးရှိသောပရိသတ်တို့အား အဂ္ဂိခန္ဓောပမသုတ်၊ ဒေသနာတော်ကို ဟောတော်မူခြင်းပင် ဖြစ်၏။ ဒွတ္တပေါင်မင်းကြီး လက်ထက်က ရဟန္တာ သုံးထောင်ရှိ၍ သာသနာ တည်ထွန်းခဲ့သော်လည်း သားတော် ဒွတ္တရန်မင်းနှင့် မြေးတော်ဖြစ်သူ ယခု ရန်ပေါင်မင်းတို့ လက်ထက် နှစ်ပေါင်း ၆၀ အတွင်း သာသနာ ညှိုးနွမ်းနေပုံရ၏။ သာသနာ ညှိုးနွမ်း၍ အကျင့်တရားပျက်ပြားနေသော ရဟန်းတော်များ ရှိနေပုံရ၏။ ထိုစကား ထင်ရှားစေဦးအံ့။ ယောနက ဓမ္မရက္ခိတ မထေရ်သည် အဂ္ဂိခန္ဓောပမသုတ်ကို ဟော၍ တရားရေအေး တိုက်ကျွေးကြောင်း အဋ္ဌကထာ၌ လာရှိ၏။ အဂ္ဂိခန္ဓောပမသုတ်သည် ရဟန်းတို့၏ အမူအကျင့် ကောင်းသည်၊ မကောင်းသည်၌ အကျိုးအပြစ်ကို ဟောတော်မူသောသုတ်ဖြစ်၏။ ရဟန်းတို့အားသာ ထိုသုတ်ကိုဟောသင့်၏။ သို့ဖြစ်လျက်နှင့် လူပရိသတ်တို့အား ဟောသည့်အလိုမှာ ထိုဌာန၌ရှိနေသော အကျင့်ပျက်ပြားနေသည့် ရဟန်းအချို့ကို ထိပါးလို၍၊ သိစေလို၍ လည်းကောင်း၊ ယခုကြွလာသော ရဟန်းတော်တို့မှာ (မိမိတို့မှာ) အကျင့်သီလ စင်ကြယ် သန့်ရှင်းသော အဖြစ်ကို သိစေလို၍ လည်းကောင်း အဂ္ဂိခန္ဓောပမသုတ်ကို ဟောခြင်းဖြစ်သည်ဟု ယူဆနိုင်၏။ ဤယူဆချက်မှာ အကျွန်ုပ်တို့၏ အတ္တနောမတိ မဟုတ်ပေ။ မာဂဓ၊ သက္ကဋ ပါရဂူဖြစ်၍ လောက၊ ဓမ္မ၊ ရာဇ သုံးပါးလုံး၌ ကျွမ်းကျင်သူ၊ ဉာဏာဘိဝံသ ဓမ္မသေနာပတိ မောင်းထောင် သာသနာပိုင် လူထွက်၊ သီလက္ခန္ဓဋီကာသစ် ကျမ်းပြု မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံဘွဲ့ခံ မောင်း

www.dhammaransi.com



ထောင်ဆရာကြီးရေးသော သာသနာလင်္ကာရစာတမ်း၌ ယူဆ ချက် ဖြစ်ပေ၏။

ဤသို့အားဖြင့် ဒွတ္တပေါင်မင်းကြီးလက်ထက်ကစ၍ တည် ရှိခဲ့သော ဗုဒ္ဓသာသနာတော်သည် ယခု မြေးတော်ရန်ပေါင် မင်းလက်ထက်တွင် သာသနာပြုမထေရ် ယောနကဓမ္မရက္ခိတ မထေရ်မြတ်အတွက် ဆက်လက် ထွန်းကားခဲ့လေ၏။

ဤ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်ရာတွင် သုဝဏ္ဏဘူမိတိုင်း သို့ သောဏမထေရ် နှင့် ဥတ္တရ မထေရ်တို့ သာသနာပြုကြွကြောင်း ပါရှိ၏။ ထိုအချက်နှင့် ပတ်သက်၍ ဤကျမ်းစာတွင် နောက်၌ အကျယ်တဝင့်လာလတ္တံ့။

မှတ်ချက်။ ။အပရန္တ သို့မဟုတ် သုနာပရန္တတိုင်းသည် မြန်မာ ပြည်၌မဟုတ်။ အိန္ဒိယပြည် ဘုံဘေနယ်ထဲ၌ ဖြစ်ကြောင်း မော်လမြိုင် တောင်ပေါက် ဆရာတော် အရှင် စက္ကပါလ မထေရ်ကြီး၏ ဗုဒ္ဓသာသနိကပထဝီဝင်ကျမ်းကြီးတွင် ဖော်ပြ ထား၏။ အခိုင်မာဆုံး သာဓက ကိုးကားချက်ကား သံယုတ္တနိကာယ်သဠာယတနသုတ်နှင့် ဥပရိပဏ္ဏာသ ပုဏ္ဏော ဝါဒသုတ်လာ အရှင်ပုဏ္ဏမထေရ်၏ ဇာတိဖြစ်သော အပရန္တ (သုနာပရန္တ)တိုင်းသို့ မြတ်စွာဘုရား ကြွလာတော်မူ၏။ ထိုအခါတွင် အပရန္တ(သုနာပရန္တ)တိုင်း အတွင်းရှိ နမ္မဒါ မြစ်နား၌ မြတ်စွာဘုရား ခြေတော်ရာ ချထားခဲ့၏။

နမ္မဒါမြစ်သည် အဘယ်မှာရှိသနည်း။ အိန္ဒိယပြည်ဘုံဘေ နယ်ထဲ၌ရှိ၏။ သို့ဖြစ်၍ နမ္မဒါမြစ်ရှိရာအရပ်သည် အပရန္တ

www.dhammaransi.com



(သုနာပရန္တ)ဖြစ်ရမည် ဟူပေ၏။ (ဘုံဘေနယ်ထဲရှိ နမ္မဒါမြစ်ကား အိန္ဒိယနိုင်ငံ မြောက်ပိုင်းနှင့် တောင်ပိုင်းတို့၏ အလယ်၌ အရှေ့မှ အနောက်သို့ စီးဆင်း၏။ အမရကဏ္ဋကတောင်မှ အမွန်အစဖြစ်၍ အိန္ဒိယအလယ်ပိုင်းကို ဖြတ်ပြီးလျှင် ဘုံဘေနယ် ဗရိုးချ် (Broach.)ဒိုင်တြိုက်ထဲသို့ စီးလာ၍ အနောက်ဘက် ပင်လယ်ထဲသို့ဝင်၏။)

ဤသို့ဆိုလျှင် ကျွန်ုပ်တို့၏ မြန်မာနိုင်ငံမှ နမ္မဒါမြစ်သည်လည်း 'နမ္မဒါ' ဟူသော အမည်ပင်ဖြစ်၍ အပရန္တ (သုနာပရန္တ)မဖြစ်နိုင်ဘူးလား။ အိန္ဒိယ နမ္မဒါမှသာလျှင် နမ္မဒါအစစ်ဖြစ်နိုင်သည်မဟုတ်။ မြန်မာပြည်ကနမ္မဒါလည်း နမ္မဒါအစစ် ဖြစ်နိုင်လေ၏။ အိန္ဒိယ နမ္မဒါသည်သာလျှင် အပရန္တ (သုနာပရန္တ) တိုင်းအတွင်းရှိ နမ္မဒါဖြစ်ကြောင်း အစဉ်အဆက် သက်သေ အထောက်အထား ပြောပလောက်အောင် ဘာမျှမရှိပေ။ စင်စစ် ထင်မြင်သူတို့၏ ထင်မြင်ချက်သက်သက်သာဖြစ်၏။

ဤတွင် ဆင်ခြင်ရန် အချက်နှစ်ချက်ရှိပုံကို ဖော်ပြပေအံ့။

(၁) အချက်။ ခြေတော်ရာတော်နှင့် ခြေရာတော်တို့ မည်သည် ပူဇော်သူရှိသောနေရာတို့၌သာလျှင်ပူဇော်သူတို့ရှိသမျှကာလပတ်လုံး ကိန်းဝပ် စံနေတည် နေတော်မူလေ့ရှိကြ၏။ ပူဇော်သူတို့ မရှိသည့်အခါ ပူဇော်သူတို့ရှိသည့် ဒေသ

www.dhammaransi.com



ဌာနများသို့ ပြောင်းရွှေ့စံနေ တည်နေတော်မူလေ့ရှိကြ၏။ ဘုံဘေနယ်ထဲရှိ နမ္မဒါမြစ်နား၌ ခြေတော်ရာ လိုက်လံစုံစမ်းရှာဖွေသူများ ရှိပုံကို ဗုဒ္ဓသာသနိက ပထဝီဝင် ကျမ်းကြီး၌ "ခြေတော်ရာ ဖူးမြင်ရန် သွားရောက်လှည့်လည်စုံစမ်းဖူးသောပုဂ္ဂိုလ်များထံမှ ထိုအရပ်၌ခြေတော်ရာရှိကြောင်း၊ သို့သော်လည်း ခြေတော်ရာမှာ အခြား ဘာသာဝင်များက သူတို့၏ ဘုရားခြေတော်ရာများဟု ဆိုကာ သိမ်းဆည်းထားကြောင်း ကြားသိရဖူးသည်"ဟု တဆင့်စကား မထင်မရှား၊ မသေမချာ မရေမရာ သာမညအားဖြင့် ဖော်ပြထား၏။

စင်စစ် ခြေတော်ရာ အစစ်အမှန် တကယ်ရှိလျှင် ဤသို့ ဖုံးကွယ်ထား၍ မရနိုင်ပေ။ အုတ်အုတ်ကျက်ကျက် ကောလာဟလဖြစ်ပြီး သက်တော်ထင်ရှား ဘုရားပွင့်သကဲ့သို့ ဝိုင်းဝန်းပူဇော်ကြမည်ဖြစ်၏။ မြန်မာနိုင်ငံက ခြေတော်ရာနှစ်ဆူကဲ့သို့ပင် ပူဇော်သူတွေ အသင်္ချေ၊ အကုဋေ မရေမတွက်နိုင် ဖြစ်နေပေလိမ့်မည်။ ယခုကား ဘုံဘေနယ်ထဲရှိ နမ္မဒါမြစ်နားက ခြေတော်ရာမှာ ဤသို့ မဖြစ်လာပေ။ မဖြစ်ရုံမက သိသူပင် မရှိသလောက် ဖြစ်နေ၏။

ဤအချက်တခုတည်းကို ထောက်၍ပင် ဘုံဘေနယ်ထဲရှိ နမ္မဒါမြစ်နား၌ ခြေတော်ရာ မရှိကြောင်း ထင်ရှားနေပေ၏။ ခြေတော်ရာ မရှိလျှင်လည်း ထိုနေရာ ထိုဒေသသည် အပရန္တ (သုနာပရန္တ)တိုင်း မဖြစ်နိုင်တော့ပေ။

www.dhammaransi.com



ဤ၌ တွေးတောကြံဆရန် အချက်တခု ပေါ်လာ၏။ ထိုအချက်မှာ အခြားမဟုတ်။ ဘုံဘေနယ်ထဲရှိ နမ္မဒါမြစ်နားတွင် ချထားသော ခြေတော်ရာနှစ်ဆူမှာ ပူဇော်သူမရှိ၍ ဤမြန်မာနိုင်ငံ လယ်ကိုင်းကျောင်းတော်ရာ တဝိုက်သို့ လာရောက်ပြောင်းရွှေ့ကာ တည်နေခြင်း ဖြစ်လိမ့်မည်ဟူသော အချက်ပင် ဖြစ်၏။ သို့သော် ဖော်ပြလတ္တံ့သော (၂) အချက်နှင့် ဆက်သွယ်စဉ်းစားပါမူ ထိုတွေးတောကြံဆချက်သည် ထင်မြင်ချက်သက်သက် အချည်းနှီးဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။

(၂) အချက်။ တတိယသင်္ဂါယနာ၏ အကြီးအမှူးဖြစ်ခဲ့သော အရှင်မဟာ မောဂ္ဂလိပုတ္တတိဿထေရ်သည် ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါးရ၊ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ရဟန္တာမြတ်ကြီးဖြစ်၏။ ထိုကဲ့သို့ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ရဟန္တာမြတ်ကြီးက နောင်သောအခါ အဘယ်အရပ်၌ သာသနာ ကောင်းစွာတည်လတ္တံ့နည်းဟု ကြည့်ရှုဆင်ခြင်တော်မူ၏။ ကြည့်ရှုဆင်ခြင်သောအခါ ပစ္စန္တ ဇနပုဒ်ဖြစ်သော သာသနာပြု လွှတ်မည့် ကိုးတိုင်းကိုးဌာနတို့၌ သာသနာ ကောင်းစွာတည်လိမ့်မည်ဟု မြင်တော်မူ၏။ ထိုသို့ ကြည့်ရှုဆင်ခြင်မြင်တော်မူပြီးမှ ပစ္စန္တ ဇနပုဒ်ဖြစ်သော ကိုးတိုင်းကိုးဌာနသို့ သာသနာပြုလွှတ်ခြင်း ဖြစ်၏။

ဤ၌ နောင်အခါ အဘယ်အရပ်၌ သာသနာ ကောင်းစွာ တည်လိမ့်မည်နည်းဟု ကြည့်ရှုခြင်း အချက်သည်

www.dhammaransi.com



လိုရင်း ပဓာနအချက်ကြီးဖြစ်၏။ ထိုအချက်သည် အလွန်အရေးကြီး၏။ ထိုအချက်ကို လက်လွှတ်၍ မစဉ်းစားအပ်ပေ။

သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်တွင် ကိုးတိုင်းကိုးဌာနတို့သို့ သာသနာပြု လွှတ်ခဲ့၏။ ထိုသို့လွှတ်ခဲ့သည့် အချိန်မှစ၍ ယခုအထိ ပြောပလောက်အောင် သာသနာ ကောင်းစွာ တည်ရာ အရပ်များကို ကြည့်လျှင် သီဟိုဠ်ကျွန်းကလွဲ၍ မြန်မာပြည်သည် သာသနာ ကောင်းစွာ အတည်ဆုံး၊ သာသနာသက် အရှည်ဆုံးဖြစ်ကြောင်း မည်သူမျှ မငြင်းနိုင်ပေ။ ပဥ္စမမြောက်သင်္ဂါယနာနှင့် ဆဋ္ဌမမြောက် သင်္ဂါယနာတည်းဟူသော သင်္ဂါယနာ နှစ်တန်ကို ဓမ္မကွန်နှင့်ညီစွာ အကြီးအကျယ် တခမ်းတနား တင်ခဲ့သော တိုင်းပြည်လည်း ဖြစ်၏။ ထိုမျှလောက် သာသနာကောင်းစွာ တည်တံ့မည့် နေရာကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်သည် ကြည့်ရှုဆင်ခြင်တော် မမူဘူးလား။ အဖြေကား စင်စစ်ကေန် မြင်တော်မူရမည်။ မြင်တော်မူလျှင် ဤမြန်မာပြည်သို့ အဘယ့်ကြောင့် သာသနာပြု မလွှတ်သနည်း။ (အပရန္တ(သုနာပရန္တ)တိုင်းကို ဘုံဘေနယ်ထဲ၌ ရှိသည်ဟုယူလျှင် ဤမြန်မာပြည်မှာ သာသနာပြု လွှတ်သည့် ဌာနစာရင်းတွင် မပါဝင်တော့ပေ။) ယနေ့အချိန်တွင် ကမ္ဘာပေါ်၌ ဗုဒ္ဓသာသနာ ကောင်းစွာ တည်ရှိသော နေရာကို ကြည့်လျှင် (၁) မြန်မာ၊ (၂) သီဟိုဠ်ကျွန်း၊ (၃) ယိုးဒယား၊ (၄) ကမ္ဘောဒီးယား၊ (၅) လာအိုဟု ဆိုအပ်သော တိုင်းပြည်

www.dhammaransi.com



ငါးပြည်တို့ကိုသာ တွေ့ရ၏။ (မဟာယာန သို့မဟုတ် မြောက်ပိုင်း ဗုဒ္ဓဘာသာတည်ရှိရာ တိဘက်၊ တရုတ်၊ ဂျပန် စသည်တို့မှာ တကဲ့အစစ်အမှန် သာသနာမဟုတ်၍ သာသနာ ကောင်းစွာ တည်ရာစာရင်း၌ မသွင်းသင့်ပေ။) အဆက်ပါ ငါးဌာန ငါးဒေသဖြစ်သော နိုင်ငံ ငါးခုတွင်လည်း အများဆုံးနှင့် အကောင်းဆုံး သာသနာတည်ရှိသော နေရာမှာ မြန်မာပြည်သာဖြစ်ကြောင်း သီဟိုဠ်စသော ကျန်လေးဌာန ကပင် ဝန်ခံနေကြ၏။ ဤမျှလောက် သာသနာသက် ရှည်ရှည်နှင့် သာသနာစက် ကောင်းစွာ တည်မည့် နေရာကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်သည် သာသနာ ပြု လွှတ်ရာ၌ မည်သည့်နည်းနှင့်မျှ ချန်လှပ်ထားလိမ့်မည် မဟုတ်ပေ။ ဤဆိုအပ်ခဲ့ပြီးသော အကြောင်းများကို ထောက်၍ အပရန္တ(သုနာပရန္တ)တိုင်းဟူသည် မြန်မာပြည် ဖြစ်ကြောင်း တထစ်ချကောက်ယူဆထိုက်ပေသတည်း။

## ရန်မန်မင်းမှ သီရိခန်မင်းအထိ မင်းငါးဆက်လက်တက် သာသနာရေး

ရန်ပေါင်မင်း နတ်ရွာစံလျှင် သားတော် သက်တော် သုံးဆယ်ရှိ ရန်မန်နန်းတက်၏။ ရန်မန်မင်းကစ၍ သီရိခန်မင်း အထိ မင်းငါးဆက် နှစ်ပေါင်း ၁၇၁ နှစ်ပတ်လုံး သာသနာရေး သာသနာမှုနှင့် ပတ်သက်၍ တစုံတရာ ဘာမျှ မတွေ့ရပေ။ သို့သော် ရန်ပေါင်မင်းလက်ထက်က တည်ရှိထွန်းကား လာခဲ့ သော သာသနာသည် တိုးတက်၍ မထွန်းကားသည် တိုင်အောင်

www.dhammaransi.com



အစဉ်အဆက် မပျက်ပဲ ဆက်လက်တည်ရှိကြောင်း မှန်းဆသိသာနိုင်ပေ၏။ အကြောင်းကား ထိုမင်း ငါးဆက်နောက် နန်းတက်သော 'သီရိရာဇ်' မင်းလက်ထက်၌ သာသနာနှင့် ပတ်သက်သော အချက်များ တွေ့ရသောကြောင့်တည်း။

## သီရိရာဇ်မင်းလက်ထက် သာသနာရေး

သာသာနာသက္ကရာဇ် ၄၂၄ ခုနှစ်တွင် သီရိခန်မင်း၏ သားတော် သက်တော် ၅၁ နှစ်ရှိ သီရိရာဇ်မင်း နန်းတက်၏။ ရှင်ဘုရင် သက်နှင့် ကိုးနှစ် နန်းစံ၍ သက်တော် ၆၀ တွင် နတ်ရွာစံ၏။ သီရိရာဇ်မင်းလက်ထက် သာသနာရေးနှင့် ပတ်သက်၍ မှန်နန်း မဟာရာဇဝင်တော်ကြီး၌—

"ဘုရားသခင် သာသနာတော်ကိုလည်း သုတ်သင်စီရင်၏။ ဂူ၊ ကျောင်း၊ စရပ် ဆောက်သည်လည်းများ၏။ ဝတ္ထု ကံမိုးမြေတို့ကိုလည်း အစဉ်မပျက်စေရအောင် စောင်မ တော်မူ၏"

ဟူ၍လည်းကောင်း။

"ထိုပြည်တွင်နေသော သူတယောက်သည် မိမိသားကို ဆရာရဟန်းထံ အပ်၍ ငယ်က သာမဏေပြုစေ၏။ ဆရာလည်း သနားတော်မူသည် ဖြစ်၍ ပိဋကတ်ဗေဒင်တို့ကိုလည်း တတ်အောင် သင်ပေ၏။ ထိုသာမဏေလည်း ဆရာ့အား သိမ်မွေ့စွာ လုပ်ကျွေးမွေးမြူ၏"

ဟူ၍လည်းကောင်း ဖော်ပြထား၏။

www.dhammaransi.com



ဤသည်တို့ကို ထောက်၍ သီရိရာဇ်မင်းလက်ထက် သာသနာ ကောင်းစွာ တည်ကြောင်း သိနိုင်ပေ၏။

သီရိရာဇ်မင်းတွင် သားတော်မရှိ၍ အထက် ဖော်ပြပါ သာမဏေ(ကိုရင်)ကလေးကို လူထွက်လာသောအခါ သားတော် အမှတ် မွေးစားထား၏။ နန်းလျာထား၍ အိမ်ရှေ့ဥပရာဇာ ခန့်ထား၏။ သီရိရာဇ်မင်း နတ်ရွာစံလျှင် အသက် ၁၅ နှစ်သာ ရှိသေးသော ထိုသာမဏေလူထွက် နန်းတက်၍ ရှင်ဘုရင်ဖြစ်၏။ ဤတွင်ဒွတ္တပေါင်မင်းမှ စလာသော တကောင်းသတိုးဆက် ပြတ်သွား၏။ အကြောင်းကား သာမဏေလူထွက်မှာ မင်းမျိုး မဟုတ်ပဲ၊လူသာမည ဆင်းရဲသားသာ ဖြစ်သောကြောင့်တည်း။

သို့ဖြစ်၍ ယင်းသာမဏေ လူထွက်ဘုရင်ကို မင်းမျိုးမှ တပါး အခြားတပါးမျိုး ဖြစ်သောကြောင့် 'တပါး'မင်းဟု ခေါ် ကြ၏။

## တပါးမင်းလက်ထက် သာသနာရေး

သာသနာ သက္ကရာဇ် ၄၃၃ ခုနှစ်တွင် သက်တော် ၁၅ နှစ် ရှိ သာမဏေလူထွက်'တပါး'နန်းတက်၏။ ရှင်ဘုရင်သက်နှင့် ၅၁ နှစ်နေ၍ သက်တော် ၆၆ တွင် နတ်ရွာစံ၏။ ထိုမင်း လက် ထက် ရဟန္တာများရှိကြောင်းကို မှန်နန်း ရာဇဝင်တော်ကြီး၌—

> "ထိုမင်းကား ရတနာသုံးပါး၌ ရိုသေ၏။ ပညာရှိ ရဟန်း ပုဏ္ဏားတို့နှင့်ပေါင်းဖက်၍ ပဥ္စသီ၊ အဋ္ဌသီ၊ ဒသသီ သီလကိုလည်း မပြတ် ဆောက်တည်တော်မူ၏"

ဟူ၍ လည်းကောင်း။

www.dhammaransi.com



"ရဟန္တာမြတ် ငါးရာတို့ကိုလည်း ဆရာပြု၍။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ဟိရီ၊ ဩတ္တပ္ပ၊ ပညာတည်း ဟူသော သူတော်ကောင်းတို့၏ တရား ခုနစ်ပါးနှင့်လည်း ပြည့်စုံတော်မူ၏။ ထိုမင်းလက်ထက် ရတနာမိုး ခုနစ်ကြိမ် ရွာ၏။ 'ရတနာပုထိုးကြီး'ဘုရားကိုလည်း သိကြားကြပ်မ၍ တည်တော်မူ၏။ ထိုဘုရားကြီးပြီး၍ သာဓုခေါ်သောအခါ မြေကြီးလှုပ်၏"

ဟူ၍ လည်းကောင်း ဖော်ပြထား၏။

သို့ဖြစ်၍ 'တပေါ' မင်းလက်ထက် ရဟန္တာများ အထင်အရှားရှိနေကြောင်း သိရ၏။ ဤမှ နောက်တွင် သရေခေတ္တရာ ရာဇဝင်ဆုံးသည်အထိ မှန်နန်းမဟာရာဇဝင်တော်ကြီးနှင့်တကွ ရာဇဝင် အစောင်စောင်တို့၌ ရဟန္တာများရှိကြောင်း မပါရှိတော့ပေ။ ဤသည်ကိုထောက်၍ ရဟန္တာ တကယ်ရှိ၍သာ ရှိနေကြောင်း ဖော်ပြထားသည်ဟု ယူဆနိုင်၏။

## စတုတ္ထ သင်္ဂါယနာ

တပေါမင်း နန်းတက်၍ ရှင်ဘုရင်သက် ၁၇ နှစ်မြောက်တွင် သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်း လက်ထက်၊ ဝဋ္ဋဂါမဏိမင်း နန်းသက်(ရှင်ဘုရင်)သက် ၆ နှစ်မြောက်၌ စတုတ္ထသင်္ဂါယနာ တင်၏။တင်ပုံကား သီဟိုဠ်ကျွန်း မလယဇနပုဒ် အာလောက မည်သော လိုဏ်တော်ကြီး၌ မဟာဓမ္မရက္ခိတ မထေရ်အမှူးရှိသော ရဟန္တာကြီး ငါးရာတို့သည် ဝဋ္ဋဂါမဏိမင်းကိုအမှီ

www.dhammaransi.com



ပြု၍ ဗုဒ္ဓမြတ်စွာဘုရား၏ ပိဋကတ်တော် သုံးပုံကို ပေထက်၌ ရေးသားတင်ထားသော ပေထက်အက္ခရာတင်ပွဲကြီးကို အကြီးအကျယ် တခမ်းတနား ဆင်နွှဲကျင်းပတော်မူကြ၏။ ထိုသို့ ပေထက်အက္ခရာ တင်ထားခြင်းသည်ပင် စတုတ္ထသင်္ဂါယနာ တင်သည်မည်ကြောင်း သာရတ္ထ ဒီပနီဋီကာ၌ ဖော်ပြထား၏။ဤသို့ ပေထက် အက္ခရာမတင်မီ ယခင် အဆက်ဆက် အထက်ကျော် ကာရိပဝေဏီကမှု သတိ၊ ပညာ၊ သမာဓိ ကောင်းစွာရှိကြ၍ ပိဋကတ်တော်များကို နှုတ်ဖြင့်သာ အာဂုံဆောင်လာခဲ့ကြ၏။ သို့သော် နောင်သောအခါတွင် သာသနာထမ်း ရဟန်းတော်တို့သည် သတိ၊ ပညာ၊ သမာဓိ ယုတ်လျော့ကြ၍ နှုတ်ဖြင့် အာဂုံဆောင်နိုင်ကြလိမ့်မည် မဟုတ်ဟု ရဟန္တာကြီးများက မြင်တော်မူသဖြင့် ဤသို့ ပေထက်အက္ခရာ တင်ထားတော်မူခဲ့ကြခြင်းဖြစ်၏။

သဒ္ဓေဝတ္တာရာပြည် တေပါးမင်းနှင့် သီဟိုဠ်ကျွန်းဝဋ္ဋဂါမဏိမင်း နန်းပြိုင်၏။

## ပါပိရန် မင်းလက်ထက်

သာသနာ သက္ကရာဇ် ၄၇၄ ခုနှစ်တွင် 'တေပါး' မင်း၏ သားတော် သက်တော် ၇၃ နှစ်ရှိ ပါပိရန် နန်းတက်၏။နန်းစံသက်(ရှင်ဘုရင်သက်)နှင့် ၆၆ နှစ် နန်းစံ၍ သက်တော် ၁၀၃ နှစ်တွင် နတ်ရွာစံ၏။ ထိုမင်း လက်ထက် သာသနာရေးနှင့် ပတ်သက်၍ တစုံတရာ မတွေ့ရပေ။

www.dhammaransi.com



## မိလိန္ဒမင်းနှင့် အရှင်နာဂသိန်

ပါဋလိပုတ်ရန်မင်းသရေခေတ္တရာပြည်၌နန်းစံနေစဉ်ယောနကတိုင်း သာဂလပြည်၌ မိလိန္ဒမင်းကြီးနှင့် ရဟန္တာ အရှင်နာဂသေန မထေရ်မြတ်တို့ ဖြစ်ထွန်းပေါ်ပေါက်တော်မူကြ၏။

## ဗုဒ္ဓ မြတ်စွာဘုရား၏ ဗျာဒိတ်တော်

"ငါဘုရား ပရိနိဗ္ဗာန် စံပြီးနောက် အနှစ် ငါးရာကျော်တွင် မိလိန္ဒမင်းနှင့် နာဂသေန ရဟန်းတို့သည် ငါဘုရား၏ သုတ်အဘိဓမ္မာ ဝိနည်းတရားတော်တို့ကို အမေးအဖြေ လုပ်၍ ငါဘုရား ဟောသောတရား၌ အမြေးအယှက် အထုံးအဖွဲ့ မရှိရအောင် ဝေဖန်ခွဲခြမ်းရစ်လတ္တံ့" ဟု တတိယ သင်္ဂါယနာတင် အရှင်မဟာ မောဂ္ဂလိပုတ္တတိဿမထေရ်ကို ဗျာဒိတ်ထားသကဲ့သို့ ဗျာဒိတ်ထားတော်မူခဲ့၏။

ထိုသို့ ထားခဲ့သော မြတ်ဘုရား၏ ဗျာဒိတ်နှင့် အညီပင် မိလိန္ဒမင်းနှင့် ရဟန္တာ အရှင်နာဂသေန မထေရ်မြတ်တို့သည် မြတ်စွာဘုရား၏စကားတော်၊ တရားတော်ဖြစ်သော ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်တို့ကို အမေးအဖြေ ပြုလုပ်တော်မူကြ၏။ နည်းအမျိုးမျိုး၊ ဥပမာအမျိုးမျိုးတို့ဖြင့် တန်ဆာဆင်၍ မြတ်စွာဘုရား၏ အလိုတော်ကျ၊ ဗုဒ္ဓါနုလောမ၊ ဗုဒ္ဓါနုရူပ၊ ဗုဒ္ဓါနုစ္ဆဝိက၊ သုတ္တာနုလောမ၊ သုတ္တာနုရူပ၊ သုတ္တာနုစ္ဆဝိကဖြစ်အောင် ရွက်ဆောင်တော်မူခဲ့ကြ၏။

www.dhammaransi.com



ထိုသို့ မိလိန္ဒနှင့် အရှင်နာဂသေနမထေရ်မြတ်တို့၏ အမေး အဖြေကို တခမ်းတနားမှတ်တမ်းတင်ထားသော မှတ်တမ်းကြီး မှာ ယခုအခါ ထင်ရှားရှိနေသော မိလိန္ဒပဉှာကျမ်းကြီးပင် ဖြစ်ပေ၏။

## မိလိန္ဒပဉှာ ကျမ်းကြီး

မိလိန္ဒပဉှာ ကျမ်းကြီးမှာ ဗုဒ္ဓမြတ်စွာဘုရား ကိုယ်တိုင် ဟောထားသော ပါဠိတော်များက လွဲ၍ အခိုင်မာဆုံး၊ အမှန် ကန်ဆုံး အဖြစ်နှင့် သာဓက ပြုရသော ကျမ်းကြီးဖြစ်၏။ 'ဗုဒ္ဓ မတည်' ခေါ် မြတ်စွာဘုရား၏ အလိုတော်သိ ကဝိရာဇာ ဓမ္မကုန္ဒာပါရဂူ သာသနသရေဖူ ဖြစ်တော်မူသော အဋ္ဌကထာ ဆရာ အရှင် မဟာဗုဒ္ဓဃောသ ကိုယ်တိုင်က ကျောက်တိုင် (မဏ္ဍိုင်)ကြီးပမာ အားထား ကိုးစားရာ ကျမ်းကြီး ဖြစ်၏။ မြတ်စွာဘုရား ဟောသော ပါဠိတော်များနှင့်အတူ ပါဠိတော် စာရင်း၌ သွင်း၍ ထားရသော ကျမ်းကြီးဖြစ်၏။

## မိလိန္ဒမင်းကြီး လက်ထက် ရဟန္တာများ

ယောနကတိုင်း သာဂလပြည် မိလိန္ဒမင်းကြီး လက်ထက် တွင် ရဟန္တာပေါင်း ကုဋေ တသောင်း ရှိကြောင်း မှန်နန်း မဟာရာဇဝင်တော်ကြီး၌ ဖော်ပြထား၏။ မိလိန္ဒပဉှာကျမ်းရင်း ၌ကား "ရဟန္တာပေါင်း ကုဋေတရာတို့သည် ဘုရားဗျာဒိတ် တော် ထားခဲ့သည့်အတိုင်း တာဝတိံသာသို့ တက်၍ အရှင်

www.dhammaransi.com



နာဂသေနမထေရ်၏ အလောင်း မဟာသေန နတ်သားထံ လူ့ပြည်သို့ လာပြီး သာသနာပြုရန် တောင်းပန်ကြောင်း” ပါရှိ၏။

## သက္ကရာဇ် ရှင်းချက်

ဤ၌ မိလိန္ဒမင်းနှင့် အရှင်နာဂသိန်တို့ ပေါ်ထွန်းသော သက္ကရာဇ်အတွက် ဝါဒကွဲများ ရှိနေ၏။

မှန်နန်း မဟာရာဇဝင်တော်ကြီးတွင်—

“ပါပိရန်မင်း နန်းတက်၍ နန်းသက် (ရှင်ဘုရင်သက်) ခြောက်နှစ် ရှိသောအခါ သာဂလပြည်တွင် မိလိန္ဒမင်းနှင့် အရှင်နာဂသိန် ကြီးစွာသော အမေး ပုစ္ဆာတို့ကို မေး၍ ဖြေ တင်တော်မူသော နှစ်တည်း”

ဟု ဖော်ပြထား၏။

**စိစစ်ချက်။** ။ပါပိရန်မင်းသည် သာသနာသက္ကရာဇ် ၄၈၄ ခုနှစ်၌ နန်းတက်၏။ နန်းသက် (ရှင်ဘုရင်သက်) ၆ နှစ် ရှိသော အချိန်၌ သာသနာ သက္ကရာဇ် ၄၉၀ ဖြစ်၏။ သို့ဖြစ်၍ မိလိန္ဒမင်းနှင့် အရှင်နာဂသိန်သည် သာသနာ သက္ကရာဇ် ၄၉၀ တွင် အမေးအဖြေ ပြုလုပ်ကြသည်ဟု သိရ၏။

အိန္ဒိယရာဇဝင်မှတ်တမ်းများတွင် မိလိန္ဒမင်းသည် သာသနာ သက္ကရာဇ် အနှစ်သုံးရာကျော်နှင့် လေးရာအတွင်း၌ ဖြစ်ထွန်း ပေါ်ပေါက်ကြောင်း ဖော်ပြထား၏။

www.dhammaransi.com



မိလိန္ဒပဉှာ ကျမ်းရင်းတွင်မူ သာသနာသက္ကရာဇ် အနှစ် ငါးရာကျော်တွင် မိလိန္ဒမင်းနှင့် အရှင်နာဂသိန်တို့ ဖြစ်ထွန်း ပေါ်ပေါက်ကြောင်း ဖော်ပြပါရှိ၏။

သရေခေတ္တရာပြည် ပါပိရန်မင်းနှင့် သာဂလပြည် မိလိန္ဒ မင်း နန်းပြိုင်၏။

မှတ်ချက်။ ။ဤ၌ နန်းပြိုင်ဆိုသည်ကား မိလိန္ဒမင်းသည် သာသနာ သက္ကရာဇ် ၄၉၀တွင် ပေါ်ထွန်းသည် ဖြစ်အံ့။ ပါပိရန်မင်းနှင့် နန်းပြိုင်နိုင်၏။ သာသနာသက္ကရာဇ် ငါးရာ တွင် ပေါ်ထွန်းသည်ထားဦး။ ပါပိရန်မင်းနှင့် တနှစ်မျှ နန်းပြိုင် နိုင်သေး၏။ အကြောင်းကား ပါပိရန် မင်းမှာ နန်းစံသက် (ရှင်ဘုရင်သက်)နှင့် ၆၆ နှစ် နေရသူ ဖြစ်၍ သာသနာ သက္ကရာဇ် ငါးရာတွင်မှ နတ်ရွာစံသော ဘုရင် ဖြစ်သောကြောင့်တည်း။ သို့သော် သာသနာသက္ကရာဇ် ငါးရာကျော်မှ မိလိန္ဒမင်း ပေါ်ထွန်းပါမူ ပါပိရန် မင်းနှင့် နန်းမပြိုင်နိုင်တော့ပေ။ ပါပိရန်မင်းနှင့် မိလိန္ဒမင်း နန်း ပြိုင်ကြောင်းကို မှန်နန်း မဟာ ရာဇဝင်တော်ကြီးနှင့် သာသနာလင်္ကာရစာတမ်း၌ ဖော်ပြထားသည့် အတွက် ဤကဲ့သို့ သက္ကရာဇ်ကို တွက်စစ်၍ ရှင်းပြရခြင်း ဖြစ်ပေ၏။

## သရေခေတ္တရာခေတ် နောက်ဆုံး သာသနာရေး

သာသနာ သက္ကရာဇ် ၅၅၀ ပြည့်နှစ်တွင် ပါပိရန်မင်း၏ သားတော် သက်တော် ၆၇ နှစ်ရှိ ရန်မုက္ခနန်းတက်၏။ရန်မုက္ခ

www.dhammaransi.com



မင်းကစ၍ သုပညာနဂရဆိန္နမင်းအထိ မင်းပေါင်း ၁၄ ဆက် သရေခေတ္တရာပြည် ပျက်သည်တိုင်အောင် နှစ်ပေါင်း ၈၈ နှစ် အတွင်း သာသနာရေးအတွက် အထူးအထွေ မရှိလှပေ။ ထိုနှစ်ပေါင်း ၈၈ နှစ်အတွင်း သာသနာရေးနှင့် ပတ်သက်၍ မှတ်သားချက် ပြုဖွယ်ရာမျိုးမှာ အောက်ပါအတိုင်း ဖြစ်၏။

သာသနာ သက္ကရာဇ် ၅၆၅ ခုနှစ် နန်းတက်၍ နန်းသက် (ရှင်ဘုရင်သက်)နှင့် သုံးနှစ်နန်းစံရသော ရန်သိခ်မင်း လက်ထက် 'ဘုရားရှင်သာသနာတော်ကို မချီးမမြှောက်ကြောင်း၊ မိုးခေါင်၍ ပြည်သူတို့ ငတ်မွတ်ကြောင်း' တွေ့ရှိရ၏။

သာသနာ သက္ကရာဇ် ၅၆၈ ခုနှစ် နန်းတက်၍ နန်းသက် (ရှင်ဘုရင်သက်) နှင့် ၁၅ နှစ် နန်းစံရသော ရန်မုဥ္စလိန္ဒမင်း လက်ထက် ရှင်ဘုရင်ကိုယ်တိုင် သီလ သမာဓိ ပညာနှင့် ပြည့်စုံ၍ ရတနာသုံးပါးကို မပြတ်ဆည်းကပ်ကြောင်း၊ သာသနာတော် ကိုလည်း ကောင်းစွာ ချီးမြှောက်ကြောင်း တွေ့ရှိရ၏။

## သက္ကရာဇ်ဖြိုခြင်း
## ဂေါစာ ခေါ် သက္ကရာဇ်အသစ်

သာသနာသက္ကရာဇ် ၆၁၇ ခုနှစ်တွင် သက်တော် ၂၄ နှစ်ရှိ သုမုန္ဒရီ နန်းတက်၏။ နန်းသက် (ရှင်ဘုရင်သက်)နှင့် ခုနစ်နှစ် နန်းစံ၍ သက်တော် ၃၁ နှစ်တွင် နတ်ရွာစံ၏။ ထိုအခါ သာသနာသက္ကရာဇ် ၆၂၄ နှစ်ရှိလေပြီ။ သုမုန္ဒရီ နတ်ရွာစံသော နှစ်တွင် သာသနာသက္ကရာဇ် ၆၂၄ နှစ် ရှိသည့်အနက် ၆၂၂

www.dhammaransi.com



နှစ်ကို ဖြို၍ သက္ကရာဇ်အသစ် ၂ ခု စတင်ထား၏။ ယင်းသို့ ဖြိုခြင်း ကို ဗေဒင်ဝေါဟာရအားဖြင့် 'ဒေါဒေါရသ' ကိန်းအရ ဖြိုခြင်းဟု ခေါ်၏။ ဒေါဒေါရသ ဆိုသည်ကား အခြားမဟုတ်၊ ၆၂၂ ကို ပါဠိသင်္ကေတသင်္ချာနည်းဖြင့် စပ်ဟပ်ခေါ်ထားခြင်း ပင်ဖြစ်၏။ 'ဒေါ'ဆိုသည်ကား '၂'ဂဏန်း၊ 'ရသ'ဆိုသည်ကား '၆' ဂဏန်းဖြစ်၏။ 'ဒေါဒေါရသ'ကို နောက်ပြန်ချ၍ ရေးလျှင် ၆၂၂ ဖြစ်၏။ ရသကို '၆' ဂဏန်းယူသည့်မှာ 'ရသ'ဟူသော ပါဠိသည် အရသာခြောက်ပါးကို ဟောသဖြင့် '၆' ဂဏန်းယူခြင်းဖြစ်၏။ ယင်းသို့ယူခြင်းကို သင်္ကေတ သင်္ချာဟု ခေါ်၏။ ဗေဒင်ကိန်းအရ သက္ကရာဇ်ဆိုသည်မှာ ၂ ခုက စ၍ တည်ထားရိုး ရှိသဖြင့် သက္ကရာဇ်အသစ်ကို ၂ က စပြီး ထားခြင်းဖြစ်၏။ (ဘိုးတော်အဥ္စန မင်းကြီး၏ သက္ကရာဇ်ကို အရှင်မဟာကဿပဖြိုစဉ်က သက္ကရာဇ်အသစ်ကို '၂'ခုမထားပဲ '၁'ခု သာ ထားခြင်းကား ဗေဒင်နည်းကို အရေးမပြုပဲ၊ သာသနာရေးကို အလေးပြုသောအားဖြင့် ထားခြင်းဖြစ်၏။) ယခု '၂'ခုကစ၍ အသစ်ထားသော သက္ကရာဇ်ကို'ဂေါစာ' သက္ကရာဇ်ဟု ခေါ်ဝေါ် မှတ်သားထားရမည်။ ဤနေရာကစပြီး နောက်ကို သာသနာသက္ကရာဇ်ကို မသုံးတော့ပဲ ယခုအသစ် ထားသော ဂေါစာသက္ကရာဇ်ကို သုံးစွဲသွားပါအံ့။

မှတ်ချက်။ ။ဂေါစာ သက္ကရာဇ် ဟူသော စကား၌ ဂေါစာကို ကောဇာဟူ၍ လည်းကောင်း၊ ကောစာ ဟူ၍ လည်းကောင်း၊ ဂေါဇာ ဟူ၍လည်းကောင်းအမျိုးမျိုးရေးကြ၏။ အမှန်ကား'ဂေါစာ'ဟူ၍ ရေးမှမှန်ကန်၏။ အကြောင်းကား

www.dhammaransi.com



'ဂေါ'ဟူသည်မှာ နေ၊ လ၊ နက္ခတ်၊ တာရာကို ခေါ်၍ 'စာ' ဟူသည်မှာ သွားလာ လှည့်ပတ်ခြင်းကို ခေါ်ခြင်း ဖြစ်သောကြောင့်ဟည်း။ ထိုစကားမှန်၏။ သက္ကဋဘာသာ ကပ္ပဒုမ အဘိဓာန်ကျမ်းကြီး၌ 'ဂေါ' သဒ္ဒါ၏ အနက်စုကို ၁၅ ခု ဖော်ပြထားရာ ခုနစ်ခုမြောက်အနက်တွင်နေ၊ လ၊ နက္ခတ် တာရာနှင့် နတ်ပြည်ကို ဟောကြောင်း ပါရှိ၏။ 'စာ'ဟူသည်မှာ 'စာရ'ဟူသော ပါဠိမှလာ၏၊ 'ရ'ဟူသော နောက်စာလုံးကို ချေဖျက်ပြီး ခေါ်ဝေါ်ထားခြင်းဖြစ်၏။ ယင်းသို့နောက်စာလုံး ချေဖျက်ထားခြင်းကို ပါဠိ သဒ္ဒါနည်း အားဖြင့် 'ဥတ္တရပဒလောပ'ဟု ခေါ်၏။ 'စာ'ရ၏ အဓိပ္ပာယ်ကား လှည့်လည် သွားလာခြင်းဟူ၍ ဖြစ်၏။ဂေါစာဟူသောတပုဒ်လုံးအတွက် နေ၊ လ၊ နက္ခတ် တာရာတို့၏ သွားလာလှည့်ပတ်ခြင်းကိုစွဲ၍ ဆင်းသက်ရောက်ရှိလာသော အချိန်အခါဟု အဓိပ္ပာယ်ရ၏။ ဤယူနည်းမှာ မြန်မာဘုရင် မင်းမြတ်တို့၏ လွှတ်တော်၌ စာရေးတော် လုပ်ခဲ့ဖူးသော နော်ရထာကျော်သင်ဘွဲ့ရ ပုဂံဦးတင်၏ ယူနည်းဖြစ်၏။

## သရေခေတ္တရာပြည်၏ နောက်ဆုံး ရှင်ဘုရင်

အထက်ဖော်ပြပါ ဂေါစာသက္ကရာဇ်၊ (သက္ကရာဇ်အသစ်) ၅ ခုနှစ်တွင် သက်တော် ၁၇ နှစ်၌ သုပညာ နန်းတက်၏။ နန်းသက်(ရှင်ဘုရင်သက်) ၁၁ နှစ် နန်းစံ၍ သက်တော် ၂၈ နှစ်တွင် နတ်ရွာစံ၏။ ထိုမင်းနတ်ရွာစံပြီးနောက် သရေခေတ္တရာ ပြည်ကြီး ပျက်သွား၏။ မင်းဆက်ပြတ်သွား၏။ ထိုအခါမှ

www.dhammaransi.com



တိုင်းပြည် မင်းဆက်ပြတ်သွားသည်ကို အစွဲပြုပြီး 'နဂရဆိန္န' ဟူသော နောက်ဆက်တွဲနာမည်နှင့် သုပညာနဂရဆိန္နမင်းဟု ခေါ်ဝေါ်ကြ၏။ နဂရဆိန္နဟူသော ဝေါဟာရမှာ မာဂဓ ဘာသာခေါ် ပါဠိဘာသာအစစ် ဖြစ်၏။ အဓိပ္ပာယ်ကား တိုင်းပြည် မင်းဆက် ပြတ်ခြင်းဟု ဆိုလိုသည်။ ထိုမင်းလက်ထက် သာသနာကို ကောင်းစွာ ချီးမြှောက်ကြောင်း တွေ့ရ၏။ ထိုမင်းကား သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ ဟူသော သူတော်ကောင်း ၇စွာ ရတနာ ခုနစ်ပါးနှင့် ပြည့်စုံ၏။ တိုင်းသူပြည်သားတို့အားလည်း ရင်ဝယ်သားကဲ့သို့ ကြင်နာ တော်မူ၏။ စိတ်နှလုံးနူးညံ့၍ ရတနာ သုံးပါးကို ကြည်ညို၏။

## သုပညာနဂရဆိန္နမင်း ဘုရားကြည်ညိုပုံ

တကြိမ်က ကမ်းယံပြည် သောင်းကျန်း၍ စစ်အင်္ဂါလေးပါး နှင့် ချီတက်လုပ်ကြံရာ အောင်မြင်တော်မူ၏။ စစ်အောင်ပြီး နောက် ကမ်းယံပြည်တွင်ရှိသော ဗုဒ္ဓမြတ်စွာဘုရား၏ ရုပ်ပွား တော် ရွှေဆင်းတုတဆူကို သွားရောက် ဖူးမြော်လေ၏။ ထိုရွှေ ဆင်းတု ရုပ်ပွားတော်မှာ မဇ္ဈိမပုရိသ အတောင် နှင့်ရှစ်ဆယ့်ရှစ် တောင် အတိုင်းအရှည်ပမာဏ ရှိ၏။ ပစ္စန္တဇနပုဒ် ဖြစ်သော မြန်မာပြည်သားတို့၏ အတောင်နှင့် ၁၇၆ (တရာခုနစ်ဆယ့် ခြောက်)တောင် အတိုင်းအရှည် ပမာဏရှိ၏။ ရွှေအစစ်ကို သွန်း၍ထားသော 'ရွှေသွန်းဘုရားကြီး' ဖြစ်၏။ ပုံတော်မှာ အလွန်သပ္ပာယ်တင့်တယ်၍ ကြည်ညိုဖွယ်ကောင်း၏။ ဘုရင် မင်းမြတ်သည် သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရ

www.dhammaransi.com



သကဲ့သို့ သဒ္ဒါတရား တဖွားဖွား ဖြစ်သွား၏။ နံနက်တိုင်း ညတိုင်း သွားရောက်ဖူးမြော်ဝတ်ပြု၏။ ထိုသို့အားဖြင့် ရွှေဆင်းတုတော်ကြီးကို ကြည်ညိုလွန်းသဖြင့် ဘုရားအနားမှ မခွာနိုင်ပဲ သုံးနှစ်တိုင်တိုင် ကြာရှိသွားခဲ့လေ၏။

မှူးမတ်ဗိုလ်ပါတို့က—

"အရှင်မင်းမြတ်၊ ဆင်မြင်းဗိုလ်ပါ ညောင်းညာကြပါပြီ။ နေပြည်တော်သို့ အသျှင်အမြန် ပြန်တော်မူပါလော့" ဟု လျှောက်ထားကြရာ ဘုရင်မင်းမြတ်က—

"ငါသည် ဤဘုရားရုပ်တုတော်ကို ခွာ၍ သွားအံ့သောငှါ မတတ်နိုင်၊ ဤဘုရားရှင် ရုပ်တုတော်ကို ရတနာဖောင် ကြီးစွာ စီရင်၍ ဖောင်တော်ပေါ်တင်ပြီး နဂါးရစ်တောင်ကို လှည့်ကာ မဟာသမုဒ္ဒရာခရီးဖြင့် သရေခေတ္တရာ နေပြည်တော်သို့ ပင့်ဆောင်သွားမည်" ဟု မိန့်တော်မူလေ၏။

ထိုအခါ မှူးမတ်ဗိုလ်ပါတို့လည်း—

"ဘုရင်မင်းမြတ်သည် မဖြစ်နိုင်သော အကြံကို ကြံသည်။ သည်အကြံအတိုင်း ပြုလုပ်လျှင် ငါတို့တတွေ တသက်လုံး သားမယားနှင့် ပြန်တွေ့ကြရတော့မှာ မဟုတ်ဘူး" ဟု နှလုံး မသာ ယူကျုံးမရ ဖြစ်ကြရလေ၏။ သို့ဖြစ်၍ မှူးမတ်ဗိုလ်ပါတို့ သည် ဘုရင်မင်းမြတ်၏ အကြံတော်ပျက်စေရန် အချင်းချင်း တိုင်ပင်၍ ဉာဏ်ဘမျိုးထုတ်ပြီး ရွှေဆင်းတုတော်ကြီးအောက်မှ ရှင်ဘုရင်မသိအောင် ဥမင်လိုဏ်ခေါင်း တူးကြလေ၏။ ရွှေဆင်း

www.dhammaransi.com



တုတော်ကြီးလည်း ရွှေအတိ(ရွှေအစစ်)ကို သွန်းလုပ်ထားသဖြင့် အလေးချိန်ကြီးမားလေးလံ လှရကား၊ ဥမင်လိုဏ်ခေါင်းထဲသို့ လဲကျသွားလေ၏။ ဘုရင်မင်းမြတ်လည်း ဆင်းတုတော်ကြီး လဲသွားသည်ကို မြင်တော်မူလျှင်—

"အဘယ့်ကြောင့် ဆင်းတုတော်ကြီး လဲသွားရသနည်း"ဟု မေးမြန်းတော်မူရာ မှူးမတ်ဗိုလ်ပါတို့က—

"အရှင်မင်းမြတ်၊ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်ပါသည်" ဟု လျှောက်ထားကြလေ၏။

ဘုရင်မင်းမြတ်လည်း နှလုံးမသာ ဖြစ်တော်မူ၍ ဆက်လက် မိန့်မြွက်ခြင်း မပြုတော့ပဲ၊ တုဏှိဘာဝေ ဆိတ်ဆိတ်ပင် စံနေ တော်မူလေ၏။ ထိုအခါ မှူးမတ်ဗိုလ်ပါတို့သည် ထင်း-တယောက် တချောင်း၊ မီးသွေး-တယောက်တဆုပ်စီ ယူငင်၍ ရွှေဆင်းတု တော်ကြီးကို မီးတိုက်ကြလေသည်။ မီးတိုက်သည်ကို ဘုရင် မင်းမြတ်မြင်လျှင်—

"အဘယ့်ကြောင့် ဘုရား ရုပ်တုတော်ကို မီးတိုက်ကြ သနည်း"ဟု မေးတော်မူရာ—

"ဘုရား ပရိနိဗ္ဗာန် ဝင်တော်မူ၍ နတ်တို့က သင်္ဂြိုဟ်ကြခြင်း ဖြစ်ပါသည်"ဟု လျှောက်ထားကြလေ၏။

ဘုရင်မင်းမြတ်လည်း—

"မဟုတ်သောစကားကို ပြောဆိုလျှောက်ထား ကြသည်" ဟု အမိန့်ရှိပြီး ရွှေစိတ်တော် မချမ်းမသာနှင့် ငေးမှိုင်ကာ စံနေ တော်မူလေ၏။ မှူးမတ်ဗိုလ်ပါတို့လည်း ဘုရင်မင်းမြတ် ရာဇမာန်

www.dhammaransi.com



ရှမည်ကို စိုးရိမ်သဖြင့် ရွှေဆင်းတုတော်ကြီးမှရသော ရွှေအချို့ဖြင့် ထက်ဝယ်တော် (တင်ပျဉ်ခွေ) တတောင်ပြည့် ရှိသော (တထောင်တိတိရှိသော) နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော် ဆင်းတုများကို သွန်းလုပ်ပြီး ဘုရင်မင်းမြတ်အား ဆက်သကြလေ၏။ ထို့အပြင် ရွှေလျက်လည်း သွန်းလုပ်၍ ဆက်ကြလေ၏။ ကျန်ဆင်းတုတော်ကြီးမှ ရွှေများကို မူးမတ်ဗိုလ်ပါတို့ ကိုယ်စီကိုယ်ငှ ယူငင်ကြလေ၏။ ဘုရင်မင်းမြတ်လည်း ရွှေဆင်းတုတော်ကြီး မရှိသဖြင့် မူးမတ်ဗိုလ်ပါတို့ အလိုအတိုင်း သရေခေတ္တရာ နေပြည်တော်သို့ ပြန်လာခဲ့လေ၏။ နေပြည်တော်သို့ ရောက်သော အခါ မူးမတ်ဗိုလ်ပါတို့သည် မိမိတို့ ကိုယ်စီကိုယ်ငှ ယူငင်လာခဲ့ကြသော ရွှေဆင်းတုတော်ကြီးမှ ရွှေများကို အသီးသီးသုံးစွဲကြလေရာ တပြည်လုံး ပွုံနှံ့၍ အန္တရာယ်ပြား ဖြစ်သွားလေ၏။ မသုံးထိုက် မသုံးအပ်သော မြတ်စွာဘုရား၏ ဗုဒ္ဓသန္တက ဘုရားပစ္စည်းကို သုံးစားမိကြသဖြင့် တပြည်လုံး စနောင့်စနင်းဖြစ်ကာ ခိုးသား ဒမြ ထကြွထူထပ်လျက် ကွပ်ညှပ်၍ မနိုင်။ အုပ်မနိုင် ထိန်းမရ ဖြစ်သွားလေ၏။

## စကောတချပ်အတွက် သရေခေတ္တရာပြည်ပျက်ခြင်း

တနေ့သ၌ လေပွေကြီးလာ၍ အိမ်တအိမ်မှ 'စကော'တချပ် လေထဲပါကာ လွင့်သွားရာ စကောရှင် မိန်းမက 'ငါ့-စကော ငါ့-စကော ဟု အော်ယင်း စကောကို လိုက်၍ ကောက်ယူရန် ပြေးလွှားသည်ကို လူအများ အထင်မှားလျက် အုတ်အုတ်

www.dhammaransi.com



ကျက်ကျက် ဖြစ်သွားလေ၏။ 'ငါ့-စကော'ဟု အော်ဟစ်သော မိန်းမ၏ အသံအတွက်—

'ငစကော စစ်လာသည်'၊ 'ငစကော စစ်ကြီးချီလာသည်' ဟု အထင်မှား အကြားလွဲကာ တဇယောက်ကုစ တရာ ကောလ ဟာလဖြစ်ပြီး တပြည်လုံး အထိတ်တလန့်ဖြစ်၍ ဗရုံးသုံးကားနှင့် ပြေးလွှားဆုံပွက် သွားလေ၏။ ထိုအချိန်၌ ဘုရင်မင်းမြတ် လည်း ရောဂါဝေဒနာ စွဲကပ်၍ နတ်ရွာစံလေ၏။ တိုင်းပြည် တခုလုံး အထိတ်တလန့်နှင့် တုန်လှုပ်ချောက်ချားနေစဉ် ရှင် ဘုရင်ကလည်း နတ်ရွာစံ၍ အုပ်ချုပ်ရေး ပျက်ပြားကာ မင်းမဲ့ တိုင်းပြည်ကဲ့သို့ ထိန်းမရ သိမ်းမရ ဖြစ်သွားလေ၏။ အုပ်ချုပ် ကွပ်ကဲသူ မရှိသဖြင့် ပြည်သူလူထုများလည်း အားကိုးရာမဲ့ဖြစ် ၍ အချင်းချင်း အစုအငန်းဖွဲ့ကာ ကိုယ့်အစုနှင့်ကိုယ် ဖြစ်သွား ကြလေ၏။ပျူတစု၊ ကမ်းယံတစု၊ မြန်မာတစုဟူ၍ သုံးစုကွဲသွား ၏။ ထိုအချိန်တွင် သက္ကရာဇ်အသစ်ဖြစ်သော ဂေါစာသက္ကရာဇ် မှာ ၁၆ နှစ် ရှိခဲ့လေပြီ။

မှတ်ချက်။ ။'မြန်မာ' ဟူသောအမည်ကို ရာဇဝင်တွင် ဤ အချိန်ကျမှ တွေ့ရ၏။ အစုသုံးစု ကွဲသွားစဉ် 'မြန်မာတစု' ဟူ၍ ပါရှိလာသည်တွင်မှ မြန်မာဟူသော အမည်ကို တွေ့ ရခြင်းဖြစ်၏။ သို့ဖြစ်၍ မြန်မာအစ ခေတ္တရာက သို့မဟုတ် မြန်မာအစ ရသေ့ကဟု ရာဇဝင် သက်ောတဆောင်ပုဒ် လုပ် ထိုက်ပေ၏။ အကြောင်းကား သရေခေတ္တရာပြည်ကို 'ရသေ့ ပြည်'ဟူ၍လည်း ခေါ်ဝေါ်ကြသောကြောင့် ဖြစ်၏။

www.dhammaransi.com



## ပျူအစုနှင့် ကမ်းယံအစု စစ်ဖြစ်ခြင်း

အထက်ပါ ကွဲသွားသောသုံးစုတွင် ပျူအစုနှင့် ကမ်းယံအစု စစ်တိုက်ကြပြန်လေ၏။ စစ်တိုက်ရာ၌ လက်နက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း မပြုပဲ ဘုရားစေတီ အပြိုင်တည်သော ကုသိုလ်စစ်ထိုးနည်းဖြင့် တိုက်ကြ၏။ ဘုရားစေတီ အပြိုင်တည်ကြမည်။ အလျင်ပြီးသူက နိုင်စေတမ်းဟု ကတိသစ္စာ ပြုထားကြ၏။ ပျူအစုက သရေခေတ္တရာပြည်၏ အနောက်ဘက်တွင် ပုထိုး(စေတီတော်ကြီး)ကို တည်၏။ ကမ်းယံအစုက သရေခေတ္တရာပြည်၏ မြောက်ဘက်တွင် ပုထိုး(စေတီတော်ကြီး)ကို တည်၏။ ထိုအခါ ကမ်းယံတို့က ထုံးစံအတိုင်း အုတ်ဖြင့် စေတီတည်လေရာ ရက်တရက် ချက်ချင်းမပြီးနိုင်ပဲ ရှိလေ၏။ ပျူတို့ကမူ ဉာဏ်တမျိုးထုတ်၍ ဝါးကို စေတီတော်ပုံ လုပ်ပြီးလျှင် အပေါ်က ပုဆိုးဖြူ(အဝတ်)လွှမ်းပြီး ထုံးတင်သာဖြင့် အလျင်ပြီးသွားလေ၏။ ပျူတို့၏ ပုထိုး(စေတီတော်ကြီး)ပြီးသည်ကို ကမ်းယံတို့ မြင်လေသော် ငါတို့ ရှုံးချေပြီဟူ၍ ပြေးကြလေ၏။

မှတ်ချက်။ ။ဤကုသိုလ် စစ်ထိုးနည်းမှာ တကောင်းပြည်က လာသောနည်းကို ယူငင်ပြုလုပ်ခြင်း ဖြစ်ပုံရ၏။ တကောင်း ပထမဆက် အဘိရာဇာလက်ထက် အဘိရာဇာ နတ်ရွာစံသောအခါ သားတော် ကံရာဇာကြီးနှင့် ကံရာဇာငယ်တို့ နန်းလုကြ၏။ ထိုအခါ အမတ်ပညာရှိတို့၏ အကြံပေးချက်အရ လက်နက်နှင့် မတိုက်ပဲ ကုသိုလ် စစ်ထိုးကြ၏။ ကုသိုလ်

www.dhammaransi.com



စစ်ထိုးပုံကား အလှူမဏ္ဍပ်ကြီး တယောက် တဆောင်စီ ညှတွင်းချင်းပြီးအောင် ဆောက်လုပ်ကြမည်။ အလျင်ပြီး သူကို နိုင်သူဟု မှတ်ယူရမည်ဟူ၍ စည်းကမ်းသတ်မှတ်ပြီး မဏ္ဍပ်ကြီး တယောက် တဆောင်စီ ဆောက်လုပ်ကာ ကုသိုလ် စစ်ထိုးကြခြင်းဖြစ်၏။ ထိုအခါတွင် ကံရာဇာကြီးက ထုံးစံအတိုင်း သစ်ကြီး ဝါးကြီးများဖြင့် ဆောက်လုပ်၍ မပြီးစီးနိုင်ပဲ ရှိ၏။ ကံရာဇာငယ်ကမူ ချစ်ငယ်ဝါးငယ်ဖြင့် ပြီးစလွယ်လုပ်ပြီး ပုဆိုးဖြူ (အဝတ်ဖြူ)လွှမ်းလျက် ထုံးဖွေး ဖွေးသုတ်လိမ်း၍ အလျင်ပြီးကာ အနိုင်ရခဲ့၏။

## ပျူချင်း ကွဲကြပြန်ခြင်း

ကမ်းယံတို့ စစ်ရှုံး၍ ပြေးကြပြီးနောက် ပျူအချင်းချင်း စစ်ဖြစ်ပြန်၍ သုံးစုကွဲပြန်၏။ တိုင်းပြည်ကြီးကား ဖရိုဖရဲ ဖြစ်ချင် တိုင်းဖြစ်ကာ ကွဲခဆုံး ပြဲမဆုံး ဖြစ်သွားလေ၏။ ထိုသို့ ဖရိုဖရဲ ကွဲပြဲပြီးနောက် ၁၃ နှစ်ကြာမှ သုပညာနဂရဆိန္နမင်း၏ တူဖြစ်သူ သက်တော် ၃၂ နှစ်ရှိ သမုဒ္ဒရာဇ်သည် ယုန်လွှတ်ကျွန်း၌ ဂေါစာသက္ကရာဇ် ၂၉ ခုနှစ်တွင် ပုဂံပြည်ကို စတင်တည်ထောင် ၍ ပထမဆုံး ပုဂံပြည်၏ ရှင်ဘုရင်အဖြစ်နှင့် အုပ်စိုးခဲ့လေ သတည်း။

## သရေခေတ္တရာခေတ် သာသနာဝေဖန်ချက်

သရေခေတ္တရာ ရာဇဝင်တခေါင်လုံးကို ခြုံ၍ ကြည့်လျှင် သာသနာရေးအတွက် သာသနာစက် တပြောင်ပြောင် တလက်

www.dhammaransi.com



လက်နှင့် အမည်းကွက်မပါ စင်ကြယ်စွာ သာသနာတည် ထွန်းသောတိုင်းပြည်ဟုဆိုနိုင်၏။ ဒွတ္တပေါင်မင်းကြီး တည်ထားသည့် ပေါပေါကြီး(ဗောဗောကြီး)ပုထိုးတော်ကြီး(စေတီတော်ကြီး) စသော ဘာဝ၇ သာသနအဆောက်အအုံကြီးများသည် သရေခေတ္တရာ သာသနာ၏ သာဓကကျောက်တိုင်ကြီးများပင် ဖြစ်ပေ၏။ ထို့ပြင် ယခုအခါ တူးဖော်ရရှိသော ဗောဗောကြီးဘုရား၏ အုတ်ခွက်စာ(ပျူဘာသာ ကျောက်စာ)မှော်ဇာငှမောင်ခင်ဘ၏ ဘုရားပြိုအုတ်ပုံအတွင်းမှရသော ရွှေပေချပ် ၂၀ နှင့် မှော်ဇာ ပျိုးခင်းကြီးကုန်း အုတ်ခွက်စာ စသည်တို့တွင် ပါရှိသည့် ဗုဒ္ဓမြတ်စွာဘုရား၏ ပိဋကတ်တော် ပါဠိတော် အက္ခရာများမှာလည်း သရေခေတ္တရာ သာသနာ၏ သာဓက မှတ်ကျောက်များပင် ဖြစ်၏။

(ဤနေရာတွင် အုတ်ခွက်စာ၊ ကျောက်စာများကို မူရင်းအတိုင်း ဖော်ပြရန်။)

သရေခေတ္တရာ သာသနာကား ဖော်ပြလတ္တံ့သော ပုဂံသာသနာထက် သာသနာစက် အထက်တန်းကျ၍ ရဟန္တာသာသနာ ဆိုလောက်သော သာသနာဖြစ်၏။ ဒွတ္တပေါင်မင်းလက်ထက်တွင် ရဟန္တာသုံးထောင်ရှိကြောင်း၊ ငတပါးမင်းလက်ထက်တွင် ရဟန္တာငါးရာရှိကြောင်း အထင်အရှားပါရှိ၏။ ယခုလက်ရှိ မြန်မာပြည် သာသနာ၏ ပင်ရင်းမူလ အစအမွန်ဖြစ်၍နေရောင်လရောင် အထောင်မက သာသနာရောင်တောက်ပလှသော ပုဂံပြည်၏သာသနာဝင်၌ပင် ပထမဆုံး ပုဂံသာသနာပြု အရှင်အရဟံနှင့် ကျန်စစ်သားမင်းလက်ထက် ဂန္ဓမာဒန

www.dhammaransi.com



တောင်မှ ကြွလာသော ရဟန္တာရှစ်ပါးမှတပါး အထင်အရှား အားဖြင့် ရဟန္တာများရှိကြောင်း သာသနာဝင်၊ ရာဇဝင်တို့၌ မတွေ့ရပေ။ မပါရှိပေ။ မဖော်ပြကြပေ။ မဖော်ပြခြင်းမှာ မရှိ၍ မဖော်ပြခြင်းပင် ဖြစ်ပေမည်။ သရေခေတ္တရာတွင် သာသနာ စက်ရိပ် လွှမ်းမိုးပုံမှာ တအံ့တသြ ပြောမဆုံး ဥဒါန်းမတုံးအောင် ဖြစ်ခဲ့သော သာဓကတရပ် တွေ့ရ၏။ ထိုသာဓကမှာ အခြား မဟုတ် စစ်တိုက်ရာ၌ပင် လက်နက်နှင့် မတိုက်ခိုက်ပဲ ဘုရားစေတီ အပြိုင်တည်သော ကုသိုလ်စစ်ထိုးနည်းဖြင့် တိုက်ခိုက်ခြင်းဖြစ်၏။

## ပါဠိဘာသာနှင့် သရေခေတ္တရာ

ပါဠိဘာသာကို 'မဂဓ' တိုင်းသားတို့ စတင် သုံးစွဲသော ဘာသာဖြစ်ကြောင့် မာဂဓဘာသာ ဟူ၍ လည်းကောင်း၊ မာဂဓီဘာသာဟူ၍လည်းကောင်း ခေါ်ကြသေး၏။ ထိုမာဂဓ လည်းခေါ်၊ မာဂဓီလည်း ခေါ်သော ပါဠိဘာသာသည် အချုပ်အားဖြင့်—

(၁) ဗုဒ္ဓသုံးပါဠိဘာသာ(မြတ်စွာဘုရားသုံးပါဠိဘာသာ)

(၂) အရပ်သုံးပါဠိဘာသာဟူ၍ နှစ်မျိုးရှိ၏။

ထိုတွင်—

(၁)ဗုဒ္ဓသုံး(မြတ်စွာဘုရားသုံး) ပါဠိဘာသာဟူသည်ကား ယခုလက်ရှိ ပိဋကတ်သုံးပုံကို အက္ခရာတင်ထားသော ပါဠိ ဘာသာပင်ဖြစ်၏။ ဗုဒ္ဓမြတ်စွာဘုရားသည် တရားဒေသနာ အနေအားဖြင့် ဟောလေသမျှ ပါဠိဘာသာနှင့်ချည်း ဟော၏။

www.dhammaransi.com



ဟောလေလမျှ ပါဠိဘာသာများမှာလည်း ဘုရားစကားပိဋိ
လိင် ဝုစ် ကံ ကတ္တား သဒ္ဒါအနေအထား ကျန၍ အာဒိ
ကလျာဏ၊ မဇ္ဈေကလျာဏ၊ ပရိယောသာန ကလျာဏဟု
ဆိုအပ်သော ကောင်းခြင်း သုံးပါးနှင့် ပြည့်စုံ၏။ ပါဠိဘာသာ
သည် ဘုရားသုံးဘာသာဖြစ်၏။ဗုဒ္ဓသုံးဘာသာဖြစ်၏။ သာသန
ဘာသာဖြစ်၏။ ထိုမြတ်စွာဘုရားသုံး ပါဠိဘာသာကို တန္တိ
ရောပိတ ပါဠိဘာသာဟူ၍ လည်းကောင်း၊ တန္တိရောပိတ
မာဂဓဘာသာဟူ၍ လည်းကောင်း၊ တန္တိရောပိတမာဂဓီ
ဘာသာဟူ၍လည်းကောင်း ခေါ်၏။

(၂) အရပ်သုံး ပါဠိဘာသာ ဟူသည်ကား မဂဓတိုင်းနှင့်
တကွ ထိုထိုအရပ်ဒေသတို့၌ ပြောဆို သုံးစွဲနေကြသော ပါဠိ
ဘာသာ ဖြစ်၏။ထိုအရပ်သုံးပါဠိဘာသာဟူသည်ကား ဝိဘတ်၊
လိင်၊ ဝုစ်၊ ကံ၊ ကတ္တား၊ သဒ္ဒါအနေအထားမကျ၊ သက္ကဋ၊
ပရာကရိတ၊ ဟိန္ဒီစသော ဆင်တူရိုးမှား ဘာသာများနှင့်လည်း
ရောပြွမ်း၍ ဖြစ်ကတတ်ဆန်း ဖြစ်နေ၏။ ထိုအရပ်သုံးပါဠိ
ဘာသာကို ဒေသိယပါဠိဘာသာဟူ၍လည်းကောင်း၊ ဒေသိယ
မာဂဓဘာသာဟူ၍ လည်းကောင်း၊ ဒေသိယမာဂဓီဘာသာ
ဟူ၍လည်းကောင်း ခေါ်၏။ ပုံစံအားဖြင့် အမြွက်မျှ ပြရလျှင်
ယခု မြန်မာနိုင်ငံ၌ နေထိုင်ကြသော အိန္ဒိယတိုင်းသား ဟိန္ဒူ
လူမျိုးတို့၏ စကားထဲ၌ပင် ကဟံ၊ ကိတရက်၊ ပါနိ၊ နာဟိ၊
ဗဟုတ်ဒူရေ၊ တုံမာရာ၊ ဟံမာရာ၊ ဘဂဝံ စသော ပါဠိပျက်
ဒေသိယပါဠိ ဘာသာစကားများ ထင်ရှား တွေ့နေရခြင်းပင်
ဖြစ်၏။

www.dhammaransi.com



သရေခေတ္တရာ သာသနာတွင် သာသနာနှင့် အတူပင် သာသနာဘာသာဖြစ်သော ပါဠိဘာသာလည်း အတော်အသင့် ခေတ်စားလာကြောင်း တွေ့ရ၏။ ဒွတ္တပေါင်မင်း လက်ထက် ရဟန္တာသုံးထောင်နှင့် တိုင်ပင်၍ ဒွတ္တပေါင်မင်း ပြုစုသော ခမ္မသတ်ကျမ်းမှာ 'အပါယဂတိမုပါယံ' ဂါထာ အစချီကာ ပါဠိဘာသာနှင့် ပြုစုသွား၏။ ရှင်ဘုရင်တို့၏ဘွဲ့ နာမံများတွင် လည်း သိရိခန်၊ သိရိရာဇ်၊ ရန်သိခ်၊ ရန်မုဋ္ဌလိဗ္ဗ၊ ဓဘရိန္ဒ၊ မုဋ္ဌလ၊ ပုဏ္ဏ၊ သာခ၊ သုမုန္ဒရီ သုပညာနဂရဆိန္ဒ စသည်ဖြင့် ပါဠိနှင့် ပါဠိသက် ပါဠိပျက် အမည်များ တွေ့ရ၏။ သာသနာဘာသာ ခေါ် ပါဠိဘာသာနှင့်အတူ ပါဠိဘာသာ၏ အတွင်းရန်သူ သဖွယ်ဖြစ်၍ ဆင်တူရိုးမှားဖြစ်သော သက္ကဋဘာသာလည်း နောက်ဆက်တွဲက တဆက်တည်းကပ်ပါလာသည်ကို တွေ့ရ၏။ တွေ့ရပုံကား မှော်ဇာခင်ဘကုန်းမှ ပျူအက္ခရာ ရွှေပေချပ် များတွင်—

'သိဒ္ဓံ-အဝိဇ္ဇာပစ္စယာ သင်္ခါရာ။သင်္ခါရပစ္စယာ ဝိညာဏံ။

'သိဒ္ဓံ-စတ္တာရောသတိပဋ္ဌာနာ။စတ္တာရော သမ္မပ္ပဓာနာ။ စတ္တာရော ဣဒ္ဓိပါဒါ'ဟူ၍ ပါရှိ၏။

အဝိဇ္ဇာပစ္စယာ စသော ဘုရားဟော ပါဠိတော်၏ ထိပ်က စာခေါင်းတွင် 'သိဒ္ဓံ'ဟု ပါရှိနေ၏။ သိဒ္ဓံဟူသည်မှာ ပြီးစီး ခြင်းဟု အဓိပ္ပာယ်ရ၏။ ဤသိဒ္ဓံဟူသောစကားလုံး အသုံးအနှုန်း မှာ 'တန္တျာရောပိတ'ခေါ် ဗုဒ္ဓသုံးပါဠိဘာသာ၌ သုံးစွဲရိုး မရှိ။ သက္ကဋဘာသာ သက္ကဋကျမ်းစာတို့တွင် သုံးလေ့ရှိသော

www.dhammaransi.com



စကားလုံးဖြစ်၏။ သက္ကဋ္ဌဘာသာ သက္ကဋ္ဌကျမ်းစာတို့တွင်မူ ထိုစကားလုံးမှာ မပါလျှင် မပြီးသလောက် အရေးပါ အရာရောက်သော လိုရင်းပဓာန စကားလုံး ဖြစ်၏။ စာတပုဒ်ရေးလျှင် မရေးမိထိပ်ဆုံးက ထိုစကားလုံးကို တပ်လေ့ရှိ၏။ ယခုအခါ မြန်မာပြည်၌ နမောတဿကို တပ်လေ့ရှိသကဲ့သို့ သိဒ္ဓမ်ဟူ၍ လည်းကောင်း၊ 'သိဒ္ဓိရတ္ထု' ဟူ၍ လည်းကောင်း စာခေါင်း၏ထိပ်တွင် အစဉ်အမြဲ ထည့်ထားလေ့ ရှိကြ၏။ ထို'သိဒ္ဓ'ဟူသော စကားလုံးကို တွေ့ရသဖြင့် ထိုအချိန် ထိုအခါတွင် သရေခေတ္တရာသာသနာ၌ တန္တ္တြာရောပိတ မာဂဓီခေါ် ဗုဒ္ဓသုံးပါဠိဘာသာ၏ နောက်က သက္ကဋ္ဌဘာသာ နောက်ဆက်တွဲ ကပ်ပါလာကြောင်း သိရခြင်း ဖြစ်ပေ၏။

ဤသို့ သာသနာ ဘာသာခေါ် တန္တ္တြာရောပိတ ပါဠိဘာသာ၏ နောက်ဆက်တွဲမှ သက္ကဋ္ဌဘာသာ ကပ်ပါလာခြင်းကြောင့် သာသနာရေးအတွက် အားနည်းချက် တခု ဖြစ်ကြောင်း ပုဂံသာသနာဝင် ရောက်သောအခါ အကျယ်တဝင့် ဖော်ပြလတ္တံ့။

သရေခေတ္တရာ သာသနာတွင် ရဟန်း သာမဏေနှင့်တကွ ကျောင်းကံဘုရားများ ရှိကြောင်း၊ ဝတ်မိုး ဝတ်မြေ လှူဒါန်းကြောင်းများလည်း အထင်အရှား တွေ့ရ၏။ သို့သော် ပရိယတ္တိသာသနာသည် ဖော်ပြလတ္တံ့သော ပုဂံပြည်သာသနာ စည်ကားချိန်ကဲ့သို့ အဆက်မပြတ် ထွန်းကားပုံ မရပေ။ အကြောင်းကား အချို့သော မင်းများလက်ထက်၌ သာသနာ စက်ရောင်ပျက်သယောင်ယောင် ဖြစ်နေသည်ကို တွေ့ရသောကြောင့်တည်း။ ပရိယတ္တိ သာသနာ ဆိုသည်ကား နိကာယ်ငါးရပ်

www.dhammaransi.com



ပိဋကတ်သုံးပုံဟု ဆိုအပ်သော စာပေပိဋကတ်များပင် ဖြစ်၏။ ပရိယတ္တိဟု ဆိုအပ်သော ပိဋကတ်စာပေများ အဆက်မပြတ် အသက်ဓာတ် ဝင်နေမှသာလျှင် ဗုဒ္ဓ၏အကြောင်း၊ ဓမ္မ၏ အကြောင်း၊ သံဃ၏အကြောင်း၊ မဂ်ဖိုလ်နိဗ္ဗာန်၏အကြောင်း၊ သာသနာ၏ အကြောင်းများ ကောင်းစွာသိနိုင်ပေ၏။ ထိုသို့ သိနိုင်မှသာလျှင် သာသနာစက်သည် အဆက်မပြတ် တည်တွန့်း နိုင်ပေ၏။ ဥပမာအားဖြင့် ရွှေအိုးကြီးများကို မြေကြီးထဲ၌ မြှုပ်နှံထားရာ အညွှန်းစာမရှိလျှင် ရွှေအိုးကြီးများရှိမှန်းမသိနိုင် သကဲ့သို့တည်း။ အညွှန်းစာနှင့် ပရိယတ္တိသာသနာတူ၏။ ရွှေအိုး ကြီးများနှင့် ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာများ တူ၏။

သို့ရာတွင် သရေခေတ္တရာ ပြည်မှာ မြန်မာနိုင်ငံအတွက် သာသနာစက် ပထမဆုံးအုတ်မြစ်ချရာ ဖြစ်သည့်ပြင် ရဟန္တာ များလည်း အမြောက်အမြားထင်ရှားရှိသဖြင့် သာသနာတော်၏ အခြေစိုက်ရာ သာသနာ့ကရ၊ သာသနဇောတိ ပါတုဘာဝ ဌာနဟု ဆိုထိုက်ပေ၏။

သရေခေတ္တရာခေတ်မှာ နှစ်ပေါင်း ၅၇၈ နှစ်ကြာရှိရာ မဟာသမ္ဘဝနှင့် စူဠသမ္ဘဝညီနောင် နှစ်ယောက်တို့ လက်ထက် သာသနာရေးနှင့် ပတ်သက်၍ တစုံတရာ ဘာမျှ မတွေ့ရပေ။ ဒွတ္တပေါင်းမင်းမှစ၍ သရေခေတ္တရာ ခေတ်ဆုံးသည်အထိ မင်းပေါင်း ၂၅ ယောက်၊ နှစ်ပေါင်း ၅၃၇ နှစ်အတွင်း ဗုဒ္ဓ သာသနာတော် ကောင်းစွာ တည်တွန့်းသည်ကို တွေ့ရှိပေ သတည်း။

**သရေခေတ္တရာခေတ်သာသနာခန်းပြီး၏။**

www.dhammaransi.com

# ပုဂံခေတ်သာသနာရေး

ပုဂံပြည်ကို ပထမဆုံးစတင်တည်ထောင်သော သမုဒ္ဒရာဇ်မင်းလက်ထက် တိုင်းပြည်၏ နာမည်ကို 'ပေါက္က''ဟူ၍ လည်းကောင်း၊ 'ပုဂါမ'ဟူ၍လည်းကောင်း အမည်ပေး၏။ 'ပေါက္က'' ဟု အမည်ပေးခြင်းမှာ ဗုဒ္ဓမြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ် ဤပြည်တည်ရာ အရပ်သို့ ကြွလာဖူးကြောင်း၊ ထိုအခါ ပေါက်ပင်တပင်၏ အဖျားဦ၌ ဗျိုင်းတကောင်နှင့် ကျီးတကောင်နားနေ၍ ပေါက်ပင်ခွတွင် ဖွတ်ပြိတ္တာလျှာနှစ်ခွနှင့် နေသည်ကိုလည်းကောင်း၊ ပေါက်ပင်ရင်း၌ ဖားငယ်တကောင် ဝပ်နေသည်ကိုလည်းကောင်း မြင်တော်မူ၍ မြတ်စွာဘုရားက ဗျာဒိတ်ပေးသွားကြောင်း—

''ငါ-ဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၆၅၁ နှစ်ရောက်သောအခါ ဤအရပ်၌ ပြည်ကြီးဖြစ်လတ္တံ့။ ဗျိုင်းနှင့်

www.dhammaransi.com



ကျီးနားသည့်အလို သီလရှိသူနှင့် မရှိသူ နှစ်မျိုးလုံး ပေါများလတ္တံ့။ဖွတ်ပြိတ္တာလျှာနှစ်ခွနှင့်နေသည့်အလို သစ္စာချွတ်ယွင်း၍ မုသားစကားသုံးကြလတ္တံ့။ ဖားငယ် ဝပ်သည့်အလို အစာရေစာ ပေါများ၍ သာယာစွာ မွေ့လျော်နေထိုင်ကြရလတ္တံ့။ တိုင်းပြည်ကို စောင့်တည်ရောက်သော မင်းလက်ထက် ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပျံကြီးတို့ မင်းမူလတ္တံ့။ ထိုငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပျံကြီးတို့ကို ဘုန်း၊ လက်ရုံး၊ အာဏာနှင့် ပြည့်စုံသော မင်းသည် ခွင်းလတ္တံ့.”

ဟု ဗျာဒိတ်ထားတော်မူခဲ့ကြောင်း ရှေးသိုက်ဟောင်း၊ သမိုင်းဟောင်းတို့၌ အဆိုရှိသည်ဟူ၏။ ထိုအဆိုကို အစွဲပြု၍ ‘ပေါက္က’ ဟု မှည့်ထားခြင်းဖြစ်၏။

ထို့ကြောင့် ပုဂံရွှေစည်းခုံ ဘုရားသမိုင်းလင်္ကာတွင်–

“ပေါက်ပင်နှင့်ကန်၊ရှိသည်ဟန်ကြောင့်၊ပေါက္ကခေါ်တွင်” ဟု စပ်ဆိုထားပေ၏။

မှတ်ချက်။ ။အထက်ဖော်ပြပါ မြတ်စွာဘုရား ကြွလာဖူးကြောင်း၊ ဗျာဒိတ်ပေးကြောင်းကိုနိကာယ်ငါးရပ် ပိဋကတ်သုံးပုံနှင့်တကွ ခိုင်မာသော အဋ္ဌကထာ ဋီကာကျမ်းဂန်များတွင် အရိပ်အမြွက်မျှ မဇတ္တွေ့ရပေ။

ပုဂါမဟု အမည်ပေးခြင်းကား သမုဒ္ဒရာဇ်မင်းမှာ ဇာတိအားဖြင့် ပျူလူမျိုးဖြစ်၍ ‘ပျူဂါမ’ဟူသော ဝေါဟာရမှ

www.dhammaransi.com



ဆင်းသက်လာသော 'ပုဂါမ'နာမည်ကို ပေးလိုက်ခြင်းဖြစ်၏။ ဆင်းသက်လာပုံကား ပျူဂါမမှ ပူဂါမ ဖြစ်လာ၍ ပူဂါမမှ ပုဂါမ ဖြစ်လာခြင်းပေတည်း။ 'ပျူဂါမ'၏ အဓိပ္ပာယ်ကား၊ 'ပျူလူမျိုးတို့၏ ရပ်ရွာ'ဟု ဆိုလို၏။ ပျူလူမျိုးတို့၏ အမျိုးအရိုးတန်းခိုးမတိမ်စေရန်နှင့် ထိုအခါက ခေတ်စားနေသော ပါဠိဘာသာလည်းပါစေရန် ပါဠိဆန်ဆန် ပါဠိသံရောပြီး 'ပုဂါမ'ဟူသောဝေါဟာရကို စီမံဖန်တီးလိုက်ခြင်း ဖြစ်ပုံရ၏။

## သမုဒ္ဒရာဇ်မင်း လက်ထက်

သမုဒ္ဒရာဇ်မင်းသည် ဂေါစာ သက္ကရာဇ် ၂၉ ခုနှစ်တွင် ပေါက္ကံပြည်၊ သို့မဟုတ် ပုဂါမကို တည်ထောင်၍ ဘုရင်လုပ်ကာ အုပ်စိုးခဲ့၏။ နန်းသက် (ရှင်ဘုရင်သက်)နှင့် ၄၅ နှစ် နန်းစံပြီး သက်သော် ၇၇ နှစ်တွင် နတ်ရွာစံ၏။ ထိုမင်းလက်ထက် သာသနာရေးနှင့် ပတ်သက်၍ ဘာမျှ မတွေ့ရပေ။ သို့သော် သရေခေတ္တရာ သာသနာစက်ရိပ်အောက်မှ ပေါက်ဖွားဖြစ်ပေါ်လာသော နိုင်ငံသစ်(ဘုရင်နှင့် တိုင်းသူပြည်သားများ) ဖြစ်၍ သာသနာရေးကို အခြေအနေအရ အားပေးအားမြှောက် ထွန်းတောက် မပြုနိုင်သည့်တိုင်အောင် အစဉ်အဆက် မပျက်ပဲ ကိုးကွယ်ဆည်းကပ်မြဲ ဆည်းကပ်လျက် သာသနာစက် တည်ရှိနေကြောင်းမူ မှန်းဆသိသာနိုင်ပေ၏။ အကြောင်းကား ထိုမင်း၏ နောက်တဆက်ခြားဖြစ်သော ပျူစောထီးမင်း လက်ထက်၌ သာသနာရေးနှင့် ပတ်သက်သော အချက်များ တွေ့ရသောကြောင့်တည်း။ သမုဒ္ဒရာဇ်မင်း လက်ထက်တွင် တိုင်းပြည်

www.dhammaransi.com



ကလည်း တည်ထောင်ခါစ ဖြစ်၍ အရာရာတွင် ဗဟိရ ကိစ္စများလျက် နေရေး ထိုင်ရေး စားဝတ်ရေးအတွက် လက်မလည်အောင် ဖြစ်နေကြရ၏။ ထို့ပြင် ဖော်ပြလတ္တံ့သော ငှက်ကြီး၊ ဝက်ကြီး စသည့် ဘေးရန်အန္တရာယ်တို့ကလည်း ၁၂ နှစ်တိုင်တိုင် ဒုက္ခပေးနေသဖြင့် သာသနာရေးကို အလေးပေး ကာ အခရေးတယူ ပြုမူခြင်းငှာ မစွမ်းနိုင်ကြခြင်း ဖြစ်ပုံရ၏။

## သမုဒ္ဒရာဇ်မင်း လက်ထက် ရန်သူကြီး လေးမျိုး

သမုဒ္ဒရာဇ်မင်း လက်ထက် တိုင်းပြည်တွင် (၁) ငှက်ကြီး၊ (၂) ဝက်ကြီး၊(၃) ကျားကြီး၊(၄)ရှူးပျံကြီး ဟူသောဘေး ရန်ကြီး (ရန်သူကြီး)လေးမျိုး ပေါ်ပေါက်၍ အကြီးအကျယ် အန္တရာယ်ပြုနေ၏။ ရှင်ဘုရင်ကိုယ်တိုင်ပင် မနှိမ်နင်းနိုင်ပဲ ယင်း သတ္တဝါကြီး လေးကောင်ကို အညံ့ခံကာ ၁၂ နှစ်တိုင်တိုင် အစာ ကျွေးနေရ၏။ ငှက်ကြီးအတွက် အစာမှာ ခုနစ်ရက်တကြိမ် သမီး ကညာခုနစ်ယောက် ပေးရ၏။ ငှက်စာကျွေးရန်အတွက် လိုက်လံ ဆော်ဩရသော အမှုထမ်းများပင် သီးခြား ထားရှိရ၏။ ယင်းအမှုထမ်း၏ ရာထူးနာမည်မှာ 'ငှက်စာဆော်'ဟု ခေါ် ၏။ ဝက်ကြီးအတွက် အစာမှာ နေ့စဉ်ထမင်းအိုးအလုံးခြောက် ဆယ်၊ ဖရုံသီးလှည်းပေါင်း ကိုးစီး၊ ဖွံနုလှည်းပေါင်းကိုးစီး ပေးရ၏။

www.dhammaransi.com



## ပျူစောထီး ပေါ်လာခြင်း

ဒုတိယ တခေါက်ဆက်၏ နောက်ဆုံးဖြစ်သော သတိုးမဟာရာဇာမင်းမှ အနွယ်တော်မပျက် ဆင်းသက်လာခဲ့သော 'သတိုးအာဒိစ္စရာဇာ' မည်သော သာကီဝင်မင်း တစ်ယောက်သည် အညာ 'မလည်' အရပ်တွင် ပြည်ချော မြို့တော်ဆောက်ပြီး မြောက်သားတော်(ကြင်ရာတော်)နှင့်အတူ ယှက်တွယ်လာခဲ့၏။ ထွက်ခွာလာပြီးနောက် မထင်မရှား ဆင်းရဲစွာ အလုပ်ဖြင့် ဥယျာဉ်တောင်ယာ လုပ်ကိုင် စားသောက် နေထိုင်ခဲ့၏။ ထိုသို့ နေထိုင်စဉ် သားတယောက် ဖွားမြင်၍ 'စောထီး'ဟု မှည့်ထား၏။ ခုနစ်နှစ်သား ရှိလျှင် ထိုအရပ်တွင် ရှိသော ရသေ့တပါးထံ၌ အပ်နှံ၍ ပညာသင်စေ၏။ ထိုရသေ့မှာ ဗေဒင်နှင့်တကွ အင္ဂါရသ (တဆယ့်ရှစ်ရပ်သော) အတတ်မျိုးတို့ကိုတတ်၏။ အထူးအားဖြင့် လေးအတတ်တွင် ပါရဂူကိုလောက်အောင် တတ်မြောက်၏။ ရသေ့က စောထီး၏ မျိုးရိုးရုပ်လက္ခဏာကို ကြည့်ကာ မင်းဖြစ်မည့်သူဟု ပြောပြီး စောထီးဟူသောအမည်မှ မင်းထီးဟူသော အမည်သို့ ပြောင်းပေးလိုက်၏။ လေးအတတ်နှင့်တကွ အင္ဂါရသ(တဆယ့်ရှစ်ရပ်သော) အတတ်တို့ကိုလည်း အပြီးတိုင်တတ်မြောက်အောင် သင်ကြားပေးလိုက်၏။ စောထီး(မင်းထီး) ၁၆နှစ်သားတွင် မိမိနေရပ်မှ ပေါက္ကံပြည် ပုဂါမ သို့ ထွက်လာခဲ့၏။ ထိုအခါ ခမည်းတော်က ရတနာအတိပြီးသော လေးကိုပေးလိုက်၏။ စောထီးကား အရပ်အမောင်း ထွားကျိုင်းသန်မာ၍ ကာယဗလနှင့်လည်း ပြည့်

www.dhammaransi.com



စုံ၏။ အရပ်အမြင့် ငါးတောင်ရှိ၏။ ကိုယ်ကာယ လုံးပတ် သုံးတောင်ရှိ၏။ စောထီးသည် ပေါက္ကံပြည်သို့ ရောက်သော အခါ ပျူလူမျိုး အဘိုးအို လင်းမယားနှစ်ယောက်ထံ တည်းခို နေထိုင်၏။ ပျူအဘိုးအို လင်မယား နှစ်ယောက်လည်း သား သမီးမရှိသဖြင့် စောထီးကို သားအမှတ်ဖြင့် ချစ်ကြည်လေး မြတ်စွာ ကျွေးမွေး ပြုစုထား၏။ စောထီးသည် မကြာမီ ပေါက္ကံ ပြည် တခုလုံး၏ ရန်သူဖြစ်သော ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပျံကြီးတို့ကို မိမိခမည်းတော်ပေးလိုက်သော လေးကြီးဖြင့် ဖြိုခွင်းသတ်ဖြတ်လိုက်လေ၏။ ထိုအကြောင်းကို သမုဒ္ဒရာဇ်မင်း သိလျှင် စောထီး၏ အမျိုးအရိုးကို မေးမြန်းပြီး သမီးတော် 'သီရိစန္ဒာဒေဝီ'နှင့် စုံဖက်၍ အိမ်ရှေ့မင်း ခန့်ထားလိုက်လေ၏။

## ငှက်ကြီး၏ ပမာဏ

စောထီး(မင်းထီး) ပစ်ခွင်းသော ရန်သူကြီး လေးကောင် အနက် ငှက်ကြီးမှာ မည်မျှလောက် ကြီးပါသနည်းဆိုသော် ငှက်တောင်တချောင်းကို မိန်းမခုနစ်ယောက် အနိုင်နိုင်ရွက်ရ၏။ ငှက်တောင်ကိုရွက်ပြီး နန်းတော်သို့ လာခဲ့ရာ လေးလာသဖြင့် မရွက်နိုင်တော့၍ လမ်းရိုး အကြားတွင် ပစ်ထားခဲ့ရ၏။ ထိုအရပ်ကို 'ငှက်တောင်ပစ်'ဟု အစဉ်အဆက် ခေါ်ဝေါ်ကြ ၏။ ငှက်ကြီးကို ပစ်သတ်သော အရပ်ကိုကား 'ငှက်ပစ်တောင်' ဟု ယခုတိုင် ခေါ်ဝေါ်ကြ၏။ အသေကောင်ကို မြေကြီးပေါ်၌ ချထားရာ အငယ်စား တောင်ကဲလေးလောက် ရှိကြောင်း တွေ့ကြရ၏။

www.dhammaransi.com



စောထီး (မင်းထီး)ကား အိမ်ရှေ့မင်း ဖြစ်သောအခါ အသက် ၁၆ နှစ်သာ ရှိသေး၏။ စောထီး အိမ်ရှေ့မင်းဖြစ်ပြီး သုံးနှစ်ကြာသောအခါ သမုဒ္ဒရာဇ်မင်းကြီး နတ်ရွာစံလေ၏။ အိမ်ရှေ့မင်းဖြစ်သူ စောထီး နန်းတက်ရန် အခွင့်ဆိုက်လာ၏။ သို့သော် စောထီးသည် နန်းတက်၍ ရှင်ဘုရင် မလုပ်သေးပဲ ကျေးဇူးရှင်ဖြစ်သူ ဆရာရသေ့ကို ပင့်ခေါ်ကာ လူထွက်ခိုင်းပြီး ထီးနန်းကိုအပ်၍ ရှင်ဘုရင်လုပ်စေ၏။ ဤသည်ကိုထောက်၍ စောထီးကား သူတော်ကောင်း ဖြစ်ကြောင်း သိရ၏။ အကြောင်းကား ကတညုဘ ကတဝေဒီရှိသူ (သူတပါး၏ ကျေးဇူးကို သိတတ်သူ။ သူတပါး၏ ကျေးဇူးကို ပြန်လည် ဆပ်တတ်သူ။)သည် သူတော်ကောင်း မည်ကြောင်း၊ သူတော်ကောင်း ဖြစ်ကြောင်း အင်္ဂုတ္တရနိကာယ် ဒုကနိပါတ ပါဠိ တော်၌ ဗုဒ္ဓမြတ်စွာဘုရား ဟောတော်မူခဲ့သောကြောင့်တည်း။ ပုဂ္ဂိုလ်တဦး တယောက်၏ သန္တာန်၌ အခြား မကောင်းသော တရားများ မည်မျှကိန်းဝပ်နေစေကာမူ ကတညုဘ ကတဝေဒီ ရှိလျှင် ထိုပုဂ္ဂိုလ်မျိုးကို 'သပ္ပုရိသ' (သူတော်ကောင်း) ဟု ခေါ်ဆိုနိုင်ကြောင်း ဖြစ်ပေ၏။ ထိုကဲ့သို့ ကတညုတ ကတဝေဒီ နှင့် ပြည့်စုံသောပုဂ္ဂိုလ်မျိုးကို ရခဲကြောင်း၊ ဒုလ္လဘဖြစ်ကြောင်း အင်္ဂုတ္တရနိကာယ် တိကနိပါတ်ပါဠိတော်၌ ဗုဒ္ဓမြတ်စွာဘုရားက ဒုလ္လဘစာရင်းထဲ၌ ထည့်သွင်း၍ ဟောထားတော်မူခဲ့၏။

မှတ်ချက်။ ။ကတညုတ ကတဝေဒီ ဟူရာ၌ (၁)ကတညုတ တပုဒ်၊ (၂)ကတဝေဒီတပုဒ် နှစ်ပုဒ်ဖြစ်၏။ ပုဒ်နှစ်ပုဒ်ကို ပေါင်းစပ်ပြီး 'ကတညုတ ကတဝေဒီ'ဟု တွဲလျက် သုံးစွဲ

www.dhammaransi.com



နေကြ၏။ ဤတွင် အချို့တို့က ထင်နေကြသည်မှာ စတင်၍ ကျေးဇူးပြုခြင်းကို ကတညုတ၊ ပြန်၍ ကျေးဇူး သိခြင်းကို ကတဝေဒီဟုထင်နေကြ၏။ အမှန်ကား ထိုသို့မဟုတ်ပေ။ ကတညုတ ဆိုသည်မှာလည်း ပြန်၍ ကျေးဇူးသိခြင်းကိုပင် ခေါ်၏။ ကတဝေဒီ ဆိုသည်မှာလည်း ပြန်၍ ကျေးဇူး သိခြင်းကိုပင်ခေါ်၏။ကတညုတနှင့်ကတဝေဒီသည် အတူတူ ပင် ဖြစ်၏။အနည်းငယ် ထူးသည်ကား သူတပါး၏ကျေးဇူး ကို သိရုံသိခြင်းသည် ကတညုတမည်၏။ ထင်ရှားစွာ ပြန်၍ ဆပ်ခြင်းသည် ကတဝေဒီမည်၏။ ဤမျှသာ ထူး၏။ စတင်၍ ကျေးဇူးပြုသော ပုဂ္ဂိုလ်ကို 'ပုဗ္ဗကာရီ' ခေါ်၏။ ကတညုတ ဟူသောစကား၌ မူလပုဒ်ရင်းအစင်မှာ 'ကတညူ' ဖြစ်၏။ တ အက္ခရာ မပါပေ။ သို့ဖြစ်၍ ကတညုတ ကတဝေဒီ ခေါ်ခြင်းထက် ကတညူ ကတဝေဒီဟု ခေါ်လျှင် ပို၍ မှန်ပေ၏။

## ရသေ့ကျောင်းမင်း

ရသေ့လူထွက်ဖြစ်၍ ရသေ့ကျောင်းဟု ခေါ်ခြင်း ဖြစ်၏။ ဂေါစာသက္ကရာဇ် ၇၄ ခုနှစ်တွင် သက်တော် ၈၁ နှစ်ရှိရသေ့ ကြောင် နန်းတက်၏။ နန်းသက် (ရှင်ဘုရင်သက်)နှင့် ၁၅ နှစ် နန်းစံ၍ သက်တော် ၁၀၆နှစ်တွင် နတ်ရွာစံ၏။ ထိုမင်း လက် ထက် သာသနာရေးနှင့် ပတ်သက်၍ တစုံတရာ မတွေ့ရပေ။

www.dhammaransi.com



## ပျူစောထီး သို့မဟုတ် ပျူမင်းထီး

ဂေါစသက္ကရာဇ် ၁၉ ခုနှစ်တွင် သက်တော် ၇၅ နှစ်ရှိ ပျူစောထီး(ပျူမင်းထီး) နန်းတက်၏။ နန်းသက် (ရှင်ဘုရင်သက်)နှင့် ၇၅ နှစ် နန်းစံ၍ သက်တော် ၁၁၀ တွင် နတ်ရွာစံ၏။ ပေါက္က မြည်(ပုဂါမ)သို့ အရောက်တွင် ပျူလူမျိုး အဘိုးအို လင်မယားထံ မှီခိုနေထိုင်၍ ပျူအဘိုးအို လင်မယားက သားအမှတ် ကျွေးမွေးပြုစုထားသည်ကို အကြောင်းပြုပြီး ပျူစောထီး(ပျူမင်းထီး)ဟု ခေါ်ဝေါ်ကြ၏။ ပျူစောထီးလက်ထက်တွင် တိုင်းပြည်၏ နာမည်ကို 'အရိမဒ္ဒနာ'ဟု သမုတ်ခေါ်တွင်စေ၏။ အရိမဒ္ဒနာဟူသော ပါဠိမှာ ရန်သူတို့ကို နှိမ်နင်းခြင်းဟူ၍ အဓိပ္ပာယ်ရ၏။ ငှက်ကြီးစသော ရန်သူကြီးတို့ကို နှိမ်နင်းနိုင်သော တိုင်းပြည်ဟု ဆိုလို၏။ ပျူစောထီးမှာ အမိဘက်၊ အဖဘက် နှစ်ဘက်စလုံး တကောင်းနန်းရိုး သတိုးနွယ်မြစ် သာကီဝင် အစစ်ဖြစ်၏။ သမုဒ္ဒရာဇ်မင်းမှာ သရေခေတ္တရာ သုပညာနဂရဆိန္နမင်း၏ တူဖြစ်၍ 'တေပါး' မင်းမျိုးဖြစ်၏။ ယခုသော် သာကီဝင်အစစ်ဖြစ်သော ပျူစောထီးမှစ၍ သားစဉ်မြေးဆက် ဆင်းသက်တော့မည်ဖြစ်၍ ပုဂံရာဇဝင်တခုလုံး သာကီဝင်မင်းမျိုး ဖြစ်သွားပေတော့အံ့။

## ပျူစောထီး၏ ဘုန်းသမ္ဘာ

ပျူစောထီးမင်းကားလက်ရုံး စက်ဘုန်းနှစ်ဘက်လုံးပြည့်စုံ၍ ဇမ္ဗူဒီပါကျွန်းလုံးရှိ မင်းများက လေးစားကြရ၏။ သမီး

www.dhammaransi.com



ကညာ ရတနာ ဆင်မြင်းများ လာရောက်ဆက်သကြရ၏။ နန်းတက်၍ ရာဇကိုသိက်ခံသောအခါ နတ်သိကြားပြဟ္မာတို့ လာရောက်၍ လက်တော်ကို မကာ နန်းတင်ပေးရကြောင်း၊ အမတ်ကြီး (ဝန်ကြီး) လေးယောက်၊ အမတ်ငယ်ရှစ်ထောင် အမှူးပေါင်း တသောင်းခြောက်ထောင်၊ ခြေသည်သူရဲပေါင်း ကုဋေတရာ၊ မြင်းသည်ပေါင်း သုံးကုဋေ ခြောက်ရာနန်း၊ တိုက်ဆင်ပေါင်း ခြောက်သန်းရှိကြောင်း ရာဇဝင် စာစောင်စောင်တို့၌ တခမ်းတနား ဖော်ပြထားကြ၏။

## ပျူစောထီးမင်းလက်ထက် သာသနာရေး

ပျူစောထီး (ပျူမင်းထီး) မင်းလက်ထက် သာသနာ ရေးနှင့် ပတ်သက်၍ မှန်နန်းမဟာရာဇဝင်တော်ကြီး၌—

"ထိုမင်းကားသဒ္ဓါသီလ ဟိရီဩတ္တပ္ပစသော သူတော်တရား ခုနစ်ပါး၊ မင်းကျင့်တရား ဆယ်ပါးနှင့်လည်း ပြည့်စုံတော်မူ၏။ ဘုရားသခင် သာသနာတော်၌ ကောင်းစွာ ချီးမြှောက်တော် မူ၏။ နောင်လာလတ္တံ့သော မင်းတို့ အစီးအပွား အလှူငှာ ဂဝံပတေ ရသေ့ သိကြားတို့နှင့် တိုင်ပင်တော်မူ၍ 'အတ္တသုခမ္မသတ္တသု' ဂါထာဦးတပ် သော ဓမ္မသတ်ကျမ်းကိုလည်း ပြုတော်မူ၏။ ငှက်ကြီး ဦးခံ့ (အုတ်ခံ့)မြုပ်ရာအရပ်၌လည်း ဥမင်နှင့် ဘုရား တည်တော်မူ၏။ ငှက်ကြီးကို ခွင်းသောအရပ်၌လည်း ဥမင်နှင့်ဘုရား တည်

www.dhammaransi.com



တော်မူ၏။ထိုမှ တပါးလည်း ဘုရားဂူကျောင်း လိုဏ်ခေါင်း
ဥမင် ပြုစုတော်မူသည်ကား များ၏”

ဟူ၍ အထင်အရှား ဖော်ပြထား၏။

မှတ်ချက်။ ။ပျူစောထီး (ပျူမင်းထီး) ပြုသော မွေ့သတ်ကျမ်းကို 'ပျူမင်းထီး မွေ့သတ်ကျမ်း' ဟု ခေါ်၏။ ပိဋကတ်တော်အုပ် မင်းကြီးမဟာသီရိဇေယျသူ ဘွဲ့ခံ ဦးရန်ရေးသော ပိဋကတ်သမိုင်းစာတမ်း၌ ပျူမင်းထီး မွေ့သတ်ကို ပုဂံ ပျူမင်းထီးလက်ထက် ဆရာငါးယောက် ပြုစုကြောင်း၊ 'မနောသာရ မွေ့သတ်အကျယ်' ဟုလည်း ခေါ်ဝေါ်ကြောင်း ဖော်ပြထား၏။

ဤအထက်ပါ မှန်နန်းမဟာ ရာဇဝင်တော်ကြီး၏ ဖော်ပြချက်အရ ပျူမင်းထီးလက်ထက် ဗုဒ္ဓမြတ်စွာသာသနာတည်ထွန်းကြောင်း သိရ၏။ သာသနာနှင့်အတူပင် သာသနဘာသာဖြစ်သော ပါဠိဘာသာလည်း ကပ်လျက် ပါလာ၍ တန်းခိုးရှိန်ဝါ ထွက်ပြူစ ပြုလာကြောင်း တွေ့ရ၏။ အကြောင်းကား အသစ်မှည့်ခေါ်သမုတ်သည့် 'အရိမဒ္ဒနာ' ဟူသော တိုင်းပြည်၏ ဘွဲ့နာမည်ကမ္ပည်းမှာ ပါဠိအစစ် ဖြစ်သောကြောင့်တည်း။ နှိုင်းယှဉ်ချက် ဖော်ပြရလျှင် သရေခေတ္တရာဟူသော အမည်မှာ ပါဠိမှ ဆင်းသက်လာသော ပါဠိပျက်မျှဖြစ်၏။ ပါဠိစစ် မဟုတ်ပေ။ ဤယခု 'အရိမဒ္ဒနာ' ဟူသောအမည်မှာမူ 'တန္တျာဒရောပိဘမာဂ ဂ' ခေါ် ပါဠိဘာသာအစစ်ဖြစ်နေ၏။ 'အရိ' ဆိုသည်ကား ရန်သူ 'မဒ္ဒနာ' ဆိုသည်ကား နှိမ်နင်းခြင်းဟု အနက်ထွက်ရာ နှစ်ခု

www.dhammaransi.com



ဒေါင်းလျှင် ရန်သူကိုနှိမ်နင်းခြင်း နှိမ်နင်းနိုင်သော တိုင်းပြည်ဟု အဓိပ္ပါယ်ရ၏။ ကျွကား အရိမဒ္ဒနာမည်သော ပုဂံပြည်၏ သာသနာဝင်တွင် ပါဠိဘာသာ ထွန်းကားလာမည့် နိမိတ်တခုပင် ဖြစ်ခဲ့ပေ၏။

## ထီးမင်းယဉ်မင်း

ဂေါစာသက္ကရာဇ် ၁၆၄ ခုနှစ်တွင် ပျူစောထီး၊ (ပျူမင်းထီး)မင်း၏ သားတော် သက်တော် ၅၀ ရှိ၊ ထီးမင်းယဉ် နန်းတက်၏။ နန်းသက်(ရှင်ဘုရင်သက်)နှင့် ၅၇ နှစ် နန်းစံ၍ သက်တော် ၁၀၇ နှစ်တွင် နတ်ရွာစံ၏။ ထိုမင်းလက်ထက် သာသနာရေးနှင့် ပတ်သက်၍ တစုံတရာ မတွေ့ရပေ။

## ယဉ်မင်းပိုက်မင်း

ဂေါစာသက္ကရာဇ် ၂၂၁ ခုနှစ်တွင် ထီးမင်းယဉ် မင်း၏ သားတော် သက်တော် ၅၀ ရှိ ယဉ်မင်းပိုက် နန်းတက်၏။ နန်းသက် (ရှင်ဘုရင်သက်)နှင့် ၂၅ နှစ် နန်းစံ၍ သက်တော် ၇၅ နှစ်တွင် နတ်ရွာစံ၏၊ ထိုမင်းလက်ထက်လည်း သာသနာရေးနှင့် ပတ်သက်၍ ဘာမျှ မတွေ့ရပေ။

www.dhammaransi.com



## သီဟိုဠ်ကျွန်းသို့ လက်ဝဲအောက်ခေတ်စွယ်တော်မြတ် ရောက်လာပုံ

ယဉ်မင်းပိုက်မင်း နန်းတက်၍ နန်းသက် (ရှင်ဘုရင်သက်) လေးနှစ်ရှိသောအခါ သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓမြတ်စွာဘုရား၏ လက်ဝဲ အောက်စွယ်တော်မြတ် ရောက်လာ၏။ ထိုအချိန်တွင် သီဟိုဠ်ကျွန်း၌ ကိတ္တိသီရိမေဃဝဏ္ဏမင်း နန်းတက်၍ နန်းသက် (ရှင်ဘုရင်သက်)ကိုးနှစ်မြောက် ရှိလေပြီ။ အရိမဒ္ဒနာ ပုဂံပြည်မှ ယဉ်မင်းပိုက်မင်းနှင့် သီဟိုဠ်ကျွန်းမှ ကိတ္တိသီရိမေဃဝဏ္ဏမင်း နန်းပြိုင်၏။

စွယ်တော်မြတ်ရောက်ပုံကား ကလိင်္ဂတိုင်း ဒန္တပုရပြည်မှ ဂုဟသီဝမင်း၏ သမီးတော် ဟေမမာလာနှင့် မြောက်သားတော် (ကြင်ယာတော်)ဒန္တကုမာရ မင်းသားတို့သည် ဒန္တပုရပြည့်ရှင် ဂုဟသီဝမင်း စစ်တိုက်ရာ၌ နတ်ရွာစံသဖြင့် ပြာဟ္မဏ (ပုဏ္ဏား) ယောင်ဆောင်ကာ သီဟိုဠ်ကျွန်းသို့ ထွက်ပြေး လာခဲ့ကြ၏။ ထိုသို့ ထွက်ပြေး လာရာတွင် ဒန္တပုရပြည်၌ မင်းစဉ်မင်းဆက် ကိုးကွယ်လာခဲ့သော ဗုဒ္ဓမြတ်စွာဘုရား၏ လက်ဝဲ အောက်စွယ် တော်မြတ်ကို ပင့်ဆောင်လာခဲ့ကြ၏။ ထိုအခါ သီဟိုဠ်ဘုရင် ကိတ္တိသီရိမေဃဝဏ္ဏမင်းလည်း စွယ်တော်စစ် မစစ် ယုံမှား သံသယ ကုက္ကုစ္စ ဖြစ်နေသဖြင့် နည်းအမျိုးမျိုးနှင့်စမ်းသပ်ကြည့် ရှုလေ၏။ စွယ်တော်မြတ်သည် သုံးကြိမ်တိုင်တိုင် အံ့သြဖွယ်ရာ တန်ခိုးပြဋ္ဌိဟာ ပြသတော်မူလေ၏။ ထိုအခါမှ စွယ်တော်အစစ်

www.dhammaransi.com



ဖြစ်ကြောင်း ယုံကြည်၍ ကိုးသိန်းသော အသပြာနှင့်တကွ သီဟိုဠ် တကျွန်းလုံးကို စွယ်တော်မြတ်အား လှူဒါန်းပူဇော်သေ၏။

ဤသို့အားဖြင့် ကိတ္တိသီရိမေဃဝဏ္ဏမင်း လက်ထက်မှစ၍ သီဟိုဠ်မင်း အဆက်ဆက် အသက်အပ်ကာ အမြတ်တနိုးကိုးကွယ် လာခဲ့ကြ၏။

ဤ စွယ်တော်မြတ်ကား အခြားမဟုတ်၊ ယခု သီဟိုဠ်ကျွန်း ကန္ဒီမြို့၌ ထင်ရှားရှိနေသော စွယ်တော်မြတ်ပင် ဖြစ်၏။

## စွယ်တော် ရောက်သောနှစ် သက္ကရာဇ် ဝိဝါဒ

မှန်နန်း မဟာရာဇဝင်တော်ကြီးတွင် သာသနာ သက္ကရာဇ် ၈၄၇ ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့ လက်ဝဲ အောက်စွယ်တော် မြတ်ရောက်ကြောင်း ဖော်ပြထား၏။ မော်လမြိုင်တောင်ပေါက် ဆရာတော် အရှင်စက္ကပါလမထေရ်ကြီး၏ ဗုဒ္ဓသာသနိကာပထဝီ ကျမ်းကြီး၌ သာသနာသက္ကရာဇ် ၈၅၅ ခုနှစ် ရောက်လာကြောင်း ဖော်ပြထား၏။ ထိုသို့ကွဲလွဲချက် ဝိဝါဒဖြစ်ရပုံမှာ သီဟိုဠ်ဘုရင် ကိတ္တိသီရိမေဃဝဏ္ဏမင်း နန်းတက် သက္ကရာဇ်ကို မှတ်သားရာ၌ ကွဲလွဲသည့်အတွက် ဖြစ်ပေ၏။

မှန်နန်းမဟာရာဇဝင်တော်က (၁) ဒီပဝံသကျမ်း၊ (၂) စူဠဝံသကျမ်း၊ (၃) ဒါဌာဓာတုဝံသကျမ်း၊ (၄) သာဝဇနာနန္ဒ ဝိဂေါသနိဒ္ဒိကာခေါ် ဒါဌာဓာတုဝံသဋီကာကျမ်း၊(၅)နလာဋဓာတုဝံသကျမ်း။ (ဤကျမ်း များကား သီဟိုဠ်ကျွန်းဖြစ် ပါဠိ

www.dhammaransi.com



ဘာသာနှင့်ရှိသော ကျမ်းများဖြစ်၏။) (၆) ကလျာဏီကျောက်စာတို့ကို ကိုးကားပြီး ကိတ္တိသီရိမေဃဝဏ္ဏမင်းသည် သာသနာသက္ကရာဇ် ၇၃၇ ခုနှစ်တွင် နန်းတက်ကြောင်း၊ နန်းသက် (ရှင်ဘုရင်သက်) ကိုးနှစ်ရှိသောအခါ သာသနာသက္ကရာဇ် ၇၄၇ ခုနှစ်တွင် စွယ်တော် ရောက်လာကြောင်း ဖော်ပြခြင်း ဖြစ်၏။

ဗုဒ္ဓသာသနိက ပထဝိဝင်ကျမ်းက သီဟိုဠ်မှ ရဟန်းပညာရှိများနှင့် လူပညာရှိများ သုတ်သင်တည်းဖြတ်ပုံနှိပ်ထားသော သီဟိုဠ်ဘာသာ မဟာဝံသကျမ်းကို ကိုးကားပြီး ကိတ္တိသီရိမေဃဝဏ္ဏမင်းသည် သာသနာသက္ကရာဇ် ၇၄၆ ခုနှစ်တွင် နန်းတက်ကြောင်း၊ နန်းသက် (ရှင်ဘုရင်သက်) ကိုးနှစ် ရှိသောအခါ သာသနာသက္ကရာဇ် ၇၅၅ ခုနှစ်တွင် စွယ်တော်မြတ် ရောက်လာကြောင်း ဖော်ပြခြင်း ဖြစ်၏။

## ပိုက်သေဉ်လည်မင်း

ဂေါစာသက္ကရာဇ် ၂၄၆ ခုနှစ်တွင် ယဉ်မင်းပိုက်မင်း၏ သားတော် သက်တော် ၄၁ နှစ်ရှိ၊ ပိုက်သေဉ်လည် နန်းတက်၏။ နန်းသက်(ရှင်ဘုရင်သက်)နှင့် နှစ်ပေါင်း ၂၀ နန်းစံ၍သက်တော် ၆၁ နှစ်တွင် နတ်ရွာစံ၏။ ထိုမင်းလက်ထက်လည်း သာသနာရေးနှင့် ပတ်သက်၍ ဘာမျှ မတွေ့ရပေ။

မှတ်ချက်။ ။ပိုက်သေဉ်လည်၌ သေဉ်ကို 'သင်'ဟု အသံထွက်၍ ဖတ်ရ၏။ မြန်မာစာစစ်စစ်နှင့် ရေးသော် 'သေဉ်'ဟု မရေး

www.dhammaransi.com



ရပေ။ 'သေည်'ဟု ရေးရ၏။ ဖတ်သောအခါ င သတ်သံနှင့် 'သင်'ဟု ပင် ဖတ်ရ၏။ မြန်မာစာတွင် 'ည'သတ်၌ဖွင့်ရွတ်၊ ပိတ်ရွတ်ဟု နှစ်မျိုးရှိ၏။ အထက်ပါ ရေးနည်းမှာ ပိတ်ရွတ် ဖြစ်၏။ ပိတ်ရွတ်သံမှာ င သတ်နှင့်ဆင်၏။ ဆင်ရုံသာဆင်၏။ တကယ်တမ်းကား မတူပေ။ အင်္ဂလိပ်စာ 'Im'ကို ဖတ်သကဲ့သို့ ပါးစပ်ကို ပိတ်၍ ဖတ်ရ၏။ ပုဂံခေတ်တွင် 'ဥ'မီးတို ဟူ၍ မရှိ၊ ပိတ်ရွတ် 'ည' ကြီးသတ်သာ ရှိ၏။ ပုဂံရွှေစည်းခုံ ဘုရားတွင် အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်း နတ်များ ရှိရာ အတွင်း ၃၇ မင်းတို့တွင် 'ငညို့သေည်' နတ်၊ 'ငဆွဲ့ သေည်' နတ်ဟု နတ်နှစ်ယောက် အမည်ကို ပိတ်ရွတ် ညသတ်နှင့် ရေးသား၏။ ရွှေစည်းခုံဘုရားတွင် အဘထက် သားတလကြီး နတ်ရုပ်၏ အုတ်ဂူနံရံ၌ မင်စာဖြင့် ရေးထား ခြင်း ဖြစ်၏။ 'ဥ'မီးတိုမှာ အင်းဝခေတ် အစလောက်တွင်မှ ပေါ်လာပုံရ၏။ အကြောင်းကား ကုန်းဘောင်ဆင်ဖြူရှင် ခေါ် မြေဒူးမင်းလက်ထက် ဒုတိယကျော်အောင် စံထား ဆရာတော်စီရင်သော ဝေါဟာရတ္ထ ပကာသနီကျမ်း၌ 'ဥ' မီးတို သို့မဟုတ 'ဥ' တခြမ်းပွဲ့နှင့် ရေးသော ရှေးစာများ ရှိသည် ဟု ဖော်ပြထားသောကြောင့်တည်း။ ဤကား နော်ရထာကျော်ထင်ဘွဲ့ရ ပုဂံဦးတင်၏ မှတ်စုမှ ကူးယူ ဖော်ပြချက်တည်း။

## သေဥ်လည်ကြောင်မင်း

ဂေါစာသက္ကရာဇ် ၂၆၆ ခုနှစ်တွင် ပိုက်သေဥ်လည်မင်း၏ သားတော် သက်တော် ၅၃ နှစ်ရှိ သေဥ်လည်ကြောင် နန်း

www.dhammaransi.com



တက်၏။ နန်းသက်(ရှင်ဘုရင်သက်)နှင့် ၄၃ နှစ် နန်းစံ၍ သက်တော် ၉၆ နှစ်တွင် နတ်ရွာစံ၏။ ထိုမင်းလက်ထက်လည်း သာသနာရေးနှင့် ပတ်သက်၍ ဘာမျှ မတွေ့ရ။

## မဟာဂိရိနတ်မောင်နှမ ရောက်လာခြင်း

ထိုမင်းလက်ထက် တကောင်းပြည်မှ အမြစ်ပါတူး၍ ဧရာဝတီမြစ်တွင် မျောလိုက်သော စကားပင်ကြီး ပုဂံပြည်သို့ ရောက်လာ၏။ ထိုစကားပင်တွင် တကောင်းမှ ပန်းပဲ တင့်တယ်နတ်မောင်နှမ နှစ်ယောက် ပါလာသည်ဆိုပြီး နတ်မောင်နှမရုပ်နှစ်ခုထုကာ ပုပ္ပါးတောင်တွင် ထားလေ၏။ ရှင်ဘုရင်နှင့်တကွ တိုင်းသူ ပြည်သားများ တနှစ်တကြိမ် သွားရောက် ပူဇော်ကြ၏။ ဤသည်ကိုထောက်၍ ဤအချိန်တွင် သာသနာစက်အားနည်းနေကြောင်း၊ သို့မဟုတ် မရှိသလောက် ဖြစ်နေကြောင်း မှန်းဆနိုင်ပေ၏။ အကြောင်းမူကား နတ်ကိုအမြတ်တနိုး ကိုးကွယ်မှု ပိုနေကြသောကြောင့်တည်း။

## သီရိပစ္စယာမြို့တော်

ထိုမင်းလက်ထက် သမုဒ္ဒရာဇ်မင်း စတင်တည်ထောင်ခဲ့သော ယုန်လွှတ်ကျွန်းမှ မြို့ရွာများကို ဖျက်၍ 'လောကနန္ဒာ' အရပ်၌ မြို့သစ်တည်လေ၏။ မြို့သစ်ကို 'သီရိပစ္စယာ'ဟု ဘွဲ့နာမံ ကမ္ပည်းတပ်၏။

www.dhammaransi.com



## ကြောင်ဒူရစ်မင်း

ဂေါစာသက္ကရာဇ် ၃၀၉ ခုနှစ်တွင် သေဉ်လည်ကြောင်မင်း၏ သားတော် သက်တော် ၅၅ နှစ်ရှိ ကြောင်ဒူရစ် နန်းတက်၏။ နန်းသက် (ရှင်ဘုရင်သက်)နှင့် ၂၅ နှစ် နန်းစံ၍ သက်တော် ၈၀ တွင် နတ်ရွာစံ၏။ ထိုခုံင်းလက်ထက်လည်း သာသနာရေးနှင့် ပတ်သက်၍ ဘာမျှ မတွေ့ရပေ။

## အရှင်မဟာ ဗုဒ္ဓဃောသ ပိဋကတ်တော်ကို ကူးယူဆောင်ယူရန် သီဟိုဠ်ကျွန်းသို့ သွားရောက်ခြင်း

ကြောင်ဒူရစ်မင်း နန်းတက်၍ နန်းသက် (ရှင်ဘုရင်သက်) ၁၅ နှစ်ရှိသောအခါ ဇမ္ဗူဒီပါကျွန်းမှ အရှင်မဟာဗုဒ္ဓ ဃောသ သည် ဗုဒ္ဓမြတ်စွာဘုရား၏ စကားတော်ဖြစ်သော ပိဋကတ်တော် များကို ကူးယူဆောင်ကျဉ်းရန် သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၏။ ထိုအချိန်မှာ သီဟိုဠ်ကျွန်းတွင် မဟာနာမမင်း နန်းတက်စနှစ် ဖြစ်၏။ သာသနာ သက္ကရာဇ်အားဖြင့် ၉၄၆ ခုနှစ်ဖြစ်၏။ အရိမဒ္ဒနာ ပုဂံပြည်မှ ကြောင်ဒူရစ်မင်းနှင့် သီဟိုဠ်မဟာနာမမင်း နန်းပြိုင်၏။

## အရှင်မဟာဗုဒ္ဓဃောသအကြောင်း

အရှင် မဟာဗုဒ္ဓဃောသ၏ အကြောင်းမှာ အချုပ်အားဖြင့် ဗုဒ္ဓဃော သုပ္ပတ္တိကျမ်းတွင် လာရှိချက်နှင့် စူဠဝံသကျမ်းတွင်

www.dhammaransi.com



လာရှိချက်ဟု နှင်မျိုးရှိ၏။ ဗုဒ္ဓဃောသုပ္ပတ္တိတွင် မဇ္ဈိမဒေသ ဘုရားပွင့်ရာ မဟာဗောဓိပင်အနီး ဃောသရွာသား ဗြာဟ္မဏ (ပုဏ္ဏား)ဟု ပါရှိ၏။စူဠဝံသကျမ်းတွင် မဇ္ဈိမဒေသ ဘုရားပွင့်ရာ မဟာဗောဓိပင်အနီး တခုသော ဗြာဟ္မဏ (ပုဏ္ဏား) ရွာသား ဗြာဟ္မဏ(ပုဏ္ဏား)ဟုပါရှိ၏။ဆက်လက်ဖော်ပြသောအကြောင်း အရာများတွင်လည်း အနည်းငယ်စီ အနည်းငယ်စီ ကွဲလွဲချက် များ ရှိခဲ့၏။ မော်လမြိုင် တောင်ပေါက် ဆရာတော် အရှင် စက္ကပါလ မထေရ်ကြီး၏ ဗုဒ္ဓသာသနိက ပထမ၀င်ကျမ်းကြီး တွင်မူ အိန္ဒိယတောင်ပိုင်း ဒက္ခိဏပထမှ အန္ဓက တိုင်းသား အန္ဓက ဗြာဟ္မဏ(အန္ဓကပုဏ္ဏား)မျိုး ဖြစ်သည်ဟု ဆို၏။ အရှင် မဟာဗုဒ္ဓဃောသမှာ ကမ္ဘာကျော် ကျမ်းပြု ဆရာကြီး တဦး ဖြစ်၍ ကမ္ဘာအရပ်ရပ်၊ နိုင်ငံအရပ်ရပ်မှ မိမိတို့တိုင်းသား မိမိတို့ နိုင်ငံသား၊ မိမိတို့ အမျိုးသား ဖြစ်ကြောင်း လိုရာကိုဆွဲ၍ အမျိုးမျိုး ရေးသားထားကြကုန်၏။ ပုံစံဥပမာအားဖြင့် ပြရ လျှင် ဘင်္ဂါလီများက အရှင်မဟာဗုဒ္ဓဃောသသည် ၎င်းတို့၏ အနွယ်ဖြစ်ကြောင်း၊ ဃောသ သို့မဟုတ် ဃိုသ၊ ဃိုသျှအနွယ်မှာ ယခုအထိ ထင်ရှားရှိကြောင်း၊ သို့ဖြစ်၍ ယခုထက်တိုင် 'ရဝိန္ဒြရာ နာထ ဃိုသ'စသည်ဖြင့် ထင်ရှားသော၊ ၎င်း၏အနွယ်ဖြစ်သော ပုဂ္ဂိုလ်များ ရှိသေးကြောင်း ရေးသားထားကြ၏။ အမရပူရ ပထမမြို့တည် ဘိုးတော်ဘုရားလက်ထက် မဲထီး ဆရာတော် ရေးသော ၀ံသဒီပနီကျမ်း၌ မြန်မာနိုင်ငံ သု၀ဏ္ဏဘူမိ သထုံ ပြည်မှ ဖြစ်ကြောင်း ဖော်ပြထား၏။ ယိုဒယားပြည်ကလည်း အရှင်မဟာဗုဒ္ဓဃောသကို ယိုးဒယားပြည်သား ဖြစ်ကြောင်း၊ သီဟိုဠ်ကျွန်းမှ အချို့ သီဟိုဠ်ပညာရှင်တို့ကလည်း သီဟိုဠ်

www.dhammaransi.com



ကျွန်းသားဖြစ်ကြောင်း ပြောဆိုရေးသားကြ၏။ ဤသို့ဖြစ်ရခြင်းမှာ ကာယကံရှင်ဖြစ်သူ အရှင်မဟာဗုဒ္ဓဃောသ ကိုယ်တိုင် အသေအချာ အတိအကျ ရေးသားသော အတ္ထုပ္ပတ္တိ မရှိခြင်းကြောင့် ဖြစ်ရ၏။ အရှင်မဟာဗုဒ္ဓဃောသရေးသော အဋ္ဌကထာကျမ်းများ၏ နိဂုံးများတွင် ပါရှိသည့် အချက်များ အရမည်သည့်ဒေသ၊ မည်သည့်အရပ်၌၊ မည်သို့သော မထေရ်များနှင့် အတူတကွနေခဲ့ဖူးပုံ စသည့် အချက်ကလေးများသာ သိရှိရ၏။

သို့သော် မည်သို့ပင်ဖြစ်စေ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို သီဟိုဠ်ဘာသာမှ မာဂဓဘာသာသို့ ကူးယူပြီး ယခုလက်ရှိ အဋ္ဌကထာသစ်များကို ရေးသားစီရင်သွားကြောင်းမူ မည်သူကမျှ သံသယမရှိ၊ ဝိဝါဒမရှိ အားလုံးသဘောတူ ဝန်ခံနိုင်ကြပေ၏။

အရှင်မဟာဗုဒ္ဓဃောသ သည်ဗြာဟ္မဏ(ပုဏ္ဏား)တို့၏အတတ်ဖြစ်သော ဗေဒင်သုံးပုံကို ရဟန်းမပြုမီ ငယ်ရွယ်စဉ်ကပင် ပါရဂူမြောက်အောင် တဘက်ကမ်းခပ် တတ်မြောက်တော်မူခဲ့၏။ ရဟန်းအဖြစ်သို့ ရောက်သောအခါ ဆရာဖြစ်သူ အရှင်ရေဝတထံ၌ ပိဋကတ်သုံးပုံ အလုံးစုံကို အကုန်သင်ယူ တတ်မြောက်ခဲ့၏။ ဆရာဖြစ်သူ အရှင်ရေဝတ၏ စေခိုင်းတိုက်တွန်းချက် အရ သီဟိုဠ်ကျွန်းသို့ သွား၍ အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်ကြီးသို့ ဝင်ပြီးလျှင် သံဃပါလမထေရ်ကြီးထံ၌ သီဟိုဠ် အဋ္ဌကထာနှင့်တကွ ထေရဝါဒ အလုံးစုံကို နာယူ၏။ ထိုသို့နာယူပြီးမှ ပိဋကတ်တော်များကို ကူးယူ၍ အဋ္ဌကထာသစ်

www.dhammaransi.com



ပြုရန် အခွင့်တောင်း၏။ ထိုအခါ သံဃပါလ မထေရ်ကြီး အမှူးရှိသော သံဃာများက သံယုတ္တနိကာယ် သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ဒေဝတာသံယုတ်၌ပါရှိသော—

သီလေ ပတိဋ္ဌာယ နရော၊ သပညော စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ။ ။

ဟူသော ဂါထာကိုပေး၍ ဤဂါထာ၌ သင်၏အစွမ်းကို ပြပါလော့။ သင်၏အစွမ်းကိုမြင်ရလျှင် အလုံးစုံသော ပိဋကတ်တော်တို့ကို ပေးပါအံ့ဟု မိန့်ဆိုကြကုန်၏။ ထိုအခါ အရှင်မဟာဗုဒ္ဓဃောသသည် အထက်ပါဂါထာ တခုတည်းကို မူတည်၍ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကို မွှေနှောက် ချောက်ချားကာ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကျမ်းကြီးကို ပြုစီရင်လျက် အစွမ်းပြလိုက်၏။ သံဃပါလမထေရ်ကြီးနှင့်တကွ သံဃာတော်များက ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာကျမ်းကြီးကို ကြည့်ရှုပြီး ကျေနပ်နှစ်သက်ကာ ချီးမွမ်းထောပနာ၍ သီဟိုဠ်ဘာသာနှင့်ရှိသောအဋ္ဌကထာများနှင့်တကွ ပိဋကတ်တော်များကို ပေးတော်မူလိုက်လေ၏။ အရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်ဘာသာနှင့် ရှိသော အဋ္ဌကထာများကို တန္တြာရောပိတ မာဂဓဘာသာဖြင့် ပြန်ဆို၍ လိုသည်ထက်ပိုကာ စကားအထပ်ထပ်ဆိုသည်များကို အကျဉ်းချုံးပြီး သွတ်သွင်းသင့်သည့် ထေရဝါဒများ သွတ်သွင်းကာ ယခုလက်ရှိ အဋ္ဌကထာသစ်များကို ရေးသား စီရင်တော်မူလေ၏။

www.dhammaransi.com



## အဋ္ဌကထာဆိုတာ ဘာလဲ

အဋ္ဌကထာဆိုသည်ကား မြတ်စွာဘုရား ဟောတော်မူသော ပါဠိတော်၏ အနက်အဓိပ္ပာယ်ကို တကျယ်တဝင့် နားလည်အောင် ဖွင့်ဆိုချက်ပင်ဖြစ်၏။ ထိုအဋ္ဌကထာကို မည်သည့်ပုဂ္ဂိုလ်က စတင် ဟောကြားပြုစုသနည်းဟု မေးရန်ရှိ၏။ အဖြေကား ထိုအဋ္ဌကထာကို ဟောကြား ပြုစုသူမှာ အခြားမဟုတ်။ ဗုဒ္ဓမြတ်စွာဘုရားပင်ဖြစ်၏။ ထိုစကား ထင်ရှားစေဦးအံ့။ မြတ်စွာဘုရားသည် ဆွမ်းကျွေးသော ဒါယကာအိမ်၌ ဆွမ်းစားပြီး ဆွမ်းအနုမောဒနာ တရားဟောရာတွင်ပင် ဒီဃနိကာယ်နှင့် မဇ္ဈိမနိကာယ် ပမာဏလောက်ရှိအောင် ဟော်ကြားတော်မူ၏။ ထိုသို့ဟောကြားသော အချက်များကို ပကိဏ္ဏကဒေသနာ ခေါ်၏။ ပကိဏ္ဏက ဒေသနာဟူသည်ကား အဋ္ဌကထာပင် ဖြစ်၏။ အဋ္ဌကထာနှင့် ပကိဏ္ဏက ဒေသနာသည် အတူတူပင် ဖြစ်၏။ ထိုပကိဏ္ဏက ဒေသနာခေါ်သော အဋ္ဌကထာကို မူလအဋ္ဌကထာဟူ၍လည်း ခေါ်၏။ ပုံစံအားဖြင့် ပြရလျှင် တကြိမ်က ကပိလဝတ္ထုပြည် သာကီဝင်မင်းတို့က ဆောက်လုပ်ထားသော 'သန္ဓာဂါရ'ခေါ် မင်းကွန်းဇရပ်ကြီးပြီးခါစ ဇရပ်ဖွင့် အခမ်းအနားပြုရာတွင် မြတ်စွာဘုရား ဟောတော်မူပုံဖြစ်၏။ မြတ်စွာဘုရားသည် ထိုမင်းကွန်းဇရပ်ဖွင့် အခမ်းအနား၌ တညလုံးလုံးလိုလို (ညဉ့်၏ သုံးပုံနှစ်ပုံ)အာဝါသဒါန(ဇရပ်အလှူ၏အကျိုး) ကို ဟောတော်မူ၏။ သို့သော် အရှင်မဟာကဿပတို့ ပထမသင်္ဂါယနာတင်သောအခါ အာဝါသဒါန၏ အကျိုးကို 'သီတံ

www.dhammaransi.com



ဥဏှာပဋိဟတ္ထိ၊ တဏှာဝါဋ္ဌမိဂါနိစ်စသော ငါးဂါထာကိုသာ သင်္ဂါယနာ တင်နိုင်ကြ၏။ တင်ထားကြ၏။ မြတ်စွာဘုရား တည်လုံး ဟောကြားချက်များ သင်္ဂါယနာ မတင်နိုင်ကြ၊ တင် မထားခဲ့ကြပေ။ ထိုတည်လုံး ဟောချက်များသည် ပကိဏ္ဏက ဒေသနာ (အဋ္ဌကထာ)ပင် ဖြစ်၏။ သင်္ဂါယနာတင်ရာ၌ လိုရင်း ကို အတိုချုပ်နိုင်သမျှ ချုပ်ထားသော ပုဒ်များသာ တင်ထား ခြင်းဖြစ်၏။ အထက်ပါ အဋ္ဌကထာခေါ် ပကိဏ္ဏက ဒေသနာ များကို အရှင်အာနန္ဒာနှင့်တကွ ထိုတရားပွဲတွင်ပါသော ဆဋ္ဌာ ဘိည ပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီးများက နှုတ်ငုံ အာဂုံဆောင် ပြီး မိမိတို့၏ တပည့်အစဉ်အဆက်များကို သင်ကြားပို့ချ ဟော ပြောပြသလာခဲ့ကြ၏။ ထိုသို့ နှုတ်ငုံဆောင်ကာ သင်ကြားပို့ချ လာခဲ့ခြင်းမှာ သီဟိုဠ်ကျွန်း သာသနာသို့ အထိဖြစ်၏။ သီ ဟိုဠ်ကျွန်း ရောက်သောအခါတွင် ဆောင်လာသမျှ မှတ်မိသမျှ ပကိဏ္ဏက ဒေသနာခေါ် အဋ္ဌကထာများကို ပေထက်အက္ခရာ တင်ထားကြ၏။ ထို့နောက် သီဟိုဠ်ကျွန်းသား မထေရ်ကြီးများ ကိုယ်တိုင် အထက်ပါ ပကိဏ္ဏက ဒေသနာကိုမှီ၍ ပကိဏ္ဏက ဒေသနာ၌ ပါရှိချက် အသိခက်သော အနက်အဓိပ္ပာယ်တို့ကို ထင်မိုးဖွင့်ဆိုသော အဋ္ဌကထာကျမ်းများကို ပြုစီရင်ကြပြန်၏။

ထိုအဋ္ဌကထာများမှာ—

(၁) မဟာအဋ္ဌကထာ။

(၂) ကုရုန္ဒီ အဋ္ဌကထာ။

(၃) မဟာပစ္စရိ အဋ္ဌကထာ။

www.dhammaransi.com



(၄) စူဠပစ္စရီ အဋ္ဌကထာ။

(၅) သင်္ခေပ အဋ္ဌကထာ။

(၆) အန္ဓက အဋ္ဌကထာတို့ ဖြစ်ပေ၏။

အရှင်မဟာဗုဒ္ဓဃောသသည်အဋ္ဌကထာသစ်များကိုရေးရာ၌ မိမိဉာဏ်စွမ်းသက်သက် အတ္တနောမတိနှင့် ရေးသည်မဟုတ်။ အထက်ဖော်ပြပါ ပကိဏ္ဏက ဒေသနာခေါ် မူလအဋ္ဌကထာ လည်းခေါ်သော မြတ်စွာဘုရား၏ ဟောကြားချက်များမှ အနှစ်သာရများကိုယူ၍ သီဟိုဠ်ကျွန်းဖြစ် မဟာအဋ္ဌကထာကြီး ကို ကိုယ်ထည်ပြုကာ (အခြေလုပ်ကာ) ရေးသားစီရင်ခြင်း ဖြစ်ကြောင်း မိမိရေးစီရင်သောထိုထိုအဋ္ဌကထာများ၏ နိဒါန်း နိဂုံးတို့၌ အထင်အရှား ဖော်ပြထား၏။ ဖော်ပြထားပုံကား—

ဝိနည်းပိဋကတ်၏အဖွင့် သမန္တပါသာဒိကခေါ် ပါရာဇိက ကဏ္ဍ အဋ္ဌကထာ ပဏာမ၌—

'တဿာ မဟာအဋ္ဌကထံ သရီရံ ကတွာ မဟာပစ္စရိယံ တထေဝ' စသည်ဖြင့်လည်းကောင်း။

သုမင်္ဂလ ဝိလာသိနီခေါ် ဒီဃနိကာယ် အဋ္ဌကထာနှင့် ပပဉ္စသူဒနီခေါ် မဇ္ဈိမနိကာယ် အဋ္ဌကထာတို့၏ နိဂုံး၌—

'သာဟိ မဟာအဋ္ဌကထာယ၊ သာရမာဒါယ နိဋ္ဌိတာ' ဟူ၍ လည်းကောင်း။

'မူလဋ္ဌကထာသာရံ အာဒါယ၊ မယာ ဣမံ ကရောန္တေန' ဟူ၍ လည်းကောင်း။

သာရတ္ထပ္ပကာသနီခေါ် သံယုတ္တနိကာယ် အဋ္ဌကထာ၏ နိဂုံး၌—

www.dhammaransi.com



'သာဟိ မဟာအဋ္ဌကထာယ၊ သာရမာဒါယ နိဋ္ဌိတာ သော'
ဟူ၍လည်းကောင်း။
'မူလဋ္ဌကထာယ သာရ မာဒါယ မယာ ဣမံ ကရောန္တေန'
ဟူ၍လည်းကောင်း၊
မနောရထ ပူရဏီခေါ် အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ၏ နိဂုံး၌—

'သာဟိ မဟာအဋ္ဌကထာယ သာရမာဒါယ နိဋ္ဌိတာ သော'
ဟူ၍လည်းကောင်း။
'မူလဋ္ဌကထာသာရံ အာဒါယ မယာ ဣမံ ကရောန္တေန
ဟူ၍လည်းကောင်း အသီးသီး ဖော်ပြထားပေ၏။

အရှင်မဟာဗုဒ္ဓဃောသသည် ပိဋကတ်တော်များကို ကူးယူကာ အဋ္ဌကထာသစ်များကို စီရင်ပြီးနောက်၊ နောင်သော အခါ သာသနာ တည်ထွန်းမည့် ဇမ္ဗူဒီပါကျွန်း သုဝဏ္ဏဘူမိ တိုင်း သုဓမ္မဝတီ၊ သုဓမ္မပုရနှစ်မည်ရသော သထုံပြည်သို့ ပိဋက ကတ်တော်များနှင့်တကွ ကြွလာခဲ့လေ၏။ ထိုအခါ ရာမညတိုင်း အလုံး အုတ်အုတ်ကျက်ကျက် တပြိုင်နက် ကြွေးကျော်ကာ မင်း မိဖုရား၊ ပြည်သား ပြည်သူ ရှင် လူအပေါင်းတို့ အထူးထူး သော သဘင်ပွဲလမ်း ပူဇော်လှူဒါန်းခြင်းတို့ဖြင့် ပိဋကတ်တော် များကို ကြိုယူပူဇော်ကြကုန်၏။ ထိုအချိန်တွင် သုဝဏ္ဏဘူမိ တိုင်း သုဓမ္မပုရ၊ သုဓမ္မဝတီ နှစ်မည်ရသော သထုံပြည်၌ ဓမ္မပါလမင်း နန်းစံခိုက်ဖြစ်၏။

ဤကား အရှင်မဟာဗုဒ္ဓဃောသ၏ အကြောင်း အကျဉ်း ချုပ် အတ္ထုပ္ပတ္တိတည်း။

www.dhammaransi.com



## သာသနာရေးအတွက် အားနည်းချက်

ဂေါစာ သက္ကရာဇ် ၃၃၄ ခုနှစ်တွင် ကြောင်ဒူရစ်မင်း နတ်ရှာစံပြီးနောက် ကြောင်ဒူရစ် မင်းသားတော် သည်းထန်မင်း နန်းတက်၏။ သည်းထန်မင်းမှစ၍ ထွန်ချစ်မင်း အထိ မင်းပေါင်း ဆယ့်နှစ်ယောက်၊ နှစ်ပေါင်း ၂၀၁ နှစ် အတွင်း သာသနာရေးနှင့်စပ်၍ တစုံတရာ ဘာမျှ မတွေ့ရပေ။ ထိုမင်း ဆယ့်နှစ်ယောက်အနက် ဂေါစာသက္ကရာဇ် ၄၃၈ ခုနှစ်တွင် နန်းတက်သော သိုက်တိုင်မင်း လက်ထက်တွင် သေဉ်လည် ကြောင်မင်း တည်ခဲ့သော သီရိပစ္စယာမြို့ကို ပယ်စွန့်၍ သမထီး အရပ်၌ မြို့သစ်တည်လေ၏။ မြို့သစ်ကို 'တမ္ပဝတီ' ဟု ဘွဲ့နာမံ ကမ္ပည်းတပ်၏။ ဤသိုက်တိုင်မင်း လက်ထက်မှစ၍ သာသနာတော် တရွေ့ရွေ့ အားနည်းလာရာ ဖော်ပြလတ္တံ့သောသက္ကရာဇ် အသစ် ၂၉၃ ခုနှစ်တွင် နန်းတက်သည့် တောင်သူကြီးမင်းလက်ထက်အထိ နှစ်ပေါင်း လေးရာကျော်မျှ ဖြစ်၏။ တောင်သူကြီးမင်း လက်ထက်တွင်ကား သာသနာမရှိသလောက် ဖြစ်သွား၏။ ဤအကြောင်းနှင့် ပတ်သက်၍ နောင်တွင် အကျယ်တဝင့် လာလတ္တံ့။

## ပုပ္ပားစောရဟန်ခေါ် သံဃရာဇာမင်း
## သက္ကရာဇ်ဖြိုပြန်ခြင်း

ဂေါစာသက္ကရာဇ် ၅၃၅ ခုနှစ်တွင် နတ်ရှာစံထွန်ချစ် မင်း၏ မိဖုရားဆရာဖြစ်သော သက်တော် ၃၇ နှစ်ရှိ ပုပ္ပား စောရ

www.dhammaransi.com



ဟန်ခေါ်၊သဃ်ရာဇာလည်း ခေါ်သောမင်း နန်းတက်၏။နန်းသက်(ရှင်ဘုရင်သက်)နှင့် ၂၇ နှစ် နန်းစံ၍ သက်တော် ၆၄ နှစ်တွင် နတ်ရွာစံ၏။ ထိုမင်းလက်ထက်လည်း သာသနာရေးနှင့်ပတ်သက်၍ ဘာမျှမတွေ့ရ။ ထိုမင်းကား ပိဋကတ်ဗေဒင် အလွန်တတ်၏။ သဒ္ဒါသီလစသော သူတော်ကောင်းတရားနှင့်လည်း ပြည့်စုံ၏။

ပုပ္ပားစောရဟန်မင်း နန်းတက်၍ နန်းသက် (ရှင်ဘုရင်သက်) ၂၇ နှစ်ရှိသောအခါ 'ခဆပဥ္စ'ကိန်း ကြုံကြိုက်၍ သက္ကရာဇ် နှစ်ပေါင်း ၅၆၀ (ငါးရာ့ခြောက်ဆယ်)ကို ဖြိုပြီး သက္ကရာဇ် အသစ် ၂ ခု စတင်ထားလိုက်၏။ ထိုစကား ထင်ရှား ဖွင့်ဆိုဦးအံ့။ ပုပ္ပားစောရဟန်သည် ဂေါစာသက္ကရာဇ် ၅၃၅ ခုနှစ် နန်းတက်၏။ နန်းသက်(ရှင်ဘုရင်သက်)နှင့် ၂၇ နှစ်ရှိသောအခါ ဂေါစာသက္ကရာဇ် ၅၆၂ ဖြစ်လာ၏။ ထို ၅၆၂ နှစ် ဖြစ်လာသော ဂေါစာ သက္ကရာဇ်တွင် ၅၆၀ ကို ဖြိုပြီး အစွန်းထွက် ၂ ခုကို သက္ကရာဇ် အသစ်အဖြစ်နှင့် ထားလိုက်ခြင်းဖြစ်၏။ ယနေ့ (ယခု)မြန်မာနိုင်ငံ၌ သုံးစွဲနေသော ဂေါစာသက္ကရာဇ်မှာ ဤပုပ္ပားစောရဟန်မင်းက ၅၆၀ ကို ဖြိုပြီး သက္ကရာဇ် ၂ ခု ထားရာမှ ပွားလာသော သက္ကရာဇ် ဖြစ်၏။ (ယခု မြန်မာနိုင်ငံသုံး မြန်မာသက္ကရာဇ်မှာ ပုပ္ပားစောရဟန်မင်း ထားခဲ့သော သက္ကရာဇ်ဖြစ်သည်ဟု ဆိုလို၏။)

www.dhammaransi.com



## ခဆပဉ္စအဓိပ္ပာယ်

ခဆပဉ္စ၏(ခဆပဉ္စလည်း ခေါ်၏။)အဓိပ္ပာယ်ကား ဗေဒင်သုံး သင်္ချာနည်းအားဖြင့် '၅၆၀ကို'ကို ခေါ်ခြင်းပင်ဖြစ်၏။ 'ခ' ဆိုသည်မှာ သုည၊ 'ဆ'ဆိုသည်မှာ '၆' ဂဏန်း၊ 'ပဉ္စ'ဆိုသည်မှာ'၅'ဂဏန်းဖြစ်၏။ ခဆပဉ္စကို နောက်ပြန်ချလျှင်၅၆၀ဖြစ်၏။ ဤ၌'ခ'ကိုသုည ယူခြင်းကား'ခ'သည် 'ခံ'ဟူသော ပါဠိမှလာ၏။ 'ခံ'ဆိုသည်ကား ကောင်းကင်ဖြစ်၏။ ကောင်းကင် ဆိုသည်မှာ ဘာမျှမရှိ၍ သုညယူ၏။ ဤသို့ ယူခြင်းကား သင်္ကေတ သင်္ချာယူနည်းဖြစ်၏။ သရေခေတ္တရာခေတ် သုမုန္ဒရီ မင်းလက်ထက်ဖြိုခဲ့သော ဒေါဒေါရသ ၆၂၂ နှင့် ပုဂံခေတ် ပုပ္ပားစောရဟန်မင်းဖြိုသော ခဆပဉ္စ ၅၆၀ ကို ပေါင်းလျှင် ၁၁၈၂ ဖြစ်၏။ သာသနာ သက္ကရာဇ်ကို သိလိုလျှင် ယခုသက်ရှိ မြန်မာသက္ကရာဇ်တွင် ၁၁၈၂ ကို ရေ၍ပေါင်းလိုက်က သာသနာ သက္ကရာဇ်ဖြစ်လာ၏။ ယခုလက်ရှိ မြန်မာသက္ကရာဇ်ကား ဤပုပ္ပား စောရဟန်မင်း ထားခဲ့သော သက္ကရာဇ်ပင် ဖြစ်၏။ ထို့ကြောင့် ဗေဒင်ဆိုင်ရာ ဗိုလ်ပြေးလင်္ကာ၌—

'ရောက်သော ဂေါစာ၊ တည်ပြီးခါမှ၊ ဒွေအဋ္ဌနှင့်
ကေကော၊ နောတုံပါက၊ သာသနာနှစ်၊ အတိတ်ဖြစ်၏'
ဟု စပ်ဆိုထားခဲ့၏။

သတိပြုရန်မှာထားချက်။ ။ယ ခု က စ၍ ဤ ကျမ်းစာတစောင်လုံး ဆုံးသည်အထိ ဤယခု ပုပ္ပားစောရဟန်မင်း

www.dhammaransi.com



ထားခဲ့သော သက္ကရာဇ်ကို ဂေါစာ သက္ကရာဇ်အဖြစ် သုံးစွဲသွားမည်ဖြစ်၏။

## ပုဂံမြို့ဟူသောအမည်

ပုပ္ပားစောရဟန် ထားခဲ့သော ဂေါစာသက္ကရာဇ် ၂၀၇ ခုနှစ်တွင် သက်တော် ၄၅ နှစ်ရှိ ပျဉ်ပြား ရွာစား မင်းသား နန်းတက်၏။ နန်းသက် (ရှင်ဘုရင်သက်)နှင့် ၃၂ နှစ်နန်းစံ၍ သက်တော် ၇၇ နှစ်တွင် နတ်ရွာစံ၏။ ထိုမင်း သက်ထက်တွင် 'ပုဂံမြို့'ကို တည်၏။ 'ပုဂံ'ဟူသော အတိအကျ နာမည်ကမ္ပည်းကို ဤမင်းလက်ထက်ကျမှ တွေ့ရ၏။ ပုဂံမြို့ကို တည်သည်ဟူရာ၌ မူလ ပထမ သမုဒ္ဒရာဇ်မင်း တည်သောပေါက္ကံခေါ်ပုဂါမမြို့မှ အခြားတပါး ဝေးကွာသောဌာနတခုသို့ပြောင်းရွှေ့ တည်ခြင်း မဟုတ်ပေ။ အနီးအပါး သို့မဟုတ် မူလတည်ရင်းနေရာ၌ပင် ပြန်လည်တည်ကာ နာမည်ကို အသစ် မှည့်ခေါ်စေခြင်း သာဖြစ်၏။ ထိုမင်းလက်ထက်တွင်မူ ဗုဒ္ဓသာသနာမှာ လုံးဝ မကွယ်ရုံလောက်သာ ရှိတော့၏။

### တောင်သူကြီးမင်း လက်ထက် အရည်းကြီးဝါဒ ထွန်းကားပုံ

ဂေါစာ သက္ကရာဇ် (ပုပ္ပားစောရဟန်၏ သက္ကရာဇ်) ၂၉၃ ခုနှစ်တွင် သက်တော် ၄၅ နှစ်ရှိ တောင်သူကြီး နန်းတက်၏။ နန်းသက် (ရှင်ဘုရင်သက်)နှင့် ၃၂နှစ် နန်းစံ၍ သက်တော် ၇၇ နှစ်တွင် နတ်ရွာစံ၏။ ဤတောင်သူကြီးမင်းကို 'ညောင်ဦး

www.dhammaransi.com



စောရဟန်'မင်းဟုလည်း ခေါ်၏။ သက္ကရာဇ်ဖြို့၍ အသစ်ထား ခဲ့သော သဃ်ရာဇာ ခေါ်၊ ပုပ္ပားစောရဟန်းမင်းနှင့် နာမည် ချင်းဆင်နေ၏။ အမှတ်မလွဲရန် သတိပြုအပ်ပေ၏။

ဤမင်းလက်ထက်တွင် ဗုဒ္ဓသာသနာမှာ ကွယ်သလောက် ဖြစ်သွားပေ၏။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လွန်ခဲ့သော နှစ်ပေါင်း လေးရာကျော် သိုက်တိုင်မင်း လက်ထက်မှ စ၍ သာသနာတော် တရွေ့ရွေ့ အားနည်းလာရာမှ တစထက် တစ ကွယ်ပလာခဲ့ခြင်းဖြစ်၏။

## အရည်းကြီးတို့၏ အယူဝါဒ

အသက်ဖော်ပြပါ နှစ်ပေါင်းလေးရာကျော်အတွင်း မြန်မာ နိုင်ငံတော် အရိမဒ္ဒနာ ပုဂံပြည်ထဲသို့အရည်းကြီးဝါဒ ရောက် လာ၏။ အရည်းကြီးဝါဒမှာ သူ့အသက်ကို သတ်မိလျှင် ဤ ပရိတ်ကိုရွတ်၊ မိဘကိုသတ်မိလျှင် ဤပရိတ်ကိုရွတ်၊ သူ့ဥစ္စာကို ခိုးယူမိလျှင် ဤပရိတ်ကိုရွတ် အပြစ်မှကင်းလွတ်၏ စသည်ဖြင့် ရွတ်ရန်ပရိတ်များကို စီမံညွှန်ကြားပေး၏။ ထိုမှတပါး အထူး အားဖြင့် မိမိတို့ အယူဝါဒကို ယူသူ မည်သူမဆို အာဝါဟ၊ ဝိဝါဟခေါ် ထိမ်းမြား မင်္ဂလာပြုလုပ်သောအခါ မထိမ်းမြားမီ ညဦးတွင် သတို့သမီးကို အရည်းကြီးတို့ထံ လွှတ်ပေးရ၏။ နံနက် လင်း၍ အရည်းကြီးတို့၏ထံက ပြန်လွှတ်လိုက်မှ ထိမ်းမြားရ၏။ ဤကဲ့သို့ သတို့သမီးကို လွှတ်ပေးရသည်ကို 'ပန်းဦးလွှတ်သည်' ဟု ခေါ်၏။ ထိုသို့ ပန်းဦးမလွှတ်ပဲ ထိမ်းမြားမင်္ဂလာပြုလျှင် အစဉ်

www.dhammaransi.com



အလာကို ဖျက်သည်ဆိုပြီး ကြီးစွာသော မင်းပြစ် မင်းဒဏ်ကို ခံရ၏။ (ရှင်ဘုရင်များကိုယ်တိုင်က အရည်းကြီးတို့၏ ဝါဒကို လိုက်နာယုံကြည် ကျင့်သုံးနေကြ၏။) သည်ကဲ့သို့ ပန်းဦးလွှတ် ရခြင်းမှာ တိုင်းသူပြည်သား ဆင်းရဲသားတို့သာမဟုတ် ရှင်ဘုရင်၏ သွေးသားဖြစ်သူ မဟာမျိုး မဟာနွယ်များနှင့်တကွ မှူးကြီး မတ်ရာ သေနာပတိမှစ၍ အရာရှိ အရာခံမကျန် တတိုင်းပြည်လုံး ဖြစ်၏။

## အရည်းကြီးဂိုဏ်း ဆရာကြီးများနှင့် တပည့်များ

အရည်းကြီးဂိုဏ်း ဆရာကြီးများမှာ သုံးကျိပ်ရှိ၏။ တပည့် ပေါင်းကား ခြောက်သောင်း ရှိ၏။ အရည်းကြီးများသည် ပုဂံပြည် 'သမထီး'အရပ်၌ သီတင်းသုံး နေထိုင်ကြ၏။ ယင်းတို့၏ အဝတ်အရုံများမှာ အနက်ရောင်၊ အပြာရောင် အဝတ်များကို ဝတ်ရုံကြ၏။ ဆံပင်ကို လက်လေးသစ်၊ လက်တဝါး ထားကြ၏။ အရည်းကြီးတို့၏ ရုပ်ပုံများကို မင်းနန်သူခေါ် အနန္တသူရိယတည်သော ဘုရားများ၏ လိုဏ်မုခ်များအတွင်း၌ ရေးခြယ်ထားသည်ကို တွေ့နိုင်၏။ အရည်းကြီးတို့ နေသော 'သမထီး'အရပ်မှာ ယခုအခါ ပုဂံမြို့ဟောင်းအရှေ့တောင်ယွန်း မြန်မာတတိုင်ကွာလောက်၌ တည်ရှိ၏။

## အရည်းကြီးဝါဒ၏ အစမူလ

အရည်းကြီးဝါဒ၏အစမူလမှာ မြောက်ပိုင်းသာသနာခေါ် မဟာယာန အယူဝါဒ အနွယ်များမှ အဆင့်ဆင့် ပျက်စီး

www.dhammaransi.com



လာသောသူတို့က စတင် တည်ထောင်ခြင်း ဖြစ်ပုံရကြောင်း သာသနဝံသ သုတေသန ပညာရှင်များက ယူဆကြ၏။ ထို ယူဆချက်မှာ သဘာဝကျ၍ ယုတ္တိရှိသည်ဟု ယုံကြည်လောက်ပေ၏။ အကြောင်းကား ပရိတ်တရားစီမံပုံ၊ အပြာရောင်အဝတ်ရုံများ ဝတ်ပုံမှာ မဟာယာန၏ ဓလေ့ထုံးစံ အငွေ့အသက်များ ဖြစ်သောကြောင့်တည်း။

## တောင်သူကြီးမင်းလက်ထက်
## အရည်းကြီးဝါဒ တပြည်လုံး ထွန်းကားခြင်း

တောင်သူကြီးမင်းခေါ်၊ ညောင်ဦး စောရဟန်လည်း ခေါ်သော ဤမင်းလက်ထက်တွင် မင်းနှင့်တကွ တပြည်လုံးအရည်းကြီးတို့ကို ကိုးကွယ်ကာ အရည်းကြီးဝါဒကို လိုက်နာကျင့်သုံးကြကုန်၏။ တောင်သူကြီးမင်းကား ဘုန်းတန်ခိုး အာနုဘော်ကြီး၏။ ရှင်ဘုရင်မဖြစ်မီ တောင်သူကြီးလုပ်နေစဉ်က မိမိပိုင်သခွားယာခင်းထဲ၌ ဥယျာဉ်ကြီး စိုက်ပျိုး၍ ဥယျာဉ်ထဲတွင် နဂါးရုပ်ကြီး စိုက်ထူထား၏။ အကြောင်းကား နဂါးသည် လူတို့ထက်မြတ်၍ တန်ခိုးကြီးသည်၊ နဂါးကို ကိုးကွယ်လျှင် အကျိုးကြီးသည်ဟု ယုံကြည် မှတ်ထင်သောကြောင့်တည်း။

ထိုမှတပါး ဆရာဖြစ်သူ အရှင်အရည်းကြီးတို့နှင့် တိုင်ပင်၍ သရေခေတ္တရာပြည်၊ သုဓမ္မပုရ သထုံပြည်တို့၌ ရှိသော စည်းခုံ၊ ပုထိုး၊ စေတီတော်တို့ကို အတုခိုး နည်းယူကာ —

(၁) ပုထိုးကြီးတလုံး။
(၂) ပုထိုးငယ်တလုံး။

www.dhammaransi.com



(၃) ပုထိုးသားများတလုံး။
(၄) သင်လည်ပုထိုးတလုံး။
(၅) စိတ်တည်ပုထိုးတလုံး ဟူသော ပုထိုးငါးလုံးတို့ကို လည်း တည်တော်မူလေ၏။ ထို ပုထိုး ငါးလုံးတို့တွင် နတ်ရုပ် လည်း မမည်၊ ဘုရား ရုပ် ဇာ လည်း မမည် လုပ်၍ နံနက်တိုင်း၊ ညတိုင်း ထမင်း၊ ဟင်းလျာ၊ အရက်သေစာများ တင်လှူ ပသ ကိုးကွယ်လေ၏။

## ပုဂံပြည်၌ သာသနာအလုံးစုံ မကွယ်သေး

တောင်သူကြီးမင်းလက်ထက်၌ အထက် ဖော်ပြပါအတိုင်း အရည်းကြီး၀ါဒ လုံး၀လွှမ်းမိုးကာ အရည်းကြီးတို့ကို မင်းနှင့် တကွ တပြည်လုံး ကိုးကွယ်နေကြ၏။ သို့သော် ထိုအချိန်တွင် တောင်သူကြီးမင်းနောက် ထီးနန်းကို ဆက် လက် စိုးအုပ်၍ ရှင်ဘုရင်လုပ်မည့်သူ ဖြစ်သော 'ကွမ်းဆော် ကြောင်းဖြူ' ခေါ် ကွမ်းဆော်အမှုထမ်းအား စောင်ချမ်းပင်စောင့်နတ်က ကိုယ် ထင်ပြကာ ပြောဆိုသောစကားအတွက် ပုဂံပြည်တွင် သာသနာ အလုံးစုံ မကွယ်သေးဟု မှန်နန်း မဟာ ရာဇ၀င်တော်ကြီးက မှတ်ချက်ချကာ အမှာစကား ရေးသားထားခဲ့၏။

အဖြစ်အပျက်ကား ဤသို့တည်း။ ကွမ်းဆော်ကြောင်းဖြူ ခေါ် ကွမ်းဆော်အမှုထမ်းသည် တောင်သူကြီးမင်းထံ၌ ခစား ကာ မထင်မရှား ဆင်းရဲသား အသွင်နှင့် အမှုထမ်းနေ၏။ (ကွမ်းဆော်ကြောင်းဖြူကား စလေခွေးမင်း၏ ရန်ကိုကြောက်၍

www.dhammaransi.com



ထွက်ပြေး လာသော 'တန်နက်မင်း'၏ သားတော်ဖြစ်၏။) ကွမ်းဆော်ကြောင်းဖြူသည် ကွမ်းဆော်လုပ်ငန်း အမှုထမ်းဖြစ်၍ နေ့စဉ် အလုပ်သွားရာ မိခင် (မယ်တော်)က အလုပ်လုပ်ယင်း စားရန် စားမြိန်စာထုပ် (ထမင်း ဟင်းကို ထုပ် ထား သော ထမင်းထုပ်)ကို ပေးလိုက်၏။ ကွမ်းဆော် ကြောင်းဖြူသည် စောင်ချမ်းပင်ကြီးတပင်၏ အောက်၌ နေ့စဉ် စားမြိန်စာထုပ်ကို ဖြေ၍ စားလေ့ရှိ၏။ စားတိုင်းစားတိုင်း စားဦး စားဖျားကို စောင်ချမ်းပင်စောင့်နတ်အား အမြဲပင် တင်လေ၏။ စောင်ချမ်း ပင်စောင့်နတ်လည်း ဤသူသည် နေ့စဉ် စားဦး စားဖျားကို ငါ့အား တင်ထားပေသ၏။ ဤသူသည် ရှေ့ကို ဘယ်လိုဖြစ်လိမ့် မည်နည်းဟု နတ်မျက်စိနှင့် ကြည့်ရှုဆင်ခြင်သောအခါ ရှင်ဘုရင် ဖြစ်မည့်သူဖြစ်ကြောင်း မြင်လေ၏။ သို့ဖြစ်၍ တနေ့သ၌ ကိုယ် ထင်ရှားပြကာ—

"သင်—ဘုန်းကြီးလိုသော် သရဏဂုံပဥ္စသီကို မြဲစွာ ဆောက်တည်လေ။ သစ္စာစကားကို မှန်အောင် သုံးလေ။ အနုဿတိဆယ်ပါးကို တနေ့နှစ်ထောင်ရအောင် စီးဖြန်း လေ"

ဟု ပြောပြလေ၏။

ကွမ်းဆော်ကြောင်းဖြူလည်း ထို သို့ စောင်ချမ်းပင်နတ် ပြောသည့်အတိုင်း အမြဲဆောက်တည်လေ၏။

မှန်နန်းမဟာရာဇဝင်တော်ကြီးက ဤအထက်ပါ စောင် ချမ်းပင်စောင့် နတ်၏ စကားကို ကိုးကားပြီး ဤအချိန်တွင် ပုဂံ ပြည်၌ သာသနာအလုံးစုံ မကွယ်သေးဟု မှတ်ချက်ချခဲ့ခြင်း ဖြစ်၏။ ကွမ်းဆော်ကြောင်းဖြူမင်းဟူသည်ကား အခြားမဟုတ်။

www.dhammaransi.com



ရွှေတွင် ဖော်ပြလတ္တံ့သော တိုင်းကျော်ပြည်ကျော် သာသနာပြု အကျော် သာသနာတော်၏ ဒါယကာတော်အစစ် ဖြစ်ကြီး ဖြစ်သော 'အနော်ရထာမင်းစော'၏ ခမည်းတော်ပင် ဖြစ်၏။ တောင်သူကြီးမင်းနောက်၊ ကြောင်းဖြူကွမ်းဆော်မင်း နန်းတက် ၏။ ကြောင်းဖြူကွမ်းဆော် မင်းနောက် ကျည်းစိုမင်းနှင့် စုက္ကတေးမင်း အစဉ်လိုက် နန်းတက်ကြ၏။ ထိုမင်းသုံးဆက် လက်ထက်လည်း သာသနာရေး တစုံတရာမရှိ အရည်းကြီးဝါဒ ပင် လွှမ်းမိုးလျက်ရှိ၏။

## သာသန ဒါယကာ အနော်ရထာမင်းစော

ဂေါစာသက္ကရာဇ် (ပုပ္ပားစောရဟန်း၏သက္ကရာဇ်) ၃၇၉ ခု ပြာသိုလပြည့်ကျော် ၈ ရက် တနင်္လာနေ့တွင် ကွမ်းဆော် ကြောင်းဖြူမင်း၏ သားတော် သက်တော် ၃၃ နှစ်ရှိ အနော် ရထာမင်းစော နန်းတက်၏။ နန်းသက် (ရှင်ဘုရင်သက်) နှင့် ၄၂ နှစ် နန်းစံ၍ သက်တော် ၇၅ နှစ်တွင် နတ်ရွာစံ၏။

အနော်ရထာမင်းစော လက်ထက်ရောက်မှ ပုဂံပြည်သည် 'ပုဂံရာမ'ဟု နာမအသစ် ဖြစ်ပေါ်လာ၏။ သို့သော် မူလ မှည့်ခေါ်ခဲ့သော 'အရိမဒ္ဒနာ'ဟူသော အမည်မှာမူ တည်မြဲပင် တည်လျက် ခေါ်မြဲပင် ခေါ်လျက်ရှိခဲ့ပေ၏။

## အနော်ရထာမင်းစောနှင့် အရည်းကြီးများ

အနော်ရထာမင်းစော နန်းတက်ချိန်၌ အရိမဒ္ဒနာမည်သော ပုဂံရာမပြည်တွင် အရည်းကြီးတို့ကိုပင် ကိုးကွယ်လျက်

www.dhammaransi.com



ရှိကြပေ၏။ တောင်သူကြီးမင်း လက်ထက်တွင် မင်းနှင့်တကွ တပြည်လုံး ကိုးကွယ်၍ စည်ပင်ပြန့်ပွားခဲ့သော အရည်းကြီး ဝါဒသည် တောင်သူကြီးမင်းနောက် ဆက်လက်နန်းတက်ကြသော (၁) ကွမ်းဆော်ကြောင်းဖြူမင်း၊ (၂) ကျည်ဇိုမင်း၊ (၃) စုက္ကတေးမင်းတို့ လက်ထက်အထိ အစဉ်မပျက် တည်ရှိ စည်ကားလာခဲ့၏။ သို့ဖြစ်၍ ယခုဘုရင်အနော်ရထာမင်းစော၏ လက်ထက်တွင်လည်း ဆက်လက်တည်မြဲ စည်ကားနေပေ၏။

အနော်ရထာမင်းစောသည် ရင့်သန်သော ပါရမီစာတ်နှင့် မြင့်မြတ်သော အဇ္ဈာသယရှိသူဖြစ်၍ အရည်းကြီးတို့၏ ဝါဒနှင့် 'ပန်းဦးလွှတ်'ပြုမူခြင်းစသော မတော်မတရား လောကီဘုံသားတို့ကဲ့သို့ ကာမဂုဏ်ခံစားခြင်း လုပ်ငန်းများကို စက်ဆုပ်ရွံရှာတော်မူခဲ့လေ၏။ သို့ စက်ဆုပ်ရွံရှာခဲ့သော်လည်း မှန်ကန်သော အယူဝါဒတခုကို ညွှန်ပြမည့် ဆရာသမားလည်းမရှိ၊ မိမိကိုယ်တော်တိုင်ကလည်း အရည်းကြီးတို့ ဝါဒကို တွန်းလှန်နိုင်သော ဘာသာရေး၊ သာသနာရေး အရည်အချင်းမရှိသည့်ပြင် မိမိအယင် ဘုရင်ပြုလုပ် စိုးမိုးသွားကြသော မင်းအဆက်ဆက်တို့ လက်ထက်မှ ဆင်းသက်လာခဲ့သော ဝါဒ ဖြစ်သောကြောင့် ရုတ်တချက် ပယ်ဖျက်ရန် မစွမ်းနိုင်ပဲ ရှိခဲ့လေ၏။

သို့ဖြစ်ရာ ရွှေစိတ်တော် မကြည်မသာနှင့်ပင် ထိုအရေးအတွက် ဆုံးဖြတ်ချက် မချနိုင်ပဲ ရှိခဲ့ရလေ၏။ သို့ရာတွင် အရည်းကြီးတို့အား လှူဒါန်းပူဇော်ခြင်း၊ မြတ်နိုးတနာပြုခြင်းတို့ကိုမူ ယခင်အထက်ထက် မင်းအဆက်ဆက်တို့ လက်ထက်က ကဲ့သို့

www.dhammaransi.com



မပြုမူနိုင်တော့ပဲ ဥပေက္ခာသဘောနှင့် လျစ်လျူရှုကာ မလှူမတန်း မပေးမကမ်း နေခဲ့ပေ၏။ နေရာတကာတွင် ရာဇာပမာနကမ္ဘာ့သဘာဝဖြစ်သည့်အတိုင်း ပြည်သူပြည်သား လူအများတို့လည်း မှူးကြီးမတ်ရာသေနာပတိမှ စ၍ ဆင်းရဲသားများအထိ အရည်းကြီးတို့အပေါ်၌ လေးစားမှု ပေါ့လျော့ကာ လှူဒါန်းပေးကမ်းမှုလည်း လျော့ပါးလာလေ၏။

## သထုံပြည်မှ ပုဂံပြည်သို့ အရှင်အရဟံရောက်လာကြောင်း

ဘုရင် အနော်ရထာ မင်းစောမှာ အရည်းကြီးတို့၏ ဝါဒအတွက် နှစ်လည်း မနှစ်သက်၊ ပယ်လည်း မပယ်ဖျက်နိုင်သေးပဲ ကိုးကွယ်မှု ဘာသာရေးအတွက် အခက်အခဲဖြစ်နေစဉ် သုဓမ္မပုရ၊ သုဓမ္မဝတီ နှစ်မည်ရ သထုံပြည်မှ မွန်ဒေသီ ဇာတ်ရှိသော ရဟန္တာ အရှင်အရဟံ ပုဂံပြည်သို့ ကြွလာတော်မူလာလေ၏။ ရှင်အရဟံမှာ မြန်မာပြည်၏ သာသနာရေးအတွက် အရေးအကြီးဆုံး၊ ပမာနအကျဆုံးဖြစ်သဖြင့် ရှင်အရဟံ၏ ထေရုပ္ပတ္တိခေါ် 'ထေရာပဒါန်' ကို အပြည့်အစုံ တခမ်းတနားဖော်ပြရန် တာဝန်ရှိပေ၏။ ရှင်အရဟံ၏ အကြောင်းအရာ ထေရုပ္ပတ္တိခေါ် ထေရာပဒါန်မှာ—

(၁) ရာဇဝင်၌လာသော ထေရုပ္ပတ္တိ (ထေရာပဒါန်)၊
(၂) ပရိတ္တနိဒါန်း၌လာသော ထေရုပ္ပတ္တိ (ထေရာပဒါန်)၊
(၃) သာသနာဆက် စာတမ်းများ၌လာသော ထေရုပ္ပတ္တိ (ထေရာပဒါန်)၊

ဟူ၍ သုံးမျိုးရှိ၏။ ထိုသုံးမျိုးလုံးကို သိသာရန် ဖော်ပြပေအံ့။

www.dhammaransi.com



## (၁) ရာဇဝင်၌လာသောရှင်အရဟံ၏ ထေရုပ္ပတ္တိ(ထေရာပဒါန်)၊

သုနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်းတို့၌ သာသနာတော် မထွန်းကားသေး။ ထိုတိုင်းတို့၌ သာသနာ ထွန်းကားစေရန် ရဟန္တာအရှင်မြတ်တို့ ကြံစည်ဟော်မူပြီးလျှင် တာဝတိံသာ နတ်ပြည်သိကြားမင်းထံသွား၍ သာသနာပြုနိုင်မည့်သူကို ကူညီတောင်းပန်ပေးရန် မိန့်မြွက်တော်မူကြလေ၏။

သိကြားမင်း လည်း တာဝတိံသာ နတ်ပြည်၌ရှိသော နတ်သားတယောက်အား တောင်းပန်၍ လူ့ပြည်၌ တယောက်သော ပုဏ္ဏေးမ့ဝမ်း၌ ပဋိသန္ဓေနေစေ၏။ နေ့လစေ့၍ ဖွားသည်ရှိသော် သီလဗုဒ္ဓိအမည်ရှိသော ရဟန္တာမြတ်က စောင့်ကြပ်မစ၍ အရွယ်ရောက်လျှင် ရဟန်းပြုပေး၏။ ရဟန်းဖြစ်ပြီးနောက်ပိဋကတ်ကျမ်းဂန် သင်ကြားတတ်မြောက်၍ ရဟန်း တရားအားထုတ်ကာ ရဟန္တာအဖြစ်သို့ ရောက်သွား၏။ 'အရဟံ' ဟူသော အမည်ဖြင့် ဇမ္ဗူဒိပ်မြေအပြင်လုံး ကျော်စောထင်ရှား၏။

ထို ရှင်အရဟံသည် သုနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်းတို့၌ သာသနာတော် မတည်ချေသေးဟူ၍ ပုဂံရာမသို့ ကြွလာတော်မူ၏။ ရောက်တော်မူလျှင် ပြည်နှင့် မနီးမဝေးသော တောအုပ်တခု၌ နေတော်မူ၏။ သိကြားမင်းလည်း မုဆိုးတယောက်အား လှည့်ပတ်၍ ရှင်အရဟံကို မြင်စေ၏။ မုဆိုးလည်း ရှင်အရဟံကို မြင်လေသော် နှစ်သက်ကြည်ညိုဖွယ်သော ဣန္ဒြေရှိတော်မူသည်

www.dhammaransi.com



ဖြစ်၍ ဤသူကား လူထူးလူမြတ်ဖြစ်ရာသည်၊ မြို့တော်သို့ ယူဆော်၍ ဘုရင်မင်းမြတ်အား ဆက်မည်ဟု ကြံစည်ကာ ရှင်အရဟံကို ခေါ်ဆောင်သွားလေ၏။

ရှင်အရဟံသည်း ပရိက္ခရာရှစ်ပါးကို ယူ၍ လိုက်တော်မူလေ၏။ မုဆိုးလည်း ဘုရင်မင်းမြတ်ထံရောက်လျှင် တောအုပ်တခုတွင် ဤသူကို တွေ့၍ ခေါ်ဆောင်ခဲ့ပါသည်ဟု လျှောက်ထား သံတော်ဦးတင်လေ၏။ ဘုရင်မင်းမြတ်လည်း မြတ်သောဣန္ဒြေနှင့် ပြည့်စုံတော်မူသော ရှင်အရဟံကို မြင်လျှင် ဤသူကား သူယုတ်မဟုတ်၊ မြတ်သောသူတည်း။ ဤသူ့ ကိုယ်တွင်း၌ မြတ်သောတရား ရှိရာသည်ဟူ၍ ကြံတော်မူပြီးလျှင် ရွှင်လန်း နှစ်သက်သော စိတ်မျိုး ဖြစ်သွားလေ၏။

ထိုနောက်တဖန်—

"ဤသူသည် မြတ်သောသူဖြစ်အံ့။ မြတ်သော နေရာ၌ နေလတ္တံ့။ ယုတ်သောသူဖြစ်အံ့။ယုတ်သောနေရာ၌ နေလတ္တံ့" ဟု ကြံကာ—

"လျှောက်ပတ်သောနေရာကိုကြည့်၍နေပါလော"ဟုပြောဆိုမိန့်မြွက်လိုက်လေ၏။ ရှင်အရဟံလည်း မြတ်သောအဖြစ်ကို သိစေလို၍ ရာဇပလ္လင်ထက်သို့ တက်၍ နေတော်မူ၏။ ဘုရင်မင်းမြတ်လည်း ထိုသို့ နေသည်ကို မြင်တော်မူလျှင်—

"ဤသူကား နေရာကြီးကျယ်လှသည်။ မြတ်သောသူ မှန်ပြီ"ဟုဆင်ခြင်၍ ဤသို့ မေးတော်မူ၏။

"င ါ့ရှင်ကား အဘယ်သူ၏ အမျိုးအနွယ် ဖြစ်တော်မူသနည်း။ အဘယ်အရပ်မှ ကြွလာသနည်း။ အဘယ်သူ၏ အဆုံးအမကို ခံသနည်း"

www.dhammaransi.com



ထိုအခါ ရှင်အရဟံက—

"ငါ၏ အမျိုးအနွယ်ကား ဂုဏ်တော်ကိုးပါး၊ ဘုန်းတော်ခြောက်ပါး၊ အစိန္တေယျလေးပါးနှင့်ပြည့်စုံတော်မူသော သမ္မာသမ္ဗုဒ္ဓ ဘုရား အမျိုးအနွယ်တည်း။ ငါ၏ ဆရာ ဥပဇ္ဈာယ် အပေါင်းအဖော် သံဃာရှိရာ နေရာအရပ်မှ လာခဲ့သည်။ သမ္မာသမ္ဗုဒ္ဓ ဘုရားဟောကြားတော် မူသော အာဂမ ဒေသနာတော်မှ လာသော အဆုံးအမကို ခံယူအပ်သည်"ဟု မိန့်တော်မူလိုက်လေ၏။ ဘုရင်မင်းမြတ်လည်း အားရနှစ်သက်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်၍—

"သမ္မာသမ္ဗုဒ္ဓ ဘုရားဟောကြားတော်မူသော တရားတော်ကို တစိတ်တဒေသမျှ အကျဉ်းအားဖြင့် ဟောပြတော်မူပါ" ဟု တောင်းပန်လေ၏။

ရှင်အရဟံလည်း သီရိဓမ္မာသောက မင်းကြီးအား နိဂြောဓ သာမဏေ ဟောတော်မူသော 'အပ္ပမာဒ'တရားကို ဟောတော်မူ၏။ ဘုရင်မင်းမြတ်လည်း ကြည်ညိုခြင်း သဒ္ဓါတရား တဖွားဖွား ဖြစ်သွား၏။

ဘုရင်။ ။"သမ္မာသမ္ဗုဒ္ဓ အမည်တော်ရှိသော ဘုရားသခင်သည် ယခု အဘယ်အရပ်မှာ ရှိတော်မူပါသနည်း။ ထိုဘုရားသခင် ဟောဘောဘ်မူသော တရားတော်သည် အဘယ်မျှလောက် အရေအတွက် ရှိပါသနည်း။ ဘုရားသခင်၏ တပည့်သားတော်ကား ငါ့ရှင်မှတပါး အခြား ရှိပါသေးသလား"

www.dhammaransi.com



ရှင်အရဟံ။ ။"သမ္မာသမ္ဗုဒ္ဓ ဘုရားသခင်သည် ပရိနိဗ္ဗာန် စံဝင်တော် မူသွားပြီ။ ဓာတ်တော် မွေတော်များသာ ယခုရှိတော့သည်။ ဘုရားသခင် ဟောကြားထားတော်မူသော တရားတော်မှာ ပိဋကတ်အားဖြင့် သုံးပုံ၊ နိကာယ်အားဖြင့် ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် အရေအတွက်ရှိသည်။ သုဓမ္မဝတီ သထုံပြည်တွင် ပိဋကတ်သုံးပုံ အစုံသုံးဆယ်ရှိသည်။ ဘုရားသခင် တပည့်သား သံဃာသည် ငါမှတပါး ပရမတ္ထသံဃာ သမုတိသံဃာများစွာ ရှိသည်"

အထက်ပါ ရှင်အရဟံ၏ မိန့်မြွက်တော်မူချက်ကို ကြားရသော ဘုရင်မင်းမြတ်လည်း အတိုင်းထက်အလွန် သဒ္ဓါကြည်ညိုခြင်း ပြင်းစွာ ဖြစ်၍—

"အကျွန်ုပ်အား ယခုမျက်မှောက်၌ အရှင်မှတပါး အခြား ကိုးကွယ်ရာ မရှိပြီ။ ယနေ့မှစ၍ အကျွန်ုပ်၏ ကိုယ်အသက်ကို အရှင်အား ဆောင်နှင်းတော့သည်။ အရှင်၏ အဆုံးအမကိုလည်း အကျွန်ုပ် ခံတော့မည်"ဟု လျှောက်ထားလေ၏။ ထို့နောက် အရည္ဝါသီ နေထိုင်ရန် အင်္ဂါနှင့် ပြည့်စုံသော တောအရပ် တခု၌ သာယာလှစွာ ရတနာအတိဖြင့် တန်ဆာဆင်အပ်သော ကျောင်းကိုဆောက်၍ လှူတော်မူလေ၏။ အရည်းကြီးတို့ အယူကိုလည်း ပယ်တော်မူ၏။ တိုင်းသူပြည်သား အပေါင်းတို့အား လည်း အရည်းကြီးတို့ အယူဝါဒကို ပယ်စေတော်မူ၏။

ထိုအခါ အရည်းကြီးတို့သည် လှူမည့်ဒါန်းမည့်သူမရှိ၊ လာဘ်သပ္ပကာ ဆုတ်ယုတ်၍ ရှင်အရဟံအား ရန်ငြိုးကြီးစွာ ထားလေ၏။ ဘုရင်မင်းမြတ်လည်း ထိုအကြောင်းကို ဆင်ခြင်မိ၍

www.dhammaransi.com



ရှင်အရဟံအတွက် စိုးရိမ်သဖြင့် အရည်းကြီးတို့ကို နိုင်လောက်အောင် အစောင့်အနေ ခန့်ထားစောင့်ကြပ်စေ၏။ ထိုအခါ သထုံပြည်မှ ရဟန်းသာမဏေများလည်း ပုဂံပြည်ရှင်အရဟံရှိရာသို့ ရောက်လာကြ၏။ ရှင်အရဟံလည်း ပုဂံပြည်မှ ရဟန်းပြုလိုသူ သဒ္ဓါကြည်ညိုသူတို့အား ရဟန်းခံပေးကာ သာသနာတော်မြတ်ကို တိုးပွားထွန်းကားစေ၏။ ဘုရင်မင်းမြတ်သည် မကြာမီပင် ဂိုဏ်းဆရာကြီးဖြစ်သူ အရည်းကြီး သုံးကျိပ်နှင့်တကွ တပည့်လက်သား ခြောက်ခသောင်းတို့ကိုလူဝတ်လဲစေ၍ အဲခမောင်းကိုင်၊ လှံကိုင်၊ ဆင်ချေးကျုံး၊ မြင်းချေးကျုံး လုပ်ငန်းတို့၌ အမှုထမ်းလုပ်ကိုင်စေ၏။ ဤတွင် အရည်းကြီးဝါဒ လက်စသတ်၍အမြစ်ပြတ်သွားလေသတည်း။ သို့ရာတွင် အရည်းကြီးတို့၏ တပည့်လက်သား အလုပ်အကျွေး ဒါယကာများထဲမှ စဉ်ဆက်မပြတ်ဆင်းသက်လာခဲ့သော သူအချို့၏ ပြန်လည်ယူငင် ဆန်းသစ်မှုအတွက် အင်းဝခေတ်တွင် အရည်းကြီးဝါဒ၏ အစိတ်အပိုင်းများ ပေါ်လာသေး၏။ ထိုအကြောင်း အင်းဝခေတ်ရောက်သောအခါ ထင်ရှားဖော်ပြလတ္တံ့။

## အနော်ရထာ မင်းစော ယူကျုံးမရ တောင့်တခြင်းနှင့် သံဝေဂဖြစ်ရပုံ

ဘုရင် အနော်ရထာ မင်းစောသည် ရှင်အရဟံနှင့်တွေ့၍ မဖောက်မပြန် မှန်ကန်သော 'သမ္မာဒိဋ္ဌိ'ဖြစ်ပြီးနောက် ယူကျုံးမရ တောင့်တခြင်း သံဝေဂ ဖြစ်တော်မူရလေ၏။

www.dhammaransi.com



"ဤပုဂံပြည်ကြီးကို စည်ထီးခရိုင် နိုင်ငံအုပ်ချုပ်၍ မင်းလုပ်သွားကြကုန်သော ရှေးဘေးလောင်းတော်၊ ဘိုးလောင်းတော် အစဉ်အဆက်တို့သည် မှားယွင်းသော အရည်းကြီးတို့အယူကို ပယ်ငင်ကိုးကွယ်သွားကြရကုန်သည်။ ငါကဲ့သို့ မှန်ကန်သော ဗုဒ္ဓမြတ်စွာ သာသနာကို ကိုးကွယ်မသွားကြရရှာပေ။ ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ကိုပြန်ပြီး ခေါ်ယူ၍ ရကောင်းလျှင် ခေါ်ယူချင်လှသည်"ဟု ယူကျုံးမရ၊တောင့်တခြင်းနှင့်တကွ သံဝေဂဖြစ်တော်မူလေ၏။

ဤကား ရာဇဝင်၌လာသော ရှင်အရဟံ၏ ထေရုပ္ပတ္တိ ထေရာပဒါန် တည်း။

## (၂) ပရိတ္တနိဒါန်း၌လာသောရှင်အရဟံ၏ထေရုပ္ပတ္တိ (ထေရာပဒါန်)

သီဟိုဠ်ကျွန်းဝယ် ဝိပ္ပဝါသီပြည်၌နေသော လုလင်ငယ် တဦးသည် ရဟန်းပဉ္စင်းခံ၍ ဒွါရာဝတီပြည်မှာ ပိဋကတ်စာပေ သင်လာ၏။ ထို့နောက် သုဓမ္မပုရ သထုံပြည်သို့သွား၍ပိဋကတ် စာပေ သင်ပြန်လေ၏။ ထိုအချိန်တွင် သရေခေတ္တရာပြည်၌ 'သခွတ်ပင်တွင် ကျမ်းစာရသည်'ဟူသော စကားကို ကြား၍ သထုံပြည်က သရေခေတ္တရာပြည်သို့ သွားလေ၏။ ခရီးအကြားတောထဲ၌ ထိုအရှင်ကို ဘီလူးမှတ်ထင်၍ မုဆိုးတို့က ဖမ်းပြီးလျှင် အနော်ရထာမင်းစောအား ပြလေ၏။ ထိုသို့ ပြကြောင်းကို စူဠဝံသကျမ်းမှ ဂါထာကို သာဓကဆောင်ပြီး ဖော်ပြထား၏။

www.dhammaransi.com



## စူဠဝံသကျမ်းမှလာသော ဂါထာ

ရာဇာတိရာဇာ နုရုဒ္ဓ၊ ဒေဝေါ စက္ကိန္ဒ ရာဇာ ဝ။
ရိသိနုဘောဘန္တော လုဒ္ဒေနာ၊ ဒါယာဂတ ထေရသေဋ္ဌံ။
ပုစ္ဆေဝံရဟန္တနာမကံ။

ထို ဂါထာ၏ အနက်ကား–

ရာဇာတိရာဇာ-မင်းတကာတို့ထက် လွန်မြတ်သောမင်းဖြစ်သော။ အနုရုဒ္ဓဒေဝေါ-အနော်ရထာ မင်းစောသည်။ စက္ကိန္ဒရာဇာဝ-စကြာမင်းကဲ့သို့။ သိရိ -မင်း၏ စည်းစိမ်ကျက်သရေကို။ အနုဘောဘန္တော-ခံစားတော်မူလျက်။ အရဟန္တနာမကံ-အရဟံအမည်ရှိသော။ လုဒ္ဒေန-မုဆိုးသည်။ အာဒါယ-ယူဆောင်၍။ အာဂတထေရသေဋ္ဌံ-လာခဲ့သော မထေရ်မြတ်ကို။ ဝေံ-ဤသို့။ ပုစ္ဆိ-မေးလေ၏။

မှတ်ချက်။ ။စူဠ ဝံသ ကျမ်းမှာ သုံးခု ရှိ၏။ သီဟိုဠ်ဖြစ်နှစ်ကျမ်း၊ မြန်မာအရိမဒ္ဒနာပုဂံပြည် နရပတိ စည်သူမင်းလက်ထက်၊ သီဟိုဠ်ရောက် အရှင်သဒ္ဓမ္မဇောတိပါလနှင့် သီဟိုဠ်ကျွန်းသား ရှင်ရာဟုလာ၊ရှင်သိဝလိ၊ရှင်တာမလိန္ဒ၊ ရှင်အာနန္ဒာတို့ ဆက်လက် ရေးသားသော မြန်မာပြည် စူဠဝံသကျမ်းဟု သုံးခုရှိရာ အထက်ဖော်ပြပါ စူဠဝံသကျမ်းမှာ မြန်မာဖြစ် စူဠဝံသကျမ်းဖြစ်၏။

www.dhammaransi.com



ဤအထက်ပါ သာဓက ဂါထာ၌ လာရှိသည့် အတိုင်း ဘုရင် အနော်ရထာ မင်းစောက ရှင်အရဟံကို "သင်ကား အဘယ်သူနည်း"ဟု မေး၏။ ရှင်အရဟံက "ငါကား ဂေါတမ ဘုရားတပည့်သာတည်း။ ပါဠာတိပါဠ်ကို ငါတို့ပယ်၏"ဟု မိန့်တော်မူ၏။

ထိုအခါ ဘုရင်က "ဘုရားအစရှိသော ရတနာသုံးပါးတို့ ဂုဏ်ကျေးဇူးကား အထူးဘယ်သို့ ရှိသနည်း"ဟုမေးပြန်၏။

ရှင်အရဟံက "ဘုရားကား မဟာသမုဒ္ဒရာကဲ့သို့၊ တရားတော် ကား ဥမင်လိုဏ်နန်းကဲ့သို့၊ သံဃာတော်ကား ဝိဒေဟရာဇ် မင်းကြီးစသော ဗိုလ်ပါကဲ့သို့တည်း။ နိဗ္ဗာန်ကား စန္ဒကူးဖြင့် လိမ်းသော် ငြိမ်းအေးသကဲ့သို့တည်း"ဟု ဥပမာဆောင်၍ မိန့် မြွက်တော်မူ၏။

ထိုအချိန်တွင် ဘုရင်မင်းမြတ်က အရည်းကြီး ရဟန်းတို့ကို ရည်ညွှန်းပြသကာ—

"ဤသူတို့ကား ဘုရားဂေါတမ၏တပည့်ဟုတ်ပါသလား" ဟု မေးပြန်၏။

ရှင်အရဟံက "ဤသူတို့ကား ဘုရားဂေါတမ့ တပည့်မဟုတ်၊ ငါတို့နှင့် သဘောမတူ၊ တက္ကတွန်း ရဟန်းတွေ ဖြစ်သည်"ဟု မိန့်မြွက်တော်မူလေလျှင် ထိုနေ့ကစ၍ အရည်းကြီးများကို ပစ် ပယ် လေ၏။ ရှင်အရဟံလည်း ဘုရင်မင်းမြတ်အား ဒသဝတ္ထု ဝိမာနဝတ္ထုများကို ဟောကြားပေ၏။ ဘုရင်မင်းမြတ်လည်း အလွန်ကြည်ညို၍ သရေခေတ္တရာက အပြန်တွင် ရှင်အရဟံကို

www.dhammaransi.com



ပုဂံသို့ ပင့်ဆောင်လေ၏။ အနော်ရထာမင်းစော သရေခေတ္တရာသို့ ရောက်နေခိုက် ရှင်အရဟံနှင့် တွေ့ရခြင်း ဖြစ်၏။ သရေခေတ္တရာသို့ ဘုရင်အနော်ရထာ မင်းစော ရောက်ရခြင်းမှာ အရည်းကြီးတို့၏ လှည့်ပတ်မှု တခုအတွက် ဖြစ်၏။

## လှည့်ပတ်ပုံကား

အရည်းကြီးရဟန်းယောင်တို့တွင် အလှည့်အပတ်တတ်ကျွမ်းလိမ္မာသော အရည်းကြီးတယောက်သည် မိမိတို့ဝါဒအလျောက် ကျမ်းစာပြုပြီးလျှင် သရေခေတ္တရာပြည်ရှိ သခွတ်ပင်ကြီး တပင်ကို ထွင်း၍ သွင်းထားပြီးမှ မြေမျှားလိမ်းကျံကာ ပကတိအသား တက်စေ၏။ ထိုသို့အသားတက်စေပြီးမှ ငါတို့အိပ်မက်မက်သည်၊ အိပ်မက်ထဲတွင် သရေခေတ္တရာပြည် သခွတ်ပင်ထဲ၌ ကျမ်းစာရှိကြောင်း မြင်မက်သည်ဟု ထင်ထင်ရှားရှား ပြောဆိုကုန်၏။ ထိုအကြောင်းကို အနော်ရထာမင်းစော ကြား၍ သရေခေတ္တရာသို့ ချီသွားပြီးလျှင် သခွတ်ပင်ကို ပေါက်ခွဲ၍ ရှာဖွေစေသော် ကျမ်းစာရလေ၏။ စာတွင်မူကား အရည်းကြီးတို့၏ အယူအကျင့် ဝါဒသည် မှန်ကြောင်း၊ ဂေါတမဘုရား၏ တပည့် ဖြစ်ကြောင်းများ ပါလာ တွေ့မြင်ရလေ၏။

ထိုအခါ ဘုရင်အနော်ရထာမင်းစောမှာ ယုံမှားသံသယ ဖြစ်သွားလေ၏။ အရည်းကြီးတို့ဝါဒ မှန်များနေလေမည်လား ဟူသော သံသယမျိုး ဖြစ်၏။

ထိုသို့ဖြစ်နေစဉ် ရှင်အရဟံကို မုဆိုးက ပင့်ဆောင် ခေါ်ယူလာခြင်း ဖြစ်၏။ ပုဂံပြည်သို့ရောက်လျှင် ရှင်အရဟံကို မြို့ရှေ့၌

www.dhammaransi.com



ဇေတဝန် အမည်ရှိသောကျောင်း ဆောက်၍ လှူတော်မူ၏။ 'အရဟံမဟာထေရ်' ဟူသော အမည်ကိုလည်း တွင်စေ၏၊ ဘုရင်မင်းမြတ်ကိုတိုင် ရေထမ်း၍ မိဖုရားကို ဆွမ်းအုပ်ရွက်စေကာ နေ့တိုင်းမပြတ် လုပ်ကျွေး၏။ အမေးပုစ္ဆာ မေးမြန်ဖွယ်ရှိလျှင်လည်း မေးမြန်း၏။

ဤကား ပရိတ္တနိဒါန်း၌လာသော ရှင်အရဟံ၏ ထေရုပ္ပတ္တိ (ထေရာပဒါန်)တည်း။

## (၃) သာသနာ့ဆက်စာတမ်းများ၌လာသော ရှင်အရဟံ၏ ထေရုပ္ပတ္တိ(ထေရာပဒါန်)

သုဝဏ္ဏဘူမိသထုံမြို့တွင် ဈာန်သမာပတ်ရသော အနောမဒဿီမထေရ်သည် အရှင်သောဏ၊ အရှင်ဥတ္တရတို့ ပြုစုသော သာသနာ အနွယ်အဆက်ကို သံဃာငါးရာနှင့် ကောင်းစွာ စောင့်ထိန်းလျက် နေ၏။ ထိုအရှင် အနောမဒဿီ၏ တပည့်ရင်းကား အရှင်အဓိသီလတည်း။ ထိုအရှင်အဓိသီလ၏ တပည့်ရင်းကား အရှင်ပြာဏဒဿီတည်း။ ထိုအရှင် ပြာဏဒဿီ၏ တပည့်ရင်းကား အရှင်ကာသတည်း။ ထိုအရှင်ကာလ၏ တပည့်ရင်းကား အရှင်အရဟံတည်း။ ထိုအရှင်အရဟံ၏ တပည့်ရင်းကား အရှင်အရိယဝံသတည်း။

မှတ်ချက်။ ။ဤနေရာတွင် ဘကြီးတော် ဘုရားလက်ထက် မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံရေးသော သာသနာလင်္ကာရ စာတမ်း၌ အထက်ပါ သာသနာ့ဆက် ဆရာစဉ်

www.dhammaransi.com



စာတမ်း၌ ဖော်ပြချက်သည် ကလျာဏီကျောက်စာပါ၌နှင့် မညီကြောင်း မှတ်ချက် ရေးထား၏။

## သာသနာလင်္ကာရ စာတမ်း၌ပါသော မဟာဓမ္မသင်္ကြံ၏မှတ်ချက်

"ဤသို့ သာသနာဆက်စာတမ်း ဆရာစဉ်တွပ် ဆိုသော စကားသည် သထုံပြည်၌ လောကီချာန် အဘိညာဉ် ရသော အရှင်ပြာဏဒဿီ။ ထိုအရှင်၏တပည့်ရင်း အရှင်မဟာကာလ။ ထိုအရှင်၏တပည့်ရင်း အရှင်အရိယဝံသ။ ထိုအရှင်၏တပည့်ရင်း အရှင်ဥတ္တရာဇီဝ" ဟူ၍—

"ကောပနေသ ဥတ္တရာဇီဝ မဟာထေရောတိ အယံဟိ ထေရော ရာမညဒေသိယ ပုတ္တော အရိယဝံသ ထေရဿ သိဿော။ အရိယဝံသတ္ထေရော ပန ကပ္ပုင်္ဂ နဂရဝါသိ မဟာကာလထေရဿ သိဿော။ သောပန သုဓမ္မနဂရ ဝါသိနော ပြာဏဒဿီ မဟာထေရဿ သိဿော"ဟု ကလျာဏီကျောက်စာတွင် ပါ၌ပါ၌သားစီလျက်ဆိုသည်နှင့် မညီလေ။

ယင်းသို့ မညီသော်လည်း သဘောအဓိပ္ပာယ် မပျက်ပြီ။ မဟုတ်မမှန်ပဲ ဆိုချေလျှင် ဆိုသူမှာသာ အပြစ်ရှိသည်။ ရှင်အရဟံ အမည်ရင်းကား ဓမ္မဒဿီဟု တွင်၏။ သထုံမြို့နေ ပုဏ္ဏားသားတည်း။ သီလဗုဒ္ဓိဆရာ၏ တပည့်ရင်း ပင်တည်း။

ဤကား မဟာဓမ္မသင်္ကြံ၏ မှတ်ချက်တည်း။

**ဓပယ်ဦး၊ ဓာဓပ**

www.dhammaransi.com



ထို အရှင်အရဟံသည် သာမဏေမပြုမီကပင် ဗေဒင်လေးပုံ တတ်မြောက်သတတ်။ သာမဏေ ပြုပြီးကား အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို ဆောင်ရွက်၍ ကျော်စော ထင်ရှားသဖြင့် သောက္ကတဲမြို့ကပင့်၍ ထိုမြို့တွင် ဆယ်နှစ်ကျော်နေပြီး သထုံမြို့သို့ပြန်ခဲ့၍ အရည္ဍဝါသီ တောရ ဆောက်တည်၏။

## အရည်းကြီးတို့၏ ကျမ်းစာများကို မီးတိုက်ခြင်း

သာသနာ သက္ကရာဇ် ၁၅၆၁ ခုနှစ်၊ ဂေါစာ သက္ကရာဇ် ၃၇၉ ခုနှစ်တွင် အနော်ရထာစော မင်းဖြစ်၏။ ထိုရောအခါ ပုဂံပြည်တွင်ရှင်ယောင်အရည်းတို့သည် သံဃာတော်ဟုသုံးဆယ်စီ အစုအသင်းဖွဲ့လျက် နေကြကုန်သည်။ အစုတထောင်ရှိသောဟူ၏။ အနော်ရထာ မင်းစောလည်း ထို အရည်းကြီး တို့၏ အာဂါရိယ၊ အဗြဟ္မစရိယ အမှုအကျင့်များကို ကြားတော်မူ၍ ကြည်ဖြူတော်မမူ။ ပြည်သူပြည်သားများနှင့်တကွ မပေးကမ်း မလှူဒါန်း နေသေ၏။

ထိုအခါ စဉ်းလဲ ဆန်းပြားသော အရည်းကြီးတယောက်သည် မိမိတို့ အပြုအမူနှင့် လျော်ညီအောင် ကျမ်းစာများလုပ်ပြီးလျှင် သရေခေတ္တရာ ရသေ့ပြည် အလယ်ခေါင်ရှိ သခွတ်ပင်ကြီးတပင်၏ အခေါင်း၌ ထိုကျမ်းစာများကို ထည့်သွင်းထားလေ၏။ သစ်ပင် အခွံ အသားစေ့ စပ်လှယ်အောင် စိုစို စွတ်စွတ် မြေမံထား၍ မသေ့မခြောက်စေရအောင် လုံ့လပြု၏။ သုံးနှစ်ကြာ၍ သစ်ပင်အခွံ အသားစေ့စပ်သောအခါ ပုဂံပြည်သို့လာ၍ အနော်ရထာမင်းစောအား ဤသို့ ကြားလာ၏။

www.dhammaransi.com



''အကျွန်ုပ်တို့မှာ ကျမ်းစာမရှိ၍ တောင့်တကြသည်တွင် ဘေးလောင်းတော် ဒွတ္တပေါင်မင်းကြီးမြို့တော်ဖြစ်သော သရေခေတ္တရာ ရသေ့ပြည် မြို့လယ်ခေါင်ရှိ သခွတ်ပင်ကြီး တပင်အတွင်း ကျမ်းစာများရှိသည်။ ထိုကျမ်းစာများကို ဖော်ထုတ်ယူငင် သင်ကြားကြရမည်ဟု နတ်များက အိပ်မက် ပေးလာပါသည်'' ဟူ၍ အကြောင်းကြားလာလေ၏။

ဘုရင် အနော်ရထာမင်းစောလည်း အားရ ဝမ်းသာနှင့် သရေခေတ္တရာပြည်သို့ စစ်အင်္ဂါလေးပါးနှင့် ချီတော်မူလေ၏။ သရေခေတ္တရာပြည်သို့ရောက်သောအခါ မြို့လယ်ခေါင်၌ သခွတ်ပင်ကို ရှာဖွေစေရာ လုံးပတ် ၃၂ တောင်ရှိသော သခွတ်ပင်ကြီးကိုတွေ့၍ ဖောက်ထွင်းစေလေ၏။ သခွတ်ပင်ကြီး၏ သစ်ခေါင်းတွင်းမှ ကျမ်းစာများ တွေ့ရှိ၍ ဘုရင်မင်းမြတ်အား ဆက်သကြလေ၏။ ဘုရင်မင်းမြတ်သည်ကျမ်းစာများကို ကြည့်ရှုနာခံတော်မူရာ သဘောသကန် မဟုတ်မှန်ကြောင်း သိတော်မူသဖြင့် ထိုကျမ်းစာများကို ထိုအရပ်တွင်ပင် မီးတိုက်စေ၏။ ထိုသို့ မီးတိုက်ရာအရပ်သည် ယနေ့ထက်တိုင်အောင် 'မီးတိုက်ကုန်း' ဟု အထင်အရှားတွင်လေ၏။

## အရှင်အရဟံကြွရောက်လာခြင်း

အထက်ပါ အကြောင်းအရာ စကားများကို တဆင့်တကဲ ရှင်အရဟံကြားရသဖြင့် သထုံပြည် သရေခေတ္တရာပြည်သို့ကြွလာခဲ့လေသည်။ ထိုအခါ တောင်တွင်းမြို့ ရွှေကုန်းခေါင်တောင်ရိုး၌

www.dhammaransi.com



လှည့်လည်ကျက်စားနေသော မုဆိုးတယောက်နှင့် တွေ့လေ၏။ မုဆိုးက ရှင်အရဟံကို လူရိုင်း တယောက်ဟု မှတ်ထင်၍ ဖမ်းဆီးပြီး ရှင်ဘုရင်ထံဆက်ရန် ရှင်အရဟံကို ဘုရင်မင်းမြတ်ထံ ခေါ်ဆောင်လာခဲ့လေ၏။ ရှင်အရဟံလည်း မုဆိုးခေါ်ရာသို့ လိုက်ပါလာခဲ့လေ၏။

မှတ်ချက်။ ။မုဆိုးက လူရိုင်းဟုမှတ်ထင်ခြင်းမှာ အရည်းကြီးတို့ကိုသာ မြင်ဖူး၍ ရဟန်းအစစ်ကို မမြင်ဖူးသဖြင့် မှတ်ထင်ခြင်းဖြစ်၏။ ရှင်ယောင် အရည်းကြီးတို့မှာ အပြာရောင်၊ အနက်ရောင် အဝတ်များ ဝတ်ရုံကြ၏။ ဆံပင်ကိုလည်း လက်လေးသစ်၊ လက်တဝါးမျှ ထားကြ၏။ ယခု အရှင်အရဟံမှာ ဖန်ရည်စွန်းသော အဝတ်ဝါကို ဝတ်၏။ ဆံပင်ကလည်း လက်နှစ်သစ်ထက် မလွန်။ ပရိက္ခရာ ရှစ်ပါးနှင့် စမ္မခဏ်များလည်းလွယ်လျက် ပါရှိနေ၏။ သို့ဖြစ်၍ တမူထူးခြားကာ လူရိုင်းတမျိုးဟု မှတ်ထင်ခြင်း ဖြစ်ပုံရ၏။

ဘုရင်မင်းမြတ်သည် မုဆိုးခေါ်ဆောင်လာ၍ မြင်တော်မူလျှင် ဣန္ဒြေနှင့် ပြည့်စုံခြင်းကိုထောက်၍ –

"ဤသူကား လူရိုင်းလက္ခဏာမရှိ၊ သူမြတ်လက္ခဏာ ရှိပေသည်" ဟု ဆင်ခြင်လျက် နေရာမှထကာ–

"သင့်တော်လျောက်ပတ်သောနေရာ၌နေပါ" ဟု မိန့်တော်မူလိုက်လေ၏။ ရှင်အရဟံလည်း ဘုရင်မင်းမြတ်၏ လေညာဘက်က မနီးမဝေးလွန်းသော အရပ်တွင် မိမိ၌ ပါလာသော

www.dhammaransi.com



စမ္မခဏ်ကိုခင်း၍ ထက်ဝယ် ဖွဲ့ခွေနေတော်မူလေ၏။ ထိုသို့ နေထိုင်ပုံ အခြင်းအရာကို ဘုရင်မင်းမြတ်မြင်လျှင် သဒ္ဓါကြည်ညိုသဖြင့် လက်ယှဲက်၍ –

"အဘယ် အမျိုးအနွယ်ပေနည်း" ဟု မေးတော်မူ၏။ ရှင်အရဟံက "ငါကား သမ္မာသမ္ဗုဒ္ဓဘုရားအနွယ်" ဟု မိန့်မြွက်ဖြေကြားတော်မူ၏။

"သမ္မာသမ္ဗုဒ္ဓဘုရားဟူသည်ကား အဘယ်သို့သော ဂုဏ်၊ အဘယ်သို့သောအကျင့် ရှိပေသနည်း" ဟု ဘုရင်မင်းမြတ်က မေးပြန်၏။

ထိုအခါ ရှင်အရဟံက "သမ္မာသမ္ဗုဒ္ဓဘုရားကား သစ္စာလေးပါး တရားအပေါင်းကို ဆရာမရှိပဲ မဖောက်မပြန် သိတော်မူနိုင်၍ မင်းသက်မင်း၊ နတ်ထက်နတ်၊ ဗြဟ္မာထက်ဗြဟ္မာ ဖြစ်သော ဂုဏ်သူ ဝိသေသနှင့် ပြည့်စုံသည်၊ သတ္တဝါခပ်သိမ်းတို့၏ ဆင်းရဲခြင်းကို ပယ်တတ်သောအကျင့် ရှိတော်မူ၏" ဟု မိန့်တော်မူလိုက်လေ၏။

ဘုရင်မင်းမြတ်လည်း ရှင်အရဟံ၏ မိန့်ကြားချက်ကိုကြားလျှင် ဝမ်းမြောက်ဝမ်းသာရှိ၍ မိမိကိုယ်ကို ဆောင်နှင်းလျက် (ကိုယ်ကိုအပ်၍) ဟောကြားပြ ဆုံးမတော်မူပါဟု လျှောက်ပြီး ဆရာအမှတ် ကိုးကွယ်တော်မူ၏။ သရေခေတ္တရာပြည်မှ ပုဂံပြည်သို့ ပြန်လည်သောအခါ ရှင်အရဟံကိုပါ ပုဂံပြည်သို့ ပင့်ဆောင်ခဲ့၏။

ပုဂံနေပြည်တော်သို့ ရောက်လျှင် ရှင်အရဟံကို ညောင်ဦးဉယျာဉ်၏ အနောက်ဘက် ဉခ္ခံမုဒ္ဒော၏ အရှေ့မြောက်ယွန်းတွင် အရည်ဝါသီ တောကျောင်းဆောက်၍ သီတင်းသုံး နေစေ

www.dhammaransi.com



တော်မူ၏။ ထိုသို့နေသောအခါ ရှင်ယောင် အရည်းကြီးတို့က ငြူစူကြ၏။ ရှင်ယောင်အရည်းကြီးတို့အတွက် အန္တရာယ် မဖြစ်စိမ့်သောငှာ အစောင့်အနေ လူပေါင်းတရာ လှူထားတော်မူ၏။ ရှင်အရဟံသည် ထို လူပေါင်းတရာကို ဝိနည်း ဓမ္မကွန်နှင့်အညီ တော်လှန်စေ၍ ရှင်ရဟန်း ပြုလုပ်ပေးပြီးလျှင် ပိဋကတ်တော်ကို တတ်မြောက်အောင် သင်ကြားစေတော်မူသည်။

ဤကား သာသနာဆက်စာတမ်းများ၌ လာသော အရှင်အရဟံ၏ ထေရုပ္ပတ္တိ(ထေရာပဒါန်)တည်း။

မှတ်ချက်။ ။'ထေရာပဒါန်' ဟူသည်ကား ထေရာပဒါနဟူသော ပါဠိမှ ဆင်းသက်လာသော 'ပါဠိသက်' စကားဖြစ်၏။ အဓိပ္ပာယ်ကား ထေရုပ္ပတ္တိနှင့် အတူပင်ဖြစ်၏။ ထေရာပဒါနဟူသော ပါဠိကို ထေရ+အပဒါနဟု ပုဒ်ဖြတ်ပြီး တဖန်ပြန်လည်၍ သန္ဓိစပ်ထားခြင်း ဖြစ်၏။ အပဒါနဟူသည်ကား အကြောင်းအရာ အတ္ထုပ္ပတ္တိပင် ဖြစ်၏။ မြတ်စွာဘုရား၏ အကြောင်းအရာကို ဗုဒ္ဓါပဒါနဟု ခေါ်၏။ အရှင်သာရိပုတ္တရာစသော မထေရ်တို့၏အကြောင်းကို ထေရာပဒါနဟု ခေါ်၏။ ထေရုပ္ပတ္တိဟူ၍ 'ဥပ္ပတ္တိ'သဒ္ဒါနှင့် သုံးစွဲခြင်းထက် အပဒါနသဒ္ဒါနှင့် သုံးစွဲခြင်းက ပါဠိနည်းတွင် ပိုမိုခန့်ညား၏။

ပိဋကတ်သုံးပုံတွင် သုတ္တန်ပိဋကတ်၌ 'အပဒါန ပါဠိတော်'ဟု တသီးတခြားရှိ၏။ မြတ်စွာဘုရားနှင့်တကွ ထေရ

ထေရီ အပေါင်းတို့၏ အကြောင်းအရာ အဖြစ်အပျက်ကို ဟောမြွက်ထားသော ပါဠိတော်ဖြစ်၏။

## ရှင်အရဟံ၏ ထေရာပဒါန်

အထက်ဖော်ပြခဲ့သော ရှင်အရဟံ၏ အကြောင်းအရာ ထေရုပ္ပတ္တိ(ထေရာပဒါန်)သုံးမျိုးလုံးကို သတ္တုချ၍ကြည့်လျှင် အချို့နေရာ၌တူ၍ အချို့နေရာ၌ တမူထူးခြားကာ ကွဲလွဲချက် ရှိနေစေကာမူ ရှင်အရဟံဟူသော ရဟန္တာမြတ် အမှန်ရှိကြောင်းနှင့် ပုဂံပြည်၌ သာသနာပြုကြောင်းဟူသော အချက်တွင်မူ အားလုံး သဘောတူကြ၏။ လိုရင်းပဓာနမှာ ဤအချက်ပင်ဖြစ်ရာ ဤအချက်တွင် မည်သည့် ထေရာပဒါန်(ထေရုပ္ပတ္တိ)တွင်မျှ ကွဲလွဲချက် မရှိခဲ့ပေ။

အထက်ပါ ရှင်အရဟံ၏ ထေရာပဒါန် သုံးမျိုးလုံးတွင် ရှင်အရဟံ၏ ဖွားရာဇာတိ နေရပ် အတိအကျ မပါရှိခဲ့ပေ။ မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံရေးသော သာသနာလင်္ကာရ စာတမ်းတွင် မဟာဓမ္မသင်္ကြံက သူ၏ မှတ်ချက်အဖြစ်နှင့် 'သထုံမြို့နေ-ပုဏ္ဏားသားတည်း'ဟု သထုံမြို့သားဖြစ်ကြောင်း ဖော်ပြချက် တွေ့ရ၏။

မဟာဓမ္မသင်္ကြံဆိုသည်ကား အမရပူရ ပထမမြို့တည် ဘိုးတော်ဘုရားလက်ထက်က ဉာဏာဘိဝံသ ဓမ္မသေနာပတိ အမည်ရ မောင်းထောင်သာသနာပိုင်ဖြစ်၍ လူထွက်သောအခါ မင်းတိုင်ပင် အမတ်ကြီးအဖြစ် ခန့်ထားခြင်း ခံရသူဖြစ်၏။ သို့ဖြစ်၍ သူ၏ ဖော်ပြချက် မှတ်ချက်ကို အလေးအနက် မှတ်ယူသင့်

www.dhammaransi.com



ပေ၏။ ထိုဖော်ပြချက် မှတ်ချက်ထက် ခိုင်မာသော အကိုး အကား သာကေ မတွေ့မီစပ်ကြား၌ ထိုဖော်ပြချက် မှတ်ချက် ကိုပင် အတည်ပြုကာ မှတ်သားသင့်ကြပေသတည်း။

## ရှင်အရဟံ ပုဂံပြည်သို့ရောက်သော သက္ကရာဇ်

အရိမဒ္ဒနာပုဂံပြည် ဘုရင်အနော်ရထာမင်းစော လက်ထက် သုဓမ္မပုရ၊ သုဓမ္မဝတီ နှစ်မည်ရ သထုံပြည် အရိမဒ္ဒနာ ပုဂံ ပြည်သို့ ရှင်အရဟံ ကြွရောက်လာကြောင်း၊ပုဂံပြည်၌ သာသနာ ပြုစုကြောင်း သာသနာဝင်ကျမ်း၊ ရာဇဝင်ကျမ်း အစောင် စောင်တို့၌ ဝိဝါဒ မကွဲပြား တသားတည်းဆိုကြ၏။ သို့သော် ရှင်အရဟံ ပုဂံပြည်သို့ မည်သည့် သက္ကရာဇ်နှစ်တွင် ရောက် ကြောင်းမူ မည်သည့် သာသနာဝင်ကျမ်း၊ ရာဇဝင်ကျမ်း၌မျှ ဖော်ပြပါရှိခြင်း မရှိပေ။

ထိုအတွက် သုတေသနပြုလုပ်ကာ မရမကရှာဖွေသောအခါ မူ ရှားရှားပါးပါး ထူးထူး ခြားခြားနှင့် ဝံသမေဒ ပကာသနီ အမည်ရှိသော ကျမ်းကြီး၌ တွေ့ရ၏။ တွေ့ရပုံကား အနော် ရထာမင်းစော နန်းစံ၍ နန်းသက် (ရှင်ဘုရင်သက်) ကိုးနှစ် မြောက်တွင် ရှင်အရဟံ ပုဂံပြည်သို့ ရောက်သည်ဟု အတိအကျ ဖော်ပြထား၏။ သို့ဖြစ်၍ ဂေါစာသက္ကရာဇ် (ပုပ္ပါးစောရဟန်း၏ သက္ကရာဇ်) ၃၈၈ ခုနှစ်တွင် ပုဂံပြည်သို့ ရှင်အရဟံ ရောက် ကြောင်း သိရ၏။

ဝံသမေဒ ပကာသနီကျမ်းကား သာမညမဟုတ်။ ကျမ်းပြု ဆရာတော်မှာ မန္တလေးရာဇဝင် ပဌမ သင်္ဂါယနာတင် ဘုရင်

www.dhammaransi.com



မင်းတုန်းမင်းတရားကြီးလက်ထက် ကျမ်းတတ်အကျော် ဒုတိယ စံကျောင်းဆရာတော်၊ သုဒဿနဝရ ဓမ္မသာမိ မဟာဓမ္မရာဇာဓိ ရာဇ ဂုရုနှင့် မန္တလေးမြို့ မဟာဝေယန်ဘုံကျော် မိုးကောင်း ဆရာတော် နာဂိန္ဒာဘိ ကဝိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရုတို့၏ တပည့်ရင်းဖြစ်သော ရန်ကုန်မြို့ ဒုတိယ ဘုရားဖြူဆရာတော် အရှင်နန္ဒိယ မထေရ်မြတ်ဖြစ်၏။

ထို အရှင်နန္ဒိယ မထေရ်မြတ်သည် ဝါစဝါစကဋီကာ သစ်ကို စီရင်သော ဋီကာကျမ်းပြု ဆရာလည်းဖြစ်၏။ ဤအချက်နှင့် ပတ်သက်၍ ခက်ရာခက်ဆစ် သက္ကရာဇ်အတွက် ဝံသမေဒပကာ သနီ၏ ဖော်ပြချက်မှတပါး အခြားတပါး ကျမ်းစာတို့၌ မတွေ့ ရသဖြင့် နောက်ထပ် ခိုင်မာသော သာဓက မရမီစပ်ကြား ဝံသ မေဒပကာသနီ၏ ဖော်ပြချက်ချက်ကိုပင် အတည်ပြုကာ မှတ် သားအပ်ပေ၏။

## သထုံပြည်ကို တိုက်သိမ်းအောင်မြင်သော သက္ကရာဇ်

အထက်ပါ ပုဂံပြည်သို့ ရှင်အရဟံရောက်သော သက္ကရာဇ်နှင့် ပတ်သက်၍ ဆက်လက်ဖော်ပြရန် အချက်တခုမှာ ရှင်အရဟံ၏ မိန့်ကြားချက်အရ၊ သထုံပြည်မှ ပိဋကတ်တော်များ ကို ယူဆောင်ရန် သထုံပြည်ကို တိုက်သိမ်းအောင်မြင်သော သက္ကရာဇ် ဖြစ်၏။ ထိုသက္ကရာဇ် အတွက်ကား ကလျာဏီ ကျောက်စာတွင် သာသနာ သက္ကရာဇ် ၁၆၀၁ ခုနှစ်၊ ပုပ္ပားစောရဟန်း၏ ဂေါစာသက္ကရာဇ် ၄၁၉ ခုနှစ်တွင် ဖြစ်ကြောင်း အခိုင်အမာ ဖော်ပြထား၏။ ထိုအချိန်တွင် ( ၄၁၉ ခုနှစ်တွင်)အနော်ရထာ

www.dhammaransi.com



မင်းစော၏ နန်းသက် (ရှင်ဘုရင်သက်)မှာ နှစ်ပေါင်း လေးဆယ် တိတိ ရှိနေပြီဖြစ်၏။ အနော်ရထာ မင်းစောကား နန်းသက် (ရှင်ဘုရင်သက်)နှင့် ၄၂ နှစ်သာ နေရ၏။ ပုပ္ပားစောရဟန်း၏ ဂေါစာသက္ကရာဇ် ၄၂၁ ခုနှစ်တွင် နတ်ရွာစံ၏။

သို့ဖြစ်၍ အနော်ရထာမင်းစော နတ်ရွာမစံမီ နှစ်နှစ် အလို တွင်မှ သထုံကို တိုက်သိမ်းအောင်မြင်၍ ပိဋကတ်တော်များ ပုဂံပြည်သို့ ယူဆောင်ရခြင်း ဖြစ်ပေ၏။ ထိုသို့ဆိုလျှင် ပုဂံပြည်သို့ ရှင်အရဟံရောက်ပြီးနောက် နှစ်ပေါင်း ၃၁ ကြာမှ သထုံပြည်ကို တိုက်သိမ်းအောင်မြင်၍ ပိဋကတ်တော်များ ဆောင်ယူရခြင်း ဖြစ်ကြောင်း သိရပေ၏။

## ရဟန်းလူထွက်(ဘုန်းကြီးလူထွက်)ကျန်စစ်သား

ရှင်အရဟံ ပုဂံပြည်သို့ရောက်သော သက္ကရာဇ်နှင့် ပတ်သက်၍ ဆက်လက်စဉ်းစားရန် အချက်တခုမှာ ကျန်စစ်သားနှင့် စပ်လျဉ်း သော အချက်ဖြစ်၏။ ဘုရင်အနော်ရထာ မင်းစော၏ သားတော် ကျန်စစ်သားသည် ဂေါစာသက္ကရာဇ် ၃ဂ၂ ခုနှစ် တွင် ဖွားမြင်၏။ ဘုရင်အနော်ရထာ မင်းစောသည် အမတ် ရာဇ တမန်၏ လိမ်လည်လှည့်ဖြားခြင်းကို ယုံကြည်၍ ကျန်စစ် သား မယ်တော်ကို နန်းတော်၌ မထားပဲ 'ငရိမ့်' အရပ်သို့ ပို့လိုက်၏။ ထိုသို့ပို့လိုက်စဉ် ကျန်စစ်သား၏ ကိုယ်ဝန်ပါသွား၏။ ကိုယ်ဝန်အရင့်အမာ ဖြစ်လာသောအခါ မြွေလျှော် ပြင်းစွာ လှုပ်၏။ မြွေလျှော် လှုပ်ခြင်းအကြောင်းကို ဟူးရားဖြူ၊ဟူးရား ညိုတို့အား မေးမြန်းရာ မင်းပြုမည့်သူ (မင်းလောင်း) မြောက်

www.dhammaransi.com



အရပ်မှာ ပင့်သနွေနေ၍ လုပ်ကြောင်း လျှောက်ကြ၏။ မြောက်အရပ်ရှိ ကိုယ်ဝန်ဆောင်မိန်းမ ခုနစ်ထောင်ကျော်တို့ကို စစ်ကြော၍ သတ်လေ၏။ ကျန်စစ်သားမယ်တော်ကား သတ်သည့်အထဲ မပါပဲ လွတ်သွားလေ၏။

ဘုရင်မင်းမြတ်က မင်းလောင်းသေပြီလောဟု မေးပြန်ရာ ဟူးရားဖြူ၊ ဟူးရားညိုတို့က မသေသေးပါ၊ ယခုအမိဝမ်းမှပင် ဖွားမြင်လာပြီဟု လျှောက်ကြ၏။ သူငယ်နို့စို့ ပုခက်တွင်း ခြောက်ထောင်ကျော်ကို စစ်ကြော၍ သတ်ပြန်လေ၏။ ကျန်စစ်သားကား သတ်သည့်အထဲ မပါ လွတ်သွားလေ၏။

ထို့နောက် နှစ်အတော်ကြာလျှင် မင်းလောင်းသေပြီလောဟု မေးမြန်၏။ မသေသေးပါ၊ နွားကျောင်းသားအရွယ် ရှိနေပြီဟု လျှောက်ကြသည်။ နွားကျောင်းသားအရွယ် ငါးထောင်ကျော်ကို စစ်ကြော၍ သတ်ပြန်လေ၏။ ကျန်စစ်သားကား သတ်သည့်အထဲ မပါပဲ လွတ်သွားပြန်လေ၏။ ထိုသို့ဖြင့် ကျန်စစ်သားလည်း သေတွင်းထွက်ဖြစ်ကာ ကြီးပြင်းလာခဲ့ရလေ၏။

အထက်ဖော်ပြရာပါ အဖြစ်အပျက်များနှင့် တဆက်တည်းဖြစ်သော ကျန်စစ်သား၏အကြောင်းတွင် မှန်နန်း မဟာရာဇဝင်တော်ကြီးက အောက်ပါအတိုင်း ရေးသားဖော်ပြထား၏။

"ကျန်စစ်သားမယ်တော်လည်း သားတော်ကို မင်းကြီးဆရာတော် အထံဝယ် အပ်၍ ရဟန်းပြုလေ၏။ ဟူးရားဖြူ၊ ဟူးရားညိုတို့လည်း ရဟန်းပြုပြီဟု လျှောက်ပြန်၍ မင်းကြီးလည်း အဘယ်အကြောင်းဖြင့် သိရအံ့နည်းဟု မေးတော်

www.dhammaransi.com



မူ၏။ 'ဆွမ်းပင့်၍ ကျွေးတော်မူသည့် အဆုံး၌ ကရားနှင့် ရေတိုက်တော်မူလျှင် မင်းဖြစ်မည့်သူ(မင်းလောင်း)ခံတွင်းမှ စက်ပြောင်ပြောင် ထွက်လတ္တံ့''ဟု နားတော်လျှောက်၏။ မင်းကြီးလည်း ရဟန်းအပေါင်းတို့ကို အစဉ်အတိုင်းပင့်၍ နေ့တိုင်းလျှင် ဆွမ်းလုပ်ကျွေးတော်မူ၏။ တနေ့သ၌ ကျန်စစ်သားကိုပင့်၍ ဆွမ်းလုပ်ကျွေးတော်မူ၏။ ဆွမ်းဘုဉ်းပေးလျှင် ကရားနှင့် အစဉ်အတိုင်း ရေတိုက်တော်မူ၏။ ထိုအခါ ကျန်စစ်သားခံတွင်းမှ စက်ပြောင်ပြောင် ထွက်သည်ကို မင်းကြီးမြင်လေသော် လန့်တော်မူ၍ ကရား လံလေ၏။ မင်းကြီးလည်း ငါ့စည်းစိမ်ကို လုမည်လောဟု မေးတော်မူ၏။ ဟူးရားဖြူ၊ ဟူးရားညိုတို့လည်း မင်းကြီးနောက်တဆက်လွန်မှ မင်းဖြစ်လတ္တံ့ဟု နားတော်လျှောက်ပေ၏။ မင်းကြီးလည်း သင်တို့ သည်စကားကို ငါ့အား ယခုမှ လျှောက်သည်။ ငါ့ စည်းစိမ်ကို လုလတ္တံ့သည်ဟု များစွာသော သတ္တဝါတို့ကို ငါသတ်မိသည်ဟူ၍ အမိန့်တော်ရှိပြီးလျှင် ကျန်စစ်သားကို လူဖြစ်စေ၍ အပါးတော်ဝယ် ခစားရ၏။ သားတော်ရင်း ဖြစ်၍လည်း သနားတော်မူ၏။ ကျန်စစ်သား ဟူ၍လည်း အမည်သမုတ်၍ ခေါ်တော် မူ၏။''

## စိစစ်ချက်

၎င်းအထက်ပါ ဖော်ပြချက်အရ ကျန်စစ်သား ရဟန်းပြုကြောင်း သိရ၏။ သတိပြုရန်မှာ ရှင်ဟူ၍မဆို၊ ရဟန်းဟူ၍ ဆိုထား၏။ ရဟန်းဆိုသည်မှာ အနည်းဆုံးအားဖြင့် အသက် ၁၉

www.dhammaransi.com



နှစ်ရှိရ၏။ အမိဝမ်းတွင်း၌ ပဋိသန္ဓေ တည်နေခဲ့သော လ၊ ရက်များနှင့် ပေါင်း၍ ယူလျှင် အသက် နှစ်ဆယ် ဖြစ်နိုင်၏။ သို့ဖြစ်၍ ဆယ့်ကိုးနှစ်နှင့် သုံးလရှိသော သူသည် ပဋိသန္ဓေနေသက်နှင့်ပေါင်းပြီး ရဟန်းခံခွင့်ရှိ၏။ ကျန်စစ်သားသည် ပုပ္ပားစောရဟန်း၏ ဂေါစာသက္ကရာဇ် ၃၈၂ ခုနှစ်တွင် ဖွားမြင်သူ ဖြစ်၏။ အနော်ရထာမင်းစော နန်းတက်ပြီးနောက် (ရှင်ဘုရင်ဖြစ်ပြီးနောက်) သုံးနှစ်မြောက်တွင် မွေးဖွားခြင်းဖြစ်၏။ ကျန်စစ်သားသည် ဂေါစာသက္ကရာဇ် ၄၂၆ ခုနှစ်၊ အသက်တော် ၄၄ နှစ်တွင် နန်းတက်၍ ရှင်ဘုရင်ဖြစ်၏။ သို့ဖြစ်၍ အသက် ၁၉ နှစ်၊ ဂေါစာသက္ကရာဇ် ၄၀၁ ခုနှစ်၌ ရဟန်းပြုလုပ်နိုင်ကြောင်း သိရ၏။ ဤသို့ ယူငင်လျှင်အဘက်ဘက်က သက္ကရာဇ်အတွက် ကိုက်ညီနေသည်ကို တွေ့ရ၏။ ကျန်စစ်သား၏ အသက် ၁၉ နှစ်ရှိသော အခါ အနော်ရထာမင်းစော၏ နန်းသက် (ရှင်ဘုရင်သက်) ၂၂ နှစ်ရှိလေပြီ။ ထိုအခါတွင် ဂေါစာသက္ကရာဇ်မှာ ၄၀၁ နှစ်ဖြစ်၏။ ထိုအခါတွင် ပုဂံပြည်၌ ဗုဒ္ဓသာသနာ တည်ထွန်းနေပြီဖြစ်ကြောင်း—

"ကျန်စစ်သား မယ်တော်လည်း သားတော်ကို မင်းကြီးဆရာတော်အထံ ဝယ်အပ်၍ ရဟန်းပြုလေ၏"ဟူသော မှန်နန်းမဟာရာဇဝင်တော်ကြီး၏ ဖော်ပြချက်စကားအရ သိနိုင်၏။

ထိုသို့ သိရချက်အရ ထိုသက္ကရာဇ်၊ ထိုနှစ် ၄၀၁ ခု မတိုင်မီ ပုဂံပြည်သို့ ရှင်အရဟံ ရောက်နေကြောင်းလည်း ထင်ရှားသိနိုင်၏။ အကြောင်းကား အရှင်အရဟံ ရောက်ပြီးမှသာ ဗုဒ္ဓသာသနာ တည်ထွန်းနိုင်သောကြောင့်တည်း။ သို့ဖြစ်၍ အနော်

www.dhammaransi.com



ရထာ မင်းစော နန်းစံ၍ နန်းသက် (ရှင်ဘုရင်သက်) ကိုးနှစ်မြောက်တွင် ပုဂံပြည်သို့ ရှင်အရဟံ ရောက်သည်ဆိုသော ဝံသဒေဒ ပကာသနီကျမ်းလာစကားသည် အသင့်ယုတ္တိရှိပေ၏။

ဤကား ပုဂံပြည်သို့ ရှင်အရဟံရောက်သော သက္ကရာဇ်ကို ရှင်းပြချက်တည်း။

## ရှင်အရဟံ ကြွလာခဲ့ရာ ဌာနမှ သာသနာရေး

ရှင်အရဟံသည် သုဓမ္မပုရ၊ သုဓမ္မဝတီနှစ်မည်ရ သထုံပြည်မှ ကြွလာခြင်း ဖြစ်ကြောင်း နောက်က ဆိုခဲ့ပြီ။ ထိုသထုံပြည်တွင် မည်သည့်အချိန်က သာသနာရောက်နေသနည်းဟု မေးရန်ရှိ၏။ အကျဉ်းချုပ်အမြွက်မျှ ဖော်ပြရလျှင် ဤကျမ်းစာအစ တကော်င်းဆက် သာသနာရေးတွင် ဖော်ပြခဲ့သော အရှင်ဂဝံပတိရဟန္တာ၏ ပြုစုချက်အရ သထုံ၌ သာသနာရောက်နေခြင်း ဖြစ်ပေ၏။

ထိုမှနောက်လည်း တတိယ သင်္ဂါယနာ တင်ပြီးနောက် ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်ရာ၌ သောဏမထေရ်နှင့် ဥတ္တရမထေရ်ကို သုဝဏ္ဏဘူမိတိုင်းသို့ သာသနာပြုစေလွှတ်ခဲ့၏။ သုဝဏ္ဏဘူမိတိုင်း ဟူသည်ကား သထုံပြည်ကိုပင် ခေါ်ခြင်းဖြစ်၏။ သို့ဖြစ်၍ သုဝဏ္ဏဘူမိတိုင်းလည်းခေါ်၊ သုဓမ္မပုရ၊ သုဓမ္မဝတီလည်းခေါ် သထုံပြည်၌ သာသနာ တည်တွန့်နေခြင်းဖြစ်ကြောင်း သိရပေ၏။ အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တမထေရ်တို့ သုဝဏ္ဏဘူမိ သထုံပြည်တွင် သာသနာပြု

www.dhammaransi.com



ကြောင်း ဆိုင်ရာအပိုင်းကဏ္ဍသို့ ရောက်သောအခါ အကျယ်တဝင့်လာလတ္တံ့။

## သုဝဏ္ဏပုရ သထုံပြည်မှ ပိဋကတ်တော်များကို ဆောင်ယူခြင်း

ရှင်အရဟံသည် ပုဂံပြည်သို့ရောက်ပြီးနောက် ဘုရင်အနော်ရထာမင်းစောနှင့်တကွ တိုင်းသူ ပြည်သားများအား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးလျက် ရှင်သာမဏေ ပြုလိုသူ၊ ပဉ္စင်းခံလိုသူ တို့အားလည်း ရှင်ရဟန်း ပြုလုပ်ပေးကာ ဗုဒ္ဓမြတ်စွာသာသနာကို ထွန်းတောက်စေလေ၏။ ရှင်အရဟံကား မြန်မာနိုင်ငံတော်ဝယ်အရိမဒ္ဒနာပုဂံပြည်ကို ပထမဆုံးသာသနာတော်၌ ကြည်ညိုလာအောင် ဆောင်ရွက်ပေးသော သာသနာပြုပုဂ္ဂိုလ်ဖြစ်၏။ သို့ဖြစ်၍ သီဟိုဠ်ကျွန်းကို ပထမဆုံး သာသနာတော်၌ ကြည်ညိုလာအောင် ဆောင်ရွက်ပေးသော အရှင်မဟိန္ဒအား သီဟိုဠ်ကျွန်းသား ကျမ်းပြုဆရာ မထေရ်မြတ်တို့က 'ဒီပပ္ပသာဒက' ဟု ဘွဲ့ပုံကမ္ပည်းတပ်ကာ ဂုဏ်ပြုကြသကဲ့သို့ အရှင်အရဟံအား 'ရဋ္ဌပ္ပသာဒက'ဟု ဘွဲ့ပုံကမ္ပည်းတပ်ကာ ဂုဏ်ပြုအပ်ပေ၏။

ဒီပပ္ပသာဒက ဆိုသည်ကား ကျွန်းကို (သီဟိုဠ်ကျွန်းကို) သာသနာကြည်ညိုစေတတ်သော (သာသနာကိုကြည်ညိုအောင် ပြုလုပ်နိုင်သော) မထေရ်ဟု ဆိုလို၏။ 'ရဋ္ဌပ္ပသာဒက' ဆိုသည်ကား တိုင်းပြည်ကို (အရိမဒ္ဒနာပုဂံပြက်ကို)သာသနာကြည်ညိုစေတတ်သော (သာသနာကိုကြည်ညိုအောင် ပြုလုပ်နိုင်သော) မထေရ်ဟု ဆိုလို၏။

www.dhammaransi.com



တနေ့သ၌ ရှင်အရဟံသည် ဘုရင်အနော်ရထာ မင်းစော အား သာသနာရေးအတွက် ဆောင်ရွက်ဖွယ် အချက်တရပ်ကို မိန့်ကြားတော်မူလေ၏။

"ဒကာတော်မင်းမြတ်၊ မြတ်စွာဘုရား၏ သာသနာတော် အရှည်သဖြင့် တည်ထွန်း စည်ကားနိုင်အောင် ဆောင်ရွက်ဖို့ မိန့်ကြားလိုတယ်။ မြတ်စွာဘုရား၏ သာသနာတော်သည် (၁) ပရိယတ္တိသာသနာ၊ (၂) ပဋိပတ္တိသာသနာ၊ (၃) ပဋိဝေဓ သာသနာဟု သုံးမျိုးရှိတယ်။

(၁) ပရိယတ္တိသာသနာဆိုတာ မြတ်စွာဘုရား ဟောကြား တော်မူသော ပိဋကတ်သုံးပုံဖြစ်တယ်။ ပဋိပတ္တိသာသနာဆိုတာ ပရိယတ္တိသာသနာမှာပါတဲ့အတိုင်း သမထဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ ရဟန်းတရား အားထုတ်ခြင်းများကို ခေါ်တယ်။ ပဋိဝေဓ သာသနာဆိုတာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်း၊ ရဟန်းတရား အားထုတ်ခြင်းများကြောင့် ရရှိ အပ်တဲ့ မဂ်လေးပါး၊ ဖိုလ်လေးပါ၊ မဂ်ဖိုလ်တရားများကို ခေါ်တယ်။ အဲဒီသာသနာသုံးရပ်မှာ ပရိယတ္တိသာသနာဆိုတဲ့ ပိဋကတ်စာပေရှိမှ ပဋိပတ္တိသာသနာ ဖြစ်ထွန်းနိုင်တယ်။ ပဋိပတ္တိ သာသနာရှိမှ ပဋိဝေဓသာသနာ ဖြစ်ထွန်းနိုင်တယ်။ သာသနာ သုံးရပ်မှာ ပရိယတ္တိသာသနာက လိုရင်းပဓာန မူလပင်မ အခြေ အမြစ် ဖြစ်တယ်။

ယခု ဤပုဂံပြည်မှာ ပရိယတ္တိဆိုတဲ့ ပိဋကတ်တော်သုံးပုံ မရှိ သေးဘူး။ အမြဲထာဝရထားပြီး ကိုးကွယ်ဖို့ မြတ်စွာဘုရား သခင်ရဲ့ ဓာတ်တော်၊ မွေတော်များလည်း မရှိသေးဘူး။

www.dhammaransi.com



သည်အတွက် ပိဋကတ်တော်များ၊ သရီရဓာတ်တော် မွေတော်များရှိတဲ့ တိုင်းပြည်နိုင်ငံတို့မှာ လက်ဆောင်ပဏ္ဏာများပေးပြီး တောင်းယူသင့်တယ်။ သည်လိုတောင်းယူပြီး ပိဋကတ်တော်တွေ၊ ဓာတ်တော်မွေတော်တွေ ရမှသာ သာသနာတော် အရှည်သဖြင့် အစဉ်မပြတ် တည်ထွန်းနိုင်ဖို့ အကြောင်းရှိသည်''ဟု မိန့်မြွက်တော်မူလေ၏။

ထိုအခါ ဘုရင်မင်းမြတ်က ''အရှင်မြတ်ဘုရားမိန့်ရှိသည့်အတိုင်း ဆောင်ရွက်ပါမည်။ ပိဋကတ်တော်တွေ၊ ဓာတ်တော် မွေတော်တွေ ဘယ်တိုင်းပြည်နိုင်ငံမှာ ရှိပါသလဲဘုရား''ဟု မေးလျှောက်လေရာ—

ရှင်အရဟံက 'ဒကာတော်မင်းမြတ်၊ သုဓမ္မပုရသထုံပြည်မှာ ပိဋကတ်သုံးပုံ အစုံပေါင်း သုံးဆယ်ရှိတယ်။ အစုံပေါင်း သုံးဆယ် ဆိုတာက ပိဋကတ်သုံးပုံလုံးကို တစုံလို့ခေါ်ပြီး အစုံပေါင်း သုံးဆယ်ရှိတယ်လို့ ဆိုလိုတယ်။ သည့်ပြင် မြတ်စွာဘုရားသခင်ရဲ့ သရီရဓာတ်တော် မွေတော်များလည်း များစွာ ရှိတယ်'ဟု မိန့်တော်မူလိုက်လေ၏။

ဘုရင်အနော်ရထာမင်းစောသည် အထက်ပါ ရှင်အရဟံ၏ ညွှန်ကြားမိန့်ဆိုချက်အတိုင်း လက်ဆောင်ပဏ္ဏာကာရ မြောက်မြားစွာနှင့် မင်းရေးစိုးခွင့်တွင် ကျွမ်းကျင်လိမ္မာသော အမတ်တယောက်ကို သုဓမ္မပုရ သထုံပြည်သို့ စေလွှတ်၍ သထုံဘုရင် မနူဟာမင်းထံ သာယာချေငံစွာ ပိဋကတ်တော်များ နှင့် ဓာတ်တော် မွေတော်များကို တောင်းစေလေ၏။ ငယ်မည်တော် သူရိယကုမာ ခေါ် မနောဟာရီ မည်သော သထုံဘုရင် မနူဟာ

www.dhammaransi.com



မင်းလည်း အနော်ရထာမင်းစောထံမှ အမတ်တမန်ရောက်လာ၍ အကြောင်းအရာကိုသိရလျှင် ရာဇမာန်ရှကာ မချေမငံသော စကားဖြင့် မိန့်ကြား၍ ပိဋကတ်တော်နှင့် ဓာတ်တော်မွေတော်များကို မပေးလိုက်ပေ။

မှတ်ချက်။ ။မနူဟာမင်းက ရာဇမာန်ရှကာ မချေမငံသော စကားဖြင့် မိန့်ကြားပုံကို ရာဇဝင်နှင့် သာသနာဝင်ကျမ်းများ၌ မိန့်ကြားပုံ အခြင်းအရာကို တမျိုးစီ ဖော်ပြထားကြ၏။

ပုဂံရာဇဝင်တွင် 'ပိဋကတ်တော်၊ ဓာတ်တော်၊ မွေတော်များသည် လူရိုင်းတို့၏ အရာလော'ဟု ပြောဆို မိန့်မြွက်လိုက်ကြောင်း ဖော်ပြထား၏။

မန္တလေး ရတနာပုံမြို့တည် ပဉ္စမ သင်္ဂါယနာတင် မင်းတုန်းမင်းတရား လက်ထက် ပညာသာမိ သီရိဓာဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရုဘွဲ့ခံ ဒုတိယမောင်းထောင် ဆရာတော် ပါဠိဘာသာနှင့် စီရင်ထားသည့် 'သာသနဝံသပ္ပဒီပိကာ'ခေါ် သာသနာဝင်ကျမ်းတွင် 'သင်တို့ကဲ့သို့သော မိစ္ဆာဒိဋ္ဌိတို့၏ တိုင်းပြည်၌ မြတ်စွာဘုရားသခင်၏ ပိဋကတ်တော်၊ ဓာတ်တော်၊ မွေတော်များ မတင့်မလျော် မတော်မတန်။ လောကသုံးပါးထက် မြတ်တော်မူသော ဘုရားသခင်၏ သာသနာတော်သည် သမ္မာဒိဋ္ဌိဘို့၏တိုင်းပြည်နိုင်ငံ၌သာ တည်တော်မူသည်။ ဥပမာအားဖြင့် ခြင်္သေ့ဆီသည် ရွှေခွက်၌သာတည်။ မြေခွက် ကြေးခွက်တို့၌မတည်။ ထို့အတူ

www.dhammaransi.com



ခြင်္သေ့ဆီနှင့်တူသော မြတ်စွာဘုရား၏သာသနာတော်သည် မြေခွက် ကြေးခွက်နှင့်တူသော မိစ္ဆာဒိဋ္ဌိတို့၏ နေရာဖြစ်သည့် သင်တို့ ပုဂံပြည်မှာ တည်မည် မဟုတ်ဟု ပြောဆိုမိန့်မြွက်လိုက်ကြောင်း ဖော်ပြထား၏။

တမန်အဖြစ်ဖြင့် စေလွှတ်လိုက်သော အမတ် ပြန်ရောက်လာ၍ သထုံဘုရင် မနူဟာမင်းက ပြောဆိုလိုက်ပုံ ကြားရသောအခါ အနော်ရထာမင်းစောသည် ပြင်ထန်စွာ ရာဇမာန် ရှက်တော်မူလေ၏။ သို့ဖြစ်၍ နိုင်ငံတော်၌ရှိသော သူရဲ သူခက်အပေါင်းတို့ကို ရုံးစုတော်မူ၍ သထုံပြည်ကို တိုက်သိမ်းရန် ရေကြောင်း၊ ကြည်းကြောင်း ချီတော်မူလေ၏။

ရေကြောင်းတွင် လေ့ရှစ်သိန်း၊ သူရဲ ရှစ်ကုဋေ။ ကြည်းကြောင်းမှာလည်း ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဘီးဟူသော စစ်သူကြီး လေးယောက်တို့ကို ရှေ့ဖျားချီစေ၍ ဘုရင်မင်းမြတ်ကိုယ်တိုင် ကြပ်မကာ နောက်တပ်မ ပြု၍ ချီတော်မူလေ၏။ ကြည်းတပ်တွင် ဆင်ရှစ်သိန်း၊ မြင်းရှစ်သန်း၊ သူရဲကုဋေရှစ်သန်းပါ၏။ ရေကြောင်းချီသောစစ်ဖျား ပဲခူးသို့ရောက်သော အခါတိုင်အောင် ပုဂံရွှေမြို့တော်မှ လှေ့တပ်မကုန်သေးပေ။ ကြည်းကြောင်းတွင်လည်း ရှေ့ချီသော စစ်ဖျားသထုံကျေးစပ်သို့ ရောက်သည်တိုင်အောင် ပုဂံရွှေမြို့တော်က ကြည်းတပ်များ မကုန်သေးပေ။ ဤမျှသောက် မြောက်မြားလှ၏။

ထိုသို့ ကြောက်ခမန်းလိလိ အရိမဒ္ဒနာပုဂံပြည့်ရှင် ဘုရင် အနော်ရထာမင်းစော စစ်ချီလာကြောင်း သထုံဘုရင် မနူဟာမင်း ကြားသိလျှင် အလွန် ကြောက်ရွံ့ခြင်း ပြင်းစွာဖြစ်၍

www.dhammaransi.com



မြို့တံခါးပိတ်ကာ မြို့ကို ခိုင်လုံအောင်လုပ်ပြီး ခံနှင့်လေ၏။ ရေကြောင်း၊ ကြည်းကြောင်း တပ်မတော်များ အစုံအညီ ရောက်လျှင် ကျန်စစ်သားအမှူးရှိသော စစ်သူကြီးလေးယောက်ကိုယ်တိုင် ခေါင်းဆောင်၍ မြို့ကို ဖြိုဖျက် တိုက်ခိုက်ကြလေ၏။ သို့သော် သထုံမြို့မှာ ပယောဂစီရင်၍ထားသဖြင့် ကြိမ်ဖန်များစွာ တိုက်ခိုက် ဖြိုဖျက်ပါသော်လည်း မြို့ကိုဖြိုဖျက်ရန်၊ ဖောက်ထွင်းရန် မတတ်နိုင်ပဲရှိခဲ့လေ၏။

ထိုအခါ တပ်မတော်တွင်ပါလာသော ဟူးရားဖြူ၊ ဟူးရားညိုတို့ကို မေးမြန်းရာ ပယောဂစီရင်ထားသဖြင့် မဖောက်ထွင်းနိုင်ကြောင်း လျှောက်ထားကြလေ၏။ ပယောဂမှာ ဇော်ဂျီအကောင်ကို ဖုတ်ကင်၍ စားထားသော ကုလားညီနောင်နှစ်ယောက်အနက် အင်ကိုဖြစ်သူ 'ဗျတ်ဝိ' ခေါ် ကုလားယ်၏ ဦးခေါင်း၊ အပေါင်၊ အလက်တို့ကို မနူဟာမင်း၏ ဆရာတော်ဖြစ်သော ဘုန်းတော်ကြီး၏ အစီအရင်နှင့် ဆေးဝါးမန္တရားတို့ဖြင့် စီရင်မြှုပ်နှံထားခြင်း ဖြစ်လေ၏။

ထိုအချိန်တွင် အစ်ကိုဖြစ်သူ 'ဗျတ်ဝိ' ကဲ့သို့ပင် ဇော်ဂျီအကောင်ကို ဖုတ်ကင်၍စားထားသော 'ဗျတ္တ'ခေါ် ကုလားယ်မှာ အနော်ရထာမင်းစောထံ ခိစားလျက် ရှိနေ သဖြင့် အရိမဒ္ဒနာ ပုဂံတပ်မတော်ကြီးထဲတွင် ပါလာလေ၏။ ဘုရင်အနော်ရထာမင်းစောသည် ဗျတ္တကိုခေါ်ကာ သူ၏ အစ်ကိုဖြစ်သူ ဗျတ်ဝိ၏ ဦးခေါင်း၊ အပေါင်၊ အလက်တို့ကို မြှုပ်ထားရာမှ ထုတ်ယူပေးရန် မိန့်မြွက်တော်မူလေ၏။ ဗျတ္တလည်း ညအခါ သထုံမြို့တွင်းသို့ဝင်၍ မိမိ၏မရီးဖြစ်သူ ဗျတ်ဝိ၏ မယားအား မြှုပ်သားရာ အရပ်များ မေးမြန်းပြီး မြှုပ်ထားသော

www.dhammaransi.com



ဦးခေါင်း နှင့် အပေါင် အလက်များ တူးဖော် ထုတ်ယူကာ ဘုရင် အနော်ရထာ မင်းစောအား ဆက်သလေ၏။ အနော်ရထာမင်းစောလည်း ဟူးရားဖြူ၊ ဟူးရားညိုတို့နှင့် တိုင်ပင်ကာ ကုလားငယ်ဗျတ်ဝိ၏ ဦးခေါင်း၊ အပေါင်၊ အလက် များကို ပင်လယ် သမုဒ္ဒရာတွင်းသို့ ပစ်ချလိုက်လေ၏။ ထိုသို့ ပြုလုပ်ပြီးနောက်မှ ပုဂံတပ်မတော်များ သထုံမြို့တွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်၍ ဘုရင်လုပ်သူ မနူဟာမင်းနှင့်တကွ တမြို့လုံးကို ရတော်မူလေ၏။

သထုံမြို့ကိုရလျှင် သထုံပြည်၌ မင်းအဆက်ဆက် ကိုးကွယ်သော ရတနာပန်းတောင်းဖြင့်ထားသော မြတ်စွာဘုရားသခင်၏ ဓာတ်တော်၊ မွေတော်များနှင့် တကွ အစုံ သုံးဆယ်သော ပိဋကတ်တော်သုံးပုံများကို မနူဟာမင်းပိုင် ဆင်ဖြူတော် ၃၂ စီးတွင်တင်၍ ပုဂံပြည်သို့ ယူဆောင်တော်မူခဲ့၏။ ပိဋကတ်ကျမ်းဂန်တတ်သော အရိယာ သံဃာတော်တထောင်ကိုလည်း ရှိသလျောက်ပတ်စွာ တောင်းပန်၍ ပုဂံပြည်သို့ ပင့်ဆောင်ခဲ့၏။ ထိုမှတပါး သထုံပြည်ရှိ စစ်သည်ရဲမက် အလုံးအရင်းနှင့် ဆင် မြင်း ဗိုလ်ပါတို့ကိုလည်းကောင်း၊ ပန်းပု၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းရန်၊ ပန်းထိမ် စသော ပန်းဆယ်နှစ်မျိုး ကျွမ်းကျင်တတ်မြောက်သူများနှင့် အဘက်ဘက်က ကျွမ်းကျင်သူ ပညာသည် အပေါင်းတို့ကိုလည်းကောင်း ပုဂံပြည်သို့ ယူဆောင်လာခဲ့၏။

'သိရိတြိဘဝနာဒိတျာပဝရမ္မရာဇာ' ဘွဲ့မည်တော် ရှိသော သထုံဘုရင် မနူဟာမင်းကိုလည်း မိဖုရား၊ သားသမီးများနှင့် တကွ ပုဂံပြည်သို့ ခေါ်ယူလာခဲ့လေ၏။ နေပြည်တော် ပုဂံရာမ (ပုဂံပြည်)သို့ရောက်သောအခါ သထုံပြည်က ပင့်ဆောင်

www.dhammaransi.com



ခဲ့သော မြတ်စွာဘုရား သခင်၏ ခေတ်တော် မွေ့တော်များ ကို ရတနာ အတိပြီးသော ပတ္တမြားကြုတ်တွင် ဌာပနာ၍ ခေါင်းရင်းတော်၌ အမြဲထားလျက် ကိုးကွယ်တော်မူ၏။ ပိဋကတ်တော်သုံးပုံ အစုံသုံးဆယ်ကိုလည်း ရတနာအတိပြီးသော ပြာသာဒ်၌ထား၍ အရိယာ သံဃာတော်တို့အား သင်ကြားပို့ချစေရ၏။ သထုံမှ ပင့်ဆောင်ခဲ့သော အရိယာ သံဃာတော်တို့ကိုလည်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါးနှင့် ချီးမြှင့်ပူဇော်ကာ မြတ်စွာဘုရား၏ စကားတော် တရားတော်များ ပြန့်ပွားအောင် အားထုတ်ဖို့ သာသနာနုဂ္ဂဟ၊ ပစ္စယာနုဂ္ဂဟ အမှုပြုခဲ့လေ၏။ သထုံဘုရင် မနူဟာမင်းကိုလည်း 'မြင်းကပါ'အရပ်၌ အလုပ်အကျွေးနှင့်တကွ ကျနစွာ ထားရှိနေထိုင်စေရ၏။

မနူဟာမင်းကား တန်ခိုးအာနုဘော် ရှိသူဖြစ်၏။ စကားပြောလျှင် ခံတွင်းမှ စက်ပြောင်ပြောင် အရောင်ထွက်၏။ ထို့အတွက် အနော်ရထာမင်းစောသည် မနူဟာမင်း မိမိထံလာ၍ ဦးချသော အခါတိုင်း (ကန်တော့ ဝတ်ချသောအခါ တိုင်း) ကြက်သီး မွေးညင်း ထ၍ ထိတ်ထိတ် လန့်လန့် ဖြစ်တော်မူ၏။ သို့ဖြစ်၍ မနူဟာမင်း တန်ခိုးအာနုဘော် ညှိုးစေခြင်းငှာ ဘုရား ဆွမ်းတော်တင်ကို မနူဟာမင်းအားဆွမ်းတော်တင်မှန်းမသိစေပဲ ပြင်ဆင် ကျွေးမွေးလေ၏။

ကျွေးမွေးပုံကား မနော်လင်ပန်းနှင့် တခမ်းတနားစားတော်ခေါ် ရန် ထမင်းဟင်းလျာများ ပြင်ဆင်ပြီး ဘုရားမှာတင်စေ၏။ ထို ဘုရားတင်ပြီးသော ထမင်းဟင်းလျာ စားဘော်များကို

www.dhammaransi.com



(ဘုရားဆွမ်းတော်တင်များကို) မန္ဒုဟာမင်းအား ကျွေးမွေးကာ စားတော် ခေါ်စေ၏။ မန္ဒုဟာမင်းလည်း မစုံစမ်း မဆင်ခြင်ပဲ စားတော်ခေါ်လေ၏။ ထိုသို့အားဖြင့် မပြတ် မပြတ် ဘုရားဆွမ်းတော်တင်များ စားတော်ခေါ်ခဲ့ရာ ကာလအတန်ကြာသောအခါ ခံတွင်းမှထွက်သော စက်ရောင်များ ကွယ်ခဲ့လေ၏။

## မန္ဒုဟာဘုရား

မန္ဒုဟာမင်းလည်း မိမိ၏ခံတွင်းမှ ထွက်သော စက်ရောင်များကွယ်ခဲ့သဖြင့် ထိတ်လန့်ခြင်း 'သံဝေဂ' ဖြစ်သွားလေ၏။ သို့ဖြစ်၍ သံသရာဝဋ် ကျင်လည်သမျှ 'သူနိုင်သည့်ကိုယ် မဖြစ်လို' ဟု ဆုတောင်းပြီးလျှင် မိမိနေထိုင်ရာ မြင်းကပါအရပ်၌ပင် (၁) ကြီးစွာသောဘုရားဆင်းတုတော်ထက်ဝယ်တော်တဆူနှင့် (၂) ကြီးစွာသော ပရိနိဗ္ဗာန်ပြုဟန် ဆင်းတုတော်ကြီးတဆူ တည်တော်မူ၏။ ထို ဘုရားဆင်းတုတော်ကြီးနှစ်ဆူကို 'မန္ဒုဟာဘုရား' ဟူ၍ ခေါ်ဝေါ်ကြ၏။ (ယခုထက်ထိ မန္ဒုဟာဘုရားဟူ၍ပင် ခေါ်နေကြ၏။)

မန္ဒုဟာမင်းသည် ထိုဘုရားနှစ်ဆူတည်ရန် မိမိတွင်ပါလာသော 'မနောမယ' ပတ္တမြားကို ပုဂံသဌေးအား ရောင်းချရာ လှည်းငါးစီးတိုက်ခန့် အဖိုးငွေရ၏။ ထိုငွေများဖြင့် ဘုရားနှစ်ဆူကို တည်ကြောင်း မန္ဒုဟာဘုရား ကျောက်စာတွင် ဖော်ပြထား၏။

(ဤရာနေတွင် မန္ဒုဟာဘုရားနှစ်ဆူပုံတော်နှင့် ကျောက်စာ ထည့်သွင်း ဖော်ပြရန်။)

www.dhammaransi.com



## အနော်ရထာမင်းစော
## တရုတ်ပြည်သွား၍ စွယ်တော်ပင့်ခြင်း

အနော်ရထာ မင်းစောသည် သထုံပြည်မှ ဓာတ်တော် မွေတော်များနှင့် ပိဋကတ်တော်များ၊ အရိယာသံဃာတော်များကို ပုဂံပြည်သို့ပင့်ဆောင်၍ ကိုးကွယ် ပူဇော်ရသော်လည်း သာသနာရေးအတွက်ဆက်သန်သောသဒ္ဓါ၊ သန္ဒာန်ဓာတ်အားကြီးသူဖြစ်သောကြောင့် အားရတင်းတိမ်ခြင်း မရှိပဲ နောက်ထပ် ဓာတ်တော် မွေတော်များကို ရှာဖွေ ပူဇော်ရန် ကြံစည်တော်မူလျက်ရှိလေ၏။

ထိုသို့ ကြံစည်ယင်း တရုတ်ပြည်တွင် မြတ်စွာဘုရားစွယ်တော်ရှိကြောင်း သတင်းကြားရလေ၏။ သို့ဖြစ်၍ တရုတ်ပြည်ရှိ စွယ်တော်မြတ်ကို တောင်းယူပင့်ဆောင်ရန် တရုတ်ပြည်သို့ ရေအား၊ ကြည်းအား၊ စစ်အင်္ဂါလေးပါးနှင့် ချီသွားတော်မူလေ၏။ တရုတ်ပြည်သို့ ရောက်သောအခါ တရုတ်ဘုရင် 'ဥဘည်ဘွား' နှင့် မင်း နှစ်ပါး အကြည်အသာ ပြောဆို၍ နှုတ်ခွန်းဆက်ကြပြီးနောက် စွယ်တော်မြတ်ကို ကိုးကွယ်ရန် တောင်းလေရာ တရုတ်ဘုရင် ဥတည်ဘွားက စွယ်တော်မြတ် ကျိန်းဝပ်တော်မူလိုလျှင် ပင့်ဆောင်တော်မူပါဟု ပြောလေ၏။

အနော်ရထာမင်းစောသည် စွယ်တော်မြတ်ထားရာသို့ သွားရောက်၍ အမျိုးမျိုး ပူဇော်သက္ကာရ ပြုပြီးလျှင် ဦးခေါင်းထက်၌ ရတနာပန်းတောင်းကို ရွက်ပြီး စွယ်တော်မြတ်အား

www.dhammaransi.com



ကျိန်းဝပ်တော်မူရန် ခယရိုသေစွာ လျှောက်ထား တောင်းပန်လေ၏။ ထိုအခါ စွယ်တော်မြတ်သည် ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ်၊ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် အလွန်တင့်တယ်စွာ တန်ဆာဆင်၍ ကောင်းကင်သို့ ပျံတက်ပြီး စင်္ကြံကြွကာ နေတော်မူလေ၏။ အနော်ရထာမင်းစော၏ ဦးခေါင်းထက်ရှိ ရဟာနာပန်းတောင်းထဲသို့ မကြွလာပဲ ကောင်းကင်ထက်မှာသာ တည်နေတော်မူလေ၏။ အနော်ရထာ မင်းစောလည်း ထိုအခြင်းအရာကိုမြင်လျှင် စိတ်မသက်မသာ ဖြစ်သွားလေ၏။

ထိုသို့ဖြင့် စွယ်တော်မြတ်သည် ကောင်းကင်မှ မဆင်းသက်ပဲ စင်္ကြံကြွနေစဉ် အနော်ရထာ မင်းစော၏ ဦးခေါင်းထက်ရှိ ရတနာပန်းတောင်းထဲသို့ မြရှင်ဆင်းတု (ရုပ်ပွားတော်)တဆူ ကောင်းကင်မှ ကျဆင်းကာ ကျိန်းဝပ်တော်မူလာလေ၏။ စွယ်တော်မြတ်ကား ကောင်းကင်၌ပင် စင်္ကြံကြွလျက်နေတော်မူလေ၏။ ထိုအခါ အနော်ရထာမင်းစောလည်း စွယ်တော်မြတ်ကိုပင် ပင့်၍မရလင့်ကစား မြရှင်ဆင်းတု (ရုတ်ပွားတော်)ကို ကိုးကွယ်ခွင့်ရသဖြင့် နှစ်သိမ့်ကျေနပ်သွားခဲ့လေ၏။

ထိုသို့ဖြင့် အနော်ရထာ မင်းစောသည် မြရှင်ဆင်းတုကို ပင့်ကာ တရုတ်မှပြန်လာခဲ့ရာ လမ်းခရီးတွင် မောကိုးပြည်ထောင်(ရှမ်းကိုးပြည်ထောင်)ကို အစိုးရသော စော်ဘွားကသမီးတော် 'စောမွန်လှ'ကို ဆက်သလိုက်လေ၏။

စပယ်ဦးစာစပ

www.dhammaransi.com



## တောင်ပြုံး ဆုတောင်းပြည့် ဘုရား

အနော်ရထာမင်းစောလည်း စောမွန်လှကိုယူကာ ရေအား၊ ကြည်းအား၊ စစ်အင်္ဂါလေးပါးနှင့် ချီလာခဲ့ရာ ကျော်စည်တိုက်သို့ ရောက်တော်မူလျှင် တောင်ပြုံးအရပ်၌ တိုင်းသူ ပြည်သား လူအများတို့ ဆိုးကွယ်ကြစေရန် ဂူတလုံး တည်တော်မူလေ၏။ ထိုဂူကို ဆုတောင်းပြည့်ဟု သမုတ်တော်မူ၏။ (ကျော်စည်တိုက် ဆိုသည်ကား မန္တလေးအနီး မန္တလေးမြောက်ဘက် မတ္တရာပတ်ဝန်းကျင်နယ်တခွင်ပင်ဖြစ်၏။)

## တောင်ပြုံး ညီနောင် မင်းကြီး မင်းကလေး

ကျော်စည်တိုက်တွင် ခေတ္တစခန်းချစဉ် ဇော်ဂျီအကောင်ကို ဖုတ်ကင်၍ စားဖူးသော ကုလားဗျတ္တနှင့် ပုပ္ပားတောင်မှ ဘီလူးမတို့ ညား၍ ဖွားမြင်လာသည်ဆိုသော ရွှေဖျဉ်းကြီးနှင့် ရွှေဖျဉ်းငယ် ကုလားကပြား သူရဲကောင်း နှစ်ယောက်တို့ကို အယုံအကြည် မရှိသဖြင့် ကွပ်မျက်တော်မူလေ၏။ ကုလားကပြား သူရဲကောင်းနှစ်ယောက်တို့လည်း သေလျှင် နတ်မိစ္ဆာဖြစ်နေကြလေ၏။

စပယ်ဦး၊ ၀၁၀၅

www.dhammaransi.com



## မန္တလေးတောင်ထိပ်၌ ဘုရားတဆူနှင့် ရွှေကြက်ယက် ရွှေကြက်ကျတောင်နှစ်လုံး၌ ဘုရားနှစ်ဆူ တည်ဖော်မူခဲ့ခြင်း

ဘုရင် အခနော်ရထာမင်းစောသည် ထိုအရပ်၌နေသူ ရဟန်း ရှင်လူတို့အတွက် ထာဝရ ကိုးကွယ်နိုင်ရန် မန္တလေးတောင်ထိပ် ၌ (ယခု ရှိသော မန္တလေးမြို့က မန္တလေးတောင်ပင်ဖြစ်၏။) စေတီတဆူ၊ ရွှေကြက်ယက်၊ ရွှေကြက်ကျ တောင်နှစ်လုံး၌ ဘုရားစေတီတော် တဆူစီ တည်ထားတော်မူခဲ့လေ၏။ (အမရ ပူရ ဆိပ်ကမ်း ဘူတာအနီးတွင် ယခုရှိနေသော ရွှေကြက်ယက်၊ ရွှေကြက်ကျ ဘုရားများပင်ဖြစ်၏။)

ထိုသို့ ဘုရားစေတီတော်များ တည်ထားပြီးနောက် ရေ အား၊ ကြည်းအားနှင့် ပုဂံနေပြည်တော်သို့ စုံတော်မူရာ ဘုရင် မင်းမြတ်မှာ ရတနာရွှေဖောင်တော်စီး၍ ရေခကြောင်းခရီးက လိုက်တော်မူလေ၏။ တနေရာတွင် ဖောင်တော်မသွားနိုင်ပဲ ရပ်တန့်နေသဖြင့် ဟူးရားဖြူ၊ ဟူးရားညိုတို့အား မေးမြန်းရာ "ကျွန်တော်မျိုး ဖျဉ်းညီနောင်တို့သည် သေပြီး နတ်မိစ္ဆာဖြစ် နေကြပါသည်။ အမှုတော်ကို ထမ်း၍ ကျေးဇူးတော်ကို မခံ စားရပါသဖြင့် ဖောင်တော်တက်မကို ကိုင်၍ ထားကြခြင်း ဖြစ်ပါသည်"ဟု လျှောက်ကြလေ၏။

"သည်လိုဆိုလျှင် တောင်ပြုံးရွာတွင် တည်ထားခဲ့သော ဆုတောင်းပြည့် စေတီတော်အနီးမှာ နတ်ကွန်းဆောက်ပေး

www.dhammaransi.com



ထားလိုက်။ ကျော်စည်တတန်းမှာ နေသူတို့၏ပူဇော်ရာဖြစ်စေ" ဟု အမိန့်တော်မြွတ် ချမှတ်လိုက်လေ၏။

**မှတ်ချက်။** ။ထိုအချိန်ကစ၍ တောင်ပြုံးနတ်ညီနောင် ပေါ်လာခြင်း ဖြစ်၏။ မှန်နန်းမဟာရာဇဝင်တော်ကြီး၌ 'နတ်မိစ္ဆာ' ဟူ၍ အတိအလင်းဆိုထား၏။ နတ်ကောင်းနတ်မြတ် နတ်သမ္မာဟူ၍ မဆိုပေ။ နှစ်ပေါင်းလည်း ကိုးရာကျော် ရှိခဲ့ပြီဖြစ်၏။ အသက်ထင်ရှား ရှိချင်မှလည်း ရှိတော့မည်။ စုတိစိတ်ကျကာ ဘဝပြောင်းသွားပြီလည်း မသိချေ။

ဤနေရာတွင် နတ်ကိုးကွယ်မှုနှင့် ပတ်သက်၍ ဗုဒ္ဓဝါဒ အစစ်အမှန်ကို သိရန် ဖော်ပြဖို့ အခွင့်ဆိုက်၏။ ယခုအခါ ဤမြန်မာနိုင်ငံတွင် ပုဂ္ဂိုလ်အချို့တို့ ကိုးကွယ်နေကြသော နတ်များမှာ အထက်နတ်ပြည် ခြောက်ထပ်မှ နတ်များ မဟုတ်ပေ။ နတ်ပြည်ခြောက်ထပ်တွင် အောက်ဆုံးနတ်ပြည် ဖြစ်သော စတုမဟာရာဇ်နတ်ပြည် အပါအဝင် နတ်မိစ္ဆာ နတ်ဘီလူး၊ နတ်သမ္မာ နတ်ဘီလူးစသည့် အောက်တန်းစား နတ်များဖြစ်၏။

ဗုဒ္ဓဝါဒအယူရှိသူ၊ ရတနာသုံးပါးကို ကိုင်းရှိုင်းသူ 'လူ' ဟူသော ပုဂ္ဂိုလ်တို့အား နတ်ကောင်းနတ်မြတ်တို့ကို အစိုးရသော တာဝတိံသာ သိကြားမင်းကပင် ရှိခိုးရ၏။

ထိုစကား ထင်ရှားစေဦးအံ့။ တကြိမ်က တာဝတိံသာ နတ်ပြည်မှ သိကြားမင်းသည် ဝေဇယန္တာ ပြာသာဒ်မှ အဆင်းတွင် လက်အုပ်ချီကာ ကန့်တော့ခြင်းအမှုကို ပြုလေ၏။ ထိုသို့သော အခြင်းအရာကို မြင်လျှင် သိကြားမင်း၏

www.dhammaransi.com



ရထားထိန်း (ယာဉ်မောင်းသူ) မာတလိနတ်သားက "နတ်မြတ်နတ်ကောင်း နတ်အပေါင်းတွေက ရှိခိုးပူဇော်ရတဲ့ နတ်တို့သခင် နတ်ဘုရင်က ဘယ်သူ့များ လက်အုပ်ချီပြီး ကန်တော့နေပါသလဲ။ မိမိကိုယ်တိုင်က အကန်တော့ခံ အပူဇော်ခံ ဖြစ်နေပါလျက်နှင့် ဘယ်သူ များ လက်အုပ်ချီနေရပါသလဲ အရှင်သိကြားမင်း"ဟု မေးမြန်းလေ၏။

ထိုအခါ သိကြားမင်းက—

ယေဂဟဋ္ဌာ ပုညကရာ၊ သီလဝန္တော ဥပါသကာ။
ဓမ္မေန ဒါရံ ပေါသေန္တိ၊ တေ နမဿာမိ မာတလိ။

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်)

"လူ့ဘုံမှာ ငါးပါးသီလ စောင့်ထိန်းပြီး ကုသိုလ်ကောင်းမှုပြုကာ ရတနာသုံးပါးကို ဆည်းကပ်၍ တရားသဖြင့် သားမယားကို လုပ်ကျွေးနေတဲ့ လူတွေရှိတယ်။ အဲဒီလူတွေကို ငါလက်အုပ်ချီပြီး ကန်တော့ခြင်းဖြစ်တယ်"ဟု မိန့်တော်မူလိုက်ရာ မာတလိက—

"သည်လိုဆိုလျှင် ကြည်ညိုစရာကောင်းတဲ့ ပုဂ္ဂိုလ်တွေကို ကျွန်တော်လဲ အရှင် သိကြားမင်းလိုပဲ လက်အုပ်ချီကာ ကန်တော့ပါတယ်"ဟု လျှောက်ထားလိုက်လေ၏။ဤကား မြတ်စွာဘုရားကိုယ်တိုင် ဟောတော်မူခဲ့သော 'အာဟစ္စဘာသိတ'ခေါ် ဘုရားစကားတော် အစစ်ဖြစ်ပေ၏။

**စပယ်ဦး၊စာပေ**

www.dhammaransi.com



ဘုရင်အနော်ရထာမင်းစောသည် နေပြည်တော် ပုဂံရာမသို့ရောက်လျှင် တရုတ်ပြည်မှ ပင့်ဆောင်ရယူခဲ့သော မြရှင် ဆင်းတုတော်ကို ရွှေနန်းတော်ထဲ၌ ထား၍ ကိုးကွယ်တော်မူ၏။

## ရွှေစာရံဘုရား

အနော်ရထာ မင်းစောသည် မောပြည်မှ ဆက်လိုက်သော စော်ဘွားသမီး စောမွန်လှကိုလည်း အပါးတော်တွင် ထား၍ ခစားစေ၏။ စောမွန်လှကား ရတနာသုံးပါးကို ဆည်းကပ်သော ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိအယူ ဖြူစင်သော အကျင့်သီလနှင့် ပြည့်စုံသည့် အမျိုးသမီးဖြစ်၏။ သို့ဖြစ်၍ စောမွန်လှ၏ နားဍောင်းတွင် မြတ်စွာဘုရား၏ မွေတော်မြတ် ကိန်းဝပ်တော်မူ၍ အရောင်အဝါ တောက်ထွန်းနေလေ၏။ ထိုသို့ အရောင်အဝါ တောက်ထွန်းသည်ကို အခြား မိဖုရားများ၊ မောင်းမမျ ား မြင်လျှင် စောမွန်လှအား ဇော်ဂနီ စုန်းဖြစ်ကြောင်းနှင့် ဘုရင်မင်း မြတ်အား လျှောက်ထား သံတော်ဦး တင်ကြလေ၏။

ဘုရင်အနော်ရထာ မင်းစောလည်း နားဍောင်းမှ အရောင်အဝါ တောက်သည်ကို မြင်တော်မူ၍ ဇော်ဂနီစုန်း အမှန်ပင် ဖြစ်သည်ဟု အယူတော်ရှိကာ "စောမွန်လှသည် ငါ၏ ရွှေနန်းတော်နှင့်မတန် နေရင်းမြို့ရွာသို့ ပြန်စေ"ဟု အမိန့်တော် ချလိုက်လေ၏။ စောမွန်လှလည်း မိမိ၏ အခြွေအရံ ငယ်ကျွန်တို့ကို ခေါ်ယူကာ ပြန်သွားလေရာ သွားခါနီး၌ ဘုရင်မင်းမြတ်နှင့် တကွ ပြည်စောင့်နတ် နန်းစောင့်နတ်တို့အား ရှိခိုးပူဇော် သွားလေ၏။

www.dhammaransi.com



မိမိ၏ အခြေအရံများနှင့်တကွ ဇာတိမူလ မောပြည်လောက သို့ ပြန်လာခဲ့ရာ ရွှေစာရံဘုရားတည်ရာ အရပ်သို့ ရောက်သော အခါ နွားခေါင်း ကျွတ်သွားလေ၏။ နွားခေါင်းကျွတ်သော နေရာအနီးတွင် ချောင်းတခုရှိရာ ချောင်းရေထဲတွင် နွားခေါင်း အရောင်ထင်နေသဖြင့် ရေငုပ်ပြီး ရှာမ်းစေသော်လည်း နွားခေါင်း ကို မတွေ့ရပေ။ တခဏအတွင်း ကောင်းကင်၌ ဝေသူငယ် အပေါင်း ဖြိုးသောသောရတ်ရတ် ဝန်းရံ၍ နွားခေါင်းနှင့်တကွ မွေတော်ဓာတ်မှ တန်းခိုးပြာဋိဟာ ပြနေသည်ကို မြင်ရလေ၏။ ထို ချောင်းကို 'နွားခေါင်းကျချောင်း' ဟု ယခုတိုင်အောင် ခေါ် ဝေါ်နေကြ၏။

စောမွန်လှလည်း မြေပြင်ကနေ၍ ထိခြင်းငါးပါးဖြင့် လက် အုပ်ချီကာ ရှိခိုးပူဇော်ခြင်း အမှုပြုလေမှ နွားခေါင်းနှင့်တကွ မွေတော်မြတ် ဆင်းသက်လာ၍ စောမွန်လှ၏ လက်ဝဲဘက် နားတွင် ကျိန်းဝပ်မြဲ ကျိန်းဝပ်နေလေ၏။ စောမွန်လှလည်း ထိုအရပ်တွင်ပင် မိမိ၏ အခြေအရံသင်းပင်းများနှင့် စီမံ ဆောင် ရွက်ကာ မိမိကိုယ်ပိုင် မောက လာစက ပါလာသော ရွှေငွေ များနှင့် စေတီတော်တည်၍ မွေတော်မြတ်ကို စေတီတော်တွင်း၌ ဌာပနာလေ၏။ စေတီတော်၏ ပမာဏမှာ အရပ်တော် အမြင့် ငါးထောင်ရှိ၏။

ထိုကဲ့သို့ စောမွန်လှဘုရားတည်ကြောင်းကို ဘုရင် အနော် ရထာမင်းစော ကြားသိရာ စောမွန်လှဘုရားတည်ရာသို့ မင်းစေ တမန်တို့ကို အမြန်လွှတ်၍ အကြည့်ခိုင်းလေ၏။ ဤသို့လည်း အမိန့်တော်မြတ် မှတ်တော်မူလိုက်လေ၏။

www.dhammaransi.com



"စေတမန်းလှတည်သော ဘုရားလိုဏ်မုခ်ဝကို မောရှမ်းတို့နေရာ အရှေ့ဘက်သို့ မျက်နှာလှည့်ထားလျှင် စေတမန်လှကို သတ်ခဲ့ရမည်။ ငါ၏ နေပြည်တော် ပုဂံရာမရှိရာ အနောက်မျက်နှာသို့ မျက်နှာလှည့်ထားလျှင် အသက်ဘေးမှ ချမ်းသာစေ" အမိန့်တော်မြွက်အတိုင်း မင်းစေတမန်တို့ လာခဲ့လေရာ ရွှေစာရံဘုရားတည်ရာသို့ နေဝင်ရီတရော အချိန်ရောက်လေ၏။

ရောက်လျှင် ရောက်ချင်း အမိန့်တော် စာချွန်တော်ကို ဖတ်ပြန်ရန် စီမံလေ၏။ စေတမန်လှက မင်းစေတမန်တို့ကို ဆလာဘ်တံစိုးလက်ဆောင်ပေး၍ နံနက်လင်းမှ အမိန့်တော်ကို နာခံပါရစေဟု တောင်းပန်ပြီး အမိန့်တော်စာချွန်၌ ပါသော အချက်များ စုံစမ်းမေးမြန်းလေရာ မင်းစေတမန်တို့လည်း တံစိုး လက်ဆောင် ရထားသဖြင့် မှန်သည့်အတိုင်း ပြောပြကြလေ၏။ စေတမန်လှ၏ ဘုရားစေတီတော်မှာ လိုဏ်မုခ်ဝကို အရှေ့ဘက်သို့ လှည့်ကာ တည်ထားခဲ့၏။ စေတမန်လှလည်း ထိုညတွင် သိကြားစတုလောကပါလစသော နတ်ကောင်း နတ်မြတ်တို့ကို တိုင်တန်း၍ မြတ်စွာဘုရားကို ရှိခိုးပူဇော်ကာ အဓိဋ္ဌာန်ပြီး မိမိဝတ်ဆင်သော 'ရွှေဖျင်မြစီ' တဘက်နှင့် ဆွဲငင်လှည့်လိုက်ရာ ဘုရားစေတီတော်၏ လိုဏ်မုခ်ဝသည် အရှေ့ဘက်သို့ မျက်နှာလှည့်နေရာမှ အနောက်ဘက်သို့ မျက်နှာလှည့်သွားလေ၏။

နံနက်လင်း၍မင်းစေတမန်တို့မြင်သောအခါ နောက်ဘက်သို့ မျက်နှာလှည့်နေသည်ကို တွေ့ကြရလေ၏။ မင်းစေတမန်တို့လည်း ထုံးစံအတိုင်း အမိန့်တော်စာချွန်ကို ဖတ်ပြီး ပြန်သွားကြလေ၏။

www.dhammaransi.com



ဘုရင်အနော်ရထာ မင်းစောလည်း မင်းစေတမန်တို့ ပြန်လာ၍ အကြောင်းခြင်းရာကို သိရသောအခါ စောမွန်လှအပေါ်တွင် အမျက်တော်မရှိပဲ ကျေနပ်နှစ်သိမ့်သွားတော်မူလေ၏။ သို့ဖြစ်၍ ဂေါစာသက္ကရာဇ် ၄၁၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့တွင် စောမွန်လှတည်သော ရွှေစာရံဘုရား၏ ဖတ်ဝန်းကျင်ရှိ မြေ တာ တထောင်ကို ဘုရားသို့ လှူတော်မူလေ၏။

## မင်းအဆက်ဆက် ဆက်လက်လှူဒါန်းကြခြင်း

အနော်ရထာမင်းစော၏ မြစ်တော်ဖြစ်သော ဤပုဂံပြည်မှ အလောင်းစည်သူမင်းသက်ထက် ဂေါစာသက္ကရာဇ် ၄၇၅ ခုနှစ်တွင် ရွှေစာရံ ဘုရားအတွက် အရှေ့ဘက်သို့ လားသော် သံပရာချောင်း၊ တောင်ဘက်သို့လားသော် ဒုဌဝတီမြစ်ငယ်စင်းစင်း၊ အနောက်ဘက်သို့ လားသော် ပန်းချောင်းတဘက်ယင်းမာပင်၊ မြောက်ဘက်သို့လားသော် နကဲ့ချောင်း၊ နကဲ့တောင်။ ဤ ဖော်ပြပါ နယ်လေးရပ်အတွင်းရှိမြေကို ရွာနှင့်တကွ လှူတော်မူ၏။ ဘုရားအတွက် ဝေယျာဝစ္စ ဆောင်ရွက်ရန် အိမ်ခြေပေါင်း ငါးဆယ်ကိုလည်း လှူတော်မူ၏။

ထို့နောက် အင်းဝပထမခေတ် မိုးညှင်းမင်းတရားလက်ထက် ရွှေစာရံစေတီတော်ကို ထပ်မံ ပြင်ဆင်၍ တည်တော်မူ၏။ မူလရှိရင်း အရပ်တော် ငါးတောင်မှ အရပ်တော် သံတောင်သုံးဆယ်ကျော်ခန့်အထိ မြှင့်တင်တော်မူလိုက်၏။

စပယ်ဦးစာပေ

www.dhammaransi.com



ထို့နောက် ကုန်းဘောင်ရာဇဝင် စေဥ္စကူးမင်း လက်ထက် ဘုရင်မင်းမြတ်၏မယ်တော် မိဖုရားခေါင်ကြီးက ထပ်မံပြင်ဆင်၍ ရွှေထီးတင်တော်မူသည်။ ထီး ချရားသီးမှသည် မြေတိုင်အောင်လည်း ရွှေချတော်မူ၏။

**မှတ်ချက်။** ။ရွှေစာရံဘုရားကား 'ကျော်'လေးဆူအပါအဝင် စေတီတော် ဖြစ်၏။ 'ကျော်' လေး ဆူ ဟူ သည် ကား (၁) စောမွန်လှတည်သော၍ရွှေစာရံဘုရား။ (၂) အနော်ရထာမင်းစောကိုယ်တိုင် တည်သော ပုဂံရွှေစည်းခုံဘုရား။ (၃) ဓမ္မာသောကမင်းကြီး တည်ထားခဲ့သော မိတ္ထီလာနယ်ရှိ မုဋ္ဌောစေတီတော်ကို အနော်ရထာမင်းစော ပြင်ဆင်တည်ထားသော ရွှေယင်မြော်ဘုရား။ (၄) အလောင်းစည်သူမင်း တည်သော အညာသီဟတောဘုရား ဟူသော ဘုရားလေးဆူဖြစ်၏။

## ရွှေစည်းခုံ စေတီတော်

အနော်ရထာ မင်းစောကား ဘုရားကြည်ညိုရာ၌ ပုထုဇဉ်တို့တွင် ယှဉ်ဘက်မရှိ။ အဓိပတိဖြစ်သော မြတ်စွာဘုရားလက်ထက်က အဇာတသတ်မင်းကဲ့သို့ ပြင်းထန်လွန်ကဲသော သဒ္ဓါတရားနှင့်ပြည့်စုံသူဖြစ်၍ ရတနာသုံးပါးနှင့်စပ်သော ကိစ္စကိုပြုစုပူဇော်ရခြင်း၌ အားရတင်းတိမ်သည်ဟူ၍ မရှိခဲ့ပေ။ သို့ဖြစ်၍ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏ အကျိုးငှာ သာသနာငါးထောင်ပတ်လုံး တည်ရစ်စေရန် စေတီတော်ကြီးတစ်ဆူ

www.dhammaransi.com



တည်ဖို့အတွက် ဓာတ်တော်မွေတော်များရရှိရေးကို တွေးတော ကြံစည် နေတော်မူလေ၏။

သို့ ကြံစည်တွေးတောယင်းဓာတ်တော်ရှိရာ ဌာနကို စုံစမ်း သိရှိရလေ၏။ ဓာတ်တော်ကား ဒွတ္တပေါင်မင်း၏ ကောင်းမှု သရေခေတ္တရာပြည်ရှိ ပုထိုးကြီးဘုရား၌ ဖြစ်လေ၏။ ရေအား၊ ကြည်းအား၊ စစ်အင်္ဂါ လေးပါးနှင့် သရေခေတ္တရာပြည်သို့ ကိုယ်တော်တိုင် ချီတက်တော်မူလေ၏။ သရေခေတ္တပြည်သို့ ရောက်သောအခါ ဘေးလောင်းတော် ဒွတ္တပေါင်မင်းကြီးတည် ထားသော စေတီတော်ပုထိုးကြီးဆယ်တင်ဆူ အနက် ကမ်းယံ ပြည်မှ နဖူးသင်းကျစ်တော်ဓာတ်ကိုယူ၍ ဌာပနာထားသော 'ပုထိုးကြီး' ကို ဖျက်ပြီး နဖူးသင်းကျစ်တော်ဓာတ်ကို ယူလေ၏။ ဌာပနာကိုဖောက်၍ နဖူးသင်းကျစ်တော်ဓာတ်ကိုယူပြီး ရတနာ အတိပြီးသော ပြာသာဒ်နှင့် ဆင်ဖြူတော်တွင်တင်ကာ ပုဂံ နေပြည်တော်သို့ ပင့်ဆောင်ခဲ့လေ၏။

ပုဂံရွှေမြို့တော်သို့ ရောက်သောအခါ ရဟန္တာ အရှင်အဟော် မာ့ထေရ်မြတ်နှင့် တိုင်ပင်၍ နဖူးသင်းကျစ်တော်ဓာတ်ကို ရဟန်း ရှင်လူ ပြည်သူသတ္တဝါအားလုံးတို့ ကိုးကွယ်နိုင်စေခြင်းငှာ စေတီတော်တည်ပြီး ဌာပနာထားရန် စီမံတော်မူလေ၏။ ထိုသို့ စီမံခြင်းဖြင့် နောင်သော အခါတွင်လည်း သာသနာငါး ထောင်ပတ်လုံး သတ္တဝါ အပေါင်းတို့ အတွက် အမြဲထာဝရ ကိုးကွယ်နိုင်ကြရန် ဖြစ်ပေ၏။

သို့ဖြစ်၍ ဂေါစသက္ကရာဇ် ၄၂၁ ခုနှစ်တွင် ရွှေစည်းခုံ ဘုရားကို တည်တော်မူ၏။ သရေခေတ္တရာပြည် ဒွတ္တပေါင်

www.dhammaransi.com



မင်းကြီး၏ ပုထိုးကြီးမှရခဲ့သော နဖူးသင်းကျစ်တော်ဓာတ်ကို ဌာပနာတော်မူလေ၏။

## သီဟိုဠ်ကျွန်းသို့ သံတမန် စေလွှတ်၍ စွယ်တော်ပွား တောင်းယူ ရရှိခြင်း

အနော်ရထာ မင်းစောလည်း အရှင်အရဟံနှင့် တိုင်ပင်၍ သီဟိုဠ်ကျွန်းသို့ သံတမန်စေလွှတ်ပြီး ဆင်ဖြူတော်တစီးကို လက်ဆောင်ပြုကာ သာယာချေငံသော စကားဖြင့် စွယ်တော်မြတ်ကို ပူဇော်လိုကြောင်း တောင်းဆိုလိုက်လေ၏။ ထိုအချိန်တွင် သီဟိုဠ်ကျွန်း၌ ဓာတုသေနမင်း နန်းစံခိုက်ဖြစ်၏။ သီဟိုဠ်ဘုရင် ဓာတုသေနမင်းလည်း စွယ်တော်ပွားတဆူကို ကိုးကွယ်ရန် ပေးလိုက်လေ၏။

အနော်ရထာမင်းစောလည်း စွယ်တော်ပွားကို ကြည်ညိုလှသဖြင့် နန်းရှေ့တွင် ရတနာအတိ မွမ်းမံသော ပြာသာဒ်နှင့် ထား၍ ကြီးစွာသော ပူဇာသက္ကာရအမှုကို ပြုတော်မူလေ၏။ ထိုအခါ ရှင်အရဟံမထေရ်မြတ်က စွယ်တော်မြတ်ကို နန်းတော်ထဲ၌ထား၍ ကိုးကွယ်ခြင်းထက် စေတီတည်ထား၍ ကိုးကွယ်လျှင် သာသနာ ငါးထောင် တိုင်အောင် လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့အတွက် အကျိုးရှိနိုင်သည်ဟု အမိန့်တော်ရှိသဖြင့် စွယ်တော်မြတ် (စွယ်တော်ပွား)ကို တည်ဆဲဖြစ်သော (တည်ဆောက်နေဆဲဖြစ်သော) ရွှေစည်းခုံ စေတီတော်တွင် ဌာပနာတော်မူလေ၏။

www.dhammaransi.com



မှတ်ချက်။ ။ဤသို့ သီဟိုဠ်ကျွန်းသို့ စွယ်တော် တောင်းရန် မင်း စေတမန်လွှတ်သော အကြောင်းမှာ မှန်နန်းမဟာ ရာဇဝင်တော်ကြီး၌ ဖော်ပြချက် ဖြစ်ပေသည်။ စွယ်တော် တောင်း လွှတ်ရာ၌ သီဟိုဠ်ကျွန်းမှ ပိဋကတ်တော်များကို ပေးလိုက်ရန် တောင်းဆိုချက် မှန်နန်းမဟာရာဇဝင်တော်၌ မပါချေ။သို့သော် မင်းတိုင်ပင် အမတ်ကြီးမဟာဓမ္မသင်္ကြံ ဘွဲ့ခံ မောင်းထောင်ဆရာကြီးရေးသော သာသနာလင်္ကာရ စာတမ်း၌ကား—

"အနော်ရထာမင်းစော လက်ထက် သီဟိုဠ်သို့ သူရဲကြီး လေးယောက်ကို စေ၍ ပိဋကတ်စွယ်တော် များကို တောင်းစေသည်။ သီဟိုဠ်ကရခဲ့သော ပိဋကတ် နှင့် သထုံကပါသော ပိဋကတ်ကိုလည်း ရှင်အရဟံ တိုက်ဆိုင် တည်းဖြတ်သည်။ နှစ်မူလုံးပင် မလွန်မယုတ် ညီညွတ်သည်ဟူ၏။ထိုသို့တိုက်ဆိုင်တည်းဖြတ်သောမူနှင့် ရေးကူး စေ၍ ပိဋကတ်တိုက်တွင် သွင်းထားသည်။ အရပ်ရပ်သို့လည်း ပျံ့နှံ့စေသည်ဟူ၍ စာဟောင်း စာတမ်း ရှိသည်"

ဟု ဖော်ပြထား၏။ ဤ၌ သတိပြုရန်မှာ မောင်းထောင်ဆရာ ကြီး မဟာဓမ္မသင်္ကြံသည် ဘကြီးတော်ဘုရား လက်ထက် မှန်နန်း မဟာရာဇဝင်တော်ကြီးကို စီရင် ရေးသားသော 'ရာဇဝင်ပြုစုရေးအဖွဲ့တွင်' ပါဝင်သည့် ပုဂ္ဂိုလ်ကြီးတဦး ဖြစ်၏။

www.dhammaransi.com



## ပိဋကတ်တော်များကို မြန်မာအက္ခရာသို့တင်ခြင်း

အနော်ရထာမင်းစောကား သာသနာကို ကြည်ညိုသည့် နေရာတွင် ပြိုင်ဘက်ကင်းလောက်အောင် သဒ္ဓါတရားထက်သန်သော မင်းမြတ်ဖြစ်၏။ သို့ဖြစ်၍ သာသနာတော် ပြန့်ပွားစေရန် သထုံပြည်မှ ဆောင်ယူခဲ့သော ပိဋကတ်တော်များကို မွန်အက္ခရာမှ မြန်မာအက္ခရာသို့ ကူးပြောင်း ရေးတင်စေ၏။

ထိုသို့ ကူးပြောင်း ရေးတင်ပြီးသော မြန်မာအက္ခရာနှင့် ပိဋကတ်တော်များကို ရှင်အရဟံ အမှူးရှိသော ရဟန္တာအရှင်မြတ်တို့အား မှန်ကန်အောင် တည်းဖြတ်ပေးရန် လျှောက်ထားတောင်းပန်လေ၏။

ရဟန္တာ အရှင်မြတ်တို့လည်း အကြိမ်ကြိမ် တည်းဖြတ်ကာ သင်္ဂါယနာတင် အရှင်မြတ်တို့ ရွတ်ဖတ်သတ်မှတ်၍ တင်ထားခဲ့သည့်အတိုင်း တသဝေမတိမ်း ညီညွှတ်အောင် သုတ်သင်ပေးတော်မူကြလေ၏။

ထိုသို့သုတ်သင်ပြီးသော မြန်မာအက္ခရာနှင့် ပိဋကတ်တော်များကို ရတနာအတိပြီးသော ပြာသာဒ်၌ထား၍ ကိုးကွယ်ပူဇော်လေ၏။ အရိယာ သံဃာတော်တို့အားလည်း ပိဋကတ်တော်များကို သင်ကြားပို့ချရန် လျှောက်ထား တောင်းပန်၍ သင်ကြားပို့ချကြရလေ၏။

## အနော်ရထာမင်းစောလက်ထက် သာသနာရေး

အနော်ရထာမင်းစောကား အဆက်ပြတ်နေသော မြန်မာနိုင်ငံတော်၏ ဗုဒ္ဓသာသနာကို အသစ်တဖန် ပြန်လည်ဆက်စပ်အောင် အသက်ခေတ်သွင်း၍ ပြုစု တည်ထောင်ပေးသော သာသနာပြုဘုရင်၊ သာသနဒါယကာမင်းကြီးဖြစ်၏။ အနော်ရထာမင်းစောသည် နန်းတော်ထဲ၌ အမြဲစံနေ၍ နန်းတော်တွင်းမှနေကာ တိုင်းပြည်ကို အုပ်ချုပ်နေသော ရှင်ဘုရင်မျိုး မဟုတ်ပဲ မိမိပိုင်နက်တိုင်းပြည်အတွင်း နယ်စွန်နယ်ဖျား မကျန် နိုင်ငံတော်တဝန်းလုံး အမြဲမပြတ် လှည့်ပတ်ကြည့်ရှုသွားလာ၍ အုပ်ချုပ်နေသော ဘုရင်ဖြစ်၏။ သို့ဖြစ်ရာ ရောက်ရာအရပ်၌ ပုထိုး၊ ဂူ၊ ကျောင်း၊ တန်ဆောင်းဇရပ်စသော သာသနာတော်နှင့် ဆိုင်ရာ အဆောက်အအုံများ အနှံ့အပြား တည်ထားတော်မူခဲ့၏။

ရှင်အရဟံရောက်သည်မှစ၍ ပုဂံပြည်တွင် ရဟန်း သာမဏေများ ပေါလာ၍ သာသနာရောင် ထွန်းတောက်လာခဲ့၏။ ထို့နောက်တဖန် သထုံပြည်ကို တိုက်သိမ်းအောင်မြင်၍ သထုံမှ ပင့်လာသော သံဃာတဝေထောင်အတွက် သာသနာရောင် တိုးတက် ပြောင်လင်းလာပြန်၏။ အထူးအားဖြင့် အနော်ရထာမင်းစော နတ်ရွာစံသည်အထိ အရှင်အရဟံရှိနေ၍ သာသနာရေး၊ သာသနာမှုအတွက် ရှင်အရဟံပင် ကြပ်မကြည့်ရှုကာ စောင့်ရှောက်နေသောကြောင့် ပုဂံတပြည်လုံး စင်ကြယ်သော


www.dhammaransi.com

www.dhammaransi.com



သာသနာရောင် ဖုံးလွှမ်းလျက် အတိုင်းထက်အလွန် သာသနာတော် စည်ကားနေပေ၏။ ပိဋကတ်တော်များကိုလည်း မြန်မာဘာသာ အက္ခရာတင်ထားသဖြင့် နိုင်ငံတော်တဝန်းလုံး သင်ကြားနိုင်ကြရာ သာသနာ၏အရသာကို အခြေအမြစ်နှင့်တကွ ခံစားနိုင်ကြလေ၏။

## ရဟန်းဟူသောဝေါဟာရ

ပါဠိဘာသာအားဖြင့် သမဏဟူ၍လည်းကောင်း၊ ပဗ္ဗဇိတဟူ၍လည်းကောင်း၊ ဘိက္ခုဟူ၍လည်းကောင်း၊ သကျပုတ္တိယဟူ၍ လည်းကောင်း ခေါ်ဆိုအပ်သော ပုဂ္ဂိုလ်မြတ်မျိုးကို မြန်မာတို့က 'အရဟန္တ'ဟူသော ပါဠိဘာသာမှ ဆင်းသက်လာသည်ဟု အချို့က ယူဆကြ၏။ ထိုသို့ယူဆခြင်းမှာ အသံအားဖြင့် နီးစပ်သည့်ပြင် အနက်အဓိပ္ပာယ်အားဖြင့်လည်း ဆက်စပ်လျက်ရှိခြင်းကြောင့် ဖြစ်နိုင်သောအချက်ပင်ဖြစ်၏။သဘာဝယုတ္တိရှိသည်ဟုပင် ဆိုနိုင်၏။

သို့သော် အစစ်အမှန် ဧကန်အားဖြင့် ထို့ထက်သဘာဝကျကာ ဆင်းသက်လာသောအချက်ကား ရှင်အရဟံမှ'ရဟန်း' ဟူသော ဝေါဟာရ ဖြစ်လာခြင်းပင် ဖြစ်၏။ ထိုစကားထင်ရှားဖွင့်ဆိုဦးအံ့။

ရှင်အရဟံ ပုဂံပြည်သို့အရောက်တွင်'ရှင်အရဟံ၊ ရှင်အရဟံ' ဟု ပြောဆို ခေါ်ဝေါ်ကြယင်းက အရဟံ၊ အရဟံဟုဖြစ်သွားကြ၏။ ထို့နောက် ရှင်အရဟံနှင့် တူသူဟူသမျှ (သံဃာတော်ဟူသမျှ)ကိုလည်း အရဟံဟူ၍ပင် ခေါ်ဆိုကြ၏၊ အရဟံမှ

www.dhammaransi.com



ရဟံ။ ရဟံမှ ရဟန်းဟု ဆင်းသက် ဖြစ်ပေါ်လာ၏။ လျှာလိပ်သံကို လျှာမလိပ်ပဲ ဖြစ်ကတတ်ဆန်း ခေါ်ဝေါ်လေ့ရှိသော မြန်မာလူမျိုးတို့၏ ထုံးစံဓလေ့အတိုင်း ရဟန်း(ယဟန်း) ဟု ခေါ်ဝေါ်ခြင်း ဖြစ်ပေ၏။

ထို့ပြင် မြန်မာတို့ ထုံးစံအတိုင်း ပါဠိနှင့် ပတ်သက်သော ဝေါဟာရများကိုဝစ္စနှစ်လုံးပေါက်ပြီးခေါ်ဝေါ်ကြရိုးအတိုင်း ရဟံကို ရဟန်းဟု ဝစ္စနှစ်လုံးပေါက်နှင့်ခေါ်ဝေါ်ကြ၏။ဥပမာအားဖြင့် 'ဧဝံ မေ သုတံ'ကို 'အေးဝံမေသုတ်'ဟု ဖတ်သကဲ့သို့တည်း။ အမှန်ဖတ်လျှင် ဝစ္စပေါက် မပါပဲ 'အေ'ဟု ဖတ်ရမည် ဖြစ်၏။

အကျွန်ုပ်တို့ မြန်မာလူမျိုးတို့ကား 'ရ'ကောက်ကို လျှာမလိပ်ပဲ 'ယ'ပက်လက်သံနှင့် ဖြစ်ကတတ်ဆန်း ရွတ်ဖတ်ပြောဆိုလေ့ ရှိကြ၏။ ဥဒါဟရဏ် ပုံစံကား ရာဇာကို ယာဇာ၊ ရောဂါကို ယောဂါ၊ ရေတနာကို ယဒနာ၊ ရာဟုကို ယာဟု၊ ရာဂကို ယာဂ၊ ရက္ခစိုးကို ယက္ခစိုး၊ ရာဇဂြိုဟ်ကို ယာဇဂြိုဟ်၊ ရုပ်နာမ်ကို ယုပ်နာမ်ဟု ဖတ်ကြပုံများပင် ဖြစ်၏။

အမှန်အားဖြင့် ဖော်ပြရလျှင် မြန်မာ 'ရကောက်'သံကို အင်္ဂလိပ်ဘာသာ 'R'သံနှင့် ဖတ်ရပေမည်။ယခုကား 'R'သံနှင့် မဖတ်ပဲ 'Y'သံနှင့် ဖတ်နေကြ၏။ ဤသို့ ဖတ်ရာ၌ မြန်မာဘာသာ စာပေကို ဖတ်ရာတွင်မူ အရေးမကြီးလှပေ။ ပါဠိဘာသာ စာပေကို ဖတ်ရာတွင်မူ လုံးဝ မှားယွင်းရုံမက ပရိတ်တရားဆိုလျှင် ထိုပရိတ်သည် အစွမ်းတန်ခိုး အာနိသံ မရှိနိုင်တော့ပေ။ ကမ္မဝါဖတ်ရာ၌ကား 'ရကောက်'သံကို 'ယပက်လက်'သံ

www.dhammaransi.com



ဖတ်သည်နှင့် တပြိုင်နက် ပျက်စီးသွားတော့၏။ ဤကား ရဟန်းဟူသော ဝေါဟာရနှင့် ပတ်သက်၍ မြန်မာလွှတ်တော်၌ စာရေးတော် လုပ်ခဲ့ဖူးသော နော်ရထာကျော်ထင်ဘွဲ့ရ ပုဂံဦးတင်၏ ယူဆချက်ပေတည်း။

## ပါဠိဘာသာ ထွန်းကားစ ပြုလာခြင်း

အနော်ရထာ မင်းစောလက်ထက်တွင် ပိဋကတ်တော်များ ရောက်ရှိလာပြီဖြစ်၍ ထိုပိဋကတ်တော်များကိုလည်း မြန်မာ အက္ခရာနှင့် ကူးပြောင်းရေးတင်ပြီးပြီဖြစ်၍ ပိဋကတ်တော် ဘာသာဖြစ်သော ပါဠိဘာသာခေါ် မာဂဓဘာသာသည် ထွန်းကားစ ပြုလာခဲ့၏။ ထွန်းကားစဖြစ်သော ပါဠိဘာသာမှာ လည်း အရပ်သုံး ဒေသိယ ပါဠိဘာသာမျိုးမဟုတ်။ ဤကျမ်းစာ သရေခေတ္တရာ သာသနာခန်းတွင် ဖော်ပြခဲ့သည့် ဗုဒ္ဓသုံး ပါဠိဘာသာခေါ် တန္တြာခရာပိတ ပါဠိဘာသာ ဖြစ်၏။ အကြောင်းကား ဗုဒ္ဓမြတ်စွာ ပိဋကတ်တော်များနှင့် ရှင်အရဟံ အမှူးရှိသော သံဃာတော် အရှင်မြတ်တို့၏ တန်ခိုးတေဇာ အာဏာစက်ရောင် လွှမ်းမိုးလာပြီဖြစ်သောကြောင့်တည်း။ ထို အတွက် သက်သေသာဓကကား ဘုရင်အနော်ရထာမင်းစော ကိုယ်တိုင်—

အရိမဒ္ဒနာ ပုဂံမြို့တော် ‘ရွှေဆံတော်’ခေါ် မဟာပိန္နဲစေတီ တော် ဌာပနာတိုက်ရှိ စဉ့်မြေပုံ ရုပ်ပွားတော် ကျောဘက်တွင်—

www.dhammaransi.com



"သော ဘဂဝါ မဟာရာဇ သိရိအနိရုဒ္ဓဒေဝေန
ကတော ဝိမုတ္တတ္ထံ သဟတ္ထေနေဝ ါတိ"
ဟု စာတမ်းရေးထိုးထားချက်ပင် ဖြစ်၏။

ထိုပါဠိ၏ အဓိပ္ပာယ်ကား—

"ဤမြတ်စွာဘုရားကိုသံသရာဝဋ်မှ ကျွတ်လွတ်ရန် အလို့ငှာ သိရိအနိရုဒ္ဓအမည်ရှိသော ဘုရင်မင်းမြတ်သည် ကိုယ်တော်တိုင် လက်တော်ဖြင့် ပြုလုပ်တော် မူအပ်၏"ဟု ဆိုလိုပေ၏။

**မှတ်ချက်။** ။ကိုယ်တော်တိုင် လက်တော်ဖြင့် ပြုလုပ်တော်မူအပ်၏ ဟူသည်ကား ဤဘုရားကို ကိုယ်တိုင်ပြုလုပ်ခြင်းလည်း ဖြစ်နိုင်၏။ ဤစာတမ်းကို ကိုယ်တိုင် ရေးထိုးခြင်းလည်း ဖြစ်နိုင်၏။ စင်စစ်မှာ ယခုခေတ်နည်းအားဖြင့် ကိုယ်တိုင် လက်မှတ်ရေးထိုးသည့် သဘောပင် ဖြစ်၏။ တကယ် အမှန်ကား ဤဘုရားကို ဘုရင်ကိုယ်တိုင် အစက အဆုံးတိုင် ထုထားခြင်း၊ ပုံထားခြင်း လုပ်လိမ့်မည်လည်း မဟုတ်။ ထိုစာတမ်းကိုလည်း ဘုရင်ကိုယ်တိုင် ရေးလိမ့်မည်လည်း မဟုတ်။ ဘုရားထုစဉ်၊ ပြုလုပ်နေစဉ်၊ စာတမ်းရေစဉ်တို့၌ ကိုယ်တိုင် ပူးမူခြင်းဖြစ်အောင်'စတိ' သဘောနှင့် ကိုင်တွယ် ပြုမူခြင်းသာ ဖြစ်ပေလိမ့်မည်။ လေးလေးနက်နက်ဖြစ်စေရန် 'သဟတ္ထေနေဝ' (ကိုယ်တော်တိုင် လက်တော်ဖြင့်သာလျှင်)ဟု ရေးထားခြင်းဖြစ်၏။

သာသနောပမာ (သာသာနာရေးဥပမာ)အားဖြင့် ပြရလျှင် မိထွေးတော် ဂေါတမီသည် မြတ်စွာဘုရားအတွက်

www.dhammaransi.com



သက်န်းတော် နှစ်စုံကို ကိုယ်တိုင်ရက်၍ လှူဒါန်းသည်ဟူ သကဲ့သို့တည်း။ ဤ၌ မိထွေးတော် ဂေါတမီသည် တကယ် အမှန်အားဖြင့် ကိုယ်တိုင်ရက်သည်မဟုတ်။ ယက်ကန်းရက် တတ်သူ ကျွမ်းကျင်သူများကို ခေါ်ယူပြီး အရက်ခိုင်းခြင်း ဖြစ်၏။ ကိုယ်တိုင် ရက်ဖြစ်စေရန် ရက်ကန်းလက်ခတ်ကို မကြာကြာ သွား၍ အဖျားမှ၊ အစွန်းမှ ကိုင်တွယ်ပေးခြင်း ပြုရုံသာ ပြုခြင်းဖြစ်၏။

## အနော်ရထာ မင်းစော၏ အမည်တော်ရင်း

အဆက်ပြတ်နေသော မြန်မာနိုင်ငံ၏ သာသနာကို အသက် ခတ်သွင်းကာ တဖန်ပြန်လည်၍ ဆက်စပ်အောင် ပြုစုပျိုး ထောင်ပေးသော သာသနာပြု သာသနဒါယကာ ဘုရင်မင်း တရား၏ အမည်တော်ရင်းကို အစစ်အမှန် သိရှိထားရန်အရေး ကြီးပေ၏။ အမည်တော်ရင်းအမှန်မှာ ရာဇဝင်အစောင်စောင် နှင့်တကွ နောက်ဆုံးလည်းဖြစ်၊ အမှန်ဆုံးလည်း ဖြစ်သော မှန်နန်း ရာဇဝင်တော်ကြီး၌ ပါရှိသည့်အတိုင်း 'အနော်ရထာ မင်းစော'ဟူသော အမည်ပင်ဖြစ်၏။ အချို့သော သူတို့က အထက်ဖော်ပြပါ မဟာပိန္နဲ စေတီတော် ဌာပနာတိုက်ရှိ စဉ့် မြေပုံ ရုပ်ပွားတော်ကျောဘက်မှ စာတမ်းအရ 'အနော်ရထာ မင်းစော'မဟုတ်'အနိရုဒ္ဓ' ဖြစ်ကြောင်းနှင့်အခိုင်အမာရေးသား မှတ်ယူနေကြ၏။ ထိုသို့ဆိုလျှင်'အနိရုဒ္ဓ'လည်း မဟုတ်သေးပေ။ 'သိရိအနိရုဒ္ဓ'ဖြစ်ရပေမည်။ အဘယ့်ကြောင့်ဆိုသော် အဆိုပါ

www.dhammaransi.com



စာတမ်း၌ 'သီရိအနိရုဒ္ဓ' ဟု ပါရှိနေသောကြောင့် ဖြစ်၏။ အမှန်ကား ထိုသို့မဟုတ်ပေ။ ကျောက်စာရေးခြင်း၊ မော်ကွန်းထိုးခြင်း ဆိုသည်မှာ နောင်အစဉ်သဖြင့် မှတ်ယူရန် တခမ်းတနားဖြစ်အောင် မိမိတို့ဂုဏ်ပုဒ်ကို ထုတ်နိုင်သမျှထုတ်၍ မိမိတို့အတွက် ဂုဏ်ယုတ်မည်ကို မရေးထိုးပဲ ဂုဏ်တက်မည့် အရာကိုအပိုအကြွားနှင့်တကွ ရေးထိုးထားလေ့ရှိခြင်းပင် ဖြစ်၏။ ဤနေရာ၌ကား အနော်ရထာမင်းစောဟူသော မြန်မာနာမည်ကိုပါဠိဘာသာဖြစ်အောင် ဘာသာပြန်၍ စီကုံးရေးသားရသဖြင့် မူလ နာမည်ရင်းနှင့် ပို၍ပင် ဝေးကွာသွား၏။ ပုဂံခေတ်အနော်ရထာမင်းစော လက်ထက်တွင် ဤမြန်မာပြည်၌ ပါဠိဘာသာစကား ပြောနေကြသည်မဟုတ်။ မြန်မာစကား ပြောနေကြ၏။ သို့ဖြစ်၍ မြန်မာအမည်ရင်းကို ပါဠိဘာသာနှင့်ဘာသာပြန်ကာ ပြောင်းလဲ စီကုံးနေရခြင်း ဖြစ်၏။ ထိုစကားထင်ရှားစေဦးအံ့။ မန္တလေးမြို့တည် မင်းတရားကို 'မင်းတုန်းမင်း' ဟု လူတိုင်း သိနေကြ၏။ ခေါ်ဝေါ်နေကြ၏။ ထိုမင်း၏ကုသိုလ်ပြုရာ ကျောက်စာ အရပ်ရပ်တို့တွင် မင်းတုန်းမင်း ဟူသော အမည်ကို လုံးဝတွေ့ကြရလိမ့်မည် မဟုတ်ပေ။ 'မောင်လွင်' ဟူသော မင်းတုန်းမင်း၏ ငယ်မည်တော်ကိုကား ဝေးစွခြောက်ပါးဖြစ်၏။ 'မန္တလေး ရတနာပုံ ရွှေမြို့တော်တည် ပဥ္စမသင်္ဂါယနာတင်မင်းတပါး' ဟူ၍လည်းကောင်း၊ 'မဟာလောကမာရဇိန် စေတီတော်ဒါယကာမင်းတရား' ဟူ၍ လည်းကောင်း၊ 'သီရိပဝရ ဝိဇယာနန္တ သယပဏ္ဍိတ တြိဘဝနာဒိတျာ မိပတိမဟာ ဓမ္မရာဇာဓိ ရာဇာ' ဘွဲ့မည်တော်ရှိသော မင်းတရားဟူ၍လည်းကောင်း တွေ့ကြရပေလိမ့်မည်။ ထို့ အတူပင် အလောင်း

www.dhammaransi.com



မင်းတရားကြီး၏ ဒုတိယသားတော် မြေဒူးမင်း လက်ထက်၊ မြေဒူးမင်း ကောင်းမှု ကျောက်စာများ၌ မြေဒူးမင်းဟူသော အမည်ကို တွေ့ကြရလိမ့်မည် မဟုတ်ပေ။ မောင်ရှ ဟူသော မြေဒူးမင်း၏ ငယ်မည်တော်ကိုကား ဝေးစွခြောက်ပါး ဖြစ်၏။ 'ရတနာပုရ တတိယမြို့တည် မင်းတရား'ဟူ၍ လည်းကောင်း၊ 'နိဗ္ဗာန်ဆိပ်ဦး စေတီတော်ဒါယကာ မင်းတရား'ဟူ၍ လည်း ကောင်း၊ 'ဆင်ဖြူရှင်မင်းတရား'ဟူ၍ လည်းကောင်း တွေ့ကြရ ပေလိမ့်မည်။ ရှင်ဘုရင်ကို မဆိုထားဘိ။ အယုတ်သဖြင့်မှူးမတ် များ၏ ကုသိုလ်ပြုရာ ကျောက်စာ၊ စာတမ်း စသည်များ၌ပင် ငယ်နာမည် အမှန်ကို မတွေ့နိုင်ပေ။ ရရှိထားသောဘွဲ့မည်များ နှင့်မြို့စားရွာစားအမည်များကိုသာဖော်ပြထားသည်ကို တွေ့ကြ ရလိမ့်မည်။ ဤကား ကျောက်စာထိုးခြင်း၊ မော်ကွန်းတင်ခြင်း၊ ကုသိုလ်ကောင်းမှုပြုရာ စာတမ်း ရေးခြင်းတို့၌ သဘာဝ ထုံးတမ်းအစဉ်အလာ ဖြစ်ပေသတည်း။

## သီဟိုဠ်ကျွန်းသို့ သာသနာရေးအတွက် အကူအညီပေးခြင်း

သာသနာ သက္ကရာဇ် ၁၆၀၀ ပြည့် နှစ်တွင် နန်းတက်သော သီဟိုဠ်ဘုရင် ဝိဇယဗာဟုမင်း လက်ထက်၊ သီဟိုဠ်ကျွန်းတွင် စောဠတိုင်းသား ဒမိဠလူမျိုး(ကျေးကုလား)တို့၏ နှောင့်ယှက် ဖျက်ဆီးမှုကြောင့် သာသနာတော် အားနည်း ပျက်စီးလျက် ရှိလေ၏။ ဥပသမ္ပဒကံဆောင်ရန် (ရဟန်းခံရန်)ပင် လိမ္မာ ကျွမ်းကျင်သော၊ဗျတ္တပဋိဗလ ဖြစ်သည့် သီလဝန္တ (သီလနှင့်

www.dhammaransi.com



ပြည့်စုံသော) ရဟန်းသံဃာတော်များ လုံလောက်အောင် မရှိသဖြင့် မြန်မာနိုင်ငံ အရိမဒ္ဒနာပုဂံပြည်၊ ဘုရင်အနော်ရထာမင်းစောထံ သံတမန်လွှတ်၍ သာသနာပြု ရဟန်းသံဃာတော်များ သီဟိုဠ်ကျွန်းသို့ ကြွရောက်ပါမည့်အကြောင်း အကူအညီ တောင်းလေ၏။ ဘုရင် အနော်ရထာ မင်းစောလည်း သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ပိဋကတ်တော် ရဟန်းတော်မြတ်တို့ကို သီဟိုဠ်ကျွန်းသို့ သာသနာပြုရန် လျှောက်ထားတောင်းပန်ပြီး သံတမန်များထည့်ကာ ပို့ဆောင်ပေးတော်မူလေ၏။ ဝိဇယဗာဟုမင်းလည်း မြန်မာနိုင်ငံ အရိမဒ္ဒနာ ပုဂံပြည်မှ ကြွလာကြသော ရဟန်းသံဃာတော်များအား အားရဝမ်းသာ ကြိုဆိုပူဇော်၍ ထိုရဟန်း သံဃာတော်တို့ထံတွင် ရှင်ပြုခြင်း၊ ရဟန်းခံခြင်း အမှုများ ပြုစေလျက် ဆုတ်ယုတ်ပျက်ပြားနေသော သာသနာကို အသစ်တဖန် ပြန်လည် ထွန်းကားစေလေ၏။

မှတ်ချက်။ ။ဤအထက်ပါ သီဟိုဠ်ကျွန်းမှ သာသနာပြုရန် အကူအညီ တောင်းခံကြောင်းကို မြန်မာ မှန်နန်း မဟာရာဇဝင်တော်၌ အရိပ်အမြွက်မျှ မပြခဲ့ပေ။ သီဟိုဠ်ရာဇဝင်ခေါ် မဟာဝံသကျမ်း၊ စူဠဝံသကျမ်းတို့၌ ရေးသားထားချက်အရ ဖော်ပြလိုက်ခြင်းဖြစ်၏။ထိုသို့သာသနာပြုရန် အကူအညီ မတောင်းခံမီ သီဟိုဠ်ဘုရင် ဝိဇယဗာဟုမင်းက ပုဂံပြည် အနော်ရထာမင်းစောထံ စောဠတိုင်းသား ဒမိဠလူမျိုး (ကျေးကုလား) တို့၏ ဘေးရန် အတွက် စစ်ကူတောင်းကြောင်း၊ ထိုသို့စစ်ကူတောင်းသည်ကိုတောင်းသည့်

www.dhammaransi.com



အတိုင်း ပုဂံအနော်ရထာမင်းစောကစ်ကူပေး၍ ဒမိဠတို့၏ ဘေးရန်ကို တွန်းလှန်တိုက်ဖျက်လျက် ဒမိဠတို့၏ အနှောင့် အယှက်မှ ကင်းစေကြောင်း သီဟိုဠ်ကျွန်းဖြစ်စူဠဝံသကျမ်း၌ တခမ်းတနား ဖော်ပြထားခဲ့၏။

ထိုသို့ဖော်ပြရာ၌ သက္ကရာဇ်၊ နှစ်၊ လ၊ ရက်များကို ဖော်ပြ ထားခြင်း မရှိသဖြင့် အချိန်ကာလ အကွက် မည်သည့် သက္ကရာဇ်၊ နှစ်၊ လ၊ ရက်တွင် ဖြစ်ပျက်ခဲ့သည်ကိုမူ အတိ အကျ ကျနစွာ မသိရပေ။ သို့သော် အကြောင်းအရာမှာမူ အစစ်အမှန် ဖြစ်ကြောင်း သိနိုင်ပေ၏။ အကြောင်းကား မပြည့်စုံ၍ အကူအညီ တောင်းခံသူ ကိုယ်တိုင်က အတိ အလင်း ဝန်ခံဖော်ပြထားသောကြောင့်တည်း။

## ဘုရင်အနော်ရထာမင်းစော နတ်ရွာစံခြင်း

ဂေါစာသက္ကရာဇ် ၄၂၁ ခုနှစ်တွင် တည်ထားဆဲဖြစ်သော ရွှေစည်းခုံစေတီတော်မှာ ပစ္စယာသုံးဆင့်သာ ရောက်သေး၍ အပြီးမသတ်သေးပဲ ဘုရားဒါယကာ ဘုရင် အနော်ရထာမင်း စောမှာ နတ်ရွာစံသွားလေ၏။ ခမည်းတော် အနော်ရထာ မင်းစော နတ်ရွာစံလျှင် သားတော် သက်တော် ၄၁ နှစ်ရှိ စောလူး နန်းတက်၏။ နန်းသက် (ရှင်ဘုရင်သက်)နှင့် ၅ နှစ် နန်းစံ၍ သက်တော် ၄၆ နှစ်၊ ဂေါစာသက္ကရာဇ် ၄၂၆ ခုနှစ် တွင် နတ်ရွာစံ၏။ ထိုမင်း လက်ထက် သာသနာရေးနှင့် ပတ်သက်၍ တစုံတရာ အထူးအထွေ မရှိပေ။

www.dhammaransi.com



## ထီးလှိုင်ရှင် ကျန်စစ်သားမင်း

ဂေါစာသက္ကရာဇ် ၄၂၆ ခုနှစ်တွင် ဘုရင်အနော်ရထာမင်းစော၏ သားတော်တပါးဖြစ်သော သက်တော် ၄၄ နှစ်ရှိ နာမည်ကျော် ကျန်စစ်သား နန်းတက်၏။ 'သိရိတြိဘုဝနာဒိတျ ဓမ္မရာဇာ' ဟူသော တံဆိပ်နာမံတော်ကို ခံယူတော်မူ၏။ နန်းသက် (ရှင်ဘုရင်သက်)နှင့် ၂၈ နှစ် နန်းစံ၍ သက်တော် ၇၂ နှစ် ဂေါစာသက္ကရာဇ် ၄၅၄ ခုနှစ်တွင် နတ်ရွာစံ၏။

## မှန်နန်းမဟာရာဇဝင်တော်နှင့် မြစေတီကျောက်စာ

ဤအထက်ပါ ကျန်စစ်သားမင်း၏ နန်းတက်သက္ကရာဇ်နှင့် နတ်ရွာစံသက္ကရာဇ်မှာ မှန်နန်းမဟာရာဇဝင်တော်၌ လာရှိသည့်အတိုင်း ဖော်ပြထားခြင်း ဖြစ်၏။ ကျန်စစ်သား မင်း၏ 'ဦးဆောက်ပန်း' ခေါ် မိဖုရားမှ ဖွားသော ရာဇကုမာရ မင်းသား၏ ပုဂံမြစေတီဘုရား ကျောက်စာတွင်မူ ကျန်စစ်သားမင်းသည် သာသနာသက္ကရာဇ် ၁၆၂၈ ခုနှစ်၌နန်းတက်ကြောင်း၊ နန်းသက် (ရှင်ဘုရင်သက်) နှင့် ၂၈နှစ် နန်းစံရကြောင်း ဖော်ပြထား၏။ သာသနာသက္ကရာဇ် ၁၆၂၈ ခုနှစ်မှာ ဂေါစာသက္ကရာဇ်၄၄၆ ခုနှစ်နှင့် ညီမျှ၏။ မှန်နန်းမဟာရာဇဝင်တော်၏ အဆိုနှင့် နှစ်ပေါင်း ၂၀ တိုင်တိုင် ကွာခြားနေ၏။

ဤအချက်နှင့်ပတ်သက်၍ ကွင်းဆက်ဖြစ်သော အချက်တခုကို ဖော်ပြရလျှင် ရတနာပူရ တတိယမြို့တည် ကုန်းဘောင်

www.dhammaransi.com



ဆင်ဖြူရှင်လက်ထက် မင်းရဲရာဇာဘွဲ့ခံ ပလိပ်ရွာစား ဦးဖျော် ရေးသားသော ရွှေနားတော်သွင်းခေါ် ပလိပ်စား ဧချင်း၌ ပါရှိချက်ဖြစ်၏။ ပလိပ်စား ဧချင်းမှာ ရွှေနန်း စဉ်ဆက် အလေးအနက် အားကိုးချက် ပြုရသော ဧချင်းဖြစ်၏။

ပလိပ်စာ ဧချင်းတွင် ပုဂံမင်းဆက်များကို ဖော်ပြသော အခန်း၌—

"စောလူးစံမြောက်၊ နှစ်ဆယ့်ခြောက်တွင်၊ ချောချောက် ချားချား၊ မင်းကြားမချုပ်"

ဟု ပါရှိ၏။

အဓိပ္ပာယ်ကား စောလူးမင်း၏ နန်းသက် (ရှင်ဘုရင်သက်) သည် ၂၅ နှစ်ဖြစ်၍ နှစ်ဆယ့်ခြောက်နှစ်မြောက်တွင် ကျန်စစ်သား နန်းတက်သည်ဟု ဆိုလိုပေ၏။ဤကဲ့သို့သော စောလူး၏ နန်းသက်ကို ၂၅ နှစ်ဟု ယူငင်လျှင် မြစေတီကျောက်စာနှင့် အံကိုက် ဖြစ်သွား၏။ ဤတွင်လည်း လာပြန်ချေသေး၏။ လာပုံကား—

"စောလူးစံမြောက်၊ နန်းသက်ခြောက်တွင်၊ ချောက် ချောက်ချားချား၊ မင်းကြားမချုပ်"

ဟု ဆိုမှ မှန်သည်။ နှစ်ဆယ့်ခြောက်မဟုတ်၊ နန်းသက်ခြောက်ဟု ရှိစေရမည် ဟူပေ၏။

အဓိပ္ပာယ်ကား စောလူးမင်း၏ နန်းသက် (ရှင်ဘုရင်သက်) ၅ နှစ်ဖြစ်၍ ခြောက်နှစ်မြောက်တွင် ကျန်စစ်သား နန်းတက် သည်ဟုဆိုလိုပေ၏။ သို့ဖြစ်၍ ပလိပ်စားဧချင်းကို သာဓကပြုရန် လည်း မူ-၂ မူကွဲနေသဖြင့် သက်သေထူရန် မဖြစ်နိုင်တော့ပေ။

www.dhammaransi.com



ဤသို့ဆိုလျှင် ကျောက်စာကိုသာ အမှန်ယူမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ဖို့ အခြေဆိုက်လာ၏။ ဤတွင် စဉ်းစားရန်ရှိသည်မှာ မှန်နန်းရာဇဝင်တော်ကို ပြုစုသွားသော ရဟန်းပညာရှိ၊ မှူးမတ်ပညာရှိ၊ ပုဏ္ဏားပညာရှိဟု ဆိုအပ်သော 'ရာဇဝင် ပြုစုရေးအဖွဲ့ဝင်' ပုဂ္ဂိုလ်ကြီးများသည် အဘက်ဘက်က ပါရဂူများ ဖြစ်ကြောင်း သတိမမေ့အပ်ပေ။ ကျောက်စာဆိုလျှင် ဘုရားစကားလောက် ထင်မှတ်နေကြသော ယခုကာလ သူခမိန်တို့အတွက် စဉ်းစားချက်ပြုရန် အမြွက်မျှ ဖော်ပြပေအံ့။

## ကျောက်စာရှိတိုင်း အမှန်လော
## ကျောက်စာသည် ဘုရားစကားလော

မန္တလေးမြို့တည် ပဉ္စမ သင်္ဂါယနာတင် ဘုရင်မင်းတုန်းမင်းတရားကြီးလက်ထက် မင်းတရားကြီး အမိန့်နှင့် သေချာကျနစွာထွင်းထုထားသော မန္တလေးမြို့ လောကမာရဇိန်ခေါ် ကုသိုလ်တော် ဘုရားအတွင်းရှိ ပဉ္စမ သင်္ဂါယနာတင်သော ပိဋကတ်တော် ကျောက်စာများ၌ အမှားဗလချ ပါနေခြင်း ဖြစ်၏။ ထိုအမှားဗလချ ကျောက်စာများ အကြောင်းကို ဆဋ္ဌသင်္ဂါယနာတင်ရန် စီစဉ်ချိန်၌ ထိုအခါက ဝန်ကြီးချုပ်လုပ်သူက မြန်မာ့အသံမှ အသံလွှင့်ကာ ထုတ်ဖော်ကြေငြာခဲ့ပေ၏။ ထိုအမှားဗလချ ကျောက်စာများမှာ ယခုတိုင် မန္တလေးမြို့ကုသိုလ်တော် ဘုရားအတွင်း ပိဋကတ်တော် ဂူများထဲ၌ အထင်အရှား ရှိနေပေသည်။ မည်သူမဆို သွားရောက် ဖတ်ကြည့်နိုင်

www.dhammaransi.com



ပေ၏။ အမှားပလချာ ကျောက်စာမှာ အရေးအကြီးဆုံးဖြစ်သော ဝိနည်းပိဋကတ်တော် ကျောက်စာထဲ၌ ရှိနေ၏။ 'တလုံးမှားလျှင် လက်ဖြတ်စေ'ဟူသော သက်ဦးဆံပိုင် အာဏာပိုင်ဘုရင်လက်ထက်၌ သေလက္ခရာရှင့် ပဌမ သင်္ဂါယနာတင်ပိဋကတ်တော်အတွက် ထိုမျှလောက် မှားယွင်းနေသေး၏။ အခြား အရေးမကြီးသော ကုသိုလ်ကောင်းမှုပြုရာ စာတမ်းကျောက်စာများ၌ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ သို့ဖြစ်၍ ကျောက်စာရှိတိုင်း အမှန်ယူဆရန် သဘောမထားသင့်ပေ။

ကျောက်စာထိုးရာ၌ ဝါကြွား၍ထိုးခြင်း၊ ဖြစ်ကတတ်ဆန်းတော်ရိလျော်ရိထိုးခြင်း၊ ကျောက်စာထိုးသူ ကျောက်ဆစ်သမားက မှားယွင်း၍ ထိုးမိသည်ကို ပိုင်ရှင်က သေချာကျနစွာ မစစ်ဆေး မကြည့်ရှုပဲ ထားမိခြင်းစသော အချက်များ၊ အပြစ်များဖြစ်နိုင်ပေ၏။ ကျောက်စာထိုးသွားသူ ကျောက်စာရှင်တို့သည် ပုထုဇဉ်များသာဖြစ်၏။ သဗ္ဗညု မြတ်စွာဘုရားနှင့် ပစ္စေက ဗုဒ္ဓါဘုရားတို့မှတပါး၊ ပထမတန်း စောဒက်ရ ရဟန္တာကြီးများပင် သတိအရာ၌ လစ်ဟင်းချက် ရှိနိုင်ကြောင်း ပိဋကတ်တော်၌ တွေ့နိုင်၏။

သို့ဖြစ်၍ပင် ဝိနည်းဒေသနာအရာ၌ သဗ္ဗညုဘုရားနှင့် အရှင်ပစ္စေက ဗုဒ္ဓါဘုရားတို့မှ လွဲလျှင် အာပတ်မသင့်သူ မရှိကြောင်း၊ ပထမတန်း ရဟန္တာကြီးများပင် အာပတ်သင့်နိုင်ကြောင်း၊ သင့်ကြကြောင်း 'ဒွေပုဂ္ဂလာ အနာပတ္တိ'ဟု ဟောဆိုချက် ရှိခဲ့ပေ၏။ ပုထုဇဉ်ဖြစ်လျှင် အဘယ်အပြစ် ရှိနိုင်သနည်းဟု မေးရန်

www.dhammaransi.com



ရှိ၏။ (၁) အမှန်ထက်ပို၍ ဝါကြွားခြင်း၊ (၂) ပမာဒလေခ ဖြစ်၍ သတိမထား ရေးသားမိခြင်း၊ (၃) ကြေးစား ကျောက် ဆစ်သမားက တော်စွာလျော်စွာ ပြုလုပ်ထားသည်ကို ယုံကြည် ပြီး မစစ်ဆေးမိခြင်း စသော အပြစ်များ ရှိနိုင်ပေ၏။

မန္တလေးမြို့ ကုသိုလ်တော် ဘုရားအတွင်းက ပဌမ သင်္ဂါ ယနာတင် ပိဋကတ်တော်များ၌ အမှားဇလချာ ပါရှိနေခြင်း သည် သာဓက ဖြစ်တော့၏။ သို့ဖြစ်၍ ကျောက်စာဆိုတိုင်း မျက်စိကို စုံမှိတ်ပြီး မယုံကြည်သင့်ပေ။ ချင့်ချိန်တိုင်းထွာ၍ အဘက်ဘက် ထောင့်အမျိုးမျိုးမှ ကြည့်ပြီး ယုတ္တိ ရှိမရှိ၊ သဘာဝ ကျမကျ၊ သေချာကျနစွာ စစ်ဆေးပြီးမှ ယုံကြည်သင့် ပေ၏။ ဤကား ကျောက်စာနှင့် ပတ်သက်၍ ယုံကြည်ချက် ပြုရာ၌ နယုပဒေသ ရစေရန် ဖော်ပြချက်ဖြစ်၏။

ယခုဤတွင်မူ မည်သူ၏ဘက်သို့ လိုက်၍ မည်သူ၏ အယူ ဝါဒကိုယူရန် အကျွန်ုပ်တို့ တဘက်သတ် မဆုံးဖြတ်ဝံ့ပါ။မှန်နန်း မဟာရာဇဝင် အလိုအတိုင်းလိုက်လျှင် မြစေတီကျောက်စာအဆို ကို လုံးဝ ပယ်ချရပေလိမ့်မည်။ မြစေတီ ကျောက်စာအတိုင်း လိုက်လျှင်လည်း ကျန်စစ်သားမင်းနောက် နန်းတက်သော အလောင်းစည်သူမင်းက စပြီး ပုဂံရာဇဝင်တစောင်လုံး သက္က ရာဇ်တွေ အမှားမှား အရားရားဖြစ်ကာ ဗလချာလိုက်သွားပေ မည်။ သို့ဖြစ်၍ ဤအချက်တွင် နှစ်မူလုံးကိုပင် ယူချင်သလိုယူ၍ သုံးချင်သလို သုံးကြရန် ရှင်းပြရုံမျှသာ အကျွန်ုပ်တို့တာဝန် ယူလိုက်ပါသတည်း။

စပယ်ဦးစာပေ

www.dhammaransi.com



## ရွှေစည်းခုံစေတီတော်ကို ပြီးစီးအောင် ဆက်လက် တည်တော်မူခြင်း

ဘုရင်ကျန်စစ်သားသည် ခမည်းတော် အနော်ရထာမင်းစောကဲ့သို့ပင် အရှင်အရဟံကို ဆရာပြုကာ ဆက်လက်ကိုးကွယ်တော်မူလေ၏။ တစ်နေ့သ၌ အရှင် အရဟံက—

"ဒကာတော် မင်းမြတ်၊ မြတ်စွာဘုရား၏ နဖူးသင်းကျစ်တော်ဓာတ် စွယ်တော်ဓာတ်တို့ကို ဌာပနာပြီး ခမည်းတော် အနော်ရထာမင်းစော ရွှေစည်းခုံစေတီတော်ကို တည်ထားခဲ့၏။ ပစ္စယာသုံးဆင့်သာ ပြီးတယ်။ အပြည့်အစုံ မပြီးခင် နတ်ရွာစံသွားတယ်။ သားတော် စောလူးမင်း နန်းတက်တော့လဲ လောကီစည်းစိမ်ကိုသာ ခံစားသွားတယ်။ ခမည်းတော် အမွေဖြစ်တဲ့ စေတီတော်ကို ပြီးစီးအောင် ဆက်မလုပ်ခဲ့ဘူး။ ယခု ဒကာတော် မင်းမြတ်လည်း ခမည်းတော်အမွေ စေတီတော်ကို ပြီးအောင် ဆက်မလုပ်ဘူး"ဟု မိန့်တော်မူလိုက်ရာ ဘုရင်ကျန်စစ်သားမင်းတရားလည်း ခမည်းတော်၏ ကောင်းမှု ရွှေစည်းခုံစေတီတော်ကို ပြီးအောင် ဆက်လုပ်ပါမည်ဟု ဝန်ခံလျှောက်ထားလေ၏။ ဝန်ခံလျှောက်ထားသည့်အတိုင်းပင် ရွှေစည်းခုံစေတီတော်ကို ဆက်လက်တည်ဆောက်ရာ ခုနစ်လနှင့် ခုနစ်ရက်အကြာတွင် ပြီးစီး၍ ထီးတော်တင်နိုင်လေ၏။

www.dhammaransi.com



## ဟိမဝန္တာ ဂန္ဓမာဒန တောင်မှ ရဟန္တာများ ကြွလာခြင်း

ဝါဆိုခါနီး တခုသောဝါဆိုလ၏ တနေ့သော နံနက်ခင်းတွင် ဘုရင်ကျန်စစ်သားမင်းတရား၏ နန်းတော်တွင်းသို့ ကြည်ညိုဖွယ်ရာ ပသာဒဂုဏ်နှင့် ပြည့်စုံ၍ သိက္ခာဂုဏ်ဖြင့် ပြည့်ဝသော ရဟန်းတော်မြတ်ရှစ်ပါးသည် သပိတ်တော်များပိုက်ကာ ဆွမ်းရပ်လာလေ၏။ (ဆွမ်းခံကြွလာလေ၏။) ဘုရင်မင်းမြတ်လည်း ထိုရဟန်းတော်ရှစ်ပါးကို မြင်လျှင်မြင်ချင်း ကြည်ညိုခြင်းဖြစ်ကာ ကိုယ်တော်များထံမှ သပိတ်ကို တောင်းယူ၍ နေရာထိုင်ခင်း ပြင်ဆင်ခင်းကျင်းစေလျက် ဆွမ်းလုပ်ကျွေးတော်မူလေ၏။

ဆွမ်းဘုဉ်းပေးပြီးသောအခါ ဘုရင်မင်းမြတ်က—

“ကိုယ်တော်အရှင်မြတ်များ အဘယ်အရပ်က ကြွလာတော်မူပါသနည်း”ဟု လျှောက်ထားမေးမြန်းရာ ရဟန်းတော်အရှင်မြတ်တို့က—

“ဂန္ဓမာဒနတောင်မှကြွလာကြသည်”ဟုမိန့်တော်မူကြလေ၏။ ဘုရင်မင်းမြတ်လည်း ထိုအခါတွင် ထိုရဟန်းတော်ရှစ်ပါးသည် ‘ရဟန္တာ’များဖြစ်ကြောင်း ရိပ်မိသိရှိကာ အတိုင်းထက်အလွန် သဒ္ဓါတရားတဖွားဖွား ဖြစ်သွားလေ၏။ သို့ဖြစ်၍ မိမိအားသနားသဖြင့် ဤရွှေမြို့တော်တွင် သီတင်းသုံးရန်၊ ဝါဆိုတော်မူရန် တောင်းပန် လျှောက်ထားလေရာ ရဟန္တာများလည်း ဘုရင်းမင်းမြတ်၏ စေတနာသဒ္ဓါတရားကို ငဲ့ကာ ခွင့်ပြု

www.dhammaransi.com



လိုက်ကြလေ၏။ ဘုရင်မင်းမြတ်လည်း ရဟန္တာ အရှင်မြတ်များအတွက် ဝါဆိုရန် ဝါဆိုကျောင်း ဆောက်လုပ်လှူဒါန်း၍ ဝါတွင်းသုံးလတိုင်တိုင် နန်းတော်သို့ ပင့်ပြီး ဆွမ်းလုပ်ကျွေးတော်မူ၏။

## အာနန္ဒာဘုရား

တနေ့သ၌ ဘုရင် ကျန်စစ်သားမင်းတရားက ရဟန္တာ အရှင်မြတ်တို့အား ဟိမဝန္တာ ဂန္ဓမာဒနတောင်မှ နန္ဒမူလလိုဏ်ကဲ့သို့ သဏ္ဍာန် တူစွာ တန်ခိုးဖြင့် ဖန်ဆင်း၍ ပြတော်မူပါရန် တောင်းပန်လျှောက်ထားလေ၏။ ရဟန္တာ အရှင်မြတ်တို့လည်း နန္ဒမူလလိုဏ်နှင့်တူစွာ တန်ခိုးဖြင့် ပြတော်မူကြလေ၏။ ဘုရင်မင်းမြတ်လည်း နန္ဒမူလလိုဏ်နှင့်တူစွာ 'ဂူကြီး' တဆူကို တည်တော်မူလေ၏။ 'နန္ဒဂူ' ဟူ၍လည်း အမည်သမုတ်တော်မူ၏။ ထိုနဂူန္ဒဘုရားတွင် စဉ့်ကွင်းစဉ့်ပုံများ ထားရှိရာ ထိုစဉ့်ကွင်း စဉ့်ပုံများ၌ ပိဋကတ်တော်လာ မှတ်သားဖွယ်ရာ အချက်များ၊ ပါဠိအက္ခရာများကို တွေ့ရ၏။

မှတ်ချက်။ ။ထိုနန္ဒဂူခေါ် ဘုရားကား အခြားမဟုတ်။ ယခု ပုဂံမြို့ရှိ အာနန္ဒာဘုရားပင် ဖြစ်၏။ အတွင်းသိတို့ကသာ နန္ဒဂူဘုရားခေါ်၍ အများပြည်သူတို့ကမူ 'အာနန္ဒာ' ဘုရားဟု ခေါ်နေကြ၏။

www.dhammaransi.com



## မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ၏ မှတ်ချက်

စတုတ္ထ ရတနာပုရမြို့တည် ဘကြီးတော်ဘုရား လက်ထက် ရေးသားသော သာသနာလင်္ကာရ စာတမ်း၌ မင်းတိုင်ပင် အမတ်ကြီး မဟာဓမ္မသင်္ကြံ ခေါ် သာသနာပိုင်လူထွက် မောင်းထောင် ဆရာကြီးကအောက်ပါအတိုင်းမှတ်ချက်ရေးထားခဲ့၏။

"ဤသို့လျှင် ထီးလှိုင်ရှင် မင်းကြီးလက်ထက် (ကျန်စစ်သား မင်းတရားလက်ထက်) ဟိမဝန္တာ၊ ဂန္ဓမာဒနတောင် နန္ဒမူလလိုဏ်က ရဟန္တာတို့ ကြွတော်မူလာ၍ ရဟန္တာများ ထင်ရှားရှိသည်။ ထိုရဟန္တာများ လက်ထက် ရေးထားခဲ့သော စဉ့်ကွင်း၊ စဉ့်ပုံများတွင် အက္ခရာလိပ်စာများ ပုဒ်ပါဌ်သေချာသည်။တေမိဇာတ်တွင် သူယုတ်ဟော ကာလကဏ္ဏိရှိသည်ကို ကာလကဏ္ဍိသာ ရှိလိုသည်ဟု ပင်းယ စတုရင်္ဂဗလအမတ် အဘိဓာန်ဋီကာတွင် ပြင်လေသည်။ ထိုဋီကာသို့ လိုက်၍ စစ်ကိုင်း ရှင်အရိယဝံသလည်း ပြင်ဘိသည်။ ရဟန္တာတို့လက်ထက် ပုဒ်ပါဌ်နှင့် မညီလေ။"

### ရှင်းချက်

အထက်ပါ မှတ်ချက်အရ ဆိုလိုသည်ကား 'သူယုတ်' ကို ဟောဆိုလာသော ပါဠိ၌ 'ကာလကဏ္ဏိ' ဟူ၍လည်းကောင်း၊ 'ကာလကဏ္ဍိ' ဟူ၍ လည်းကောင်း ပါဠိ နှစ်မျိုးရှိရာ မည်သည့်

www.dhammaransi.com



ပါဠိက အမှန်ဖြစ်ကြောင်းသိရန် ခဲယဉ်းနေ၏။ ပင်းယ ရာဇဝင်တွင် ဆင်ဖြူလေးစီးရှင် ကျော်စွာမင်းခေါ် သီဟသူ မင်းလက်ထက် သီရိမဟာ စတုရင်္ဂဗလ အမတ်ကြီးစီရင်သော အဘိဓာန်ဋီကာတွင် ကာလကဏ္ဏိမဟုတ်၊ ကာလကဏ္ဏိဖြစ်ကြောင်း ဆုံးဖြတ်ထား၏။

သို့သော် အထက်ပါ ကျန်စစ်သားမင်းတရား၏ ကောင်းမှု၊ အာနန္ဒာဘုရားခေါ် နန္ဒဂူဘုရား၌ရှိသော စဉ့်ကွင်း စဉ့်ပုံတို့တွင် ကာလကဏ္ဏိဟု ရှိနေကြောင်း၊ ထိုအခါတွင် ရဟန္တာများ ထင်ရှားရှိနေချိန်ဖြစ်၍ ရဟန္တာများရှိစဉ်ရေးထားသောပါဠိကို အမှန် ယူသင့်ကြောင်း ဖြစ်ပေ၏။

ဤကား မောင်းထောင် ဆရာကြီး မဟာဓမ္မသင်္ကြံ၏ မှတ်ချက်ပါ ဆိုလိုချက်တည်း။

## ဂူပြောက်ကြီးဘုရားအတွင်းမှ မင်စာ

သို့သော် ဘုရင် ကျန်စစ်သားမင်းတရား၏ ကောင်းမှုပင်ဖြစ်သော 'ဂူပြောက်ကြီး' ဘုရားအတွင်းရှိ ရှေးမင်စာဟောင်းနှင့်ရေးသားထားချက်တွင် ကာလကဏ္ဏိမဟုတ်၊ ကာလကဏ္ဏိ ဟူ၍ ရှိနေပေ၏။

www.dhammaransi.com



## ရွှေကျောင်းသာသနာပိုင် ဆရာတော် အရှင် အဂ္ဂဓမ္မာဘိဝံသ၏ အဘိဓာန်နိဿယ

ကိုလိုနီခေတ် အင်္ဂလိပ်လက်ထက် ရွှေကျင်ဂိုဏ်း၏ သာသနာပိုင် တပါးဖြစ်သော အရှင်အဂ္ဂဓမ္မာဘိဝံသ၏ အဘိဓာန်နိဿယ သစ်၌ အထက်ပါ အချက်နှင့်ပတ်သက်၍-

"ကျန်စစ်မင်း ကောင်းမှု ဂူပြောက်ကြီး ဘုရား၌ကား ကာလကဏ္ဏိ ဟူ၍ပင် ရေးမင် စာ ယောင်း ရှိ၏။ မောင်းထောင် ဆရာတော်ကား (မောင်းထောင်ဆရာကြီးကို ဆိုလို၏။) နန္ဒာစဉ့်ကွင်းကိုသာတွေ့၍ မင်စာကို မတွေ့"
ဟု မှတ်ချက်ရေးထားခဲ့၏။

## နတ်ဘီလူးစစ်သူကြီး နှစ်ကျိပ်ရှစ်ယောက် သရုပ်

အထက်ပါ အာနန္ဒာခေါ် နန္ဒဂူဘုရား၏ စဉ့်ကွင်း ငြုပ်ပုံများတွင် နတ်ဘီလူးစစ်သူကြီး နှစ်ကျိပ်ရှစ်ယောက်တို့၏ သရုပ်ကိုလည်း ဖော်ထုတ်ရေးသားထားသည်ကို တွေ့ရ၏။ ထိုအချက်နှင့် ပတ်သက်၍ သာသနာလင်္ကာရစာတမ်းတွင် မင်းတိုင်ပင် အမတ်ကြီး မဟာဓမ္မသင်္ကြံက—

"အာဋာနာဋိယသုတ် အဋ္ဌကထာ၊ ဝိနည်း အဋ္ဌကထာ များတွင် အဋ္ဌဝီသယက္ခသေနာပတိအရ သရုပ်ကို ယခု စာပေ ရှာဖွေမတွေ့။ သုတ်ကိုယ်တွင်လည်း (သုတ်စာကိုယ် တွင်လည်းဟု ဆိုလို၏။) ယက္ခသေနာပတိ အမည်သုံးဆယ်

www.dhammaransi.com



ကျော် ရောနှောလျက် ပါရှိလေသည်။ ဝိနည်းဋီကာကို စီရင်သော တောင်ဖီလာဆရာတော်လည်း(ဝိနယာလင်္ကာရ ဋီကာကို ဆိုလိုဟန်ရှိ၏။) မဖော်မဖွင့်နိုင်ရှိသည်ကို နန္ဒဂူ စဉ့်ကွင်းစဉ့်ပုံတွင် ရဟန္တာတို့လက်ထက် ဖော်ပြရေးသား ခဲ့၍ သံသယမရှိ၊ မှတ်ရပေသည့် အရာလည်း ထိုကာလ ရဟန္တာမြတ်တို့ ကျေးဇူးတော်ပေတည်း''

ဟု မှတ်ချက်ရေးထားခဲ့ပေ၏။

## 'ကာရိကာ'ခေါ် သဒ္ဒါငယ်ကျမ်း

ကျန်စစ်သား မင်းတရား၏ ကောင်းမှုဖြစ်သော အာနန္ဒာ ခေါ် နန္ဒဂူဘုရားအနီး နန္ဒာမည်သော ကျောင်းတိုက်နေ အရှင် ဓမ္မသေနာပတိမည်သောမထေရ်သည် ဂန္ဓမာနတောင်မှ ကြွလာ သော ရဟန္တာရှစ်ပါး ဘုရင်မင်းမြတ်၏ ဝါဆိုစံကျောင်း တော်၌ ဝါဆိုနေထိုင်စဉ် 'ကာရိကာ' မည်သော သဒ္ဒါငယ် ကျမ်းကို စီရင်တော်မူ၏။ ထိုအချက်နှင့် ပတ်သက်၍လည်း ရဟန္တာများရှိစဉ် စီရင်သော သဒ္ဒါကျမ်းဖြစ်၍ ခိုင်ခံ့သော သဒ္ဒါကျမ်းဟု နှစ်သက်မြတ်နိုးကြကြောင်း၊ သာသနာလင်္ကာရ စာတမ်း၌ မောင်းထောင်ဆရာကြီးက မှတ်ချက်ရေးထားခဲ့၏။

## ကျန်းစစ်သားမင်းလက်ထက် သာသနာ

ကျန်စစ်သားမင်း လက်ထက်တွင် သာသနာရေးအတွက် ထူးခြားချက်ကား ဟိမဝန္တာ၊ ဂန္ဓမာဒနတောင်မှ ရဟန္တာ

www.dhammaransi.com



ရှစ်ပါးကိုယ်တိုင် ကြွလာ၍ ပုဂံပြည် ဘုရင်မင်းမြတ်၏ ဝါဆို ကျောင်း၌ ဝါဆိုနေထိုင်သွားခြင်း ဖြစ်၏။ ထိုအချိန်တွင် အရှင် အရဟံလည်း ရှိနေ၏။ အရှင်အရဟံကား ကျန်စစ်သားမင်း၏ လက်ထက် ကျန်စစ်သားမင်း နန်းသက် ၂၈ နှစ် ပတ်လုံး ပုဂံ ပြည်တွင် သီတင်းသုံးလျက် ရှိ၏။ သို့ဖြစ်၍ အနော်ရထာမင်း စောလက်ထက်ကကဲ့သို့ပင် ရဟန်း၊ ရှင်သာမဏေများ ပြန့်ပွား လျက် ပိဋကတ်တော်များ သင်ကြားပို့ချနေကြပေ၏။

ကျန်စစ်သားမင်းသည် အနော်ရထာမင်းစော ကဲ့သို့ပင် သာသနာ ကြည်ညိုသူဖြစ်၍ နိုင်ငံတော်အတွင်း အနှံ့အပြား ဘုရား၊ ဂူ၊ ကျောင်း၊ သိမ်၊ တန်ဆောင်း စသော သာသန အဆောက်အအုံများကို ဆောက်လုပ် တည်ထားတော်မူခဲ့၏။

## အလောင်းစည်သူမင်း

ဂေါစာသက္ကရာဇ် ၄၅၄ ခုနှစ်တွင် ထီးလှိုင်ရှင်ကျန်စစ်သား မင်း၏ မြေးတော် သက်တော် ၂၆ နှစ်ရှိ အလောင်းစည်သူ နန်းတက်၏။ နန်းသက် (ရှင်ဘုရင်သက်) နှင့် ၇၅ နှစ် နန်းစံ၍ သက်တော် ၁၀၁ နှစ်၊ ဂေါစာသက္ကရာဇ် ၅၂၉ ခုနှစ်တွင် နတ်ရွာစံ၏။ 'သီရိတြိဘဝနာဒိတျ ပဝရပဏ္ဍိတ သုဓမ္မရာဇာ မဟာဓိပတိ နရပတိစည်သူ' ဟူသော ဘွဲ့တံဆိပ် နာမံတော်ကို လည်း ခံယူတော်မူ၏။

www.dhammaransi.com



## အလောင်းစည်သူမင်းလက်ထက် သာသနာရေး

ဘုရင်အနော်ရထာမင်းစော လက်ထက်ကစ၍ ဘုရားတဆူ ဂူတလုံးကဲ့သို့ ကိုးကွယ်ကာ သာသနာရေးအတွက် အသက် ပေး၍ ဆရာသမားလုပ်ခဲ့သော အရှင်အရဟံမထေရ်မှာ ယခု အလောင်းစည်သူမင်း လက်ထက်အထိ သက်တော် ထင်ရှား ရှိနေသဖြင့် ဘုရင်မင်းမြတ်နှင့်တကွ တိုင်းပြည်ပါ ကံကောင်း လျက် ရှိခဲ့လေ၏။ အလောင်းစည်သူမင်းလည်း သာသနာ ရေးနှင့် ပတ်သက်ပြီး ရှင်အရဟံ၏ဩဝါဒကို တသဝေမတိမ်း ခံယူကာ မြတ်စွာဘုရား သာသနာကို ကောင်းစွာ ချီးမြှောက်ခဲ့ လေ၏။

အလောင်းစည်သူ မင်းတရားကား ဘုန်းတန်ခိုး တေဇော် အာနုဘော် အလွန်ကြီး၍ ဘေးတော် အနော်ရထာမင်းစော နှင့် ဘိုးတော် ထီးလှိုင်ရှင် ကျန်စစ်သား မင်းတရားတို့ထက် ဘုန်းသမ္ဘာ ပိုမိုကြီးမား၏။ အလောင်းစည်သူမင်း တရားတွင် ရှိသော စစ်သည်ဗိုလ်ပါ အလုံးအရင်းကား အမတ် ခြောက် သောင်း၊ ဆင်ဖြူ ၃၂ စီး၊ ဆင်မည်း ရှစ်သိန်း၊ မြင်း ရှစ်သန်း၊ လှေရှစ်သန်း၊ စစ်သည်သူရဲ ၃၆ ကုဋေ ရှိကြောင်း မှန်နန်း မဟာရာဇဝင်တော်၌ ဖော်ပြထား၏။

အလောင်းစည်သူ မင်းတရားတွင် ရှင်အရဟံမှ တပါး ဆရာပြု၍ ကိုးစားထားသော ပုဂ္ဂိုလ် သုံးဦး ရှိသေး၏။ ထိုသုံးဦးမှာ (၁)စိမ့်ညက်မင်းသားတော် မဟာထေရ်။ (၂) အရှင်အာနန္ဒာ အမည်ရှိသောမထေရ်။ (၃) မဟာဂီရိနတ်တို့ ဖြစ်ပေ၏။

www.dhammaransi.com



## ရွှေဂူကြီးဘုရား

အလောင်းစည်သူ မင်းတရားသည် နန်းတက်ပြီး တနှစ်မြောက် ဂေါစာသက္ကရာဇ် ၄၅၅ ခုနှစ်တွင် (၁) ရှင်အရဟံ၊ (၂) စိမ့်ညက်မင်းသားတော် မဟာထေရ်၊ (၃) ဒရှင်အာနန္ဒာတို့နှင့် တိုင်ပင်၍ ရွှေဂူကြီးဘုရားကို တည်တော်မူ၏။ ဉာဏ်တော်အတောင် ငါးဆယ်မြင့်၏။ ပုံတော်မှာ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ် သီတင်းသုံးတော်မူဖူးသော သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်ရှိ ဂန္ဓကုဋိတိုက်တော်၏ ပုံသဏ္ဌာန်တော် အတိုင်းတည်ခြင်း ဖြစ်ကြောင်း ရွှေဂူကြီးဘုရား သမိုင်း၌ ဖော်ပြထား၏။

## ရှင်အရဟံ ပရိနိဗ္ဗာန်စံခြင်း

မြန်မာ နိုင်ငံတော် အရိမဒ္ဒနာ ပုဂံပြည်ကို ဗုဒ္ဓမြတ်စွာသာသနာကြည်ညိုလာအောင် ဆောင်ရွက်တော်မူနိုင်၍ 'ရဋ္ဌပ္ပသာဒက' ဘွဲ့ထူးဖြင့် ချီးကျူး ဂုဏ်ပြုအပ်သော ရဟန္တာရှင်အရဟံ မထေရ်မြတ်သည် သက်တော် ၈၁ နှစ် အရွယ်တွင် ဂေါစာသက္ကရာဇ် ၄၅၇ ခုနှစ်(အလောင်းစည်သူမင်း နန်းတက်ပြီး နှစ်နှစ်မြောက်)၌ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့လေ၏။

---

(၁) မန္တလေးမြို့၊ မဟာရတနာရာမ မြတောင်တိုက်၊ မြတောင် ဆရာတော် အရှင်ဝိစာရမထေရ်မြတ် ပြုစီရင်သော ပုဂံမြို့ဘုရား ၁၇ ဆူ သမိုင်း။

www.dhammaransi.com



**ရှင်အရဟံကား အနော်ရထာမင်းစော လက်ထက်မှ စ၍ ယခု အလောင်းစည်သူမင်း လက်ထက်အထိ မင်းလေးဆက် တိုင်တိုင် သာသနဦးကိုင် အဖြစ်နှင့် ပုဂံပြည်တွင် သာသနာ စည်ပင်အောင် ပြုစုဆောင်ရွက်တော်မူခဲ့သော မထေရ်မြတ် ဖြစ်၏။ ရှင်အရဟံ၏ ပရိနိဗ္ဗာန်ပွဲ အကြောင်းကို မဟာဒွါရ နိကာယ သာသနဝံသဒီပနီကျမ်း၌ တခမ်းတနား ဖော်ပြထား သည်ကို အောက်တွင် ကူးယူဖော်ပြထား၏။**

---

(၁) အရှင်အရဟံ မထေရ်မြတ်သည် သက်တော် ၈၁ နှစ် အလောင်းစည်သူမင်းတရားကြီးနန်းစံ နှစ်နှစ်ရှိသောအခါ အန္နုပါဒိ သေသ နိဗ္ဗာနဓာတ်နန်းသို့ စံမြန်းကြွရောက်တော်မူလေလျှင် ကြွင်း ကျန်ရစ်သော ကရဇကာယ အဋ္ဌက ရုပ်ကလာပ်ကို နံ့သာရည် တို့ဖြင့် သွန်းလောင်း သပ္ပာယ်ပြီးလျှင် အဖိုးများစွာ ထိုက်တန်၍ နူးညံ့သိမ်မွေ့ကုန်သော ပုဆိုးခါသာ ကမ္ဗလာတို့ကို နံ့သာဆိ ဆွတ်ဖျန်း၍ အလောင်းတော်မြတ်ကို အထပ်ထပ်ရစ်ပတ် ထုပ်ပိုး ပြီးမှ နဝရတ်ကိုးသွယ် စီခြယ်မွမ်းမံအပ်သော ရွှေတလားမ၌သွင်း၍ ကာသိကတိုင်း၊ ကောဋုမ္ဗတိုင်း၊စိန္ဒတိုင်းတို့မှ ဖြစ်ကုန်သော အထူး ထူးသော အရောင်အဆင်းနှင့် ပြည့်စုံကုန်သော အဝတ်အထည်တို့ ဖြင့် လျောက်ပတ်သင့်တင့် ရှုချင်စဖွယ် ခြယ်လယ် မွမ်းမံအပ်သော ဘုံ ၁၁ ဆင့်ရှိသော ရတနာပြာသာဒ်၌ အလောင်းတော်မြတ်နှင့် တကွသော ရွှေတလားကို တင်လျက် သဘင် ခုနစ်ရက်ခံသည်။

ပြည်သားပြည်သူလူရှင်ရဟန်းတို့ကိုပူဇော်ကန်တော့စေပြီးသော် အုတ်အင်္ဂတေနရပတေတို့ဖြင့် အပြေအပြစ် သစ်သစ်မထင် ပြုစီရင် အပ်သော ပလ္လင်ခုံထက်၌ သံကွန်ရက်ခင်းသည်။ သတောင်းလည် ကြာယပ်နှင့်တကွ ငါးဆင့်ဘုံဝယ် ထုပိကာ ထီးတို့ဖြင့် တင့်တယ်

ရှင်အရဟံ ပရိနိဗ္ဗာန် စံတော်မူလျှင် ရှင်အရဟံ နေရာတွင် စိမ့်ညက်မင်းသားတော် မဟာထေရ်အားပေး၍ သာသနဦးကိုင် ပြုတော်မူရ၏။ အလောင်းစည်သူမင်းတရားကား နေပြည်တော်တွင် ရှည်ကြာအောင် နေတော်မမူ။ မိဖုရား မောင်းမမိဿံ အခြွေအရံများနှင့်တကွ မူးမတ်ဗိုလ်ပါ စစ်သည်ဘော်များပါ ဖောင်စကြာနှင့် (ဖောင်တော်နှင့်) တိုင်းခန်း လှည့်လည် နေတော်မူသည့်သာ များပေ၏။ ရောက်ရာအရပ်၌ ဖောင်တော်ဦး စေတီတော် တည်ထားခဲ့လေ့ရှိ၏။ ဇရပ်၊တန်ဆောင်း၊ ဂူ၊ ကျောင်း စသော သာသန အဆောက်အအုံများကိုလည်း ရောက်ရာဌာန ဒေသတို့တွင် တည်ဆောက်ထားခဲ့၏။

---

ဆန်းကြယ်စွာသော အထက်မျက်နှာကြက်ကို ရွှေမွမ်းမံ၍ လေးထောင့်စိုက်အပ်သော တိုင်၌ ဆွဲထားသည်။ ပိတ်ဖျင်တို့ကို အတွင်းဝန်းပြု၍ ငှက်ပျောပင် ကြိုပင်စိုက်သည်။ မြူတာရေပြည့် ပတ်လည်စင်ဖြင့် စီတန်းထားသည်။ ကြာသွတ်အိုး၌ ပန်းမျိုးစိုက်ကာ စင်ဖြင့် စီတန်းထားသည်။ ထို့နောက်မှ လူတပ်၊ မြင်းတပ်၊ ဆင်တပ်ဝန်းကျင်စီရင်ထားသည်။ ထို့နောက် နံ့သာ ကရမက် စန္ဒကူးတို့ဖြင့် စီဆင့်အပ်သော အမြင့်ကိုးတောင်ရှိသော ထင်းပုံထက်၌ ရွှေတလားနှင့်တကွတင်၍ ရွှေမိုကျင်ရှစ်လုံးထိုးပြီးလျှင် သဂြိုဟ်တော်မူသည်။

အလောင်းတော်ကျွမ်းလျှင် နံ့သာရည်၊ နှင်းရည်၊ စပယ်ရည်တို့ဖြင့် မီးကိုငြိမ်းစေ၍ ရွှေတလားနှင့် ပြာကိုသန့်စင်လျက် အရိုးခါတ်တော်တို့ကို ရေနံ့သာဖြင့် စင်စေပြီးလျှင် ရွှေအတိ ပြီးသောကျောက်စီမြူတာ၌ ထည့်သွင်း၍ တူးရှင်းတောင်ခြေ မြေသန့်စင်သော အရပ်၌ ဂူတည်၍ ဌာပနာသည်။ ဂူအတွင်း၌လည်း အရှင်အရဟံ သဏ္ဍာန်ရုပ်တု ရုပ်ပုံကို အုတ်ဖြင့်တည်လုပ်၍ ရဟန်းရှင်လူပြည်သူ အပေါင်းတို့ကို ပူဇော်စေသည်။

www.dhammaransi.com



# သဗ္ဗညုဘုရား

အလောင်းစည်သူမင်းတရားသည် နန်းတက်၍ ရှင်ဘုရင်သက်နှင့် ၁၀ နှစ် နန်းစံပြီးနောက် နန်းသက် ၁၁ နှစ်မြောက် ဂေါစာသက္ကရာဇ် ၄၆၅ နှစ်၌ 'သဗ္ဗညု'ခေါ် စေတီတော်ကြီးကို တည်ထားတော်မူ၏။ ဉာဏ်တော် အတောင် ၁၆၀ ရှိ၏။ စေတီတော်၏အတွင်း၌ 'ကုလားကျောင်း' ခေါ် လိုဏ်ဂူကြီးရှိ၏။ မုခ်နှစ်ဆင့်ဖြစ်၏။ ပုံသဏ္ဌာန်တော်မှာ မြတ်စွာဘုရားလက်ထက် သာဝတ္ထိပြည် ဝိသာခါဒါယိကာမကြီး၏ ကောင်းမှုဖြစ်သော ပုဗ္ဗာရုံကျောင်းတော်၏ ပုံသဏ္ဌာန်နှင့်တူစွာ တည်ထားခြင်း ဖြစ်ကြောင်း စေတိယဝံသကျမ်းကို သာဓကပြုကာ ပုဂံဘုရား ၁၇ ဆူ 'သမိုင်း'[၂]၌ ဆို၏။

---

၁။ သဗ္ဗညုစေတျံ ပါကာရသ ဗေဒသကြန္တိ။ သဗ္ဗညုစေတျံ၊ သဗ္ဗညုစေတီတော်တည်နှစ်ကို။ ပါကာရသဗေဒသကြန္တိ၊ ၄၆၅ ခု သက္ကရာဇ်ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ (ပုဂံဘုရား ၁၇ ဆူ သမိုင်း)

၂။ ပုဗ္ဗာရုံကျောင်းတော်နှင့် ပုံသဏ္ဌာန်မခြား အလားတူစွာ တည်ကြောင်းကို မူကား ဤ ဆိုလတ္တံ့သော စေတိယဝံသပါဠိ နိဿယဖြင့် သိအပ်သတည်း။ တတောပရံ မောဂ္ဂလာန မဟာထေရ ဝိစာရိတံ ဝိသာခုပါသိကာယ ပုဗ္ဗာရာမ ဝိဟာရ သဒိသံ ဒွိဘုမ္မိကံ ဗဟုသောပါဏံ အနေကသတ မုခလေဏ ဒွါရကန္တရ ကုဋာလင်္ကတံ မနောရမ္မံ စတ္တာလီသူန ဒွိသတ ရတနုဗ္ဗေဓံ သဗ္ဗညု မဟာစေတျံပိ ပတိဋ္ဌာပေသိ။ (စေတိယဝံသပါဠိ)

www.dhammaransi.com



## သာသနာလွန်စွာတောက်ပခြင်း

ရှင်အရဟံ ပရိနိဗ္ဗာန် စံသော်လည်း ရှင်အရဟံ နေရာတွင် သာသနာရေးအတွက် အပ်နှင်းခြင်းခံရသော စိမ့်ညကမင်းသားတော်မဟာထေရ်၏ ကြိုးပမ်းမှုကြောင့် သာသနာရောင် ထွန်းပြောင်လေ၏။ စိမ့်ညက်မင်းဟူသည်ကား ‘စိမ့်ညက်’ အမည်ရှိသောရွာကို၊ သို့မဟုတ် နယ်ကိုအုပ်စိုးရသူကို ခေါ်ခြင်းဖြစ်၏။ ကိုလိုနီခေတ် အင်္ဂလိပ်တို့၏ နောက်ဆုံးအချိန်အထိ မြင်းခြံနယ်တောင်သာတပိုက်တွင် ရွာသူကြီးကို ‘မင်း’ ဟုခေါ်၏။ ဥဒါဟရဏ်ကား ရွာသစ်သူကြီးကို ရွာသစ်မင်း၊ ကမြသူကြီးကို ကမြမင်းဟု ခေါ်၏။

သီလဝန်၊ ဂုဏဝန်ဖြစ်သော အရှင်အာနန္ဒာ မထေရ်နှင့် ဗောဓိမထေရ်စသော ပိဋကတ်ဆောင်မထေရ်များကို ပင့်ကာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာများကို ပို့ချစေတော်မူ၏။

---

တာတော—ထိုရွှေဂူစေတီကြီး တည်ပြီးသည်မှ။ ပရံ—နောက်၌။ မောဂ္ဂလာနမဟာထေရဝိစာရိတံ—အရှင်မောဂ္ဂလာန်သည်စီရင်ဘော်မူအပ်သော။ ဝိသာခုပါသိကာယ-ဝိသာခါ ဥပါသိကာမကြီး၏။ ပုဗ္ဗာရာမ ဝိဟာရသဒိသံ- ပုဗ္ဗာရုံ ကျောင်းတော်နှင့် တူထသော။ ဒွိဘုမ္မိကံ—ဘုံနှစ်ဆင့် ရှိထသော။ အနေကသတ မုခလေဏဒွါရကန္တရကုဋ္ဌာ လက်ိတံ—အရာမက များစွာသော မုခ်လိုဏ် တံခါးကြောင်လည်အထွဋ်တို့ဖြင့် တန်ဆာဆင်အပ်သော။ မနောရမ္မံ-နှလုံးမွေ့လျော်ဖွယ် ရှိတော်မူထသော။ စတ္တာလီသူနဒ္ဓိ-သတရတနုဗ္ဗေဓ-လေးဆယ်ယုတ် အတောင်နှစ်ရာ အစောက်ရှိထသော။ သမ္ဗညုမဟာစေတျံပိ-သဗ္ဗညု မည်သော ကြီးစွာသော စေတီတော်ကိုလည်း။

www.dhammaransi.com



မြတ်စွာဘုရားသာသနာတော်နှင့် လျော်ညီသောဗုဒ္ဓါနုလောမ၊ ဗုဒ္ဓါနုရူပ၊ ဗုဒ္ဓါနုကူလ၊ ဗုဒ္ဓါနုစ္ဆဝိက၊ သုတ္တာနုလောမ၊သုတ္တာနုရူပ၊ သုတ္တာနုကူလ၊ သုတ္တာနုစ္ဆဝိက ဖြစ်သည့် ကျမ်းဂန်များကိုလည်း စီရင်ပြုစုရန် အားပေးအားမြှောက် ချီးမြှောက်တော်မူ၏။ သို့ဖြစ်၍ အလောင်းစည်သူ မင်းတရားလက်ထက်တွင် သာသနာတော် လွန်စွာတောက်ပကြောင်း ဝံသဒီပနီ ကျမ်း၌ ဖော်ပြထား၏။

## အလောင်းစည်သူမင်းတရား ပြစ်မှားမိခြင်း

အလောင်းစည်သူ မင်းတရားကား ဘုန်းတန်ခိုး အာဏာထူးခြားစွာ ကြီးမားသူဖြစ်၏။ဇမ္ဗူဒီပ¹ ကျွန်း၏အထိမ်းအမှတ်ဖြစ်သော 'ဇမ္ဗူသပြေပင်'သို့ပင် ဖောင်စကြာနှင့် လှည့်လည်ရောက်ရှိကြောင်း၊ သီဟိုဠ်ကျွန်းနှင့် မာလာယု ကျွန်းသို့လည်း တိုင်းခန်း လှည့်လည်ရောက်ရှိကြောင်းများ ရာဇဝင် အစောင်စောင်၌ တခမ်းတနား ဖော်ပြထားချက်ရှိပေ၏။

တနေ့သ၌ အလောင်းစည်သူ မင်းတရားသည် မိမိ၏ဘုန်းတန်ခိုး တေဇော် အာနုဘော် ကြီးမားပုံများ စဉ်းစားကာ ငါ၏ ဘေးတော်၊ ဘိုးတော်များသည် ငါကဲ့သို့ ဘုန်းတန်ခိုး

---

ပဋ္ဌတိဘိဘ္ဘာ တည်တော်မူ၍။နိဗ္ဗာပေသိ-အပြီးသို့ ရောက်စေတော်မူပြီး။ (စေတိယဝံသ ပါဠိ၏ နိဿယ)

* ၁။ အမရပူရ ပထမမြို့တည် ဘိုးတော်ဘုရားလက်ထက် ပရမသီရိ ဝံသာတိဇမဟာဓမ္မရာဇဂုရု'ဘွဲ့ခံ မဲထီးဆရာတော် စီရင်သော ကျမ်းဖြစ်၏။

www.dhammaransi.com



ကြီးမည်မထင်ဟု ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားတော်မူမိလေ၏။ ထိုသို့ပြစ်မှားတော်မူမိသည်နှင့်တပြိုင်နက်မျက်လုံးတော်နှစ်ဘက် ကွယ်တော်မူလေ၏။ ဟူးရားဖြူ၊ ဟူးရားညို ပညာရှိတို့အား မေးမြန်းတော်မူရာ ဘေးတော်၊ ဘိုးတော်တို့ကို ပြစ်မှားမိသောကြောင့် မျက်လုံးတော် ကွယ်သွားခြင်း ဖြစ်ကြောင်း၊ ဘေးတော်၊ ဘိုးတော်တို့ကို ရွှေပယန်ဆောင်း၊ ငွေတန်ဆောင်း၊ ရွှေပန်း၊ ငွေပန်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ပူဇော်တော်မူလျှင် မျက်လုံးတော်ပြန်၍ မြင်တော်မူပါမည်ဟု နားတော် လျှောက်ကြလေ၏။

ဘုရင်မင်းမြတ်လည်း အရိမဒ္ဒနာ ပုဂံပြည် တည်ထောင်စ သမုဒ္ဒရာဇ် မင်းမှ စ၍ ခမည်းတော် စောယွမ်းတိုင် အောင် ၄၄ ယောက်သော မင်းတို့၏ ရုပ်တုတို့ကို ရွှေကိုသွန်း၍ ရွှေအင်းပျဉ်ထက်ထားပြီးလျှင်ရွှေတန်ဆောင်း၊ ငွေတန်ဆောင်း၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ပူဇော်ကန်တော့လေ၏။ ထိုသို့ ကန်တော့သော အခါ ပျူစောထီးမင်းအရုပ်၊ အနော်ရထာမင်းစောအရုပ်နှင့်ဘိုးတော်ကျန်စစ်သား မင်းတရားအရုပ် သုံးခုသာလျှင် ငုတ်တုတ်ထားမြဲအတိုင်းရှိ၍ ကျန်မင်း ရုပ်တုများအားလုံး တုံးရုံးလဲကြလေ၏။

ထိုသို့ကန်တော့ပြီးသော ခဏ၌ပင် ဘုရင်မင်းမြတ်၏မျက်လုံးတော်နှစ်ဘက်လည်း ပကတိ မြင်တော်မူလေ၏။ ဤအချက်နှင့် ပတ်သက်၍ ယခုကာလ 'သြကာသ ဘုရားရှိခိုး စာမူ' သည် အလောင်းစည်သူ မင်းတရား ဘေးတော်၊ ဘိုးတော်များကို

www.dhammaransi.com



ပြစ်မှားမိစဉ်ကန်တော့ခိုးသော စာမူဖြစ်ဟန်ရှိကြောင်း အချို့သော ပညာရှိတို့၏ ယူဆချက်ကို မှတ်ချက်(၁)အဖြစ်နှင့် အောက်တွင် ဖော်ပြလိုက်ပေ၏။

## ကုလားကျခေါ် နရသူမင်း

ဂေါစာသက္ကရာဇ် ၅၂၉ ခုနှစ်တွင် အလောင်းစည်သူမင်းတရား၏သားတော် သက်တော် ၄၅ နှစ်ရှိ နရသူနန်းတက်၏။ နန်းသက်(ရှင်ဘုရင်သက်)နှင့် လေးနှစ်နန်းစံ၍ သက်တော် ၄၉ နှစ်၊ ဂေါစာသက္ကရာဇ် ၅၃၃ ခုနှစ်တွင် နတ်ရွာစံ၏။

---

(၁) ယခုမြန်မာနိုင်ငံတွင် တနိုင်ငံလုံး သုံးစွဲနေသော ဩကာသ ဘုရားရှိခိုးမှာ အောက်ပါအတိုင်းဖြစ်၏။

> "ဩကာသ ဩကာသ ဩကာသ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော သုံးပါးသောကံတို့တွင် တပါးပါးသောကံကို ပြစ်မှားမိသည်ရှိသော် ပျောက်ပါစေခြင်း အကျိုးငှာ ပထမ ဒုတိယ တတိယ တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရား ရတနာ၊ တရား ရတနာ၊ သံဃာ ရတနာ၊ ရတနာ မြတ်သုံးပါးတို့ကို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုး ပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏။

(အရှင်ဇနကာဘိဝံသ၏ ရတနာ့ဂုဏ်ရည် ကျမ်းစာမှ ဩကာသ ဘုရားရှိခိုး စာမူဖြစ်၏။)

အထက်ပါ ဩကာသ ဘုရားရှိခိုး စာမူတွင် ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော သုံးပါးသော ကံတို့တွင် တပါးပါးသော ကံကို ပြစ်မှားမိသည်ရှိသော် ပျောက်ပါစေခြင်း အကျိုးငှာ ပါရှိ၏။

## ပံသုကူ မဟာထေရ်

အလောင်းစည်သူ မင်းတရားလက်ထက် နောက်ဖျားတွင် သာသန ဦးကိုင်ဖြစ်သော စိမ်ညက်မင်းသားတော် မဟာထေရ်နှင့် အာနန္ဒာမထေရ်၊ ဗောဓိမထေရ်တို့မှတပါး ပုဂံဘပြည်လုံးကာ ဘုရားကဲ့သို့ ကိုးကွယ်သော သပိတ်သည်သား ပံသုကူမဟာထေရ်ခေါ်မထေရ်ကြီးတပါးရှိ၏။ အလောင်းစည်သူမင်းတရား

---

အလောင်းစည်သူမင်းတရားမှာ မိမိ၏ ဘိုးတော်၊ ဘေးတော်တို့ကို ဝစီကံ မနောကံတို့ဖြင့် ပြစ်မှားမိ၏။ ထိုအတွက် ပပျောက်ရန် ရှိခိုးကန်တော့ရာ၌ အထက်ဖော်ပြပါ သြကာသ စာမူမျိုးနှင့် ဆို၍ ရှိခိုး ကန်တော့ရမည်ဖြစ်၏။ သို့ဖြစ်၍ ယနေ့ မြန်မာနိုင်ငံတွင် နိုင်ငံသုံးဖြစ်နေသော သြကာသ ဘုရားရှိခိုးစာမူသည် အရိမဒ္ဒနာပုဂံပြည်ရှင် အလောင်းစည်သူမင်းတရား လက်ထက်မှ ဆင်းသက်လာသော စာမူဖြစ်လေသလောဟု တွေးတောမည်ဆိုက တွေးတောနိုင်သော သဘာဝကျသည့် သာဓကတရပ် ဖြစ်နေပေ၏။

ထိုစကား ထင်ရှားအောင်ဖွင့်ဆိုဦးအံ့။ ယနေ့ အကျွန်ုပ်တို့တနိုင်ငံလုံးသုံးနေသော ဤ 'သြကာသ ဘုရားရှိခိုး' စာမူသည် အကျွန်ုပ်တို့အတွက် အကျွန်ုပ်တို့နှင့် ဆန့်ကျင်ဘက်ကြီး ဖြစ်နေ၏။ အကျွန်ုပ်တို့အတွက် မှားယွင်းကြီးခြင်းမက မှားယွင်းနေ၏။ အကြောင်းကား အကျွန်ုပ်တို့ အများစု ပြည်သူလူထု တရပ်လုံး ဘုရားပုထိုး ရှိခိုးနေသည်မှာ သီလခံယူရာ၌ သံဃာတော်များအား ရှိခိုး ကန်တော့နေမှာ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော သုံးပါးသောကံတို့တွင် တပါးပါးသောကံဖြင့် ပြစ်မှားမိ၍ ပျောက်ပါစေခြင်း အကျိုးငှာ ရှိခိုးနေခြင်း၊ ကန်တော့နေခြင်း မဟုတ်ပေ။ ကုသိုလ်

www.dhammaransi.com



နတ်ရွာစံသောအခါ ထင်ရှားသော မိဖုရားကြီးလေးပါးအနက် ထိပ်ဆုံး အကြီးမြတ်ဆုံးဖြစ်သော ရတနာပုံမိဖုရားမှ ဖွားမြင်သူ သားတော်ကြီး 'မင်းရှင်စော'မှာ ပုဂံနေပြည်တော်တွင်မရှိ။ ထွန်တုံးပူတက်ခေါ် အရပ်တွင် မြို့ရွာ တည်ထောင်ကာ နေထိုင်လျက်ရှိ၏။

ထိုသို့နေထိုင်ခြင်းမှာ အခြားမဟုတ် ခမည်းတော်အလောင်းစည်သူ သက်တော်ထင်ရှားရှိစဉ်က မကျေနပ်သောအချက်ရှိ၍ နေပြည်တော် ပုဂံရွှေမြို့တော်တွင် မနေစေပဲ စစ်သည်ဗိုလ်ပါ အလုံးအရင်း ဆင်မြင်းဥစ္စာတို့ကိုပေးကာ အဝေးသို့ နှင်ထုတ်ထားခြင်းအတွက်ဖြစ်၏။ အလောင်းစည်သူမင်းတရား နတ်ရွာစံစဉ် အပါးတော်၌ အရေးပါ အရာရောက်သော သားတော်မှာ နရသူဖြစ်လေ၏။

---

လိုချင်၍ ကောင်းမှုဖြစ်အောင်၊ အကျိုးရအောင် ရှိခိုးကန်တော့နေခြင်းသာ ဖြစ်ပါသည်။

သို့ဖြစ်၍ ဩကာသ ဘုရားရှိခိုးစာမှုမှာ အပြစ်ရှိ၍ တစုံတရာပြစ်မှားမိ၍ ပြေစေရန် ကြေစေရန် ကန်တော့သူတို့အတွက်သာ ဖြစ်ကြောင်း မှတ်သားအပ်လေ၏။ ကုသိုလ်လိုချင်မှုသက်သက်အတွက်သာဖြစ်ကြောင်း မှတ်သားအပ်ပေ၏။ ကုသိုလ်လိုချင်မှုသက်သက်၊ ရတနာသုံးပါးကို ကြည်ညိုမှုသက်သက်အတွက် ရှိခိုးကန်တော့ရာ၌ ဩကာသဘုရားရှိခိုးစာမှုကို လုံးဝ အသုံးမပြုထိုက်ပေ။

၁။ ထွန်တုံးပူတက်အရပ် ဟူသည်ကား ယခု မန္တလေးမြို့ အနီး အောင်ပင်လယ်ကန် တည်ရှိရာ အရပ်ပင်ဖြစ်၏။ အောင်ပင်လယ်ကန်မှာ မင်းရှင်စောဆည်ခဲ့သောကန် ဖြစ်၏။

www.dhammaransi.com



အကြောင်းကား အလောင်းစည်သူမင်းတရား အသည်းအသန် ရောဂါကပ်ရောက်နေစဉ် သားတော်နရသူက အဝတ်ပုဆိုးတို့ဖြင့် ဖိသတ်၍ နတ်ရွာစံရခြင်း ဖြစ်သောကြောင့်တည်း။ သို့ဖြစ်၍ ပြည်ရေးရွာမှု အစုစုကို နရသူပင် စီရင်ကွပ်ညှပ်နေ၏။ ထွန်တုံးပုဘက်တွင် နေသော် မင်းရှင်စောသည် ခမည်းတော် နတ်ရွာစံကြောင်း ကြားလျှင်ကြားချင်း စစ်သည်ဗိုလ်ပါစုရုံး၍ ရေအား ကြည်းအားနှင့် ပုဂံသို့ချီရန် စီမံခန့်ခွဲလျက် ရှိလေ၏။ ထိုအကြောင်းကို ပုဂံရွှေမြို့တော်မှ နရသူကြားလျှင်ကြားချင်း ပံသုကူ မဟာထေရ်မြတ်ထံ ချဉ်းကပ်၍ ဤသို့ နားတော်လျှောက်လေ၏။

"အရှင်ဘုရား၊ နောင်တော်မင်းရှင်စော စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့် ချီလာမည့်အကြောင်း ကြားရပါသည်။ သည်လို အလုံးအရင်း ဆင် မြင်း ဗိုလ်ပါတွေနှင့် ချီလာလျှင် အချိန်တွေ အကြာကြီး ကြာနေပါမည်။ အချိန်ကြာ နေလျှင် ပြည်ထဲအရေး နှောင့်နှေးစရာ ဖြစ်ပါသည်။ တပည့်တော်သည်မှာ ရှိနေနှင့်ပြီပဲ။ စစ်သည် ဗိုလ်ပါ အလုံးအရင်းနှင့် ချီလာစရာမလိုပါ။ ဓါးတစင်း မြင်းတစီးနှင့်သာ အလျင်အမြန်ကြွလာပြီး နန်းတက်ပါဆိုတာ အရှင့်မြတ်က မေတ္တာရပ်ပြီး နောင်တော် မင်းရှင်စောကို ခေါ်ပေးတော်မူပါ"ဟု လျှောက်ထားလေ၏။

ထိုအခါ ပံသုကူမထေရ်မြတ်က —

"ငါက ခေါ်ပေးလို့ရောက်တဲ့အခါ နန်းမတင်ပဲထားယင် ငါ့မှာ ရဟန်းတရားနှင့်မညီပဲ ဖြစ်သွားလိမ့်မယ်"ဟု မိန့်တော်မူလိုက်လေ၏။

www.dhammaransi.com



"တပည့်တော် နှောင်တော်ဘုရားရဲ့ခေါးကိုထမ်းပြီး နန်းတင်ပေးပါမည်ဘုရား" ဟု လျှောက်ကာ မဟာထေရ်မြတ်ရှေ့တွင် ယုံကြည်သောက်အောင် ကျမ်းသစ္စာ ကျိန်ဆိုပြလေ၏။ မထေရ်မြတ်လည်း နရသူသစ္စာပြုသည်ကို ယုံကြည်၍ မင်းရှင်စောရှိရာ ကြွတော်မူပြီး နရသူလျှောက်ထားချက်အတိုင်း အမိန့်တော်ရှိရာ မင်းရှင်စောလည်း ယုံကြည်ကာ လိုက်လာခဲ့လေ၏။

ပုဂံနေပြည်တော်သို့ရောက်လျှင် နရသူလည်း သစ္စာပြုထားသည့်အတိုင်း နှောင်တော် မင်းရှင်စော၏ သံလျက်ကိုထ အဘိသိက်သွန်းကာ နန်းတင်ပေးလေ၏။

သို့သော် နန်းတင်ပေးသော ထိုညတွင်ပင် စားတော်ခေါ်ရာ၌ အဆိပ်ဆေးခပ်ပြီး သတ်လိုက်၍ ရှင်ဘုရင်မင်းရှင်စော နတ်ရွာစံရလေ၏။ မင်းရှင်စော နတ်ရွာစံလျှင် နရသူနန်းတက်၍ ဘုရင်ဖြစ်သွားလေ၏။ ထိုသို့ ဆေးခပ်သတ်၍ မင်းရှင်စော နတ်ရွာစံရကြောင်း ပံသုကူမဟာထေရ် ကြားတော်မူလျှင် နရသူရှိရာ နန်းတော်သို့ ကြွလာ၍—

"ဟယ်.... မင်းဆိုးမင်းညစ်၊ သင်ကား သံသရာဝယ် ခံရအံ့သော မကောင်းမှုကို မကြောက်၊ ဤစည်းစိမ်ကိုရလျှင် သင်၏ ကိုယ်ခန္ဓာသည် မအိုမသေပြီဟူ၍ မှတ်သလော၊ လောကတွင် သင့်ထက် ပျက်သောမင်း မည်သည်ကား မရှိ" ဟု မိန့်တော်မူလေ၏။ ထိုအခါ နရသူက—

"အရှင်ဘုရားထံ သစ္စာပြုသည့် အတိုင်း နှောင်တော့် သံလျက်ကိုထမ်းပြီး နန်းတင်ပေးတယ်မဟုတ်လား ဘုရား" ဟု

www.dhammaransi.com



လျှောက်ထားရာ ပံသုကူသခင်မြတ်လည်း လူ့ပြည်တွင် သင့်ထက် ဆိုးသွမ်း ညစ်ညမ်းသောသူ မရှိပြီ”ဟု မိန့်ကာ ကျောင်းသို့ ပြန်ကြွလာခဲ့လေ၏။ ပံသုကူမထေရ်သည် နရသူထံမှ ပြန်လာပြီး မကြာမီပင် သီဟိုဠ်ကျွန်းသို့ ကြွသွားတော်မူလေ၏။

## နရသူမင်းလက်ထက်သာသနာရေးအကွက်ဘေးအန္တရာယ်ဖြစ်လာခြင်း

### ရဟန်းသံဃာတော်များအတိဒုက္ခရောက်ကြရခြင်း

ဘုရင်နရသူကား အမျက်စောင် မာန်ကြီး၏။ ရက်စက်ကြမ်းကြုတ် ယုတ်မာ၏။ သာသနာတော်ကိုလည်း ကြည်ညိုခြင်းမရှိ။ ရဟန်းသံဃာများသည် အစုအရုံးနှင့် နေကြသူများဖြစ်သည်။ မင်းအစိုးရတို့၏ အမိန့်အာဏာ ပညတ်ချက်ကိုလည်း မလိုက်နာပဲ မိမိတို့ဘာသာ ဝိနည်းတရားနှင့် သီးခြား အုပ်ချုပ်ကျင့်ကြံနေမှုများဖြစ်သည်။ တိုင်းပြည်နိုင်ငံကို ပုန်ကန်သောင်းကျန်းလျှင် သူတို့ကို ပြန်လည်ခုခံ နှိမ်နင်းရန် ခဲယဉ်းလိမ့်မည်။ သူတို့ကို စောစောက မနှိမ်နင်းပဲထားလျှင် တနေ့သ၌ အမှန်ပင် ပုန်ကန်ကြလိမ့်မည်။ ၎င်းပြင် တကြောင်းမှာ သူတို့တွင် သားမယားမရှိ၍ ရဟန်းသံဃာတွေ များလေလေ လူဦးရေ မတိုးပွားပဲ ဆုတ်ယုတ်လေလေ ဖြစ်သည်ဟု တွေးတောစဉ်းစားကာ ရဟန်းများကို လူထွက်ခိုင်းရန် မှူးမတ်တို့နှင့် တိုင်ပင်တော်မူလေ၏။

မှူးမတ်တို့က သာသနာကို မဖျက်ဆီးသင့်ကြောင်း အမျိုးမျိုး တိုးလျှိုး တောင်းပန်ကာ သံတော်ဦး တင်ကြလေ၏။

www.dhammaransi.com



သို့သော် ရှင်ဘုရင်မှာ သူ၏ထင်မြင်ချက်ကို မပယ်ဖျက်ပဲ ရဟန်းများကို လူထွက်ခိုင်းရန်သာ အမိန့်ထုတ်ဖို့ စီမံနေလေ၏။ ထိုအခါ 'သိဒ္ဓိကာ' အမည်ရှိသော အမတ်ကြီးက—

"သာသနာကို တိုက်ရိုက် ဖျက်ဆီးလျှင် ရဟန်းများက ပုန်မကန်မီ တိုင်းသူပြည်သားတို့က ရှေ့ဦးစွာ ပုန်ကန်ကြပါလိမ့်မည်။ သို့ဖြစ်၍ ပြည်သူပြည်သားများလည်း စိတ်မငြိုငြင်ရအောင် ရှေ့နန်းသခင် အရှင်ဘုရင်မင်းမြတ်လည်း အလိုတော်ကျ ဖြစ်ရအောင် ကြံဆောင်တော်မူမှ ဖြစ်ပါမည်။ သည်လို ကြံဆောင်ဖို့က ရဟန်းများ သူတို့အလိုအလျောက် တစတစ လူထွက်သွားအောင် စီမံဖို့ ဖြစ်ပါတယ်။ ရဟန်းများလည်း အာသဝေါကင်းသူများ မဟုတ်၍ အာရုံခြောက်ပါးနှင့် မျှားပြီး သွယ်ဝိုက်ဖျက်ဆီးရလျှင် ပျက်စီးကြမည် အမှန်ပင် ဖြစ်ပါကြောင်း" ဟု လျှောက်ထား သံတော်ဦးတင်ရာ ရှင်ဘုရင်က—

"ဘယ်လိုအာရုံခြောက်ပါးနှင့်မျှားပြီး ဖျက်ဆီးမှာလဲ"ဟု မေးတော်မူလိုက်လေ၏။

သိဒ္ဓိကာ။ ။မှန်လှပါ၊ တိုင်းပြည်တွင်း ရှိသမျှ မိန်းမများကို ယခုဝတ်ဆင်နေသလို လုံခြုံတဲ့အဝတ်ကို မဝတ်စေပဲ ရင်ကွဲအဝတ်ကို ဝတ်စေဖို့ အမိန့်တော်ထုတ်ရပါမည်။ ပြီးတော့ကာ ရဟန်းများ သီတင်းသုံး နေထိုင်တဲ့ ကျောင်းတိုက်တွေထဲမှာ သဘင်ပွဲလမ်း အခမ်းအနားတွေ နေ့ညမပြတ် ပြုလုပ်ခင်းကျင်းပေးရပါမည်။ သည်လိုလုပ်လျှင် ရဟန်းတွေဟာ မိန်းမတွေရဲ့ မမြင်အပ်တဲ့ လျှို့ဝှက်သော အရပ်တွေ တစွန်းတစမြင်ရပြီး

www.dhammaransi.com



မနေနိုင်ပဲ အများစုက လူထွက်လာကြပါလိမ့်မည်။ လူမထွက်သော ရဟန်းအနည်းငယ်သာ ကျန်ရှိပါလိမ့်မည်။ ကျန်ရှိရစ်တဲ့ ရဟန်း အနည်းငယ်ဟာ အင်အားမရှိလို့ ပုန်ကန်နိုင်တော့မည် မဟုတ်ပါဘုရား"

ဘုရင်မင်းမြတ်သည် အမတ်ကြီးသိဒ္ဓိကာ၏ လျှောက်ချက်ကို နှစ်သက်သဘောတူကာ ထိုအတိုင်း ပြုလုပ်ရန် အမိန့်တော် ထုတ်လိုက်လေ၏။

ရင်ကွဲအဝတ်ဆိုသည်ကား ထဘီနှင့် ၊အင်္ကျီများကို ရှေ့ဘည့်ဘည့်က ခွဲ၍ ဝတ်ခြင်းဖြစ်၏။ ထိုအခါကစ၍ မိန်းမများ ဗလာထဘီနှင့် ရင်ကွဲအင်္ကျီသာ ဝတ်ဆင်လာခဲ့ကြခြင်းဖြစ်၏။ ထိုအမိန့် မထုတ်မီက ဝတ်ဆင်ပုံမှာ တောင်သား မိန်းမများ ဝတ်ဆင်သော အဝတ်မျိုး ဝတ်ဆင်ကြ၏။ တောင်သားမိန်းမများ ဝတ်ဆင်သော ထဘီအင်္ကျီများမှာ ရှေ့နောက်အကွဲမပါ လုံခြုံစွာရှိသည့်မှု ဂုဏ်ဆာဇဝင်ချပ်၌ ဖော်ပြသား၏။

မိန်းမများကို ဗလာထဘီ ဝတ်စေ၍ ရဟန်းသံဃာများ သီတင်းသုံးနေထိုင်ရာ ကျောင်းတိုက်များအတွင်း နေ့ညမပြတ် ပဲ့လမ်းသဘင် ဆင်ယင် ကျင်းပကာ သာသနာဖျက် လုပ်ငန်းကို ကြိုးပမ်းခဲ့သော်လည်း ကောင်းစွာအထမမြောက်ပဲ တရာလျှင် တပါးလောက်သာ လူထွက်သည်ကို တွေ့ရလေ၏။ သို့ဖြစ်၍

၁။ နရသူမင်း၏အမိန့်မထုတ်မီက မိန်းမများဝတ်သောထဘီမှာ ပန်ချာပီမများဝတ်သကဲ့သို့ ဘောင်ဘီပွကြီးမျိုး ဖြစ်သည်ဟု မြန်မာမင်း လွှတ်တော်၌ စာရေးတော်လုပ်ခဲ့ဖူးသော နော်ရထာကျော်ထင် ဘွဲ့ရ ပုဂံဦးတင်က ပြောပြဖူး၏။

www.dhammaransi.com



ဘုရင်နရသူသည် မကျေမနပ်ဖြစ်ကာ သိဒ္ဓိကာစသော အမတ်ကြီးတို့ကို မတိုင်ပင်တော့ပဲ မိမိသဘောအတိုင်း မှူးငယ်မတ်ငယ်များနှင့် စီမံ၍ ရဟန်းများကို အတင်အဓမ္မလူထွက်ခိုင်းစေ၏။ အမိန့်အတိုင်းမလိုက်နာပဲ လူမထွက်ပဲ နေသောရဟန်းတို့ကို ဓားဖြင့်လည်ပင်းကိုဖြတ်၍ သတ်စေလေ၏။

ရဟန်းများတောကြိုတောင်ကြားတို့သို့ ပုန်းရှောင်ပြေးသွားကြလေ၏။ အချို့ရဟန်းများ သီဟိုဠ်ကျွန်းသို့ ကူးသွားကြ၏။ ထိုအခါ ပုဂံရွှေမြို့တော် ထက်ဝန်းကျင် တဝိုက်၌ ရဟန်းများကွယ်ပျောက်သလောက် ဖြစ်သွားခဲ့၏။ သည်ကဲ့သို့ပြုလုပ်သောနှစ်တွင်ပင် ပဋိက္ကရား ကုလားမင်းက လွှတ်လိုက်သည့် ကုလားသူရဲကောင်း ရှစ်ယောက်တို့ ပုဏ္ဏားယောင်ဆောင်ကာ လာရောက်ပြီး ဘုရင်နရသူအား သတ်သွားကြသဖြင့် နရသူ နတ်ရွာစံလေ၏။ ယင်းသို့ ကုလားသတ်၍ သေခြင်းကြောင့် နရသူကို ရာဇဝင်တွင် 'ကုလားကျမင်း'ဟု မော်ကွန်းတင်ထား၏။

## မင်းယဉ်နရသိင်္ခ

ဂေါစာသက္ကရာဇ် ၅၃၃ ခုနှစ်တွင် ကုလားကျခေါ် နရသူမင်း၏ သားတော် သက်တော် ၃၇ နှစ်ရှိ၊ မင်းယဉ် နရသိင်္ခနန်းတက်၏။ နန်းသက် (ရှင်ဘုရင်သက်)နှင့် ၃ နှစ် နန်းစံ၍ သက်တော် ၄၁ နှစ်တွင် နတ်ရွာစံ၏။ ထိုမင်းလက်ထက်သာသနာရေးနှင့် ပတ်သက်၍ တစုံတရာ အထူးအထွေ မရှိပေ။

www.dhammaransi.com



## နရပတိစည်သူ

ဂေါစာသက္ကရာဇ် ၅၃၆ ခုနှစ်တွင် မင်းယဉ် နရသိင်္ခ၏ ညီတော် (ကုလားကျခေါ် နရသူ၏သားတော်) သက်တော် ၃၇ နှစ်ရှိ၊ နရပတိစည်သူ နန်းတက်၏။ နန်းသက် (ရှင်ဘုရင်သက်)နှင့် ၃၇ နှစ် နန်းစံ၍ သက်တော် ၇၄နှစ်တွင် နတ်ရွာစံ၏။

## အနန္တသူရိယ၏ စာလေးပုဒ်

ဘုရင်နရပတိစည်သူမှာ ဝေဠုဝတီမိဖုရားကို အကြောင်းပြု၍ နောင်တော်မင်းယဉ် နရသိင်္ခအား လုပ်ကြံသတ်ဖြတ်ပြီး ရှင်ဘုရင် ဖြစ်လာသူ ဖြစ်၏။ နောင်တော်ကို လုပ်ကြံပြီးနောက် နောင်တော်၏ အထိန်းတော်သား အနန္တ သူရိယကိုလည်း ဖမ်း၍ သတ်ရန် သူသတ်သမားတို့အား အပ်လိုက်လေ၏။

အနန္တသူရိယလည်း ရဲရင့်တည်ကြည်သော စိတ်ထား နှလုံးရှိသူဖြစ်၍ သတ်မည့်ဆဲဆဲတွင် စာလင်္ကာလေးပုဒ် ရေးလျက် ဘုရင်မင်းမြတ်အား ဆက်သရန် သူသတ်သမားတို့အား ပေးခဲ့လေ၏။

## စာ ၄ ပိုဒ်ကား

(၁) သူတည်း ဟဒယာက်။ ကောင်းဘို့ ရောက်မူ။ သူတ ယောက်မှာ ပျက်လင့်ကသာ။ ခမ္မတာတည်း။

www.dhammaransi.com



(၂) ရွှေအိမ်နန်းနှင့်။ ကြငှန်းလည်းခံ။ မတ်ပေါင်းရံလျက်။ ပျော်စံရိပ်ငြိမ်။ စည်းစိမ်မကွာ။ မင်းချမ်းသာကား။ သမုဒ္ဒရာ။ ရေမျက်နှာထက်။ ခဏဘက်သည့်။ ရေပွက်ပမာ။ တသက်လျာတည်း။

(၃) ကြဖ်နာသနား။ ငါ့အားမသတ်။ ယခု လွှတ်လည်း။ မလွတ်ကြမ္မာ။ လူတကာတို့။ ခန္ဓာခိုင်ကျည်။ အတည်မမြဲ။ ဖောက်လွဲတတ်သည်။ မချွတ်စသာ။ သတ္တဝါတည်း။

(၄) ရှိခိုးကော်ရော်။ ပူဇော်အကျွန်။ ပန်ခဲ့တုံ၏။ ခိုက်ကြုံဝိပါက်။ သံသာစက်၌။ ကြိုက်လတွန်မူ။ တုံ့မယူလို။ ကြည်ညိုစိတ်သန်။ သခင်မွန်ကို။ ချန်ဘိစင်စစ်။ အပြစ်မဲ့ရေး။ ခွင့်လျှင်ပေး၏။ သေးသည်အနိစ္စာ။ ငါ့ခန္ဓာတည်း။

သူသတ်သမားတို့လည်း အနန္တသူရိယကို သတ်ပြီးနောက် စာ ၄ ပုဒ်ကို ဘုရင်မင်းမြတ်အား ဆက်သကြလေ၏။ ဘုရင်မင်းမြတ်လည်း စာ ၄ ပုဒ်ကို ဖတ်စေ၍ နာခံတော်မူပြီးနောက် "အာနန္တသူရိယကို လွှတ်စေ" ဟု မိန့်တော်မူ လိုက်လေ၏။ ထိုအခါ သတ်ပြီးကြောင်း သူသတ်သမားတို့က လျှောက်ထားကြရာ...."နင်တို့–မသတ်ခင်က ဤစာကို ဆက်ကောင်းလျက်၊ သတ်ပြီးမှ ဆက်သည်' ဟု အပြစ်တင်တော်မူလေ၏။ ဘုရင်မင်းမြတ်လည်း စာ ၄ ပုဒ် ဖတ်သည်ကို ကြားတော်မူစကပင်, တအောက်မေ့မေ့, တရှိုက်မတ်မတ်နှင့် နောင်တ ကြီးစွာ

www.dhammaransi.com



ဖြစ်တော်မူ၏။ ထိုအချိန်မှစ၍ အမျက်တော်ကို ချုပ်ရုပ် ဆီး တားတော်မူ၏။

ထိုအတွက်, မင်းဆွေစိုးမျိုး, မဟာမျိုးရင်းချာ ဖြစ်သူ "မဟာသမန်း" ကို ခေါ်၍—

"နောက်နောင်— ငါ, အမျက်တော် ရှိ၍ သတ်လေဟု အမိန့်တော် ရှိသော်လည်း, တလ, လေးသီတင်း မသတ်ပဲ ထားပြီး, စစ်ကြောဘိ။ သေတန်မှသေစေ။ မသေတန် သူကို လွှတ်စေ" ဟူ၍ အမိန့်တော်မြွက် မှတ်တော်မူလိုက် လေ၏။

## နရပတိစည်သူလက်ထက် သာသနာရေး
## အရှင်ဥတ္တရာဇီဝနှင့် အရှင်ဆပ္ပဒ
## အရှင်ဥတ္တရာဇီဝ မဟာထေရ် သီဟိုဠ်သို့ကြွခြင်း။

အရှင် ဥတ္တရာဇီဝ၏ အကြောင်းကား.... ဤသို့တည်း။ "ကောပနေသ ဥတ္တရာဇီဝမဟာထေရောတိ။ အယံဟိ ထေရော ရာမညဒေသိယပုတ္တော အရိယဝံသထေရဿသိဿော။ အရိယဝံသထေရောပန ကပ္ပုင်္ဂနဂရဝါသီ မဟာကာလ ထေရဿ သိဿော။ သောပနသုဓမ္မ နဂရဝါသိနော ဗုရာဏဒဿီ မဟာ ထေရဿသိဿော။ သောတုလောကိယဇ္ဈာ နာဘိညာလာဘီ" ဟူ၍ ကလျာဏီကျောက်စာပါဠိ၌ လာရှိ၏။

## ဤအထက်ပါကလျာဏီကျောက်စာ၏ မြန်မာဘာသာပြန်ကား

"ဥတ္တရာဇီဝမဟာထေရ်ဟူသည် အဘယ်နည်း။ ဥတ္တရာဇီဝ မထေရ်သည် ရာမညတိုင်းသား အရိယဝံသမထေရ်၏ တပည့်

www.dhammaransi.com



ဖြစ်၏။ အရိယဝံသမထေရ်ကား, ဇေပ္ပုဂ်မြို့နေ မဟာကာလ မထေရ်၏တပည့်ဖြစ်၏။ မဟာကာလမထေရ်ကား သုဓမ္မပုရ, သုဓမ္မဝတီနှစ်မည်ရ သထုံမြို့နေ ပုရာဏဒဿီခေါ် ပြာဏဒဿီ မထေရ်၏ တပည့် ဖြစ်၏။ ထိုပုရာဏ ဒဿီခေါ် ပြာဏဒဿီ မထေရ်ကား လောကီစျာန် အဘိညာဉ်ကိုရ၏” ဟူ၍ဖြစ်၏။

## ပြာဏဒဿီမထေရ် လောကီစျာန်ရပုံကို သိခြင်း

ပြာဏဒဿီမထေရ်သည်သုဓမ္မပုရသထုံပြည်တွင် သီတင်းသုံး နေထိုင်သော မထေရ်ဖြစ်၏။ နံနက်စောစောထ၍ အိန္ဒိယပြည် မဂဓတိုင်း။ ဗုဒ္ဓဂါယာ, မဟာဗောဓိပင်၏ ရင်ပြင်တော်သို့ သွားပြီး တံမြက်လှည်းခြင်း ဗောဓိယင်္ဂဏ သမ္မဇ္ဇနဝတ်ကိုပြု၏။ တံမြက်လှည်း ပြီးလျှင်, သုဓမ္မပုရသထုံမြို့သို့ နံနက်ခင်း ချက်ချင်းပင် ပြန်လာ၍ သထုံမြို့တွင်းသို့ ဆွမ်းခံ ဝင်တော်မူ၏။ ဤနည်းနှင်နှင် နေ့စဉ်တံမြက်ဝတ်နှင့် ဆွမ်းခံဝတ်ကို ပြုတော်မူ၏။ ထိုသို့မထေရ်မြတ် ကျင့်သုံးပြုမူသည်ကို သုဓမ္မပုရသထုံမြို့မှ မဂဓတိုင်းဗုဒ္ဓဂယာသို့သွား၍ ကုန်ရောင်းကုန်ဝယ်ပြုကြသော သထုံမြို့သား ကုန်သည်တို့ မြင်ခဲ့၍ သထုံသို့ ပြန်လာသောအခါ ပြောပြကြသဖြင့် လောကီစျာန် အဘိညာဉ်ရကြောင်း သိကြရ ခြင်းဖြစ်၏။

အရှင်ဥတ္တရာဇီဝမထေရ်ကားတတိယသင်္ဂါယနာတင် အရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ် မြတ်က ကိုးတိုင်း ကိုးဌာနသို့

●ပယ်ဦး●၁●ပ

www.dhammaransi.com



သာသနာပြုလွှတ်လိုက်သော သုဝဏ္ဏဘူမိတိုင်း, သုဓမ္မပူရပြည် ခေါ် သထုံပြည် သာသနာပြု အရှင်သောဏနှင့် အရှင် ဥတ္တရ တို့၏ ဆရာစဉ်ဆက်မှ ဆင်းသက်လာသော မထေရ်မြတ်ဖြစ်၏။ ပုဂံပြည် ပထမ သာသနာပြု အရှင်အရဟံနှင့်အနွယ်တူဖြစ်တော် မူ၏။ အရှင်ဥတ္တရာဇီဝ အကြောင်းကို ပြဆိုရာ၌ ရာဇဝင် ကျမ်း, သာသနာဝင်ကျမ်းတို့၌ သက္ကရာဇ်ဘာခုနှင့်တခုကွာခြား နေ၏။ မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြန်၏ သာသနာ လင်္ကာရစာတမ်း၌ "သက္ကရာဇ် ၅၃၂ ခုနှစ် ရှိသောအခါ ပုဂံနရပတိစည်သူမင်းကြီး၏ ဆရာ ဉတ္တရာဇီဝမထေရ် ရဟန်း သံဃာများစွာနှင့် ပုသိမ်ဆိပ်ကသင်္ဘောစီး၍ သီဟိုဠ်ကျွန်းသို့ စေတီပုထိုး ရှိခိုးအံ့သောငှာ သွားလေ၏ ဟု ဖော်ပြ ထား၏။ ပုဂံနရပတိစည်သူမင်းမှာ ကောဇာသက္ကရာဇ် (၅၄၆)ခုနှစ်မှ နန်းတက်ကြောင်း မှန်နန်းမဟာရာဇဝင်တော်၌ ဖော်ပြထားရာ (၅၃၂) ခုနှစ်ကွင် နရပတိစည်သူ ရှင်ဘုရင် မဖြစ်သေးပေ။ (၅၃၂)ခုနှစ်မှာ နရပတိစည်သူ၏ခမည်းတော် သာသနာဖျက် လုပ်ငန်း ပြုလုပ်သူ။ ကုလားကျခေါ် နရသူသက်ထက် ဖြစ်နေ ပေ၏။ ထိုအချက်နှင့်ပတ်သက်၍ မဟာဒွာရနိကာယ သာသန ဝံသ ဒီပနီတွင် ကုလားကျနရသူလက်ထက်ပုဂံပြည်တွင်သာသနာ ဖျက်ဆီးခံနေရ၍ ဥတ္တရာဇီဝမထေရ် ပုဂံပြည်မှ သီဟိုဠ်သို့ ကူး သွားကြောင်း ယူဆသင့်သည်ဟု ဖော်ပြထား၏။ ထိုယူဆ ချက်မှာ သဘာဝယုတ္တိရှိ၍ ဖြစ်နိုင်သော အချက်ပင် ဖြစ်ပေ၏။ ဥတ္တရာဇီဝမထေရ် သီဟိုဠ်ကျွန်းသို့ ကူးသော သက္ကရာဇ်မှာ

www.dhammaransi.com



ကောဇာသက္ကရာဇ် (၅၃၂) ခုနှစ်ဖြစ်ကြောင်း။ ကလျာဏီကျောက်စာ * ၌ အခိုင်အမာ ဖော်ပြထား၏။

## ဥတ္တရာဇီဝမထေရ် သီဟိုဠ်ကျွန်းသို့ ကူးခြင်း

ဥတ္တရာဇီဝ မထေရ်သည် တပည့်ရဟန်း သံဃာများစွာနှင့် ပုဂံနေပြည်တော်မှ ပုသိမ်သင်္ဘောဆိပ်သို့ ကြွလာပြီး ပုသိမ်သင်္ဘောဆိပ်မှတဖန် သီဟိုဠ်ကျွန်းသို့ သင်္ဘောစီး၍ ဘုရားဖူးရန် ကြွတော်မူလေ၏။ ထိုအခါတွင် အရှင်ဥတ္တရာဇီဝမထေရ်၏ တပည့်ရင်းတပါးဖြစ်သော ပုသိမ်မြို့ကျေး(ပုသိမ်နယ်)ဆပ္ပဒရွာဇာတိ။ အသက်နှစ်ဆယ်ရှိ သာမဏေတပါးလည်း ဥတ္တရာဇီဝမဟာထေရ်မြတ်နှင့်အတူ သီဟိုဠ်သို့ လိုက်ပါလာလေ၏။ ထိုသာမဏေကို ဆပ္ပဒရွာသားဖြစ်၍ ဆပ္ပဒဟုပင် ခေါ်နေကြ၏။ သီဟိုဠ်ကျွန်းသို့ ရောက်သောအခါ ဘုရားပုထိုးများ ရှိခိုးပူဇော်ပြီး ဆပ္ပဒ သာမဏေကို ဥပသမ္ပဒကံဆောင်ပေးရန်(ရဟန်းခံရန်)စီမံလေ၏။ သီဟိုဠ်ကျွန်းရှိ မထေရ်များနှင့် တရားစကားဆွေးနွေးနှီးနှောရာ သီဟိုဠ်ကျွန်းသား မထေရ်များက—

“ငါတို့သည်း သီဟိုဠ်သာသနာပြု ရှင်မဟိန္ဒ မထေရ်၏အဆက်အနွယ် ဖြစ်သည်။ သင်တို့လည်း သုဝဏ္ဏဘူမိ သထုံ

---

မှတ်ချက်။ ။တတောပန္နဆ ဋ္ဌေဝဿေယ မသ်ဒိပါကာဏ သက္ကရာ ဇေလက်ာဒိစေတိယာ ဘိဝန္ဒနတ္ထာယ ပုဂါမဘူပါစရိယဘူတော ဥတ္တရာဝ မဟာထေရော သမ္ပဟု လေဟ ဘိက္ခူဟိသဒ္ဓိ နာဝါဘိရူဟိသာဒိ၊ ကလျာဏီ ကျောက်စာပါဌ်။

www.dhammaransi.com



သာသနာပြု အရှင်သောဏနှင့် အရှင်ဥတ္တရတို့၏ အဆက်အနွယ် ဖြစ်၍ အနွယ်ချင်း အတူတူဖြစ်သည်။ အရှင် မဟာမောဂ္ဂလိ ပုတ္တတိဿ မထေရ်မြတ်၏ တပည့်လက်သားများချည်း ဖြစ်ကြ၍ သံဃကံကို အတူတကွ ပြုကြကုန်အံ့''ဟု မိန့်မြွက်ကာ အသက်နှစ်ဆယ်ပြည့်ပြီးသော ဆပ္ပဒ သာမဏေကို အတူတကွ ပဉ္စင်းခံပေးကြလေ၏။ ထိုအချိန်တွင် သီဟိုဠ်ကျွန်း၌ ပရက္ကမ ဗာဟုမင်း နန်းစံခိုက်ဖြစ်၏။ ပရက္ကမဗာဟုမင်းကား သာသနာကို ကြည်ညိုသော သာသန ဒါယကာ မင်းတရားဖြစ်၏။ ဥတ္တရာဇီဝ မဟာထေရ်သည် သီဟိုဠ်ကျွန်း၌ ဘုရားပုထိုး ရှိခိုးဖူးမြော်ယင်းသီဟိုဠ်သားထေရ်များနှင့်သာသနာတော်ရေးများ တိုင်ပင်ဆွေးနွေး၍ နှစ်နှစ်ကျော် သုံးနှစ်လောက်အရှိတွင်[၁] မြန်မာနိုင်ငံကပါ ရင်းစွဲတပည့် သံဃာများနှင့်အတူ မြန်မာနိုင်ငံ ပုဂံပြည်သို့ ပြန်လည်ကြွလာတော် မူခဲ့လေ၏။ ထိုသို့ ပြန်လည်ကြွလာရာတွင် သီဟိုဠ်ရောက်မှ ရဟန်းခံပေရသော ဆပ္ပဒ သာမဏေ(ယခု ရဟန်းတော်ဆပ္ပဒ)မပါလာပေ။ဆရာဖြစ်သူ ဥတ္တရာဇီဝ မဟာထေရ်ထံ ခွင့်ပန်ပြီး သီဟိုဠ်ကျွန်းတွင် စာပေပိဋကတ် သင်ကြားရန် နေရစ်ခဲ့၏။ ဥတ္တရာဇီဝ မဟာထေရ် မြန်မာပြည် ပုဂံရွှေမြို့တော်သို့ ပြန်ရောက်လာသောအခါ 'သိန်းဃိုရောက်ဦး' မထေရ်ကြီးဟု အမည်သစ်နှင့် ကမ္ပည်းတပ်ကာ ခေါ်ဝေါ်

---

**မှတ်ချက်။** ၁ဥတ္တရာဇီဝ မထေရ်ကြီး သီဟိုဠ်ကျွန်း၌ နှစ်နှစ် နေခဲ့ကြောင်း မဲထီးဆရာတော်ရေးသော ဝံသဒီပနီ၌ ဆို၏။ မဟာဒွါရနိကာယ သာသနဝံသ ဒီပနီတွင် သုံးနှစ်ကြာမှ ပုဂံပြန်ခဲ့ကြောင်း ဝံသဒီပနီကိုပင် ကိုးကား၍ ဖော်ပြထား၏။ ဝံသဒီပနီမှာ အမည်တူ ၂ ကျမ်းရှိ၏။

www.dhammaransi.com



ကြလေ၏။ ရဟန်းတော် ဆပ္ပဒကား မြန်မာပြည်သို့ ဆရာနှင့် အတူပြန်လိုက်သွားလျှင် ဆွေမျိုးဉာတိတို့ကြောင့် ကြပလိဗောဓ ကြောင့် စာပေပိဋကတ်ကို ကောင်းစွာ သင်ကြားရလိမ့်မဟုတ်။ သီဟိုဠ်ကျွန်းတွင် နေရစ်ခဲ့၍ စာပေပိဋကတ် သင်ကြားတတ် မြောက်ပြီးမှ မြန်မာနိုင်ငံသို့ ပြန်သွားရလျှင် ကောင်းပေမည် ဟု နှလုံးသွင်းကာ ဆရာဖြစ်သူ ဥတ္တရာဇီဝ မဟာထေရ်ကြီးထံ ခွင့်ပန်ပြီး နေရစ်ခဲ့ခြင်းဖြစ်၏။

ဆပ္ပဒ ပဉ္စင်းပျိုလည်း သီဟိုဠ်ကျွန်းတွင် အဋ္ဌကထာနှင့် တကွသော ပိဋကတ်သုံးပုံ အလုံးစုံကို ဆယ်နှစ်တိုင်တိုင် သင် ကြား၍ ပိဋကတ်သုံးပုံဆောင် တိပိဋကဓရ ပိဋကတ္တယဆောက ဂန္ထန္တရ ဗဟုသုတ ဖြစ်ခဲ့လေ၏။ ထိုအခါတွင် ရဟန်းသိက္ခာ အားဖြင့် ဆယ်ဝါရ၍ 'ထေရ'အဖြစ်သို့ရောက်လာခဲ့ရာ ဇာတိ စံရာ မြန်မာနိုင်ငံသို့ပြန်ရန် အကြံဖြစ်တော်မူလေ၏။

"ငါ-တပါးတည်းသာ ပြန်သွားလျှင် ပုဂံပြည်သို့ ရောက် သောအခါ ငါ့ဆရာ အရှင်ဥတ္တရာဇီဝ မဟာထေရ်ကြီး အကယ် ၍ မရှိခဲ့သော်။ ပုဂံပြည်၌ရှိသော မြန်မာရဟန်းများနှင့်အတူ သံဃကံကို ပြုရလိမ့်မည်။ ဤသီဟိုဠ်ကျွန်းမှ ဥပသမ္ပဒကံဆောင် လောက်အောင် (ရဟန်းခံပေးလောက်အောင်)သံဃာငါးပါး ပါသွားလျှင် အသီးအခြား သံဃကံ ပြုနိုင်မည်ဖြစ်သည်။ သို့ ဖြစ်၍ ငါမှတပါး အခြား ပိဋကတ်တတ် မထေရ်ခလေးပါးကို ခေါ်ဆောင်သွားရမှ ကောင်းလေစွ"ဟု ကြံပြီးလျှင် သီလ၊ သိက္ခာ၊ သမာဓိ ပြည့်ဝ၍ ပိဋကတ်သုံးပုံဆောင် တိပိဋကဓရ

www.dhammaransi.com



ဖြစ်ကုန်ကြသော ပိဋကတ်ယဆောက ဂန္ထန္တရဗဟုသုတ ဖြစ်ကြသည့် အောက်ပါ မထေရ်လေးပါးကို ပင့်ဆောင်ခေါ်ငင်ပြီး သင်္ဘောစီးကာ မြန်မာပြည်သို့ ပြန်ကြလာခဲ့လေ၏။

မထေရ်လေးပါးကား—

(၁) တာမလိတ္တိမြို့သား အရှင်သိဝလိမထေရ်။

(၂) ကမ္ဘောဇမင်းသား အရှင်တာမလိန္ဒမထေရ်။

(၃) ကိဉ္စိပုရမြို့သား အရှင်အာနန္ဒာမထေရ်။

(၄) သီဟိုဠ်ကျွန်းသား အရှင်ရာဟုလာမထေရ်။
တို့ ဖြစ်လေ၏။

အရှင်ဆပ္ပဒမထေရ်နှင့်တကွ မထေရ်ငါးပါးလုံး ပိဋကတ်သုံးပုံ ဆောင်ချည်း ဖြစ်ကြ၏။ သာသနာရေး သာသနာမှုတွင် စွမ်းရည်သတ္တိဗျတ္တိဗလ ရှိကြကုန်သည်ချည်း ဖြစ်ကြ၏။ သီလသိက္ခာ သမာဓိ ပြည့်ဝကုန်သည်ချည်း ဖြစ်ကြ၏။ အထူးအားဖြင့် ထိုမထေရ်ငါးပါးတို့တွင် အရှင်ရာဟုလာမထေရ်သည် သာလွန်ပိုမို၍ စွမ်းရည်သတ္တိ ဗျတ္တိဗလ ရှိတော်မူ၏။ မထေရ်ငါးပါးတို့သည် သင်္ဘောစီး၍ မြန်မာပြည်သို့ လာခဲ့ရာ ဝါဆိုခါနီးမှ ပုသိမ်သင်္ဘောဆိပ်သို့ ရောက်ကြသဖြင့် ပုဂံမြို့တော်သို့ ဆက်လက် မကြွနိုင်ကြတော့ပေ။ ထိုအခါ ပုသိမ်မြို့နေသူကြွယ်တို့က ပုသိမ်မြို့ တောင်စူးစူး အရပ်၌ တံတိုင်း အရံစီးတားနှင့်တကွ ဝါဆိုကျောင်းဆောက်၍ လှူဒါန်းကြသဖြင့် ဝါဆို နေထိုင်ကြရလေ၏။ မထေရ်ငါးပါးတို့ ဝါဆိုရာ

www.dhammaransi.com



ကျောင်းကို နောက်ကာလတွင် 'သိန်းဃိုရောက်ကျောင်း' ဟု အစဉ်အဆက်ခေါ်ဝေါ်ကြ၏။ ဝါကျွတ်သောအခါ မထေရ် ငါးပါးတို့သည် ပဝါရဏာ ပြုပြီးလျှင် ပုဂံရွှေမြို့တော်သို့ ကြွတော်မူကြလေ၏။ အရှင် ဆပ္ပဒမထေရ်တို့ ပုဂံရွှေမြို့တော်သို့ ရောက်သော့အခါ ဆရာသခင် ကျေးဇူးရှင်ဖြစ်သူ ဥတ္တရာဇီဝ မထေရ်ကြီးမှာ အရှင်ဆပ္ပဒတို့မရောက်မီ နှစ်ရက် သုံးရက်ကပင် ပြန်လွန်တော်မူနှင့်၍ သင်္ဂြိုဟ်ပြီးစီးကြောင်း သိကြရလေ၏။ အရှင်ဆပ္ပဒမထေရ်လည်း ဆရာဖြစ်သူ ဥတ္တရာဇီဝမထေရ်ကြီး၏ သင်္ချိုင်းသို့သွား၍ ရှိခိုးပူဇော်ပြီးနောက် မိမိပင်ဆောင်ခေါ်ယူလာသူ မထေရ်လေးပါးနှင့် နေရေးထိုင်ရေး သာသနာရေးကို ဆွေးနွေးတိုင်ပင်တော်မူလေ၏။

"ငါတို့ဆရာဖြစ်သော ဥတ္တရာဇီဝမထေရ်သည် သီဟိုဠ်ကျွန်းသို့ရောက်စဉ်က သီဟိုဠ်ကျွန်းရှိ မထေရ်တို့နှင့်အတူ သံဃကံကို ပြုတော်မူသည်။ ဤပုဂံပြည်ရှိ ရဟန်းတို့သည် သုဝဏ္ဏဘူမိ သထုံသာသနာပြု အရှင်သောဏ၊အရှင်ဥတ္တရတို့၏ အဆက်အနွယ် ဖြစ်ကြသည်။ ငါတို့ သီဟိုဠ်သာသနာ ရဟန်းတို့ကလည်း တရှင်မဟိန္ဒ၏ အဆက်အနွယ် ဖြစ်ကြ၍ အနွယ်တူပင် ဖြစ်ကြသည်။ အရှင်မဟိန္ဒနှင့် အရှင်သောဏ အရှင်ဥတ္တရတို့ဟာ တတိယသင်္ဂါယနာ၏ အကြီးအမှူး အရှင်မောဂ္ဂလိပုတ္တတိဿ၏ တပည့်သားတွေချည်း ဖြစ်ကြသည်။ သို့အတွက် ယခု တို့သည် ဤပုဂံပြည်ရှိ မြန်မာ ရဟန်းများနှင့် သံဃကံကို အတူတကွ ပြုသင့်တာပဲ၊ အနွယ်တူချင်းဖြစ်လို့ ကံကြီးကံငယ် အသွယ်သွယ် ကို ဆောင်သင့်တာပဲ၊ သို့ရာတွင် ရှေးအခါကမူ ငါတို့ဆရာ

www.dhammaransi.com



## ရောဝတီနဒီသိမ်

ဘုရင်မင်းမြတ်သည် စင်ကြယ်သော ရဟန်းသံဃာ ဖြစ်ပေါ်လာရေးအတွက် မထေရ် ငါးပါးတို့နှင့် တိုင်ပင်ပြီး မထေရ်ငါးပါးတို့၏ဩဝါဒအတိုင်း'ရောဝတီမြစ်ထဲတွင်'လှေများဖောင်များ, တခမ်းတနားဖွဲ့ကာ "နဒီ" သိမ်ပြုလုပ်ပြီးလျှင် များစွာသော ရှင်သာမဏေ (ကိုရင်)တို့ကို ဆပ္ပဒမထေရ် အမှူးရှိသော သီဟိုဠ်မထေရ် ငါးပါးနှင့် ဥပသမ္ပဒကံဆောင်စေ၏။ (ရဟန်းခံစေ၏။) ထိုသို့ ရောဝတီနဒီသိမ်တွင် မကြာမကြာ ပဉ္စင်းခံပွဲကြီး(ရဟန်းခံပွဲကြီး)ဆင်နွှဲကျင်းပလျက် သာသနာရေးအတွက် အားတက်သရော "သာသနောပကာရက" ခေါ် သာသနာပြု ကုသိုလ်ထူးကြီးကို ဆည်းပူးခဲ့လေ၏။ ဤသို့အားဖြင့် ဆပ္ပဒမထေရ်တို့၏ သီဟိုဠ် သံဃာဂိုဏ်းတွင် မကြာခင်ရဟန်းသံဃာများ တိုးပွား၍ သီဟိုဠ်ဂိုဏ်းသာသနာ စည်ကားလာလေ၏။ထိုအချိန်တွင် ပုဂံပြည်၌ မူလရှိရင်း အရှင်အရဟံ၏အဆက်အနွယ်ဖြစ်သော ရဟန်းသံဃာတော်များလည်း ဘုရင်မင်းမြတ်၏ ကြည်ညိုခြင်း ပေးလှူပူဇော်ခြင်းများကို ယခင်ကကဲ့သို့ပင် ခံယူရသဖြင့် မညှိုးမနွမ်းပဲ ဆွမ်း၊သင်္ကန်း၊ကျောင်း၊ဆေး ပစ္စည်းလေးပါး အတွက် ပြည့်စုံကာ သာသနာကို ဆောင်ရွက်တော် မူနိုင်ကြလေရာ ပုဂံပြည်မှာ သာသနာအထူးစည်ကားနေလေ၏။

www.dhammaransi.com



## အရှင်ရာဟုလာနှင့် ဘုရင်မင်းမြတ်၏ အလှူတော် ပွဲသဘင်ကြီး

ဘုရင်နရပတိစည်သူ မင်းတရားသည် အရှင်ဆပ္ပဒ အမှူး ရှိသော မထေရ်ငါးပါးတို့အား ကြည်ညိုခြင်း သဒ္ဓါတရား တဖွားဖွား ဖြစ်နေသဖြင့် တနေ့သ၌ တပည့်သံဃာ များနှင့် တကွ မထေရ်ငါးပါးတို့ကို နန်းတော်သို့ပင့်ကာ ကြီးစွာသော ဒါနသဘင်ကြီးကို စီရင်၍ အလှူကြီးပေးတော်မူလေ၏။ အလှူ တော် မင်္ဂလာ အခမ်းအနားတွင် ပွဲသဘင် မျိုးစုံလည်း ခံတော် မူလေ၏။ ထိုသို့ ပွဲသဘင်ခံရာ၌ အပြင်းအလျှာနှင့် ပြည့်စုံ၍ ရုပ်ရည်ပသာဒလှပချောမောသော 'ကချေသည်မ' တယောက်ကို အရှင်ရာဟုလာမထေရ် မြင်တော်မူလျှင် တပ်မက်သောစိတ်ဖြစ် ကာ မရပ်မတည်နိုင်အောင်ဖြစ်သွားလေ၏။ သို့ဖြစ်၍ ကျောင်း သို့ ပြန်ရောက်သောအခါ သာသနာတော်၌ မပျော်မွေ့နိုင် တော့သဖြင့် ပရိသုဒ္ဓပြုတော့မည့်အကြောင်း(လူထွက်တော့မည့် အကြောင်း)ကျန်မထေရ် လေးပါးတို့အား ပြောကြားလေ၏။ မထေရ်လေးပါးတို့လည်း လူမထွက်ရန် သံဝေဂဉာဏ်ဖြစ်စေရန် တရားစကားဖြင့် အမျိုးမျိုး ဆုံးမဩဝါဒ ပြုကြလေ၏။ သို့ ရာတွင် ရှင်ရာဟုလာကား သာသနာတော်တွင် မည်သည့်နည်း နှင့်မျှ မနေနိုင်တော့ကြောင်း ပြောပြကာ လူထွက်ရန် စိမ် အားထုတ်လေ၏။ မထေရ်လေးပါးတို့လည်း တရားပြ၍ ပြော မရသည့် အဆုံး၌။

www.dhammaransi.com



"သင့် အတွက်။ ငါတို့ လေးပါးမှာ အရှက်မရပါစေနဲ့။ ပရိသုဒ္ဓပြုလိုလျှင်(လူထွက်လိုလျှင်)သည်ပုဂံပြည်မှာ မထွက်ပါနှင့် ပုသိမ်ကိုသွားပြီး ပုသိမ် သင်္ဘောဆိပ်က တဆင့် မလ္လာယုကျွန်းသွား–လူထွက်ပါ"

ဟု နှင်လိုက်လေ၏။

အရှင်ရာဟုလာလည်း မထေလေးပါးတို့၏ ဩဝါဒအတိုင်း ပုဂံနေပြည်တော်မှ ပုသိမ်သို့လာခဲ့၍ ပုသိမ်မှတဆင့် သင်္ဘောစီးပြီး မလ္လာယုကျွန်း သို့သွားလေ၏။ မလ္လာယု ကျွန်းသို့ ရောက်လျှင် ထိုကျွန်း၏သခင် ရှင်ဘုရင်က အရှင်ရာဟုလာထံ ဝိနည်းတရားတော်အဆုံးအဖြတ်ကို သိလို၍ မေးမြန်းလျှောက်ထားလေ၏။ ရှင်ရာဟုလာလည်း မလ္လာယုမင်းအား ဋီကာနှင့်တကွ ခုဒ္ဒသိက္ခာကျမ်းကို သင်ကြားပေးကာ ဝိနည်းတရားတော်၏ အဆုံးအဖြတ်များကို ကျနစွာသိစေလေ၏။ မလ္လာယုမင်းလည်း အရှင်ရာဟုလာအား သဒ္ဒါကြည်ညိုစွာ ဆရာစားအဖြစ်နှင့် ပတ္တမြားတသပိတ် လှူတော်မူလေ၏။ ရှင်ရာဟုလာလည်း ပတ္တမြားတသပိတ်ရလျှင် လူထွက်၍ မလ္လာယု ကျွန်း၌ အိမ်ရာတည်ထောင်နေလေ၏။ အရှင်ရာဟုလာမရှိသည့်နောက် ကျန်မထေရ်လေးပါးတို့လည်း သီဟိုဠ်ဂိုဏ်းသံဃာများအတွက် ဆက်လက်၍ ပရိယတ်, ပဋိပတ်,များ သင်ကြားပို့ချနည်းနယပြသကာ သာသနာအကျိုး ဆောင်ရွက်အနိမ်တက် ဆောင်ရွက်လျက်ရှိကြလေ၏။ ထိုသို့ဆောင်ရွက်နေစဉ် မကြာမီ အရှင်ဆပ္ပဒမထေရ်အနိစ္စရောက်၍ ပြန်လွန်တော်မူသွားလေ၏။ အရှင်ဆပ္ပဒမထေရ်ကား မြန်မာနိုင်ငံ ပုဂံပြည်ကွင် သီဟိုဠ်ဂိုဏ်းသာသနာကိုပထမ တည်ထောင်သွားသောသာသနာပြုမထေရ်

www.dhammaransi.com



ဖြစ်တော်မူ၏။ အရှင်ဆပ္ပဒ မရှိသည့်နောက် ကျန်မထေရ် သုံးပါးတို့သည် သီဟိုဠ်ဂိုဏ်း သာသနာကို ဆက်လက်စောင့် ရှောက်ပြုစုနေတော်မူကြ၏။ တပည့်တပန်း ရဟန်းသံဃာတော် တို့အား ပိဋကတ်တော်များကိုပို့ချသင်ကြားလျက် သီလသိက္ခာ ပြည့်ဝအောင် ဆောင်ရွက်ပေးတော်မူကြ၏။ ဘုရင်နရပတိ စည်သူမင်းကြီးလည်း သီဟိုဠ်ဂိုဏ်း၏ အကြီးအမှူး ဖြစ်သော မထေရ်သုံးပါးတို့အား ရှေးကထက်ပင်ပိုမိုကြည်ညိုကာ သဒ္ဓါ တရား တဖွားဖွားဖြစ်နေသောကြောင့် ဆင်ပေါက် တစီးစီ လှူတော်မူလေ၏။ ထိုအခါအရှင်သီဝလိမထေရ်နှင့်အရှင်တာမ လိန္ဒမထေရ်တို့သည် မိမိတို့အတွက် ရသော ဆင်ပေါက်ကို တောမှာလွှတ်လေ၏။ အရှင်အာနန္ဒာ မထေရ်မူကား မိမိ အတွက်ရသောဆင်ကို "ကဉ္စိပူရ" မြို့ရှိ ဆွေမျိုးတို့အားပေးရန် ပုသိမ်သို့သွား၍ ဆင်ကိုသင်္ဘောတွင်တင်၍လွှတ်လိုက်လေ၏။ ထိုအကြောင်းကို အရှင်သီဝလိမထေရ်နှင့် အရှင် တာမလိန္ဒ မထေရ်တို့သိလျှင် အရှင်အာနန္ဒာကိုခေါ်၍—

မှတ်ချက်။ ။မလ္လာယုကျွန်း ဟူသည်ကား မလေးကျွန်းဆွယ် ပင်ဖြစ်၏။ "ပသျှူးကျွန်း" ဟုလည်း ခေါ်ကြ၏။ မလေးကျွန်းနှင့် စုမာတြာကျွန်း။ ဂျာဝါးကျွန်း တို့တွင် ရှေးအခါက ဗုဒ္ဓသာသနာ တည်ထွန်းခဲ့ဖူး၏။ သို့ဖြစ်၍ မလ္လာယု ခေါ် မလေးကျွန်း ဘုရင်က ဝိနည်း အဆုံး အဖြတ်ကို သင်ယူလိုခြင်းဖြစ်၏။

"ငါတို့မူကား မင်းတရားကြီးကလှူသောဆင်ကို ချမ်းသာ စေခြင်းငှာ တောမှာလွှတ်သည်။ ငါ့ရှင်မူကား ဆင်ကိုဆင်းရဲ

www.dhammaransi.com



စေခြင်းငှာ ဆွမ်းမျိုးတို့အား ပေးလိုက်သည်။ ငါ့ရှင်၏ အမူ အကျင့်သည် တရားနှင့်မလျော်ကပ်ပတ်'' ဟုပြောဆို မိန့်မြွက် တော်မူကြလေ၏။

ထိုအခါ အရှင်အာနန္ဒာမထေရ်က ''မြတ်စွာဘုရား တရား တော်၌ ဉာတကာနုဒ္ဒသက်ဟော ဟူသော ပါဠိတော် ပါရှိပါ သည်'' ဟု ပြန်လည် မိန့်မြွက်ရာ အရှင်သီဝလိနှင့်အရှင်တာမ လိန္ဒတို့က—

''အကျိုးလို၍ဆိုသော ငါတို့စကားကို မယူပါမူ ငါတို့နှင့် မပေါင်းမဘက်သင့်ပြီ။ သံဃကံသီးခြားပြုလေတော့'' ဟု ပြော ဆို မိန့်မြွက်ကာ ဂိုဏ်းခွဲလိုက်လေ၏။

အရှင်အာနန္ဒာလည်း မိမိ၏တပည့်တပန်း ရဟန်း သံဃာ များနှင့်တသီးတခြား သံဃကံပြုခဲ့လေ၏။ သီဟိုဠ် သံဃာဂိုဏ်း (၂)ဂိုဏ်းကွဲသွားလေ၏။ ထို့နောက်ကာလအတန်ကြာသော အခါ အရှင်တာမလိန္ဒမထေရ်သည် ဗဟုသုတဗျတ္တိဗလရှိသော တပည့်တပန်း ရဟန်း သာမဏေတို့အား ခြီးမြှောက် ခြင်းငှာ မိမိထံ ဆည်းကပ်လာကုန်သော အမှုးအမတ် သဌေး သူကြွယ် တို့အား....

''ဒါယကာတို့ ဤပုဂ္ဂိုလ်သည် အကြားအမြင်များ၏၊ ဗျတ္တိ ဗလနှင့် ပြည့်စုံ၏။ သို့ရာတွင် ပစ္စည်းလေးပါး ပြည့်စုံမှသာလျှင် ပရိယတ္တိ ပဋိပတ္တိကို ဖြည့်စွမ်းနိုင်ရာသည်။ ပစ္စည်းလေးပါး မပြည့်စုံလျှင် ပရိယတ္တိ ပဋိပတ္တိကို ဖြည့်စွမ်းနိုင်ဖို့ ခဲယဉ်းသည်'' စသည်ဖြင့် တရားဓမ္မဟောပြကာ ဝစီဝိညတ်ဖြင့် ပစ္စည်း လေး ပါးကို ဖြစ်စေလေ၏။ ထိုအကြောင်းကို အရှင်သီဝလိမထေရ် ကြားလေလျှင် အရှင်တာမလိန္ဒအား –

www.dhammaransi.com



"မြတ်စွာဘုရားသည် ဝစီဝိညတ်ကြောင့်ဖြစ်သော ပစ္စည်းမျိုးကိုစက်ဆုပ် ရွံရှာတော်မူသည်။သည်အကြောင်းကိုသိလျက် ငါ့ရှင်သည် ဝစီဝိညတ်ဖြင့်ပစ္စည်းလေးပါးတို့ကို အဘယ့်ကြောင့် ဖြစ်စေဘိသနည်း။ ငါ့ရှင်၏ အမူအကျင့်သည် မလျောက်ပတ်" ဟု မိန့်ကော်မူရာ အရှင်တာမလိန္ဒမထေရ်က –

"မြတ်စွာဘုရားသည် မိမိအတွက်သာ ရည်ရွယ်၍ ဝစီဝိညတ်ဖြင့် ဖြစ်စေသောပစ္စည်းတို့ကို စက်ဆုပ် ရွံရှာတော်မူခြင်းဖြစ်သည်။ ငါမူကား မိမိ၏ ကိုယ်ရေးကိုယ်တာတို့အတွက် မဟုတ်၊ ဗဟုသုတ ဗျတ္တိဗလရှိကုန်သော တပည့်တို့ ပရိယတ် ပဋိပတ်ကို ဖြည့်စွမ်းနိုင်အောင်၊ သာသနာတော် စည်ပင် ပြန့်ပွားအောင် နှလုံးသွင်း၍ တိုက်တွန်းခြင်းဖြစ်သည်။ အပ်ပါ၏" ဟု ပြန်လည်မိန့်ကြားတော်မူလေ၏။

ထိုအခါ အရှင်သီဝလိမထေရ်က –

"ငါ့ရှင်သည် ငါဆိုသောစကားကို မနာယူပဲ အလိုရှိတိုင်း ကျင့်လိုလျှင် ငါနှင့်မပေါင်း မဖက်သင့်တော့ချေ။အသီးအခြား သံယကံကို ပြုလေတော့" ဟု ဂိုဏ်းခွဲလိုက်ပြန်လေ၏။ သို့ဖြစ်၍ သီဟိုဠ်ဂိုဏ်း၊ သံဃာသုံးဂိုဏ်း ကွဲသွားလေ၏။ ထိုအခါတွင် ပုဂံပြည်၌ သံဃာတော်ဂိုဏ်း လေးဂိုဏ်းဖြစ်သွားလေ၏။

(၁) သုဓမ္မပုရသထုံပြည်မှ မူလ သာသနာပြုအရှင်အရဟံမထေရ်၏ အနွယ်တော်ဖြစ်သော သံဃာတော်စု။

(၂) သီဟိုဠ်ဂိုဏ်း အရှင်သီဝလိမထေရ်၏ အနွယ်တော် သံဃာတော်စု။

www.dhammaransi.com



(၃) သီဟိုဠ်ဂိုဏ်း အရှင် တာမလိန္ဒ မထေရ်၏ အနွယ်တော် သံဃာတော်စု။

(၄) သီဟိုဠ်ဂိုဏ်း အရှင်အာနန္ဒာမထေရ်၏ အနွယ်တော် သံဃာတော်စု ဟူ၍ လေးဂိုဏ်းဖြစ်၏။

ထိုလေးဂိုဏ်းတို့တွင် (၁)အရှင်အရဟံ၏ အနွယ်တော်သံဃာတော်စုကို သုဂမ္မပုရသုဓမ္မဝတီ နှစ်မည်ရသုဝဏ္ဏဘူမိ သထုံပြည်မှ ရှေးဦးစွာ ပုဂံပြည်သို့ရောက်လာသော သံဃာတော်စု ဖြစ်သောကြောင့် 'ပုရိမသံဃာ' ဟု ခေါ်ကြကုန်၏။ ကျန် (၂) (၃) နှင့် (၄) ဂိုဏ်း သံဃာတော်စုကို သီဟိုဠ်ကျွန်းက နောက်မှရောက်လာသော သံဃာတော်စုများဖြစ်သောကြောင့် 'ပစ္ဆိမသံဃာ' ဟု ခေါ်ကြကုန်၏။ အချို့ကလည်း (၂) (၃) နှင့် (၄)အမှတ်ပါ သံဃာတော်စုများကို သီဟိုဠ်ကျွန်းမှ ရောက်လာသော သံဃာတော်စုများဖြစ်၍ 'သီဟိုဠ်ဂိုဏ်းသံဃာ' ဟု ခေါ်ကြကုန်၏။ ပုရိမသံဃာနှင့် ပစ္ဆိမသံဃာသုံးဂိုဏ်းလုံး လဇ္ဇီသီလဝန္တတို့ချည်းဖြစ်ကြ၏။ ပုရိမနှင့် ပစ္ဆိမကား မာနကြောင့် ကွဲခြင်းဖြစ်၏။ပစ္ဆိမချင်း ကွဲခြင်းကား တပါးစကားကို တပါး မနာယူခြင်းကြောင့် ကွဲခြင်းဖြစ်၏။

ဤအထက်ပါ ဂိုဏ်းလေးဂိုဏ်းမှ သံဃာတော် လေးစုလုံး ပင် ပါဠိ အဋ္ဌကထာ ပိဋကတ် ကျမ်းဂန်များကို သင်အံ ပို့ချလျက် ပရိယတ္တိ သာသနာရေးဘက်က ဆောင်ရွက်ကာ ပဋိပတ္တိ သာသနာအတွက်လည်း ဆက်လက် ကြိုးပမ်းတော်မူလျက် ရှိကြလေ၏။ အရှင်သီဝလိမထေရ်နှင့် အရှင်တာမလိန္ဒမထေရ် တို့သည် မိမိတို့၏ ဂိုဏ်းသံဃာတော်စုကို သဗ္ဗညုမြတ်စွာဘုရား၏

ဆုံးမသြဝါဒအတိုင်း တသဝေမတိမ်းလိုက်နာစေလျက် အသက်ထက်ဆုံး သာသနာကို ပြုစုဆောင်ရွက်သွားတော်မူကြလေ၏။ အရှင် အာနန္ဒာမထေရ်လည်း အရှင်သီဝလိ၊ အရှင်တာမလိန္ဒတို့ကဲ့သို့ပင် မိမိ၏ ဂိုဏ်းသံဃာတော်စုနှင့် ပုဂံနေပြည်တော်၌ပင် ငါးဆယ့်လေးနှစ်ပတ်လုံး သာသနာကျိုးကို ဆောင်နိုး အန်တက် ဆောင်ရွက်တော်မူ၍ ဂေါစာသက္ကရာဇ် ၅၉၆ ခုနှစ်တွင်မှ ပြန်လွန်တော်မူခဲ့လေ၏။ ထို့ကြောင့် ကလျာဏီကျောက်စာ၌—

"အာနန္ဒထေရော ပနစတုပညာသဝဿာနိ ပုဂါမနဂရေ သာသနံ ဇောတယိတွာ မုနိသုညသကရာဇေသမွတ္တာယထာ ကမ္မံ ဂဏာ" ဟူ၍ ရေးထားခဲ့လေ၏။

ဤကလျာဏီကျောက်စာအလို ရှင်အနန္ဒာ ပြန်လွန်တော်မူသောနှစ်မှာ ဂေါစာ ၆၀၇ ခုနှစ်ဖြစ်နေပေသည်။ ရာဇဝင်နှင့် ကျောက်စာ မညီကြပေ။ ၅၉၆ ခုနှစ်မှာ မှန်နန်း မဟာရာဇဝင်တော်၌ပါသော သက္ကရာဇ်ဖြစ်၏။

## သီဟိုဠ်ဂိုဏ်းသံဃာတော်စုတို့၏ပဓာနနာယက ဖြစ်သော မြန်မာပြည်သား ပုသိမ်မြို့နယ် ဆပ္ပဒရွာဇာတိ အရှင်ဆပ္ပဒမထေရ်မြတ် ပြုစုတော်မူခဲ့သောကျမ်းဂန်များ

ဤအဆက်ပါ အရှင်ဥတ္တရာဇီဝ မထေရ်မြတ်ကြီး၏ တပည့်ရင်းဖြစ်သော ဆပ္ပဒမထေရ်ခေါ် (ပထမဆပ္ပဒ) မထေရ်မြတ်

www.dhammaransi.com



စီရင်ပြုစုခဲ့သော ကျမ်းဂန်းများနှင့် ပတ်သက်၍ သာသနာဝင် ရာဇဝင်ကျမ်းများတွင် ဝါဒနှစ်မျိုး ကွဲပြားကာ အကြီး အကျယ် ငြင်းခုံလျက် ရှိကြပေ၏။ သို့ဖြစ်၍ ထိုထိုသာသနာဝင် ရာဇဝင်ကျမ်းများ၏ အဆိုကို ထုတ်ပြပြီးမှ ယုတ္တိသာဓကနှင့် အကြောင်းအကျိုး ညှိနှိုင်းကာ ယထာဘူတ သဘာဝ အစစ်ကို အခြေအမြစ်နှင့် သိနိုင်ရန် ဖော်ပြပေအံ့။

## သာသနာလင်္ကာရစာတမ်း၏အဆို

စတုတ္ထရတနာပူရအဝမြို့တည် ဘကြီးတော်ဘုရားလက်ထက် မောင်းထောင် သာသနာပိုင် လူထွက် မင်းတိုင်ပင် အမတ်ကြီး မဟာဓမ္မသင်္ကြိုဟ် ဘုရင်မင်းမြတ် အမိန့်တော်နှင့် ရေးသား ထားသော သာသနာလင်္ကာရစာတမ်း၌—

"ပုဂံတွင် သီဟိုဠ်ပြန် ရှင်ဆပ္ပဒသည် သဒ္ဒါတတ်၍ သုတ္တ နိဒ္ဒေသကျမ်းကိုလည်း စီရင်၏။ ပရမတ်တတ်၍ သင်္ခေပ ဝဏ္ဏနာ၊ နာမစာရ ဒီပက ကျမ်းများကိုလည်း စီရင်၏။ ဝိနည်းတတ်၍ ဝိနယဂူဠ္ဌတ္ထဒီပနီ၊ သီမာလင်္ကာရကျမ်းများ ကိုလည်း စီရင်၏။ သဒ္ဓမ္မဇောတိပါလ ဟူ၍ နိဂုံး၌ အမည် ရင်းပါ၏။ ပုသိမ်ကျေး ဆပ္ပဒရွာသားဖြစ်၍ ရွာမည်ဖြင့် ဆပ္ပဒဟု ကျော်စောထင်ရှားသည်။ 'ဆပ္ပဒ'ဟု သဝေအချ မပါပဲ ကလျာဏီကျောက်စာ ရာဇဝင်များတွင် ဆိုသည်မှာ သီဟိုဠ်ရောက် ပုဂံသာသနာပြု ဆပ္ပဒမထေရ်ကို ယူရမည်။ 'ဆပ္ပဒေါ'ဟု သဝေအချနှင့် ကျောက်စာများတွင် ပါ သည်မှာ ဦးထုပ်ဆောင်းဟူ၍ ပုခန်းကြီးမိဖုရား ကောင်းမှု

www.dhammaransi.com



ဘုရားကျောက်စာတွင်ဆိုသော ဦးထုပ်ဆောင်းပွဲ ကျောင်းကို ယူရမည်''ဟူ၍လည်းကောင်း။

ဉတ္တရာဇီဝ မထေရ်နှင့် ရှင်ဆပ္ပဒ သီဟိုဠ်သို့ ကူးသည်။ သာသနာ ၁၇၁၅ ခုနှစ်သီဟိုဠ်ကရှင်ဆပ္ပဒပြန်သည်။ သာသနာ ၁၇၂၅ ခုနှစ် ဤသို့ကလျာဏီကျောက်စာ ရာဇဝင်များတွင် တွက်စုရသည်။ သုတ္တနိဒ္ဒေသ သခေ်ပ ဝဏ္ဏနာစသော ယခင် ကျမ်းနိဂုံးများတွင်—

'ပုဏ္ဏောဒသေန ဝနရတိ ဂုဏောစဝဿေ၊
ဝဿေသဟဿ ဂဏာနေ ဇိန နိဗ္ဗုတမှာ'ဟု

သီဟိုဠ်ကူး သီဟိုဠ်ရောက် နှစ်ပါးလာသည်နှင့် သင့်တင့်ညီညွတ်အောင် ဆင်ခြင်လေကုန် ဟူ၍လည်းကောင်း ဖော်ပြထား၏။

**မှတ်ချက်။** ။ပုဏ္ဏောဒသေ စသော နိဂုံးဂါထာအရ သင့်တင့် ညီညွတ်အောင် ဆင်ခြင်လေကုန်ဟု ဖော်ပြ သွား၏။ အသုံးအဖြတ် မပေးခဲ့ပေ။ ဝိနိစ္ဆယမချခဲ့ပေ။

## ပိဋကတ်သမိုင်းစာတမ်း၏အဆို

ပိဋကတ်တော်အုပ် မိုင်းခိုင်းမြို့စား မင်းကြီး မဟာသီရိဇေယသူ ဘွဲ့ခံ ဦးရံခရေးသော ပိဋကတ်သမိုင်း စာတမ်း၌—

"သုတ္တနိဒ္ဒေသကျမ်းကို ပုသိန်မြို့စီရင်စု ဆပ္ပဒ ရွာဖွား ရှင်ဆပ္ပဒ။ ရဟန်းမည် သဒ္ဓမ္မဇောတိပါလ မထေရ်သည် သီဟိုဠ်ကျွန်းက ပြန်လာပြီးလျှင် အရိမဒ္ဒနာမည်သော ပုဂံ

www.dhammaransi.com



ပြည်ကြီး တောရကျောင်းတွင် သီတင်းသုံးနေစဉ် စီရင်သည်'' ဟူ၍လည်းကောင်း''

ထို့ပြင်—

(၂) ဝိနယဂဠုတ္ထဒီပနီ။
(၃) နာမစာရဒီပက။
(၄) နာမစာရဒီပကဋီကာ။
(၅) သခေ်ပဝဏ္ဏနာဋီကာ။
(၆) သီမာလင်္ကာရဋီကာ။

တို့ကိုလည်း ဇမ္ဗူဒိပ်ကျွန်း၊ တမ္ဗဒီပတိုင်း၊ အရိမဒ္ဒနာမည်သော ပုဂံမြို့ ရှင်သဒ္ဓမ္မဇောတိပါလမထေရ် ပြုသည်ဟု ဆပ္ပဒမထေရ်ကိုပင် ရည်ညွှန်း၍ ပြထား၏။ ဆပ္ပဒဟူသည်လည်း ရှင်ဥတ္တရာဇီဝတပည့် ပထမဆပ္ပဒမထေရ်ကိုပင် ရည်ညွှန်းခြင်း ဖြစ်ပုံရ၏။ (အသေအချာ အတိအကျကား ဖော်ပြထားခြင်း မရှိပေ။)

ဤပိဋကတ်သမိုင်း စာတမ်းအလိုအားဖြင့် ဆပ္ပဒမထေရ် ပြုစုသွားသောကျမ်း ခြောက်ကျမ်း ရှိနေ၏။ သာသနာလင်္ကာရစာတမ်းတွင်ကား နာမစာရဒီပကဋီကာကျမ်းမပါပဲ ငါးကျမ်းသာ ပြထား၏။

## စောဒကပြဿနာဝင်လာပုံအချက်

သခေ်ပဝဏ္ဏနာဋီကာ၏ နိဂုံးတွင်—

(၁) ပုဏ္ဏောဒသေ နဝ နဝုတ္တိ ဂုဏောစ ဝဿေ၊
ဝဿေသဟဿ ဂဏနေ ဇိန နိမ္ဗုတမှာ။

ဣလ္လဒ္ဒါရိမဒ္ဒနပုရာဝရ တမ္ဗပါဏိံ၊
ပတွာန ယောသိရိ ပရက္ကမ ဗာဟုဘူပံ။ ။

(၂) နိဿာယသာသနမလံ သုဝိသော ဓယိတွာ၊
ဘိက္ခူဟိ စိဏ္ဏဝိနယေဟိ သုသညဏဟိ။
ဗန္ဓာပယိ ပုရဝရေ ဇယဝဍ္ဎနိဝှေ၊
သီမံဝိပတ္တိရဟိတံ ဝိနယာ နုရူပံ။ ။

(၃) သိက္ခာပယိ ယတိဂဏေ ဝိနယာ ဘိဓမ္မေ၊
ပညာဝဒါတ ဟဒယော သဒယော ဇနာနံ။
အပ္ပိစ္ဆတာ ဝိရိယ သီလဂုဏပ္ပသတ္ထော၊
သဒ္ဓါဇေနာသကလ သိဿဇနာ နုကမ္ပီ။ ။

(၄) သဗ္ဗတ္ထယုတ္တ ပိဋကတ္တယ ပါရဒဿီ၊
သောဆပ္ပဒ ဝှယသုတော ယတိရာဇ ကန္တော။
နာနာနယံ ပရမ သင်္ဂဟ ဝဏ္ဏနေမံ၊
သင်္ခေပတော ဝိရစယိ မုနိသာသနတ္ထံ။ ။

ဟူ၍ ပါရှိ၏။

ဂါထာလေးခုလုံး ၁၄ လုံးဘွဲ့ ဝသန္တတိလက ဂါထာချည်း ဖြစ်၏။

www.dhammaransi.com



အထက်ပါ လေးဂါထာ၏ မြန်မာပြန်ချက်ကို အတိအကျ သိရှိရန် နိဿယ အနက်ကို မူရင်းအတိုင်း ဖော်ပြလိုက်ပေအံ့။

(၁) ယောယတိ၊အကြင်မထေရ်သည်။ ဇိနပရိနိဗ္ဗုတမှာ၊ ဘုရား ပရိနိဗ္ဗာန် စံတော်မူသည်မှ ဒသေ-ဒသေဟိ၊ ဆယ်ခုတို့ဖြင့် ဂုဏော ဂုဏိတော၊ မြှောက်အပ်သော။ နဝနဝုတိဝဿေစ၊ ကိုးဆယ့်ကိုးနှစ်သည်လည်းကောင်း။ သဟဿဂဏနေ၊တထောင်အရေအတွက်ရှိသော။ ဝဿေစ၊နှစ်သည်လည်းကောင်း။ ပုဏ္ဏေ၊ ပြည့်လတ်သော်။ ကုဒ္ဒါ၊ တိုင်းကားပြည်ရွာတို့နှင့် ပြည့်စုံစွာသော။ အရိမဒ္ဒနပုရာ၊ အရိမဒ္ဒနာ ပုဂံပြည်မှ ဝရတမ္ဗပါဏိံ၊ မြတ်သော သီဟိုဠ်ကျွန်းသို့၊ပတ္တာန ရောက်၍ သိရိပရက္ကမဗာဟု ဘူပံ၊ သိရိပရက္ကမဗာဟု အမည်ရှိသောမင်းကို—

(၂) နိဿာယ၊မှီ၍။သာသနမလံ၊သာသနာတော်၏အညစ်အကြေးကို။သုဝိသောဓယိတွာ၊ သုတ်သင်ပြီး၍။ စိဏ္ဏဝိနယေဟိ၊ လေ့လာပြီးသောဝိနည်းရှိကုန်ထသော။သုသညတေဟိ၊ကောင်းစွာကိုယ်နှုတ်နှလုံးကို ဆုံးမတတ်ကုန်ထသော။ဘိက္ခူဟိ၊ ရဟန်းတို့ကို။ဇေယျဝဍ္ဍနိဝှေ၊ ဇေယျဝဍ္ဍနီအမည်ရှိသော။ ပုရဝရေ၊ ပြည်မြတ်၌။ဝိပတ္တိရဟိတံ။ တဆယ့်တပါးသော သိမ်၏ ပျက်ခြင်းမှကင်းသောသိမ်ံ၊ သိမ်ကို။ဝိနယာနုရူပံ၊ ဝိနည်းအားလျော်စွာ။ ဗန္ဓာပယိ၊ဖွဲ့ကာပြီ။

(၃) ယတိကဏော၊ ရဟန်းအပေါင်းတို့ကို။ ဝိနယာဘိဓမ္မေ၊ ဝိနည်းအဘိဓမ္မာတို့ကို သိက္ခာပယိ၊ သင်စေပြီ။ ပညာဝဒါတဟဒယော၊ အထူးထူးသော အနက်ကို သိစွမ်းနိုင်သောပညာဖြင့်

www.dhammaransi.com



ပြုစင်စွာသော နှလုံးရှိတော်မူထသော။ဇနာနံ၊ လူတို့၏။ သဒ ယော၊ မိုဝဲဆည်းကပ်ရာလည်း ဖြစ်ထသော။ အပ္ပိစ္ဆတာ ဝိရိယ သီလဂုဏပ္ပသတ္တော နည်းသော အလိုရှိသည်၏အဖြစ် ဝီရိယ သီလတည်းဟူသော ဂုဏ်ရှိကုန်သော ဆရာမြတ်တို့သည် ချီးမွမ်း အပ်ထသော။သဒ္ဓါခနော၊သဒ္ဓါတည်းဟူသော ဥစ္စာရှိထသော။ သကလသိဿ, ဇနာနုကမ္ပီ အလုံးစုံသော တပည့်သားတို့ကို သနားတော်မူတတ်သောအလေ့ ရှိတော်မူထသော။

(၄) သဗ္ဗတ္ထ၊အလုံးစုံသော ပိဋကတ်၌။ ယုတ္တ ပိဋကတ္တယ ပါရဒသီ၊ သင့်တင့်လျောက်ပတ်စွာ ပိဋကတ်သုံးပုံ၏ အဆုံးကို မြင်ခြင်းငှာ စွမ်းနိုင်ထသော ဆပ္ပဒဝှယသုတော၊ဆပ္ပဒအမည်ရှိ၏ ဟူ၍ ကျော်စောထင်ရှားထသော။ ရာဇဂုရုနော၊ မင်းတို့သည် နှစ်သက်အပ်ထသော။ သောယတိ၊ ထိုမထေရ်မြတ်သည်။နာနာ နယံ၊ အထူးထူးသော နည်းရှိထသော ပရမသင်္ဂဟဝဏ္ဏနံ၊ အဘိဓမ္မတ္ထ သင်္ဂဟအမည်ရှိသော ကျမ်း၏ဖွင့်ရာဖွင့်ကြောင်းဖြစ် သော။ ကုမံ၊ ဤသင်္ခေပဝဏ္ဏနာမည်သော ဋီကာကို၊ မုနိသာ သနဿ၊ ဘုရားသခင်၏ သာသနာတော်စည်ပင်ပြန့်ပွားစေခြင်း ငှာ။ သင်္ခေပတော၊ အကျဉ်းအားဖြင့် ဝိရစယိ စီရင်ပြီး။

ဤကားနေရင်း ဆရာတော် အရှင်အရိယာလင်္ကာရ မထေရ် ၏အနက်ပေးပုံတည်း။

ဤ၌ လိုရင်းအချက်ကား။ သာသနာသက္ကရာဇ် ၁၉၉၀ပြည့် နှစ်တွင် အရိမဒ္ဒနာ ပုဂံပြည်မှ ဆပ္ပဒမည်သော မထေရ် သီဟိုဠ် သို့သွား၍ ပရက္ကမဗာဟု မင်းကို အမှီပြုပြီး သာသနာကို သုတ် သင်ကာ သိမ်သမုတ်ပေးခဲ့၏။ ထိုဆပ္ပဒမထေရ်သည် ဤသင်္ခေ ပဝဏ္ဏနာဋီကာကျမ်းကို စီရင်၏ဟူသော အချက်ပင်ဖြစ်၏။

www.dhammaransi.com



မှတ်ချက်။ ။သုတ္တနိဒ္ဒေသကျမ်းနှင့် သိမာလင်္ကာရ ဋီကာတို့၏ နိဂုံးတို့၌လည်း အထက်ပါ သခေ်ပဝဏ္ဏနာ ဋီကာနိဂုံး အတိုင်းပင် သဘောသွား ထပ်တူ တချိုးတည်း ရှိလာပေ၏။

သာသနာသက္ကရာဇ် ၁၉၉၀ ပြည့်နှစ်မှာ မြန်မာပြည်သုံး ပုပ္ပားစောရဟ်န်၏ ဂေါစာသက္ကရာဇ် ဂ၀ဂ ခုနှစ်နှင့်ညီမျှ၏။ ရှင်ဉတ္တရာဇီဝ၏တပည့် ဆပ္ပဒမထေရ် သီဟိုဠ်သို့ ရောက်သောနှစ်မှာ သာသနာသက္ကရာဇ် ၁၇၁၄ ခုနှစ်။ မြန်မာဂေါစာသက္ကရာဇ် ၅၃၂ ခုနှစ်ဖြစ်၍ အထက်ပါ သခေ်ပဝဏ္ဏနာဋီကာ နိဂုံးလာ သီဟိုဠ်ရောက်သောနှစ်နှင့် နှစ်ပေါင်း ၂၇၆ နှစ်တိုင်တိုင် ကွာခြားနေပေ၏။ သို့ဖြစ်၍ သခေ်ပဝဏ္ဏနာ ဋီကာနှင့် သုတ္တနိဒ္ဒေသကျမ်း သိမာလင်္ကာရဋီကာတို့ကိုစီရင်ပြုစုသော ဆပ္ပဒမထေရ်သည် အရှင်ဉတ္တရာဇီဝ၏ တပည့် ဆပ္ပဒမထေရ်ခေါ် ပထမ ဆပ္ပဒမထေရ် မဖြစ်နိုင်ဟူသော စောဒကၡ၏ ပြဿနာဖြစ်ပေ၏။ထိုသို့ဆိုလျှင် ဤသုတ္တနိဒ္ဒေ သခေ်ပဝဏ္ဏနာဋီကာနှင့် သိမာလင်္ကာရ ဋီကာတို့ကို ပြုစုစီရင်သော ဆပ္ပဒ မထေရ်သည် အဘယ်ဆပ္ပဒမထေရ်နည်းဟု အပြန်အလှန် ပြဿနာ ပေါ်လာ၏။ ထိုအတွက် အဖြေကား အထက်ပါ သာသနာ သက္ကရာဇ် ၁၉၉၀ပြည့်နှစ်မြန်မာဂေါစာသက္ကရာဇ်ဂ၀ဂခုနှစ်တွင် ရတနာပူရ အင်းဝပြည် ထူပါရုံဒါယကာ နရပတိကြီး လက်ထက် ပုဂံပြည်မှ သီဟိုဠ်သို့ ကူးသွားသော 'ဒုတိယဆပ္ပဒ'ခေါ် အရှင် 'ဆပ္ပဒ'မထေရ်ပြုစု စီရင်သည် ဟူပေ၏။

www.dhammaransi.com



## ဒုတိယဆပ္ပဒ ပြုစုကြောင်း ဖော်ပြသော
## သာသနာဝင်ကျမ်းများအဆို

### သမန္တစက္ခုဒီပနီ၏အဆို

ဂေါစာသက္ကရာဇ် ၁၁၇၃ ခုနှစ် အမရပူရ ပထမမြို့တည် ဆဒ္ဒန်ဆင်မင်းသခင် ဘိုးတော်ဘုရား လက်ထက် အရိယဝံသ အာဒိစ္စရံသီ ဘွဲ့မည်တော်ရှိသော မုံရွေးဇေတဝန် ဆရာတော် ရေးသား စီရင်သည့် သမန္တစက္ခု ဒီပနီကျမ်း ဒုတိယတွဲ ဒက္ခိဏသာခါအကြောင်း ခေါင်းစဉ်၏အောက်၌—

"ပုဂံမြို့ ဆပ္ပဒေါသဥမင်၌ သီတင်းသုံးနေသော ကျမ်းပြု ဆရာ အရှင်သဒ္ဓမ္မဇောတိပါလ ဆရာသည် သီဟိုဠ်ကျွန်းကို ကူးလေသည်ကာလ၊ သာသနာတော် တထောင့် ကိုးရာ့ ကိုးဆယ်တွင် အရိမဒ္ဒနာပြည်မှ ကူးသွားကြောင်းကို သုတ္တနိဒ္ဒေသစသော ကျမ်းတို့၌ ပုဏ္ဏေဒသေ နဝနဝုတိ ဂုဏောစဝသော၊ ဝသောသဟ သဂဏာ—နေဇိန နိဗ္ဗုတမှာ စသည်ဖြင့်ဆိုသည်။ ထိုသာသနာတော် တထောင့်ကိုးရာ့ ကိုးဆယ်တွင် "ဒွေအဌဧကေ-ကော"ဖြင့် နုတ်သည်ရှိသော် သက္ကရာဇ် ရှစ်ရာ့ရှစ်ခုအကြွင်းရသည်။ ထိုရှစ်ရာ့ရှစ်ခုသည် ထူပါရုံဒါယကာ နရပတိရွှေနန်းတက်၍ နန်းစံလေးနှစ်။ ထူပါရုံ တည်ဆဲ နှစ်နှင့်တွင်းတွင်ပင် အတွက်ရသည်" ဟူ၍လည်းကောင်း။

“ပုဂံသဒ္ဒမ္မဇောတိပါလ ဆရာ့ထံသို့လည်း သီဟိုဠ်ကျွန်းက စာသင် ပုဂ္ဂိုလ်တို့အများပင် ရောက်ပေါက် လာကြ၏ဟု– ဆိုသည်။ နိဒ္ဒေသ ကျမ်းတွင်လည်း “လင်္ကာဒီပဇမ္ဗုဒီပ ဝါသီနံသောတုဇနာနံ ပရိယတ္တိ ပရိယာပုဏနေတ္တနဆပ္ပ ဒေါတိဝိသုတေန” ဟူ၍အဆိုပါချေသည်။ ဤစကားရပ်တို့ ကို ထောက်သော်။ ထူပါရုံဒါယကာ နရပတိကြီး လက်ထက် သီဟိုဠ်ကျွန်းက ရဟန်းသံဃာတို့ မပြတ်ရောက်ပေါက်လျက် ရှိသည်။ ငါတို့ တိုင်းနိုင်ငံများကလည်း သီဟိုဠ်ကျွန်းသို့ မပြတ်ကူးသန်းလျက် စာပေသင်ကြား၍ နေဟန်ရှိသည်” ဟူ၍လည်းကောင်း ဖော်ပြထား၏။

## မဟာဒွါရနိကာယ သာသနဝံသ ဒီပနီ၏အဆို

“ဆရာအများတို့က ပထမအရှင်ဆပ္ပဒမထေရ်ပင် သင်္ခေပ ဝဏ္ဏနာဋီကာ။ သုတ္တနိဒ္ဒေသစသော ကျမ်းများကို ရေး သားသည်ဟု ဆိုကြသည်။ အလျှင်းမဟုတ်ပေ။ နာမစာရ ဒီပကကျမ်း။ ဝိနယ ဂူဠတ္ထဒီပနီ ကျမ်းများကိုသာ ပထမ အရှင်ဆပ္ပဒရေးသည်။ သင်္ခေပဝဏ္ဏနာ၊ သုတ္တနိဒ္ဒေသ၊ စသော ကျမ်းများကို ပထမအရှင် ဆပ္ပဒမရေး။ ဒုတိယအရှင်ဆပ္ပဒ သာ ရေးသည်။ ပထမအရှင် ဆပ္ပဒကား သာသနာတော် ၁၇၁၄ ခုနှစ်ပုဂံပြည်နရသူမင်းလက်ထက်သီဟိုဠ်သို့ကူးသည်။ ထိုကျမ်းတို့၏နိဂုံး၌ သာသနာတော် ၁၉၉၀ ပြည့်နှစ် ရတနာ ပူရ အဝမြို့ကြီး ထူပါရုံဒါယကာ နရပတိကြီး လက်ထက်၌

သီဟိုဠ်သို့ရောက်ကြောင်းကို ဆိုသည်။ ၂၇၆နှစ်တိုင် ကွာခြားလှသဖြင့်ထိုဆရာတို့စကား ယုတ္တိအလျဉ်းမရှိ။ထို့ကြောင့် ထိုကျမ်းများကို ဒုတိယအရှင် ဆပ္ပဒရေးသည်ဟု ယုံမှားမရှိမှတ်။”• ဟူ၍ ဖော်ပြထား၏။

## တိပိဋကပါဠိ မြန်မာအဘိဓာန် နိဒါန်း၏အဆို

ဂေါစာသက္ကရာဇ်။၁၃၂၅ခုနှစ်။နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ ပြုစုပုံနှိပ်ထုတ်ဝေသော အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ဉာဏုတ္တရနှင့် သကျသီဟ ဓမ္မာစရိယ အရှင် သီလာနန္ဒတို့၏ တိပိဋကပါဠိ မြန်မာအဘိဓာန် နိဒါန်းအတွဲ(၁)တွင်—

“သုတ္တနိဒ္ဒေသနှင့် သဒ္ဒါဝဏ္ဏနာဋီကာတို့ကို ဒုတိယ ဆပ္ပဒမထေရ်ပြုစုကြောင်း။သဒ္ဒါဝဏ္ဏနာဋီကာနိဂုံး လေးဂါထာ၌ ပါသော သီရိပရက္ကမ ဗာဟုမင်း ဆိုသည်မှာ သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၁၉၅၃ ခုနှစ်၊ နန်းတက်သော ဆဋ္ဌပရက္ကမ ဗာဟုမင်းကို ဆိုလိုကြောင်း။ ဇယဝဍ္ဎုနိမြို့ဟူသည် ထိုဆဋ္ဌပရက္ကမ ဗာဟုမင်း၏ ဝံရာမြို့တော်ဖြစ်၍ ယခုအခါ ကောဋ္ဋေ(Kotte) ခေါ်သော မြို့နယ်ပင်ဖြစ်ကြောင်း” ဖော်ပြထား၏။

## သီဟိုဠ်ကျွန်းသား ဆရာတော် အရှင်ဗုဒ္ဓဒတ္တ မထေရ်မြတ်၏အဆို

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရထံမှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ဆက်ကပ်ခြင်း ခံရသော သီဟိုဠ်ကျွန်းသား

www.dhammaransi.com



ဆရာတော် အရှင်ဗုဒ္ဓဒတ္တ မထေရ်မြတ် ရေးသားအပ်သည့် 'ဆပ္ပဒမထေရ် နှစ်ပါး အကြောင်း' (Were there two chappadas) ဆောင်းပါးတွင်လည်း သုတ္တနိဒ္ဒေသနှင့် သင်္ခေပ ဝဏ္ဏနာဋီကာတို့ကို ဒုတိယဆပ္ပဒ မထေရ် ရေးကြောင်း ဖော်ပြထားပေ၏။

## ဒုတိယဆပ္ပဒမထေရ်အကြောင်း

အထက်ဖော်ပြပါ စကားရပ်များ၌ ပါရှိသော ဒုတိယ ဆပ္ပဒမထေရ်၏ အကြောင်းကို ထိုမထေရ်၏ ဖြစ်ပေါ်မှု အင်းဝခေတ်သာသနာခန်းရောက်မှ ဖော်ပြရန် ဖြစ်သော်လည်း ယခု ဤနေရာတွင် ဆပ္ပဒမထေရ်နှစ်ပါး၏ အရေးကို ရှင်းလင်းရန် ရှိနေသဖြင့် တကြောင်း၊ အင်းဝခေတ် သာသနာခန်း ရောက်မှ ရေးလျှင် စကားအဆက်အစပ် ဝေးကွာ၍ စာဖတ်ရှုသူ သုဏ္တပုဂ္ဂိုလ်တို့အတွက် အနှောင့်အယှက် ဖြစ်သွားမည်ကို စိုးရိမ်သဖြင့် တကြောင်း ယခု ဤအခန်းကဏ္ဍကပင် ဖော်ပြသွားပါအံ့။

ဘိုးတော်ဘုရားလက်ထက် မဲထီးဆရာတော်ရေးသော ဝံသဒီပနီနှင့် မုံရွေး ဇေတဝန်ဆရာတော် အရိယဝံသ အာဒိစ္စရံသီ မထေရ်မြတ်၏ သာမန္တစက္ခုဒီပနီ ကျမ်းလာ ဒုတိယ ဆပ္ပဒ မထေရ်၏ ထေရုပ္ပတ္တိ (ထေရာပဒါန်) များကို မှီးငြမ်းပြု၍ ရေးခြင်းဖြစ်၏။ ဒုတိယဆပ္ပဒမထေရ်ကား ပုသိမ်မြို့နယ် ဆပ္ပဒ ရွာသားပင်ဖြစ်၍ ပထမဆပ္ပဒ ကဲ့သို့ပင် ရွာ၏အမည် ဖြစ်သော "ဆပ္ပဒ" နာမည်နှင့် ထင်ရှားနေ၏။ မြန်မာပြည်၌နေစဉ် သီဟိုဠ်

www.dhammaransi.com



မရောက်မီက အရှင်ဓမ္မကေတုဟု ခေါ်၏။ အရိမဒ္ဒနာ ပုဂံပြည်၌ စာပေသင်ကြား၍ အရိမဒ္ဒနာပုဂံမြို့ 'ဆပ္ပဒေါသဥမင်'၌ သီတင်းသုံး နေထိုင်၏။ သာသနာ သက္ကရာဇ်၁၆၉၀ ပြည့်နှစ် (မြန်မာဂေါစာသက္ကရာဇ် ၇၀၇ ခုနှစ်)မြန်မာနိုင်ငံ ရတနာပူရ အင်းဝရွှေမြို့တော် ထူပါရုံဒါယကာဘုရင်နရပတိကြီးလက်ထက် သီဟိုဠ်သို့ကူး၏။ သီဟိုဠ်သို့ ရောက်သောအခါ မဟာဝိဟာရဝါသီဂိုဏ်း သံဃာ၌ သိက္ခာသစ်ထပ်ယူ၏။ မဟာဝိဟာရဝါသီမထေရ်မြတ်တို့ထံ အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံကို ထပ်မံသင်ယူ၏။ ထို့နောက် သီရိပရက္ကမ ဗာဟုမင်းကို အမှူးပြု၍ သာသနာ၏.အညစ်အကြေးကို သုတ်သင်တော်မူ၏။ ထို့နောက် မြန်မာနိုင်ငံသို့ ပြန်ကြွလာခဲ့၏။ မြန်မာနိုင်ငံသို့ ရောက်သောအခါ ဇာတိနေရပ်ဖြစ်သော ပုသိမ်မြို့နယ် ဆပ္ပဒရွာ၌ သီတင်းသုံးနေတော်မူ၏။ ထိုသို့ နေတော်မူပြီး နောက် ရတနာပူရ အင်းဝပြည်မိုးညှင်း မင်းတရားလက်ထက် သီဟိုဠ်ကျွန်းမှကြွလာကြသော သီရိသဒ္ဓမ္မာလင်္ကာရမထေရ် သီရိသီဟဋ္ဌ မဟာသာမိမထေရ်တို့ကို တွေ့မြင်ဖူးသည်နှင့် ထိုမထေရ်တို့ နေထိုင် သီတင်းသုံးရာ စစ်ကိုင်းတောင်သို့ရောက်၍ သီဟိုဠ်မှကြွလာသောမထေရ် ၂ပါးနှင့် အလ္လာပ သလ္လာပ တရားစကား နှီးနှောဆွေးနွေးရာ သီဟိုဠ်မထေရ် ၂ပါးက ဒုတိယ ဆပ္ပဒအရှင် ဓမ္မကေတုသည် ဝိနည်းသိက္ခာပုဒ် ကျမ်းဂန်တို့၌ တတ်ရည်လိမ်မာရည်ရှိပါသည်။ ငါတို့နှင့်အတူ ဤစစ်ကိုင်းတောင် (ချောက်)တွင်(ထိုအခါက ချောင်ကို ချောက်ဟုခေါ်၏။) သာသနာပြု၍ သီတင်းသုံး နေထိုင်ပါဟု တောင်းပန်ကြလေ၏။ ဒုတိယ ဆပ္ပဒ အရှင် ဓမ္မကေတုလည်း သီဟိုဠ် မထေရ် ၂ပါးက တောင်းပန်သည့်

www.dhammaransi.com



အတိုင်း စစ်ကိုင်းချောက်ဥပင် ဆက်လက်သီတင်းသုံး နေထိုင်တော်မူ၏။

ထိုဒုတိယ ဆပ္ပဒမထေရ်မြတ်သည်ပင်လျှင် ကစ္စာယနဗျာကရုဏ်းခေါ် ကစ္စည်းသဒ္ဒါကြီး၏ အဖွင့်ဖြစ်သော 'သုတ္တနိဒ္ဒေသ' ကျမ်း၊အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်ကျမ်း၏ အဖွင့်ဖြစ်သော 'သင်္ခေပဝဏ္ဏနာဋီကာ' ကျမ်းနှင့် သီမာလင်္ကာရကျမ်း၏ အဖွင့်ဖြစ်သော 'သီမာလင်္ကာရဋီကာ' ကျမ်းတို့ကို ပြုစီရင်တော်မူ၏။ ကျမ်း၏ အဆုံးနိဂုံး၌မူ ကျမ်းပြုဆရာ၏ဘွဲ့မည်ကို 'သဒ္ဓမ္မဇောတိပါလ'ဟု ဖော်ပြထားပေ၏။

ဤကား ဒုတိယ ဆပ္ပဒခေါ် အရှင်ဓမ္မာကေတုဟုလည်းခေါ်သော၊ အရှင်သဒ္ဓမ္မ ဇောတိပါလ၏ ထေရုပ္ပတ္တိခေါ် 'ထေရာပဒါန်'အကျဉ်းဖြစ်၏။

## ညှိနှိုင်းဆင်ခြင်ရန် အချက်များ

အရေးအကြီးဆုံး ဖြစ်သော အချက်ကား သုတ္တနိဒ္ဒေသကျမ်းနှင့် သင်္ခေပဝဏ္ဏနာဋီကာကျမ်း၊သီမာလင်္ကာရဋီကာကျမ်းတို့ကို အဘယ်-ဆပ္ပဒ မထေရ် ပြုစုသွားသနည်းဟူသော အချက်ဖြစ်၏။ ဤသုံးကျမ်းတို့အတွက်သာ ပြဿနာပေါ်၍ ငြင်းခုံနေကြရခြင်းဖြစ်၏။ ဝိနယဂုဠတ္ထ ဒီပနီနှင့် နာမစာရဒီပကကျမ်းကိုမူ ပထမ ဆပ္ပဒပြုစုကြောင်း ဝိဝါဒမရှိ။ အညီအညွတ်လက်ခံထားကြ၏။ ထိုအချက်အတွက် အငြင်းပွားနေရခြင်းမှာ ထိုသုံးကျမ်းလုံးတို့၏ နိဂုံး၌ပါသော သက္ကရာဇ်အတွက် ဖြစ်၏။

www.dhammaransi.com



သက္ကရာဇ်အလိုအားဖြင့် ပထမ ဆပ္ပဒ မဖြစ်နိုင်။ ဒုတိယ ဆပ္ပဒသာ ဖြစ်ရန်ရှိ၏။ သို့သော် ထိုနိဂုံး လေးဂါထာ၏ ပထမ ဂါထာတွင် 'ပတ္တာနယောသိရိ ပရက္ကမ ဗာဟုဘူပံ' ဟု သိရိပရက္ကမဗာဟု မင်းလက်ထက်ရောက်ကြောင်း ပါရှိနေ၏။ သိရိပရက္ကမဗာဟုဟူသော အမည်နှင့် သီဟိုဠ်ရာဇဝင်တွင် အထင်ရှားဆုံးဖြစ်သော မင်းကား သာသနာသက္ကရာဇ် ၁၆၉၇ ခုနှစ်။ (မြန်မာဂေါစာ သက္ကရာဇ် ၅၁၅ ခုနှစ်)တွင် နန်းတက်၏။ နန်းသက်၊ ရှင်ဘုရင်သက်နှင့် ၃၃ နှစ် နန်းစံ၍ သာသနာသက္ကရာဇ် ၁၇၃၀ ပြည့်နှစ် (မြန်မာဂေါစာ သက္ကရာဇ် ၅၄၈ ခုနှစ်) နတ်ရွာစံ၏။ နိဂုံးပါ ဆပ္ပဒ မထေရ်သည် သိရိပရက္ကမဗာဟု မင်းလက်ထက် သီဟိုဠ်ရောက်သည် ဟူသော အချက်အတွက် ဒုတိယ ဆပ္ပဒ မဖြစ်နိုင်ပြန်တော့ပေ။

ပထမ ဆပ္ပဒသီဟိုဠ်ရောက်သော သက္ကရာဇ်နှင့် ကိုက်နေ၍ ပထမဆပ္ပဒသာဖြစ်နိုင်တော့၏။ ထိုသို့ယူလျှင် "ပုဏ္ဏောဒသေန ဝနဝုတ္တိဂုဏောစဝသေ။ ဝဿေသဟဿ ဂဏနေဇိန နိဗ္ဗုတမှာ" ဟူသော သာသနာ သက္ကရာဇ် ၁၉၉၀ ပြည့်နှစ်တွင် ပုဂံမှ သီဟိုဠ်သို့ရောက်၏ ဟူသောအချက်နှင့် ဆန့်ကျင်ဘက် ဖြစ်နေပြန်၏။ ဤဘွင် ဒုတိယဆပ္ပဒအဘွက် ဒုတိယဆပ္ပဒဘက်ကအချက်ပေါ်လာသည်ကား။ "သိရိပရက္ကမဗာဟု" မင်းဆိုသည်မှာ သီဟိုဠ်ရာဇဝင်တွင် အထင်အရှားဆုံးဖြစ်သော ပရက္ကမဗာဟုမင်းကို ဆိုလိုသည်မဟုတ်။

သာသနာသက္ကရာဇ် ၁၉၅၃ ခုနှစ် နန်းဘက်သော ဆဋ္ဌပရက္ကမဗာဟုမင်းကို ဆိုလိုသည် ဟူသောအချက်ပင် ဖြစ်၏။

www.dhammaransi.com



ဤသို့ဆိုလျှင် ဒုတိယ ဆပ္ပဒပြုစုသည်ဟူသောအချက်ဖြစ်နိုင်လာပေ၏။ သို့ရာတွင် ဒုတိယ ဆပ္ပဒ၏ဘွဲ့မည်မှာ အရှင် ဓမ္မကေတု ဟူ၍ အထင်အရှားဖြစ်နေရာ နိဂုံးတွင် သဒ္ဓမ္မဇောတိပါလဟု အဘယ့်ကြောင့် ဖော်ပြထားရသနည်း။ ဓမ္မကေတု ဟူသော ဘွဲ့မည်ကိုအရိပ်အငွေ့မျှမတွေ့ရပေ။ အဂ္ဂမဟာပဏ္ဍိတ သပြေပင်ဆရာတော်ကမူ မဟာဒွါရနိကာယ သာသနဝံသဒီပနီ ကျမ်း၌ သဒ္ဓမ္မဇောတိပါလ ဟူသောဘွဲ့မည်မှာ သီဟိုဠ်ဆရာတော်များက အသစ်တဖန် မှည့်လိုက်သော ဘွဲ့မည်ဖြစ်ဟန်ရှိသည်ဟု ဖော်ပြထား၏။

ဤဘွင်လည်း, အချက်တချက် ပေါ်လာပြန်၏။ ပထမ ဆပ္ပဒ၏ ဘွဲ့မည်ကိုလည်းရာဇဝင်, သာသနာဝင်အစောင်စောင်တို့၌ အဘယ်မှာမျှမတွေ့ရပေ။ တွေ့ရသည်ကား သုတ္တနိဒ္ဒေသနှင့် သင်္ခေပဝဏ္ဏနာဋီကာတို့ကို ပထမဆပ္ပဒပြုစု စီရင်သည်ဟု မှတ်ထင်ပြီး ထိုကျမ်းတို့၏ နိဂုံး၌ပါသော သဒ္ဓမ္မဇောတိပါလ ဟူသောဘွဲ့မည်ကို ယူငင်ဖော်ပြနေကြခြင်းသာ ဖြစ်၏။ မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် အရှင်ဥတ္တရာဇီဝ၏တပည့် ပထမ ဆပ္ပဒခေါ် ဆပ္ပဒမထေရ်၏ အကြောင်းကို ဖော်ပြရာ၌ ဘွဲ့မည် မပါလာပေ။ ဘွဲ့မည်ကိုဖော်ပြမထားပေ။ သာသနာပိုင်လူထွက် မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ၏ သာသနာလင်္ကာရ စာတမ်း၌လည်း အဆုံးအဖြတ်မပေးခဲ့ပေ။ သို့သော် မဟာဓမ္မသင်္ကြံသည် ထိုအချက်ကို သတိမလစ်ပဲ လျစ်လျူရှုခြင်း မပြုပဲ ဖော်ပြသွားခဲ့သဖြင့် ကျေးဇူးတင်ရသေး၏။ မုံရွေးဇေတဝန်ဆရာတော်၏ သမန္တစက္ခုဒီပနီတွင်မူ ဒုတိယ ဆပ္ပဒ ပြုစု

www.dhammaransi.com



ကြောင်း အဘည့်အလင်းဖော်ပြသွား၏။ သာသနာလင်္ကာရ စာတမ်းကို ရေးသူ မင်းတိုင်ပင်အမတ်ကြီး မဟာ ဓမ္မသင်္ကြံနှင့် သမန္တစက္ခုဒီပနီကို ရေးသူ မုံရွှေးဇေတဝန်ဆရာတော် အရိယ ဝံသအာဒိစ္စရံသီမထေရ်မြတ်မှာ ဘကြီးတော်ဘုရား လက်ထက် မှန်နန်းရာဇဝင်တော် ပြုစုရေးအဖွဲ့၌ အတူတကွ ပါဝင်သူ ပုဂ္ဂိုလ်ကြီးနှစ်ဦးဖြစ်၏။ သို့ဖြစ်လျက်နှင့် ဤဆပ္ပဒ နှစ်ပါး အချက်တွင် အယူအဆမတူမျှပဲ ဖြစ်နေကြ၏။

ဤသို့အဘက်ဘက်က အချက်ချက်တို့ကို ထောက်ထား၍ သတ္တုချကြည့်သောအခါ ဒုတိယဆပ္ပဒမထေရ်ပြုစုသည့်ဘက်က နေးလေးသာနေကြောင်း တွေ့ရပေသတည်း။

## နာမည်ကျော် ကျမ်းနှစ်ကျမ်း

အထက်ပါ ပထမဆပ္ပဒစီရင်သည်၊ ဒုတိယဆပ္ပဒ စီရင်သည် ဟု ငြင်းခုံနေကြသော ကစ္စာယနဗျာကရုဏ်းခေါ် ကစ္စည်း သဒ္ဒါကြီးရှစ်စောင်၏ အဖွင့်သုတ္တနိဒ္ဒေသကျမ်းနှင့်သင်္ခိုဟ်ကျမ်း ခေါ် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏အဖွင့် သင်္ခေပဝဏ္ဏနာဋီကာ ကျမ်း နှစ်စောင်ကား သာသနာဝင် "ဂန္ထဝင်"တွင် နာမည် ကျော် ကျမ်းနှစ်စောင်ဖြစ်၏။ အဘယ်ကဲ့သို့ နာမည်ကျော်ပါ သနည်း။ အကောင်းဘက်ကလော မကောင်းဘက်ကလော ဟု မေးရန်ရှိ၏။ အဖြေကား မကောင်းဘက်က ဖြစ်ပါသည်။ သာသနာဝင် "ဂန္ထဝင်" တွင် ဤကျမ်း နှစ်ကျမ်းလောက် နာမည်ဆိုးသောကျမ်း မရှိသလောက် ဖြစ်ပေ၏။ ထိုစကား ထင်ရှားစေအံ့။ သာသနာပိုင်လူထွက် မင်းတိုင်ပင်အမတ်ကြီး

www.dhammaransi.com



မဟာဓမ္မသင်္ကြံ ဘွဲ့ခံ မောင်းထောင်ဆရာကြီးက သူ၏သာသနာလင်္ကာရစာတမ်းတွင်။

"ပုဂံတွင် သီဟိုဠ်ပြန် ရှင်ဆပ္ပဒသည် သဒ္ဒါတတ်၍ သုတ္တနိဒ္ဒေသကျမ်းကိုလည်း စီရင်၏။ ပရမတ်တတ်၍ သင်္ခေပဝဏ္ဏနာနာမစာရ ဒီပကကျမ်းများ ကိုလည်း စီရင်၏ဟု" ဖော်ပြထားခဲ့၏။

သို့သော် ပိဋကတ်ကို ကျက်စားနေကြသော စာသင့် စာချ သံဃာတော်အတွင်း၌ ဥဒါန်းစကား အစဉ်အလာ အားဖြင့် ပြောကြားနေကြသည်ကား—

"သဒ္ဒါမတတ်မှန်း သိအောင် ဆပ္ပဒမထေရ်လည် သုတ္တနိဒ္ဒေသကျမ်းကို စီရင်ရေးသားသွားခဲ့၏။"

"အဘိဓမ္မာ မတတ်မှန်း သိအောင် ဆပ္ပဒ မထေရ်သည် သင်္ခေပဝဏ္ဏနာ ဋီကာကျမ်းကို စီရင်ရေးသား သွားခဲ့၏။" ဟူ၍ ဥဒါန်းစကား ပြောဆိုနေကြ၏။ အကြောင်းကား သုတ္တနိဒ္ဒေသကျမ်းတွင် သန္ဓိဒုတိယကဏ္ဍ။ "ယမေဒန္တသာဒေသော" သုတ်၏ အဖွင့်၌ အဓိဂတာခေါ်မျာယံ ဓမ္မော ဟူသော ဥဒါဟရုဏ်(ပြယုဂ်)ပါရှိ၏။ ထိုဥဒါဟရုဏ် (ပြယုဂ်) တွင် ပါသော "မျာယံ" ကိုရုပ်တွက်ပုံပြရာ၌ မှားယွင်းနေသောကြောင့် ဟူပေ၏။ ထို့ပြင်လည်း သုတ္တနိဒ္ဒေသတွင် အခြားချွတ်ယွင်းချက်များနှင့် မလိုအပ်သော အရာများ ပါရှိနေသည် ဟူပေ၏။

သင်္ခေပဝဏ္ဏနာဋီကာ တွင်လည်း "သောက" ဟူသော ပုဒ်ကိုဖွင့်ရာ၌ သောကောတိဒေါသော။ ၂ ဟု မှားယွင်းစွာ ဖွင့်ဆိုသွားသောကြောင့်ဟူပေ၏။

www.dhammaransi.com

## ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီး၏ ရေးသားချက်

ရွှေကျင်နိကာယ ဓမ္မသေနာပတိ ဒုတိယမြောက် ရွှေကျင်ဂိုဏ်းကြီး၏သာသနာပိုင်ဖြစ်သော "ဝိသုဒ္ဓါစာရဒ္ဓဇဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက ဝိသုဒ္ဓါရုံ အဆုံးအဖြတ် ကျမ်းတွင် သုတ္တနိဒ္ဒေသနှင့် သင်္ခေပဝဏ္ဏနာ ဋီကာကျမ်းနှစ်စောင်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ရေးသားဖော်ပြထားခဲ့၏။

"တတြာယံ မာဒိဘာဝတိ၊ ဣဓပညဿဘိက္ခုနော။
ဣန္ဒြိယဂုတ္တိသန္တုဋ္ဌိ၊ ပါတိမောက္ခေစ သံဝရော။ ။

တတြ၊ ထိုနိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းပဋိပဒါ၌။ ဝါ။ တို့တွင်။ အယံ၊ ဤဆိုလတ္တံ့သောစတုပါရိသုဒ္ဓိသီလအကျင့် သည်။ အာဒိ၊ အစသည်။ ဘဝတိ၊ ဖြစ်၏။ ဣဓ၊ ဤသာသနာ

www.dhammaransi.com



တော်၌။ ပညဿ၊ ပညာဉာဏ်ရှိသော။ ဘိက္ခုနော၊ ရဟန်း၏။ ဣန္ဒြိယဂုတ္တိ၊ စက္ခုစသည်ကိုစောင့်စည်းခြင်း၊ ဣန္ဒြိယသံဝရသီလ လည်းကောင်း။ သန္တုဋ္ဌိ၊ ပစ္စည်းလေးပါး၌ရောင့်ရဲလွယ်ခြင်း။ အာဇီဝပါရိသုဒ္ဓိ၊ ပစ္စယသန္နိဿိတသီလနှစ်ပါးရင်း။ ပါတိမောက္ခေ၊ ပါတိမောက္ခဇေဒကသီလ၌။ သံဝရော စ၊ စောင့်ရှောက်ဖြည့်ကျင့်ခြင်းလည်းကောင်း။ အယံ၊ ဤစတုပါရိသုဒ္ဓိသီလသည်။ အာဒိ၊ အရင်းမူလအဂ္ဂသည်။ ဘဝတိ၊ ဖြစ်၏။

> ဟူသော သူတော်အများ သုံးကြသည့် ဓမ္မပဒ်ဦတော်ကိုမျှမတွေ့မိ၍ ဇတြာယမာဒိ ဟူသော သန္ဓိပြယုဂ်ကိုပင် အလွဲလွဲ အချော်ချော် အနက်သမ္ဗန်ခြင်း သမ္ဗန္ဓဆက္ကကို အထပ်ထပ်ဖွင့်ပြခြင်းစသည်ဖြင့် ပေဖြုန်းသောသဒ္ဒနိဒ္ဒေသကျမ်း (သုတ္တနိဒ္ဒေသကျမ်းကို ဆိုလို၏။) သူငယ်အများ ဟောရွတ် ဆောင်ရွက်ရိုးဓာတုကထာဝဝတ္တာန်ကိုမျှမရမမိ သတိမထင်သောကြောင့်သောကောတိဒေါသော စသည်ဖြင့် ဖွင့်မှားသော သဒ္ဒေပဝဏ္ဏနာဋီကာကျမ်းတို့ကို စီရင်သော သဒ္ဒေပဝဏ္ဏနာ ဆရာလည်း ဋီကာကျော် စကားမျှသောက်ကိုမှီ၍ မူလဋီကာဝါဒကောဒသမသတ္တာဟ ဖြစ်လျှင် ရှေ့ဆယ်သတ္တာဟကို ကလလ၊ အဗ္ဗုဒ၊ ပေသိ၊ ဃန၊ ပသာခ—ငါးပါးနှင့် ခွဲစိတ်၍ ကြိတ်နည်းဝေမျှသင့်၏ဟု ရမ်းဆသျက် ကလလံဒွေသတ္တာဟံ၊ အဗ္ဗုဒံဒွေသတ္တာဟံ၊ စသည်ဖြင့်ဆိုမိဟန်ရှိချေသည်”

ဟု ရေးသားဖော်ပြတော်မူခဲ့၏။ ရေးသား ဖော်ပြခြင်း၏ အကြောင်းကား နိုင်ငံကျော် မုံရွာလယ်တီဆရာတော်ကြီး၏

www.dhammaransi.com



မေးမြန်းချက်ကို ဖြေဆိုသော အာယတနဝိနိစ္ဆယကထာထဲ၌ စကားအလျဉ်းသင့်၍ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက ရေးသားဖော်ပြသွားခြင်း ဖြစ်ပေ၏။

## ပထမဆပွဒမဖြစ်စေချင်

သာသနာဝင်၊ ဂန္ထဝင်တွင် မင်ခဲနှင့် အမည်းစက်ချသကဲ့သို့ နာမည်ဆိုးနေသော သုတ္တနိဒ္ဒေသနှင့် သဒ္ဒေပဝဏ္ဏနာ ဋီကာ ကျမ်းနှစ်စောင်ကို ပုဂံအရှင် ဥတ္တရာဇီဝတ် တပည့် ပထမဆပွဒ မထေရ် စီရင်သော ကျမ်းမဖြစ်စေချင်ပေ။ အကြောင်းကား ထိုအချိန် ထိုအခါက သာသနာတော်၏ ဗဟိုဋ္ဌာနချုပ်သဖွယ် ဖြစ်၍ သာသနာ ဇောတိပါလဘာဝဋ္ဌာန ဆိုလောက်သော သီဟိုဠ်ကျွန်း၌ ၁၀ နှစ်တိုင်တိုင် အသကင္ဌာနှင့်တကွ ပိဋကတ် သုံးပုံကို ဆုံးကုန်အောင်သင်ကြားခဲ့သော ပိဋ ကတ္တယပါရဒဿီ ဖြစ်၍တကြောင်း။ ပုဂံပြည်၏ ပစ္ဆိမသံဃ ... ါ သီဟိုဠ်ဂိုဏ်း သံဃာစု၏ အာဒိကမ္မိကဲ ပဓာန နာယက ... ဖြစ်သောကြောင့် တကြောင်း။ ထိုကဲ့သို့သော မထေရ်မြတ်ပြုစုသည့် ကျမ်းတွင် မှားယွင်းချက်ပါလျှင် သာသနာဝင် အဆက်အနွယ်၌ ထိခိုက် လာမည် စိုးမိသောကြောင့်တည်း။

ဤကား သုတ္တနိဒ္ဒေသနှင့် သဒ္ဒေပ ဝဏ္ဏနာ ဋီကာ ကျမ်းပြုဆရာ ဆပ္ပဒဝိဝါဒကထာ အတွက် ရှင်းပြချက် တည်း။

www.dhammaransi.com



## ငစွယ်ရှင် ပံသုကူမထေရ်

နရပတိစည်သူ မင်းတရား လက်ထက် ပုရိမ သံဃာ့ခေါ် ရှင်အရဟံ၏ အနွယ်တော် သံဃာ့စုထဲမှ သီလဗုဒ္ဓိ[၁] အမည်ရှိသော မထေရ်တပါးသည် ဂဟပတိစီဝရခေါ် ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို ခံယူဝတ်ရုံခြင်းမပြုပဲ သုသာန်တစပြင် သင်္ချိုင်း၌ လူသေကောင်ကိုလွှမ်းသော အဝတ်တို့ကိုသာ ကောက်ယူ၍ ပံသုကူသင်္ကန်း ချုပ်လုပ်ဝတ်ရုံ၏။ ထိုမထေရ်ကို ရဟန္တာဟု သမုတ်ကြ၏။ ပံသုကူသင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင်သဖြင့် ဘွဲ့မည်တော်ကို မခေါ်ဝေါ်ကြတော့ပဲ ပံသုကူမထေရ်ဟုပင် ခေါ်နေကြ၏။ ဘွဲ့မည်တော်ကိုသိသူပင် အတော်ရှားနေ၏။ တနေ့သ၌ 'ငစွယ်ငယ်' ခေါ်သော နွားကျောင်းသားကလေးသည် သူငယ်ချင်း အဖော်များနှင့် နွားကျောင်းယင်း—

"သူငယ်ချင်းတို့၊ မင်းတို့လဲကုသိုလ်ရအောင် ငါလဲ ကုသိုလ်ရအောင် ငါသေချင်ယောင် ဆောင်နေမည်၊ ငါ့ကိုယ်ပေါ်မှာ မင်းတို့ရဲ့ အဝတ်ပုဆိုးတွေကို လွှမ်းထား၊ ပြီးတော့ ပံသုကူသခင်မြတ်ဆီသွားပြီး ငါ့ အလောင်းပေါ်က အဝတ်တွေကို ပံသုကူကောက်တော်မူလှည့်ပါလို့ လျှောက်ချေကြ"ဟု သူငယ်ချင်းတို့အား ပြောပြလေ၏။

---

၁။ အချို့ သာသနာဝင်ကျမ်း၌ 'သီလဝုမ္မိ'ဟု ဖော်ပြထား၏။ သာသနာလင်္ကာရ စာတမ်းတွင် 'သီလဗုဒ္ဓိ'ဟု ပါရှိ၏။

www.dhammaransi.com



သူငယ်ချင်းတစုတို့ကလည်း သဘောတူကြလေ၏။ သို့ဖြစ်၍ 'စွေယ်ငယ်' လည်း သုသာန်တစပြင် (သင်္ချိုင်း)သို့ သွား၍ ပက်လက်လှန်အိပ်ကာ လူသေကောင်ယောင် ဆောင်နေလေ၏။ သူငယ်ချင်းတစုတို့က စွေယ်ငယ်၏ ကိုယ်ပေါ်၌ အဝတ်များ လွှမ်းထားကြပြီး ပံသုကူမထေရ်မြတ်ထံ သွားရောက်လျှောက်ထားကြလေ၏။ ပံသုကူမထေရ်မြတ်လည်း သူငယ်တစုတို့၏ လျှောက်ချက်အရ သုသာန်တစပြင်သို့ ကြွလာပြီး စွေယ်ငယ်၏ကိုယ်ပေါ်မှ လွှမ်းထားသော အဝတ်များ ပံသုကူကောက်ယူတော်မူလေ၏။ ပံသုကူမထေရ်မြတ်ကြွသွားပြီးနောက် လူသေယောင်ဆောင်နေသော စွေယ်ငယ်မှာ လူသေအစစ်ကဲ့သို့ ဖြစ်၍ အသက်မရှူပဲ နေလေ၏။ သူငယ်ချင်းတစုလည်း အမျိုးမျိုး စမ်းသပ်ကြည့်ရှု၍ တကယ် သေနေကြောင်း တွေ့ကြရသဖြင့် 'စွေယ်ငယ်၏ မိဘအိမ်သွားကာ အကြောင်းကြားပြီး မိမိတို့ လုပ်ပုံလည်း ပြောပြကြလေ၏။ စွေယ်ငယ်၏ မိဘသားချင်း (မိသားစု)တို့လည်း အထိတ်တလန့် အံ့အားသင့်စွာ ငိုကြွေးကာဖြင့် ပံသုကူမထေရ်မြတ်ထံ ထိုအကြောင်းကို အမြန်သွားရောက် လျှောက်ထားကြလေ၏။ ပံသုကူ မထေရ်မြတ် ကြွလာတော်မူ၍ စွေယ်ငယ်ကို ပရိတ်မေတ္တာပို့လေရာ စွေယ်ငယ်လည်း ချက်ချင်းထ၍ မထေရ်မြတ်ကို ရှိခိုးလေ၏။ စွေယ်ငယ်၏ မိဘတို့သည်း စွေယ်ငယ်ကို သခင်မြတ်အား လှူလေ၏။ ထိုအခါမှစ၍ ပံသုကူမထေရ်မြတ်ကို 'စွေယ်ရှင်'ဟု ခေါ်တွင်လေသတည်း။ ထိုစွေယ်ရှင် ပံသုကူမထေရ်မြတ်ကို ဘုရင် နရပတိစည်သူမင်းတရားလည်း အလွန်ကြည်ညိုတော်မူ၏။

www.dhammaransi.com



## နရပတိစည်သူမင်းတရားနှင့် စွယ်ရှင်ပံသုကူမထေရ်

တရံရောအခါ နရပတိစည်သူမင်းတရားသည်တူးရှင်းတောင်မှ ပြန်၍အလာတွင် ခရီးအကြား ချောင်းဘခုတွင် ပတ္တမြားရောင် တောက်သည်ကို မြင်၍ ဤအရပ်၌ ငါ့ကို ကောင်းမှုကုသိုလ်တခုခု ပြုစေချင်ပုံ ရသည်ဟု တွေးထင်တော် မူမိလေ၏။ သို့ဖြစ်၍ ထိုချောင်းကို ရေမရှိပဲ မြေပကတိဖြစ်အောင် ပြည်သူပြည်သား အပေါင်းတို့အား ဖို့စေလေ၏။[၁] ထိုသို့ ဖို့ရသည့်အတွက် ပြည်သူပြည်သား အပေါင်းတို့မှာ အလွန်အမင်း ဆင်းရဲပင်ပန်းခြင်း ဖြစ်ကြရလေ၏။ ဘုရင်မင်းမြတ် ကုသိုလ်ကောင်းမှုပြုရန် ချောင်းကို မြေဖို့နေသည်ဟူသော ကောလာဟလသတင်းသည် ပုဂံတပြည်လုံး လွှမ်းကာ ထင်ရှားကျော်ကြားနေလေ၏။ ထိုသို့ ဖြစ်နေစဉ် တနေ့သော နံနက်တွင် စွယ်ရှင် ပံသုကူ မထေရ်မြတ် နန်းတော်သို့ ကြွလာပြီး—

"တကာတော်မင်းကြီးကောင်းမှုပြုမည်ဟုကြံစည်ပြီးပြုလုပ်နေတယ်။ ယခု လက်ငင်းဖြစ်နေတာက ကောင်းမှု မဖြစ်ပဲ မကောင်းမှု ဖြစ်နေတယ်။ ပြည်သူသတ္တဝါတွေ ဆင်းရဲဒုက္ခ တွေ့နေကြရတယ်"ဟု မိန့်တော်မူလေ၏။

ဘုရင်မင်းမြတ်လည်း ဘာမျှ ပြန်လည်၍ မလျှောက်ထားပဲ မထေရ်မြတ်အား ဆွမ်းကပ်လေရာ—

---

၁။ ထိုမြေဖို့သောနေရာတွင်စူဠာမဏိစေတီတော်ကို တည်ထားတော်မူ၏။ စူဠာမဏိစေတီတော်မှာ မုခ် ၂ ဆင့်ရှိ၏။

www.dhammaransi.com



"တကာတော်မင်းကြီး လှူသော ဆွမ်းကို ငါမခံလို"ဟု ပံသုကူ မထေရ်မြတ်က မိန့်တော်မူလေ၏။

ထိုအခါ ဘုရင်မင်းမြတ်က—

"ဘုန်းတော်ကြီးဘုရား၊ အကျွန်ုပ် ဆွမ်းကို ဘုဉ်းပေးတော်မမူချင်လျှင် အကျွန်ုပ် တိုင်းပြည်တွင် နေတော်မမူမှ ဖြစ်ပေမည်။ ပြည်သူပြည်သားတွေ လှူသော ဆွမ်းလည်း အကျွန်ုပ်ဆွမ်းပင် မဟုတ်ပါလား"ဟု လျှောက်ထားရာ ပံသုကူ မထေရ်မြတ်လည်း—

"တကာတော်မင်းကြီး၊ သည်လိုဆိုလျှင် ငါ-သီဟိုဠ်သို့ ကူးတော့မည်"ဟု မိန့်မြွက်ပြီး ပြန်ကြွသွားလေ၏။ စေဝယ်ရှင် ပံသုကူ မထေရ်မြတ်လည်း ကျောင်းသို့ရောက်လျှင် သီဟိုဠ်သို့ ကူးရန် အကြံနှင့် စွယ်ကြိုအရပ်ရှိ 'တောကြီး'ထဲသို့ သွား၍ သီတင်းသုံးနေလေ၏။ ထိုအခါ 'သရပ'တံခါး၌ စောင့်နေသော တံခါးစောင့်ဘီလူးသည် စေဝယ်ရှင် ပံသုကူ မထေရ်မြတ် သီဟိုဠ်သို့ ကူးတော့မည် ဆိုသည့်အတွက် ရှင်ဘုရင် ထွက်လာသောအခါ မရှောင်မလွှဲ(ဖယ်ရှားမပေးပဲ) တံခါးထက်၌ ကားရားကြီး ရပ်လျက် နေလေ၏။ ရှင်ဘုရင်လည်း အထိတ်တလန့် ဖြစ်ကာ သမားဟူးရားတို့ကို ခေါ်၍ ဆေးဝါးမန္တရားတို့ဖြင့် စီရင်ပြုလုပ်စေ၏။ သို့ရာတွင် ဘီလူးကား ကားရားကြီး ရပ်လျက်ပင် ရှိနေလေ၏။ သို့ဖြစ်၍ ဟူးရားဖွူ ဟူးရားညိုတို့ကို ခေါ်ကာ မေးမြန်းရလေရာ။

"စေဝယ်ရှင် ပံသုကူမထေရ်မြတ်ကို မသင့်မတင့် မချေမငံ လျှောက်ထားမိ၍ ဘီလူး မရှောင်မလွှဲပေ ကားရားကြီး ရပ်နေခြင်း ဖြစ်ပါသည်"ဟု လျှောက်ထား ကြလေ၏။ ဘုရင်

www.dhammaransi.com



မင်းမြတ်လည်း အမတ်တို့ကို စေလွှတ်၍ ပံသုကူမထေရ်မြတ်ကို အကြိမ်ကြိမ်ပင့်စေရာ မထေရ်မြတ်လည်း မကြွလာပဲ သီဟိုဠ်သို့ ကူးရန် စီမံနေတော်မူလေ၏။ ဘုရင် မင်းမြတ်လည်း အကြားအမြင်ဗဟုသုတနှင့်ပြည့်စုံ၍ နေရာတကာတွင်ထူးမြောက် အောင်မြင်အောင်စွမ်းဆောင်နိုင်သော အမတ် "တုရင်္ဂပစ္စည်း" အား သခင်မြတ်ကို မပါ–ပါအောင် ပင့်ရမည်ဟု အမိန့်ပေးကာ စေလွှတ်လိုက် လေ၏။ တုရင်္ဂပစ္စည်းလည်း ဗဟုသုတကြွယ်ဝသူ ဖြစ်၍ မြတ်စွာဘုရား ရုပ်ပွားတော် ရွှေဆင်းတုတဆူကို ရွှေခလုတွင်တင်ပြီး မထေရ်မြတ်ဘံ လာခဲ့လေ၏။ မထေရ်မြတ်လည်း ထိုအချိန်၌ သင်္ဘောဆိပ်သို့ ကြွလာသဖြင့် တုရင်္ဂပစ္စည်းနှင့် တွေ့လေ၏။ တုရင်္ဂပစ္စည်းက–

"သဗ္ဗညုမြတ်စွာဘုရား ဤဆိပ်သို့ ရောက်တော်မူနေသည်။ ပံသုကူမထေရ် လာစေသတည်း"ဟု လျှောက်ထားရာ မထေရ်မြတ်လည်း ဘုရားရှင်၏ အမိန့်တော်ဟူသော အာဏာကို မလွန်ဆန်အပ်သည်ဖြစ်၍ လိုက်တော်မူလာ၏။ မထေရ်မြတ်သည် လှေပေါ်သို့တက်လာပြီး ဘုရားရုပ်ပွားတော်ကို ဝတ်ဖြည့်တော်မူ၏။ ထိုသို့ ဝတ်ဖြည့်နေခိုက်လှေတော်ကို အပြင်းလှော်ခတ်၍ ပုဂံရွှေမြို့တော်သို့ ဆန်တက်ခဲ့လေ၏။ တုရင်္ဂပစ္စည်းလည်းလှေနှင့် ဆန်တက်ယင်း မထေရ်မြတ်အား သာသနာတော် ချီးမြှောက်ပြုစုတော်မူပါမည့်အကြောင်း အမျိုးမျိုး တိုးလျှိုးတောင်းပန် လျှောက်ထားလေ၏။ မထေရ်မြတ်လည်း သာသနာရေး ကိစ္စဖြစ်၍ လက်ခံတော် မူလေ၏။ ဘုရင်မင်းမြတ်လည်း မှူးမတ်ဗိုလ်ပါ အပေါင်းနှင့် မထေရ်မြတ်ကို ခရီးဦး ကြိုဆိုနှင့်၏။

www.dhammaransi.com



လှေတော်ဆိုက်သည်နှင့်တပြိုင်နက် လှေတော်ပေါ်မှ မထေရ်မြတ်ကို လက်တော်မကာ နန်းတော်သို့ပင့်ဆောင်သွား လေ၏။

"သရပေါ"တံခါးသို့ရောက်လျှင် တံခါးစောင့် ဘီလူးလည်း တံခါးထက်တွင်ကားရားကြီး ရပ်နေရာမှဆင်း၍ မထေရ်မြတ်ကို ဦးချနှင့်၏။နန်းတော်ပေါ်သို့ ရောက်သောအခါ ဘုရင်မင်းမြတ်လည်း ဆွမ်းကို ကိုယ်တိုင် လက်တော်ဖြင့် ပြင်ဆင်၍ မထေရ်မြတ်အား ကပ်လှူလုပ်ကျွေးတော်မူ၏။

"ယနေ့မှစပြီး အရှင်မြတ်၏ အဆုံးအမ ဩဝါဒကိုခံပါတော့မည်"ဟုလည်း လျှောက်ထားလေ၏။ ထို့နောက် (၁)ဇေယသူရ။ (၂)ဇေယသိခ်။ (၃)ရာဇသူရ။ (၄)ဂင်္ဂသူရ။ (၅)ပျံချီ ဟူသော သားတော်မင်းသား ငါးပါး တို့ကိုလည်း မထေရ်မြတ်အား လှူတော် မူလေ၏။ ဆွမ်းဘုဉ်း ပေးပြီး မထေရ်မြတ် ကြွတော်မူသောအခါ မင်းသားငါးပါးတို့လည်း မထေရ်မြတ်နှင့်အတူ မထေရ်မြတ် နောက်သို့ လိုက်သွားကြလေ၏။ လမ်းခရီးခုလတ်သို့ ရောက်လျှင် မထေရ်မြတ်လည်း ရပ်တန့်ကာ မြေကြီးပေါ်တွင် အဝန်းအဝိုင်း ငါးကွက်သား၍ မင်းသားတို့ကို ပြသပြီး ပြန်လွှတ်လိုက်လေ၏။ မင်းသားတို့ ပြန်လာ၍ ထိုအကြောင်းကို ခမည်းတော် ဘုရင်မင်းမြတ်အား လျှောက်ထားကြရာ ငါ့— သားတော်တို့ကို ကောင်းမှုပြုစေလိုသည်ဟု ဘုရင်မင်းမြတ်က မိန့်မြွက်တော်မူလေ၏။ မထေရ်မြတ်၏ အလိုတော်အတိုင်း ကုသိုလ်ပြုရန် သားတော်တို့၏ ကိုယ်နှင့်အမျှ ရွှေကိုချိန်ပြီး ထိုရွှေကို ကံကျွေးပြု၍ စာကြိုဘုရားလှ။ မြေပုံသာဘုရားလှ။ ကန်စွန်းအိုဘုရားလှ။ သိကြား

www.dhammaransi.com



တောင် ဘုရားလှ။ ချောက်ဘုရားလှ ဟူသော ဤဘုရားလှ ငါးဆူကို လှူဒါန်းတည်ထားတော်မူ၏။

## ပေါင်လောင်ရှင်ကဿပနှင့် အရှင်သုမေဓာမထေရ်

နရပတိစည်သူ မင်းတရားလက်ထက်တွင် ပေါင်လောင်ရှင် ကဿပ မထေရ်နှင့် အရှင်သုမေဓာမထေရ် ၂ ပါးတို့သည်လည်း အကျင့်သီလ အာစာရနှင့် ပြည့်ဝ၍ စွယ်ရှင် ပံသုကူမထေရ် ကဲ့သို့ပင် ရဟန္တာအရိယာဟု သမုတ်ခြင်းခံကြရ၏။ ပေါင်လောင် ရှင်ကဿပနှင့် အရှင်သုမေဓာတို့၏ အကြောင်းကို မင်းတိုင်ပင် အမတ်ကြီး မဟာဓမ္မသင်္ကြံ၏ သာသနာလင်္ကာရ စာတမ်း၌ အောက်ပါအတိုင်း ဖော်ပြထား၏။

"နရပတိ စည်သူမင်းကြီး လက်ထက်ပင် ရှင်ကဿပ သည် ပေါင်လောင်အရပ်သို့ ဒေသစာရီ လှည့်ပတ်သည့် ကာလ ပေါင်လောင် အကြီးတို့က ပေါင်လောင်ငယ် နှစ်ယောက်ကို အလုပ်အကျွေးအပ်လှူ၍ ပေါင်လောင် လူ မျိုးတို့ ကိုင်းညွတ်သောကြောင့် ပေါင်လောင်ရှင်ဟု တွင် လေသည်။ ထိုပေါင်လောင် ရှင်ကဿပသည် သီဟိုဠ်သို့ သွားလိုလျှင် နတ်သိကြားတို့ ကျားယောင် ဖန်ဆင်း၍ တင်ပို့သည်။ ရံခါလည်း သင်္ဘောစီး၍သွားသည်။ တရံရော အခါ သင်္ဘောစီး၍ လိုက်လေလျှင် ပင်လယ်ရေပြင်တွင် သင်္ဘော မသွားပဲ တန့်ရပ်နေ၍ မသူတော် ပါချေပြီဟု စာရေးတံ ကောက်ကြသော် ရှင်ကဿပကိုသာ သုံးကြိမ်

www.dhammaransi.com



တိုင်အောင် စာရေးတံကျလေရကား သဘော်ဓက ချကြလေ၏။ ထိုသို့ချသည်ကို မိကျောင်းကျောက်ထက် တင်၍ (မိကျောင်းက ကျောက်ကုန်းထက် တင်၍ဟု ဆိုလိုသည်) သီဟိုဠ်ရောက်အောင် ပို့လေ၏။ ဘီလူးကျွန်းသို့ ဒေသစာရီ လှည့်ပတ်သည်တွင်လည်း ဘီလူး မျက်မမြင်တို့အား မေတ္တာရေချမ်းပေး၍ မျက်မြင်စေ၏။ ထိုသို့သော ကျေးဇူးကြောင့် ရေမန်၊ ငတင်ကျည်း ဟူသော ဘီလူးညီအစ်ကို နှစ်ယောက်ကို ဘီလူးတို့က အပ်လှူလိုက်သည်။ သီဟိုဠ် မဟာစေတီပုံ၊ လောဟပါသာဒပုံ၊ ဓာတ်တော် မွေတော် မဟာဗောဓိညောင်ရွှေတော် အစေ့များကို ဆောင်ခဲ့သည်ဟု ကျောက်စာရှိသည်။

ရှင်သုမေဓလည်း ဟလင်းမြို့တော် မှက်ထီးသရိုင်ရွာမှ အရှေ့တောင်ယွန်းတွင် ဒိန်ကျောင်းဟု ရှေးကရှိ၏။ ထိုကျောင်း၌ နေသသူဖြစ်၍ ‘ဒိန် ကျောင်း ရှင်သုမေဓ’ဟု တွင်သည်။ရှင်သုမေဓလည်း ပံသုကူကိုဆောင်လေ့ရှိသည်။ အကျင့်သီလထက်မြက်သည်ဖြစ်၍ စျာန်အဘိညာဉ် ရသသူဟု ထင်ရှားသည်’’ဟု ဖော်ပြထားပေ၏။

## ပေါင်လောင်ရှင်ကဿပပြုသောကျမ်း

မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ် မင်းကြီး မဟာသီရိဇေယသူဘွဲ့ခံ ဦးရံ၏ ပိဋကတ်သမိုင်းစာတမ်း၌—

“မဟာဗောဓိဝင်ဋီကာကို ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့၊ သက္ကရာဇ် ၅၃၆ ခုနှစ် နန်း

www.dhammaransi.com



တက်သော နရပတိစည်သူမင်း နန်းစံသုံးနှစ်တွင် ထီးလင်းမြို့ စီရင်စု၊ ပေါင်လောင်ရွာဇာတိ၊ ရှင်မဟာကဿပ၊ ပုဂံမြို့ တောင်ခရီး တတိုင်ကျော်ကွာ တောရကျောင်း၌ သီတင်း သုံးနေစဉ် ပြုသည်။ မဟာဗောဓိဝင်ဋီကာ အမည်ကိုလည်း သဟာဿရံသိမ်ဋီကာ အမည်မှည့်သည်''ဟု ဖော်ပြထား၏။ အထက်ဖော်ပြခဲ့သော ပေါင်လောင်ရှင်ကဿပပင် ဖြစ်ပေ၏။

မဟာဒွါရနိကာယ သာသနဝံသဒီပနီတွင်—

''နရပတိစည်သူ မင်းကြီး၏ သားတော် သီခဝိဇယ မင်းသားသည် ထိုဗောဓိဝင် ဋီကာကို သက္ကရာဇ် ၅၆၅ ခုနှစ်၌ ပေထက်သို့ ကောင်းစွာ ရေးတင်သည်ဟု နိဂုံး၌ ဆိုသည်။ ထိုအရှင်မြတ်အား နရပတိစည်သူမင်းကြီး ဆရာ ပြု၍ ကိုးကွယ်တော်မူသည်။ ကျောင်းဆောက်၍ ဝတ္ထုကံ လယ်မြေ လှူတော်မူသည်ဟု ကဿပကျောင်း ကျောက်စာ၌ ဆိုသည်'' ဟူ၍လည်းကောင်း။

ဗောဓိဝင်ဋီကာ နိဂုံး၌ ဇေယသီခကို သီခဝိဇယဟု ဆိုသည်။ မယ်တော်ကိုလည်း 'သဒါ သဒ္ဓါယ ဒက္ခာယ၊ သုတော ဒက္ခိဏာ ဒေဝိယာ' စသည်ဖြင့် တောင်ပြင်သည် မိဖုရားဟုဆိုသည်'' ဟူ၍လည်းကောင်း ဖော်ပြထား၏။

## ခုဒ္ဒသိက္ခာအဋ္ဌကထာနိဿယဟောင်း

ပိဋကတ်တော်အုပ်မင်းကြီး မဟာသီရိဇေယသူ၏ ပိဋကတ် သမိုင်း စာတမ်း၌—

www.dhammaransi.com



"ခုဒ္ဒသိက္ခာ အဋ္ဌကထာ နိဿယဟောင်းကို သက္ကရာဇ် ၄၅၅ ခုနှစ်၊ အရိမဒ္ဒနာမည်သော ပုဂံမြို့၌နန်းတက်သောသီရိ တြိဘဝနာဒိတျာ ပဝရ ပဏ္ဍိတ သုဓမ္မရာဇာ မဟာဓိပတိ နရပတိစည်သူ တံဆိပ်နာမံ ခံသော အလောင်းစည်သူမင်း လက်ထက် ထီးလင်းမြို့ စီရင်စု ပေါင်လောင်ရွာဇာတိ ရှင် မဟာကဿပ ပုဂံမြို့တောင် ခရီး တ တိုင် ကျော်ကွာ တောရကျောင်း၌ သီတင်းသုံးနေစဉ် စီရင်သည်" ဟု ဖော်ပြထား၏။

မှတ်ချက်။ ။ဤ ရှင်မဟာကဿပ ဆိုသည်လည်း အထက်၌ ဖော်ပြခဲ့ပြီးသော နာမည်ကျော်ပေါင်လောင် ရှင်ကဿပ ပင် ဖြစ်၏။ သို့သော် ဗေဒဓိဝင်ဋီကာကို နရပတိစည်သူ လက်ထက်၌ရေး၍ ခုဒ္ဒသိက္ခာအဋ္ဌကထာ နိဿယဟောင်းကို အလောင်းစည်သူ၏ လက်ထက်၌ ရေးသည်ဟု ဖော်ပြထား သဖြင့် ရုတ်တရက်သော် နှလုံးနှစ်ခွ သံသယဖြစ်သွားဖွယ် ရှိ၏။ အလောင်းစည်သူနှင့် နရပတိစည်သူမှာ ဘိုးတော်နှင့် မြေးတော် (မြေးအဘိုး)ဖြစ်၍ မဖြစ်နိုင်စရာ အကြောင်း မရှိပေ။ အလောင်းစည်သူက ဘိုးတော်ဖြစ်၍ နရပတိ စည်သူက မြေးတော်ဖြစ်၏။ အလောင်းစည်သူ နတ်ရွာ စံသောနှစ်နှင့် နရပတိစည်သူ နန်းတက်သော နှစ်မှာ ခုနစ်နှစ်သာ ကွာခြား၏။ ဤတွင် အမှတ်လွဲစရာ အချက် တခု ရှိသေး၏။ ဘိုးတော်ဖြစ်သူ အလောင်းစည်သူမင်း၏ သီရိတြိဘဝနာဒိတျာ ပဝရ စသော တံဆိပ် နာမံတော် အတိုင်း မြေးတော်ဖြစ်သူ နရပတိစည်သူမင်းက တသဝေ

www.dhammaransi.com



မတိမ်း အတူတူ ခံယူထားသဖြင့် ဘိုးတော်နှင့် မြေးတော် ခွဲခြားမရအောင် ရောထွေးနေပြန်၏။

ဘွဲ့တော် အတူတူ ခံယူထားကြောင်းကို 'သက္ကရာဇ် ငါးရာ့လေးဆယ် ကြတိုက်နှစ်။ တော်သလင်း လဆန်း တဆယ့်လေးရက်နေ့။ သိရိတြိဘဝနာ ဒိတျာဓိပတိ ပဏ္ဍိတ သုဓမ္မရာဇ မဟာဓိပတိ နရပတိစည်သူ အမည်ရှိသော အရိမဒ္ဒနာပြည်ကြီး အရှင်ဖြစ်သော မင်းမြတ်'' ဟူသော ပုဂံနဂါးကျောင်း ကျောက်စာအရ သိရ၏။ ထိုဘွဲ့တော်ကြီးတွင် အဆုံး၌ 'နရပတိစည်သူ' ဟူ၍ ပါနေသဖြင့် အချို့က အလောင်းစည်သူကိုလည်း နရပတိစည်သူဟု ခေါ်နေကြရာ သာ၍ပင် ရောထွေး ရှုပ်ထွေးသွားတော့၏။ ဤအထက်ပါ နဂါးကျောင်း ကျောက်စာတွင် 'သက္ကရာဇ် ငါးရာ့လေးဆယ်' ဟု သက္ကရာဇ် အတိအကျ ပါရှိနေ၍သာ မြေးတော် နရပတိစည်သူမှန်း သိရတော့၏။ ဘွဲ့တံဆိပ်တော် အရမူ အတူတူဖြစ်၍ မည်သူမှန်း မှန်းဆရန်ပင် ခဲယဉ်းပေတော့၏။ ဘွဲ့ဘံဆိပ် နာမံခံယူပုံကလည်း အက္ခရာတလုံးမှ ခွဲခြားခြင်း မရှိပဲ 'အထိမဟာသဒိသ' ဆိုအပ်လှအောင် တသဝေမတိမ်း ခံယူထားဘိ၏။ သို့ဖြစ်၍ ရာဇဝင်ဆရာအချို့က ဘိုးတော်နှင့် မြေးတော် ခွဲခြားရန် မြေးတော်ကို စကားကိုးဆူဒါယကာ နရပတိစည်သူဟု ခေါ်ဝေါ်ရေးသားကြ၏။ အကြောင်းကား စကားသားကို ဘုရားကိုးဆူ ထုလုပ်တည်ထား ကိုးကွယ်သောကြောင် ဖြစ်၏။ ဤတွင်လည်း မရှင်းလင်းရအောင် လာပြန်၏။ ဦးကုလား၏ ရာဇ

www.dhammaransi.com



ဝင်ကြီးတွင် ဘိုးတော်အလောင်းစည်သူကို စကားကိုးဆူ မှင္ဒေဝကိုးဆူများ တည်ထားသူ ဘုရားဒါယကာဟူ၍ ဖော်ပြထားသဖြင့် ခွဲခြားမရအောင် ဖြစ်သွားရပြန်၏။ သို့ဖြစ်ရာ အကောင်းဆုံးမှာ နန်းတက်သက္ကရာဇ်နှင့် ခွဲခြားခြင်းသာ အရှင်းလင်းဆုံး ဖြစ်ပေသတည်း။

## ပိဋကတ်တတ် ရဟန်းပျိုနှင့် မင်းသမီး

နရပတိစည်သူ မင်းတရားကား သာသနာတော်ရေးကို အထူးအလေးပြုသူ သာသနဒါယကာ မင်းတရားဖြစ်၏။ သံဃာတော်များကို နန်းတော်သို့ ပင့်ပြီး မကြာမကြာ တခမ်းတနား အလှူကြီး အတန်းကြီး ပေးလေ့ရှိ၏။ ထိုသို့ အလှူကြီးအတန်းကြီး ပေးရာ၌ နန်းတော်သူ နန်းတော်သား မင်းညီမင်းသားမှစ၍ မိဖုရား သားတော် သမီးတော် မောင်းမမိဿံ မကျန် သံဃာတော်များရှေ့မှောက်သို့ လာရောက်ကာ ဖူးမြော်ခြင်း ကန်တော့ခြင်း ပြု၍ ကြည်ညိုခစား နေကြရ၏။ ထိုသို့ ပြုလုပ်ခြင်းမှာ မိမိ၏ မိဖုရား မောင်းမမိဿံများနှင့် သားတော် သမီးတော် ဆွေတော်မျိုးတော်တို့အား သာသနာနှင့်နီးစပ်၍ ရတနာသုံးပါး ဆည်းကပ်ခြင်း၌ အကျင့်ရစေရန် ဖြစ်ပေ၏။ တနေ့သ၌ ဘုရင်မင်းမြတ်၏ အလှူကြီးပေးသော ပွဲသဘင်သို့ ကြွလာကြသော သံဃာတော်များထဲမှ၊ ရဟန်းပျိုတပါးသည် ဘုရင်မင်းမြတ်၏ ကိုယ်လုပ်တော် မောင်းမငယ်တဦးမှ ဖွားမြင်သော သမီးတော်တပါးကို မြင်သည်တွင် မရပ်မတည်နိုင်အောင်ဖြစ်ကာ တပ်မက်ခြင်း ဖြစ်သွားလေ၏။ ကျောင်းသို့ ရောက်လျှင်

www.dhammaransi.com



အစာရေစာမယူ ဆွမ်းအာဟာရ မမှီဝဲ မဘုဉ်းပေးနိုင်ပဲ စွဲလမ်းသော ရုပ်ခန္ဓာ ရုပ်ပါရုံအတွက် အိပ်စက်ရာမှ မထပဲ ဖြစ်နေလေ၏။ ထိုရဟန်းပျိုမှာ သာမညပုဂ္ဂိုလ်စား မဟုတ်ပဲ စာပေကျမ်းဂန်ဂန္ထန္တရ ဗဟုသုတရှိ၍ ပိဋကတ်ကို တတ်မြောက်အောင် သင်ကြားသားပြီးသော ပုဂ္ဂိုလ်ဖြစ်၏။ သို့ဖြစ်၍ ဆရာသမားဥပဇ္ဈာယ်များက အမျိုးမျိုးတရားပြကာ ဆုံးမဩဝါဒပြုကြလေ၏။ ရဟန်းပျိုကား တရားမရနိုင်ပဲ ရာဂမီး လောင်လျက်ရှိရာ မင်းသမီးကို မရလျှင် အသက်ကို စွန့်ရတော့မည့် အခြေမျိုးသို့ ဆိုက်နေလေ၏။ ဆရာဖြစ်သူ မထေရ်များလည်း ပိဋကတ်တတ်က ထက်မြက်သူ တပည့်တဦးအတွက် ယူကျုံးမရဖြစ်ကာ ကရုဏာပုဗ္ဗင်္ဂမ စိတ်ထားဖြင့် ဘုရင်မင်းမြတ်၏ ရွှေနန်းတော်သို့ ရောက်အောင် ထိုအကြောင်းကို တဆင့်မှတဆင့် သတင်းပို့လိုက်ကြလေ၏။ ဘုရင်မင်းမြတ်မှာ သာသနာကို အထူးကြည်ညိုသော မင်းတရားဖြစ်သည့်ပြင် မြတ်စွာဘုရား၏ မုခပါဌ်ပိဋကတ်တတ် ပုဂ္ဂိုလ်များကိုလည်း ကြည်ညိုလေးစား တန်ဖိုးထားသူဖြစ်သောကြောင့် ထိုရဟန်းပျို အတွက် အသက်ကယ်ဆယ်ရန် စီမံတော် မူလေ၏။ စီမံပုံကား—

"ထိုရဟန်းပျိုသည် ပိဋကတ်ကျမ်းဂန် သင်ကြားတတ်မြောက်ပြီးသူဟုဆိုသည်။ ခိုင်ခိုင်ခံ့ခံ့ သုံးဆောင်လောက်အောင် ကျမ်းတကျမ်းကို စီရင်ပြုစုရမည်။ ထိုသို့ စီရင် ပြုစုနိုင်လျှင် သမီးတော်နှင့် စုံဖက်၍ သူကောင်းပြုမည်"ဟု မိန့်မြွက်ကာ ထိုအမိန့်ကို ရဟန်းပျိုထံရောက်အောင် ပို့ဆောင်လိုက်လေ၏။ ထိုသို့ ဘုရင်မင်းမြတ်ထံမှ အမိန့်သံကို ကြားလျှင် ကြားချင်း

www.dhammaransi.com



ရဟန်းပျိုလည်း အိပ်ရာထဲမှထကာ၊ အစာရေစာဆွမ်းအာဟာရများ စားသုံးဘုဉ်းပေး၍ ကျမ်းပြုရန်စီမံလေ၏။ ရဟန်းပျိုသည် အားရဝမ်းသာ စိတ်အားတက်ကြွစွာနှင့် သီဟိုဠ်ကျွန်း အနုရာဓမြို့တောင်ဘက်၊ မဟာဝိဟာရ ကျောင်းတိုက်နေ အရှင်'ဝဇိရဗုဒ္ဓိ'စီရင်သော 'နျာသကျမ်း'ခေါ် (ဉာသ်ကျမ်းလည်းခေါ်သော) မုခမတ္တဒီပနီကျမ်း၏ အဖွင့်ဋီကာကို တစ်ခမ်းတနား ရေးသားစီရင်ပြုစုလိုက်လေ၏။ ရေးသားစီရင်ပြီးနောက် ဘုရင်မင်းမြတ်ထံ ဆက်သွင်းလိုက်ရာ ဘုရင်မင်းမြတ်လည်း ရဟန်းပညာရှိ၊ မှူးမတ်ပညာရှိများအား စစ်ဆေးကြည့်ရှုစေရာ ရေးပုံ သားပုံ ပါဠိစီကုံးပုံမှစ၍ ဖွင့်ပုံ ပြပုံ၊ ဝါကျအနေအထားအချိုးကျလျက် ကျမ်းပြုဆရာ၊ ဋီကာဆရာ၊ ဋီကာ ကာရ' တဦးဆိုလောက်အောင် စွမ်းဆောင်နိုင်ကြောင်း တွေ့ရလေ၏။ ထို့ဖြစ်၍ ဘုရင်မင်းမြတ်သည် အမိန့်တော်ကဝိရှိသည့်အတိုင်း ရဟန်းပျိုကို လူထွက်စေလျက် သူတပ်မက်စွဲလမ်းနေသော သမီးတော်နှင့်စုံဖက်ကာ သံပျင်အမတ်အဖြစ်နှင့် ခန့်ထားလိုက်လေ၏။ သံပျင်အမတ် ဆိုသည်ကား မြေတိုင်းအမတ်။ မြေဘက်ဆိုင်ရာ အမတ်ဖြစ်၏။ ထိုဋီကာ၏ အမည်ကိုလည်း သံပျင်အမတ်စီရင်၍ သံပျင်ဋီကာဟုပင် ယနေ့ထက်တိုင်ခေါ်ဆိုနေကြ၏။ ထိုဋီကာတွင် နိဂုံးမပါပေ။ မည်သူစီရင်ကြောင်း ကျမ်းပြုသူ၏ အမည်ကိုပေါ်ပြမထားပေ။ သို့သော် သာသနာဝင်၊ ရာဇဝင်၊ ဂန္ထဝင်၊ ပိဋကတ်သမိုင်း အစောင်စောင်တို့၌ပင် အထက်ပါအတိုင်း ပုဂံနရပတိ စည်သူမင်းလက်ထက် ရဟန်းလူထွက် သံပျင်အမတ်စီရင်ကြောင်း မင်းတိုင်ပင် အမတ်ကြီးမဟာဓမ္မသင်္ကြံ၏ သာသနာလင်္ကာရ စာတမ်းနှင့် ပိဋကတ်

www.dhammaransi.com



တော်အုပ် မင်းကြီးမဟာသီရိဇေယျသူဘွဲ့ခံ ဦးရံ၏ ပိဋကတ်သမိုင်းစာတမ်း၌ ဖော်ပြထားပေ၏။ တောင်တွင်း ပိဋကတ်သမိုင်း၌ကား၊ သံပျင်ဋီကာကို ကျစ္စာမင်းသမက် အမတ်ပြုသည်ဟု ဖော်ပြထား၏။ အင်းဝမိုးညှင်း မင်းတရားလက်ထက် ရေးသောရာဇဝင်ချုပ်၌မူ တရုတ်ပြေးမင်း၏ အမတ် 'သီရိပတိ' ဆိုသူသံပျင်ကျမ်းကို စီရင်သည်ဟု ဖော်ပြထားသေ၏။

## သံပျင်ဋီကာ၏အကြောင်း

ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ရဟန္တာအရှင်မဟာကစ္စာယနအား အကျဉ်းဟောသောဒေသနာကို အကျယ်ဝေဖန်ရာ 'ဝိတ္ထာရဘာဇနအရာ၌ ဧတဒဂ်ဘွဲ့ထူး ပေးတော်မူခဲ့၏။ ဝိတ္ထာရ ဘာဇနဧတဒဂ်ရ ထိုမဟာကစ္စာယန ရဟန္တာမထေရ်မြတ်သည် ယခု အခါ မြန်မာပြည်တွင် စာသင်သားသံဃာမှန်သမျှ သင်ကြားနေကြရသော 'သဒ္ဒါကြီးရှစ်စောင်ပါ၌'ခေါ်၊ ကစ္စာယနဗျာကရဏ်းကျမ်းကို ဟောကြားထားတော်မူခဲ့၏။ အတိအကျ သိရသမျှ ပုဂံခေတ် သာသနာဝင်မှစ၍ ယနေ့ခေတ်အထိ မြန်မာနိုင်ငံသာသနာဝင်တွင် ရဟန်းသံဃာတော်မှန်သမျှသည် ထိုသဒ္ဒါကြီးရှစ်စောင်ခေါ် ကစ္စာယနဗျာကရဏ်းလည်းခေါ် ကစ္စာယနသဒ္ဒါကျမ်းကိုသာ ငြမ်းပြုလုပ်၍ ပိဋကတ်စခန်း သို့ တက်လှမ်း နေကြရ၏။ မဂ်လမ်းဖိုလ်လမ်း၊ နိဗ္ဗာန်ကြငှာန်းအထိ၊ ထိုသဒ္ဒါကျမ်းကိုပင် ငြမ်းဆင်၍ ကမ္မဋ္ဌာန်း ဆင်ခြင် နေကြရ၏။ ထိုကစ္စာယနသဒ္ဒါကျမ်းကို ဧတဒဂ်ရ အရှင်မဟာကစ္စာယနကိုယ်တိုင် စီရင်ဟောကြားထား

www.dhammaransi.com



ခဲ့ကြောင်း၊ သီဟိုဠ်ကျွန်း၊ အနုရာဇမြို့တောင်ဘက်၊ မဟာဝိဟာရဝါသီ အရှင်ဝဇိရဗုဒ္ဓိ စီရင်သည့် ချဲ့သခေါ် မုခမတ္တဒီပနီကျမ်း၌ 'ကစ္စာယနဥ္စ မုနိဝဏ္ဏိတဗုဒ္ဓိ' ဟူ၍ အတည့်အလင်း အထင်အရှား အသေအချာ ပြတ်သားစွာ ဖော်ပြထားခဲ့၏။ သို့ပါလျက်နှင့် သက္ကဋဘာသာ၊ သက္ကဋကျမ်းစာများကို မြတ်စွာဘုရားစကားထက် ပိုပြီးလေးစားမြတ်နိုး အားကိုး အားထားဘုရားတဆူလောက် အထင်ရောက် နေကြသော အချို့ သူတို့က ကစ္စယနသဒ္ဒါကျမ်းတွင် သက္ကဋဘာသာ ပါဏိနီစသော ဗျာကရဏ်းကျမ်းတို့မှ သုတ်များ သဒ္ဒါရေးများပါရှိနေသည်ဆိုကာ သီဟိုဠ်သာသနာရောက်မှ သီဟိုဠ်သား ရှင်မဟာကစ္စာယနစီရင်သည်ဟု ရေးသား ပြောဆို နေကြ၏။ ဤသို့ ပြောဆိုမှတ်ယူကြသော သက္ကဋသမား၊ သက္ကဋကျမ်းစာကို ဘုရားဟောဒေသနာထက် အလေးအနက် ခံယူနေကြသော သူတို့သည် 'ကစ္စာယနဗျာကရဏ်း သန္ဓိကပ္ပ' တွင်ပါသည့် 'ပရသမညာ ပယောဂေ' ဟူသော သုတ်ကို သတိပြုမိကြပုံ မပေါ်ပေ။ အကြောင်းကား ဤကစ္စာယန ဗျာကရဏ်းတွင် သက္ကဋကျမ်းဂန်တို့၌လာသော မြတ်စွာဘုရား ပါဠိတော်နှင့် ယှဉ်သင့်သည့် အချက်များ၊ သင့်လျော်သည့် အချက်များရှိလျှင် ထည့်သွင်း ဖော်ပြသွားမည်ဟု ဆိုထားသောကြောင့်တည်း။ အဓိပ္ပါယ်ကား မြတ်စွာဘုရား၏ စကားတော်(ပါဠိတော်)နှင့် လျော်သော ဗုဒ္ဓါနုလောမ၊ ဗုဒ္ဓါနုရူပ၊ ဗုဒ္ဓါနုစ္ဆဝိက၊ သုတ္တာနုလောမ၊ သုတ္တာနုရူပ၊ သုတ္တာနုစ္ဆဝိက ဖြစ်သည့် သက္ကဋကျမ်းဂန်လာသညာ ဝေါဟာရစသော အချို့အချက်များကို ထည့်သွင်း ဖော်ပြသွားမည်ဟု ဆိုလိုပေ၏။ သီဟိုဠ် သာသနာရောက်မှ

www.dhammaransi.com



သီဟိုဠ်သား ရှင်မဟာကစ္စာယန ပြုစုသည်ဟု မှတ်ယူပြောဆိုနေကြသော သက္ကဋသမား၊ သက္ကဋစကားကို ဘုရားထင်နေသူတို့သည် ဗုဒ္ဓမှတည၊ သမ္ဗုဒ္ဓအလိုတော်ကျ သင်္ဂဟအဋ္ဌကထာသစ်ဆရာ အရှင်မဟာ ဗုဒ္ဓဃောသနှင့် မရှေးမနှောင်းလောက် ပေါ်ပေါက်ခဲ့သော သီဟိုဠ်ကျွန်းသား မဟာဝိဟာရဝါသီ အရှင်ဝဇိရဗုဒ္ဓိ၏ မုခမတ္တဒီပနီခေါ် နျာသပဏ္ဏာမတွင် ပါသော 'ကစ္စာယနဉ္စ မုနိဝဏ္ဏိတဗုဒ္ဓိ' ဟူသော စကားကို လေးလေးစားစား မှတ်မှတ်သားသား ပြတ်ပြတ်သားသား သတိထားကြစေလို၏။ ထိုစကား၏ အဓိပ္ပာယ်မှာ အဘယ်ကိုမျှ ထွက်ပြေး၍ မရပေ။ အလွန်ရှင်းနေ၏။ အဘယ်ကဲ့သို့ ရှင်းပါသနည်းဟူငြားမူ။

"ဤကစ္စာယနကျမ်းကို ပြုစုသူ ကစ္စာယန မထေရ်ဆိုသည်ကား ဗုဒ္ဓမြတ်စွာဘုရားက ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးထားခြင်း ခံရသော ကစ္စာယန မထေရ်ဖြစ်၏" ဟူပေ၏။ ဤသို့ ပြောဆို ရေးသားခဲ့သော ပုဂ္ဂိုလ်မှာ ရှင်မဟာဗုဒ္ဓဃောသ၏ ဝိနည်းအဋ္ဌကထာများကို ဋီကာဖွင့်၍ ရေးစီရင်ခဲ့သော ဝဇိရဗုဒ္ဓိဋီကာဆရာ သီဟိုဠ်သား အရှင်ဝဇိရဗုဒ္ဓိပင်ဖြစ်၏။

## နျာသခေါ် မုခမတ္တဒီပနီကျမ်း

ဤနျာသခေါ် (ဉာသသည်းခေါ်) မုခမတ္တဒီပနီကျမ်း ဆိုသည်ကား အခြားမဟုတ်။ အထက်ပါ ဧတဒဂ်ရ ရဟန္တာ အရှင်မဟာကစ္စာယန မထေရ် ဟောကြားစီရင်သော 'ကစ္စာယန ဗျာကရုဏ်း'ကို ဖွင့်ဆိုထားသော ကျမ်းပင်ဖြစ်၏။ ထိုနျာသခေါ် (ဉာသလည်းခေါ်)မုခမတ္တဒီပနီကျမ်းကို သီဟိုဠ်ကျွန်း

www.dhammaransi.com



အနုရာဓမြို့တောင်ဘက် မဟာဝိဟာရ ကျောင်းတိုက်နေ 'မဟာဝိဟာရဝါသီ' အရှင်ဝဇိရဗုဒ္ဓိ မထေရ် စီရင်ပြုစု၏။ ထိုအရှင်ဝဇိရဗုဒ္ဓိသည် ဝိနည်းငါးကျမ်း အဋ္ဌကထာ၏ အဖွင့်ဖြစ်သော ဋီကာကိုလည်း စီရင်၏။ ထိုဋီကာကို ကျမ်းပြုဆရာ၏ နာမည်ကို အစွဲပြုကာ 'ဗဇိရဗုဒ္ဓိ'ဋီကာဟုပင် ခေါ်တွင်နေကြ၏။

## သံပျင်ဋီကာကျမ်း

သံပျင်ဋီကာကျမ်းကား အထက်ပါ တေဒဂ်ချ ရဲဟန္တာ အရှင်မဟာကစ္စာယန၏ ကစ္စာယန ဗျာကရုဏ်းကို ဖွင့်ထားသော န္ယာသခေါ် (ဉာသလည်းခေါ်) မုခမတ္တဒီပနီကျမ်းကို ထပ်မံဖွင့်ဆိုသော ဋီကာကျမ်းဖြစ်ပေ၏။ အခြေအနေအရအဆင့်အတန်း ခွဲခြားပြရလျှင် ကစ္စာယနဗျာကရုဏ်းမှာ ပါဠိတော်၏ အရာ၌ တည်နေ၏။ န္ယာသခေါ် (ဉာသလည်းခေါ်) မုခမတ္တဒီပနီမှာ အဋ္ဌကထာ၏ အရာ၌ တည်နေ၏။ သံပျင်ဋီကာမှာ ဋီကာအရာ၌ တည်နေ၏။ သံပျင်ဋီကာ၏ အရည်အသွေးကို သာသနာလင်္ကာရစာတမ်း၌ ''ပဉ္စမံကရေပဒစ္ဆေဒံ၊ သမာသာဒိဘာဏာ ကရေ။ သမာသာဒေါ ကတေပစ္ဆာ၊ အတ္တံနိယျာထပဏ္ဍိတာ''ဟု ခပ်သိမ်းသောအရာ၌ အနက်ပေးနည်း ဂါထာကိုပြသဖြင့် ဖွင့်သောကြောင့် နှစ်သက်ဖွယ် ရှိလှသည်။ ပိဋကတ်သမိုင်း အစောင်စောင်မှာ သံပျင်ဋီကာကို သံပျင်အမတ် စီရင်သည်ဟု ဥဒါန်းစဉ်ရှည် ဖြစ်လေသည်။ စာကိုယ်တွင်နိဂုံးမပါ''ဟု သာသနာပိုင် လူထွက် မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ ကရေးသားထားခဲ့၏။ အကျွန်ုပ်တို့၏ လက်တွေ့အရအားဖြင့်

www.dhammaransi.com



သံပျင်ဋီကာ၏ အတိမ်အနက်ကို ဖော်ပြရသော် ယခုအခါ သာသနဗဟို ဌာနချုပ်သဖွယ်ဖြစ်၍ သာသန ဇောတိပါတု ဘာဝဌာန ခေါ်လောက်သော မန္တလေးရွှေမြို့တော်တွင် သဒ္ဒါ အရာ၌ တောင်ပြင်ကို ဆရာတင်ထားကြ၏။ တိုက်ရိုက်ဖော်ပြ ရလျှင် တောင်ပြင် ဒက္ခိဏာ ရာမခေါ် ဘုရားကြီးတိုက်ကို သဒ္ဒါ ဘက်အတွက် မကိုဋ္ဌသရဖူ ဟူပေစလောက် တင်မြှောက်ထား ကြ၏။ အထင်ရောက်ထားကြ၏။ ထိုသို့ သဒ္ဒါဘက်၌ တဘက် ကမ်းမြောက် မကိုဋ္ဌသရဖူ ဟူပေစလောက် အထင်ရောက်နေကြ သော မန္တလေးတောင်ပြင် ဒက္ခိဏာရာမမှ စာချအကျော် သဒ္ဒါ နာမည်ကျော် ဆရာတော်များသည် နျာသခေါ် (ဉာသလည်း ခေါ်)မုခမတ္တဒီပနီနှင့် သံပျင်ဋီကာကို အလွန်တရာ လေးစား ကြ၏။ အရေးထားကြ၏။ တခမ်းတနား အကိုးအကားပြုကြ၏။ ဤသည်ကိုထောက်၍ သံပျင်ဋီကာ မည်မျှလောက် ဂမ္ဘီရဖြစ် ကြောင်း၊ လေးနက်ကြောင်း သိနိုင်ပေသတည်း။

## ဓမ္မဝိလာသ ဘွဲ့တံဆိပ်

နရပတိစည်သူ မင်းတရားလက်ထက်တွင် ရာမညတိုင်း ဒလ မြို့ကျေး 'ဒလမြို့စီရင်စု' ပတိပ္ပဒထေယျရွာ(ပဒိပ္ပဇေယျရွာဟုလည်း ခေါ်ဝေါ်ရေးသား၏။)မှ ယင်း ပတိပ္ပဒထေယျရွာ ဇာတိဖြစ် သော သာရိပုတ္တရာ အမည်ရှိသည့် ရှင်သာမဏေကြီးတပါး သည် အရိမဒ္ဒနာ ပုဂံပြည်သို့ သွားရောက်၍ ပစ္ဆိမသံဃာ အပါ အဝင် သီဟိုဠ်ဂိုဏ်းတဂိုဏ်း၏ နာယကဖြစ်သူ အရှင်အာနန္ဒာ မထေရ်ထံ ရဟန်းခံလျက် စာပေကျမ်းဂန် သင်ကြားနေထိုင်

www.dhammaransi.com



လေ၏။ ထိုရှင်သာရိပုတ္တရာ ရဟန်းပျိုသည် အဋ္ဌကထာနှင့်တကွ သော ပိဋကတ်တော်များကို အပတ်တကုတ် အားထုတ်သင် ကြားတော်မူလေရာ ဉာဏ်လုံ့လဝီရိယ ကောင်းသဖြင့် မကြာမီ ပိဋကတ်တတ် ရဟန်းတော်တပါး ဖြစ်ခဲ့လေ၏။ အကြား အမြင်များသည်၊ ဗဟုသုတရှိသည်၊ စွမ်းရည်သတ္တိ ဗျတ္တိဗလရှိ သည်ဟု ထင်ရှား ကျော်စောလာလေ၏။ ဘုရင်မင်းမြတ်၏ ရွှေနားတော် ကြားအောင်ပင် ထိုသတင်း ထွက်လာလေ၏။ သို့ဖြစ်၍ ဘုရင်မင်းမြတ်သည် ထိုရဟန်းတော်ကို ဆရာတဆူ ပြုမူကိုးကွယ်ရန် ကြံရွယ်ပြီး အမတ်တယောက်ကို လွှတ်၍ စုံ စမ်းစေလေ၏။ စုံစမ်းသောအမတ် ပြန်လာသောအခါ သီလ သိက္ခာ အကျင့်အာစာရ ပြည့်ဝ၍ ပိဋကတ်ကျမ်းဂန် တတ် မြောက်ကျွမ်းကျင်သည်၊ ဗဟုသုတရှိသည်၊ ဗျတ္တိဗလရှိသည်ဟူ သော သတင်းမှာ ကြားသည့်အတိုင်း မှန်ကြောင်း။ သို့သော် ထိုရဟန်းတော်၏ ခြေတော်တဘက်တွင် ခြေမအဖျား ပြတ်နေ ကြောင်း လျှောက်ထား သံတော်ဦး တင်လေ၏။ ဘုရင်မင်း မြတ်လည်း ကိုယ်အင်္ဂါအစိတ်အပိုင်း မပြည့်စုံသဖြင့် ဆရာတဆူ ပြုမူကိုးကွယ်ရန် ကြံရွယ်ချက်ကို ပယ်ဖျက်လိုက်လေ၏။

သို့သော် မြတ်စွာဘုရား၏ မုခပါဌ် ပိဋကတ်တတ် ရဟန်း တော်တို့အား ကြည်ညိုလေးစား တန်ဖိုးထားသော ဘုရင် မင်းမြတ်ဖြစ်၍ ဆရာရင်း၊ သမားရင်း ရှင်ဘုရင် ကိုးကွယ်သော ရဟန်းတော် အနေဖြင့် မထားနိုင်သော်လည်း တနည်းတဖုံ ပူဇော်သက္ကာရအမှု ပြုရန် စီမံတော်မူလေ၏။ သို့ဖြစ်၍ တခမ်း တနား ကြီးကျယ်စွာ မင်းပွဲသဘင် ဆင်ယင် ကျင်းပလျက် ဉပဇ္ဈာယ်ဖြစ်သူ ဂဏနာယကအရှင်အာနန္ဒာမထေရ်မြတ်ကြီးနှင့်

www.dhammaransi.com



တကွ ဂိုဏ်းသံဃာတော်များကို ပင့်၍ သံဃပရိသတ်အလယ်တွင် ထိုအရှင်သာရိပုတ္တရာ ရဟန်းတော်ကို ထူးထူးမြတ်မြတ် ရဟန်းတို့အတွက် အပ်စပ်သော ပစ္စည်းတို့ဖြင့် ပူဇော်သက္ကာရပြုလေ၏။ ထို့နောက် သံဃပရိသတ်အလယ်၌ပင် 'ဓမ္မဝိလာသ' ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်၍ ရာမညတိုင်းသို့ သွားရောက်ပြီး သာသနာ ပြုတော်မူပါဟု သာသနာပြု အပ်တော်မူလေ၏။

အရှင် သာရိပုတ္တရာ မထေရ်လည်း သာသနာတော်ကျိုးမျှော်ကိုးကာ ရာမညတိုင်းသို့ကြွပြီး သာသနာပြုတော်မူ၏။ ဒလမြို့တွင် အခြေစိုက်ကာ ရဟန်းသံဃာတော်တို့အား စာပေပိဋကတ် ပရိယတ်များကို သင်ကြားပို့ချ ပေးတော်မူ၏။ ထိုအခါ ရာမညတိုင်းသား မွန်လူမျိုးများက အရှင်သာရိပုတ္တရာ၏ တပည့်တပန်း ရဟန်း သံဃာများကို သီဟိုဠ်ဂိုဏ်း သံဃာတော်များဟု ခေါ်ဝေါ်ကြ၏။ အကြောင်းကား အရှင်သာရိပုတ္တရာမှာ ပုဂံပြည် ပစ္ဆိမသံဃာခေါ် အရှင်အာနန္ဒာ၏ သီဟိုဠ်ဂိုဏ်းဝင် သံဃာတော်အရှင် ဖြစ်သောကြောင့်တည်း။ အရှင်သာရိပုတ္တရာကိုလည်း 'ဓမ္မဝိလာသ' ဘွဲ့တံဆိပ် ခပ်နှိပ်ဆက်ကပ်ခြင်း ခံရသဖြင့် ဘွဲ့မည်ရင်းကို မခေါ်ကြတော့ပဲ 'ဓမ္မဝိလာသ' မထေရ်ဟုပင် ခေါ်ဝေါ်နေကြတော့၏။

## ဓမ္မဝိလာသ ဓမ္မသတ်ကျမ်း

အရှင် သာရိပုတ္တရာခေါ် ဓမ္မဝိလာသ မထေရ်သည် 'ဏ္ဏကောပဒကောစေဝ' အစရှိသော ဓမ္မသတ်ကျမ်း တစောင်

www.dhammaransi.com



ကိုလည်း စီရင်ပြုစုတော်မူ၏။ ထိုဓမ္မသတ်ကျမ်းမှာ 'မနုရင်း ဓမ္မသတ်ကျမ်း'ကို အမှီပြု၍ စီရင်ခြင်းဖြစ်၏။ ကျမ်း၏အမည် ကိုလည်း ကျမ်းပြုပုဂ္ဂိုလ်၏ ဘွဲ့မည်တံဆိပ်ကိုစွဲ၍ 'ဓမ္မဝိလာသ' ဓမ္မသတ်ဟုပင် ခေါ်တွင်နေ၏။

## ကန်တော့ပလ္လင်(ကော်တော့ပလ္လင်လည်း ခေါ်၏။)
## စေတီတော်နှင့်
## ဓမ္မရာဇိကစေတီတော်

နရပတိစည်သူ မင်းတရားသည် မြတ်စွာဘုရား သားတော် သံဃာတော်များကို ကြည်ညိုသည်နှင့်အမျှ ဓာတ်တော်၊ မွေတော်၊ စေတီတော်များ တည်ထားခြင်း၌လည်း လစ်ဟင်းခြင်း မရှိ။ အတိပသန္န သဒ္ဓါဇောကြွသော ဘုရင်မင်းမြတ် ဖြစ်၏။ ဘိုးတော် အလောင်းစည်သူမင်းတရားကြီး၏ သဗ္ဗညုစေတီတော် နှင့် ဆင်တူယိုးမှား ပုံတော် သဏ္ဌာန်အားဖြင့် ခပ်ဆင်ဆင် တူသော 'ကန်တော့ပလ္လင်' စေတီတော်နှင့် မျက်နှာတော်မုခ်ဝ ငါးခုရှိ 'ဓမ္မရာဇိက' စေတီတော်ကိုလည်း တည်ထားတော်မူ ခဲ့၏။ ထို့ပြင် ချောင်းကိုမြေဖို့သော နေရာ၌ တည်ထားသော စူဠာမဏိစေတီတော်၏ အရှေ့ဘက်မျက်နှာ မုခ်အထွက်၌လည်း အုတ်ကျောင်းကြီးစွာ တည်တော်မူ၍[၁] သံဃာတော် အများ သီတင်းသုံးတော်မူပြီးလျှင် သာသနာပြုစုရ၏။

---

၁။ စူဠာမဏိစေတီတော်၏ အရှေ့ဘက်မျက်နှာ မုခ်ဝ အထွက်၌ အုတ်ကျောင်းကြီးတည်၍ သံဃာတော်များ သာသနာ ပြုရ

www.dhammaransi.com



## ဇေယျသိင်္ခနန်းတောင်းမျှားမင်း
## (ထီးလိုမင်းလို မင်းဟုလည်းခေါ်ဝေါ်ကြ၏။)

ဂေါစာသက္ကရာဇ် ၅၇၃ ခု တော်သလင်းလဆန်း ၁၂ ရက်ကြာသပတေးနေ့တွင် နရပတိစည်သူမင်း၏ သားတော် သက်တော် ၃၇ နှစ်ရှိ ဇေယျသိင်္ခ နန်းတောင်းမျှား နန်းတက်၏။ နန်းသက် (ရှင်ဘုရင်သက်) နှင့် ၂၃နှစ် နန်းစံ၍ သက်တော် ၆၀ တွင် နတ်ရွာစံ၏။

ခမည်းတော် နရပတိစည်သူ မင်းတရား တည်ထားခဲ့သော ကန့်တော့ပလ္လင် (ကော်တော့ပလ္လင်) အပြီး မသတ် သည် ကိုလည်း ပြီးစီးအောင် ထပ်မံဘည်လုပ်တော်မူ၏။

ထိုမင်းလက်ထက် သာသနာရေးနှင့် ပတ်သက်၍ တစုံတရာ အထူးအထွေ မရှိပေ။

## ကျစွာမင်း

ဂေါစာသက္ကရာဇ် ၅၉၆ ခုနှစ်တွင် ဇေယျသိင်္ခနန်းတောင်းမျှားမင်း၏ သားတော် သက်တော် ၄၁ နှစ်ရှိ၊ ကျစွာ နန်း

---

ကြောင်းကို မှန်နန်းမဟာရာဇဝင်တော် စသည်၌ မဖော်ပြပေ။ အင်္ဂလိပ်လက်ထက် အင်္ဂလိပ် သာသနာပိုင် ဖြစ်သော တောင်ခွင်သာသနာပိုင်ထံမှ 'သီရိဓမ္မတုရင်္ဂဗလ'ဘွဲ့ရ အငြိမ်းစား ကျောက်စာရုံး စာရေးကြီး ဦးဘောရေးသော ရာဇဝံသ ဇာလိနီခေါ် ပုဂံရာဇဝင်သစ်၌ ဖော်ပြချက်ဖြစ်၏။

တက်၏။ နန်းသက် (ရှင်ဘုရင်သက်) နှင့် ၁၆နှစ် နန်းစံ၍ သက်တော် ၅၇နှစ်တွင် နတ်ရွာစံ၏။

## ကျစွာမင်းလက်ထက် သာသနာရေး

ဤ'ဘုရင်မင်းတရား'ကား မြန်မာရာဇဝင်တွင် သာသနာရေးဘက်က ယှဉ်ဘက်မရှိ အဓိပတိ သရဖူ ဖြစ်တော်မူ၏။ ဖြစ်ပုံကား ဤသို့တည်း။ ဗုဒ္ဓမြတ်စွာဘုရား၏ ပိဋကတ်သုံးပုံကို ကိုးခေါက်ပြန်၍သင်ယူ၏။ ကိုယ်တိုင် ပိဋကတ်ကို တဘက်ကမ်းခတ် တတ်မြောက်သောဘုရင် ဖြစ်၏။ ပိဋကတ် ကျမ်းဂန်တို့၌ သဘောသကန် မိမိရရနှင့် ထိထိရှရှ ကျနစွာ ရှိသောကြောင့်ပင် 'ကျစွာမင်း'ဟူ၍ ခေါ်တွင်ခြင်းဖြစ်ရာ မူလနာမည်တော်ပင် မပေါ်လွင်တော့ပေ။ ထိုခေတ် ထိုအချိန်တွင် ပုဂံပြည်၌ သာသနာအလွန်စည်ကား၍ ပထမတန်း တကာတို့ထက် ပထမတန်းဖြစ်သော ပိဋကတ်တတ်ပညာရှိများ အထင်အရှား ပေါ်များနေချိန် ဖြစ်၏။ ထိုသို့ အထင်အရှား တရားကျမ်းတတ် ပိဋကတ္တယ ပါရဂူ ဟူဟူသမျှ တို့တွင် ရှင်ဘုရင်ကို တုနိုင်သူ ပြိုင်နိုင်သူ တစုံတဦးမျှ မရှိခဲ့ပေ။ ဘုရင် ကျစွာမင်းတရားကား ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့၌ အနက် အဓိပ္ပါယ် သဘောသကန် ကျနလှသည် ဖြစ်၍ ထိုအချိန် ထိုအခါတွင် ပိဋကတ်တော်ဘက်က ယှဉ်ဘက်မရှိ ကဝိရာဇာ ဓမ္မကွန္ဒာပါရဂူ အလံထူ၍ သရဖူဆောင်း ဖြစ်နေလေ၏။

ဂေါစာ သက္ကရာဇ် ၅၉၈ ခုနှစ်တွင် တူရှင်း တောင်ခြေမှ ကျသောရေကို ကန်ကြီးဆည်၍ ကြာမျိုးငါးပါးနှင့် ပြည့်စုံ

www.dhammaransi.com



စေ၏။ ထိုကန်ကြီးထဲတွင် ဝမ်းဘဲ၊ ဟင်္သာ၊ ကြိုးကြာ၊ ရေကြက်၊ စက္ကဝက် စသော ငှက်အပေါင်းတို့ မြူးထူးပျော်ပါးကြကုန်၏။ ထိုကန်ကြီးအနီး၌လည်း လယ်တာအများ စီရင်တော်မူ၏။ တနှစ် သုံးသီးစားရ၏။ ထိုကန်ကြီးနှင့် လယ်ခင်းများကြားတွင် တခမ်းတနား 'မင်းတဲကြီး' ဆောက်၍ ရဟန်းသံဃာတို့အား ဘုရင်မင်းမြတ်ကိုယ်တော်တိုင် တနေ့လျှင် ခုနစ်ဝါ (ခုနစ်ကြိမ်)စာချပေးတော်မူ၏။ (ရှင်ဘုရင်က ရဟန်းသံဃာများကို စာချပေးနေ၏။) ဤသည်ကိုထောက်၍ ကျစွာမင်းတရားသည် ပိဋကတ်ဘွင် အဘယ်မျှလောက် တဘက်ကမ်းခပ်တတ်မြောက်ကြောင်း ထင်ရှားသိသာနိုင်၏။ တိုင်းရေးပြည်မှုအစုစုနှင့်တကွ တရားစီရင်ခြင်း၊ စစ်ကြောကွပ်ညှပ်ခြင်း စသောအမှုတို့ကို လုံးဝဂရုမစိုက် နားမထောင်ပဲ သားတော်အိမ်ရှေ့မင်း 'ဥဇနာ' နှင့် လွှဲအပ်ထားတော်မူခဲ့လေ၏။ ဘုရင်မင်းမြတ်သည် ရဟန်းသံဃာတော်များအား စာပေပို့ချပေးခြင်း၊ ပိဋကတ်တော်များကို ကြည့်ရှုလေ့လာခြင်း စသော သာသနာရေးလုပ်ငန်းများနှင့်သာ ပျော်မွေ့၍ ထူးထူး မြတ်မြတ် ပရိယတ္တိအရသာကို ခံစား စံစားလျက်ရှိလေ၏။

မင်းညီမင်းသား၊ မိဖုရား၊မောင်းမမိဿံတို့ကိုလည်း စာပေပိဋကတ်တော်များ သင်ကြားစေလေ၏။ မိဖုရား မောင်းမမိဿံတို့အတွက် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ဘုံ၊ ပုဂ္ဂိုလ်တို့ကို အလွယ်တကူ သိရှိစေရန် 'ပရမတ္ထာဗိန္ဒု' မည်သော အဘိဓမ္မာအကျဉ်းချုပ်ကျမ်းကလေး တစောင်နှင့် အက္ခရာ၊ ပုဒ်၊ ဗျည်းသဒ္ဒါနည်းနှင့် လိင်၊ ဝုစ်၊ ကံ၊ ကတ္တား စသော ဗျာကရဏ်း

www.dhammaransi.com



များအကြောင်း သိကောင်းစရာ သဒ္ဒါအကျဉ်းချုပ်ဖြစ်သော 'သဒ္ဒဗိန္ဒု' မည်သော ကျမ်းကလေး တစောင်ကိုလည်း စီရင်ပြုစုတော်မူ၏။

## ကျစွာမင်းတရား၏ မှာထားချက်မိန့်ခွန်း

မှန်နန်းမဟာရာဇဝင်တော်တွင် ကျစွာမင်း၏အခန်းကဏ္ဍ၌ 'ဗလဝ သီလသမ္ပန္နော၊ နတ္ထိ မေသမော' ဤသို့သောစကားဖြင့် ရာဇဝင်ထင်ရှားစွာ ထားခဲ့၏'ဟူ၍ ဖော်ပြထား၏။ ဤကား ကျစွာမင်းက သူ့ကိုယ်သူ ဘယ်လို ပုဂ္ဂိုလ်စားမျိုးဖြစ်ကြောင်း နောင်လာနောက်သားတို့ သိရှိကြရန် မှတ်တမ်းတခုအမှာတော် ပြုခဲ့ခြင်း ဖြစ်ပေ၏။အထက်ပါ ပါဠိ၏အနက်အဓိပ္ပာယ်ကား—

"ငါနှင့်တူသော အကျင့်သီလ ခွန်အားဗလ ပြည့်စုံသူမရှိ" ဟူ၍ ဆိုလိုပေ၏။

သာသနာပိုင်လူထွက် မင်းတိုင်ပင် အမတ်ကြီး မဟာဓမ္မသင်္ကြံ၏ သာသနာလင်္ကာရစာတမ်း၌ကား တမျိုးဆိုထား၏။ ဆိုပုံကား အောက်ပါအတိုင်းဖြစ်၏။

"ထိုမင်းအခန်း ရာဇဝင်တွင်(ကျစွာမင်းအခန်းရာဇဝင်တွင်ဟု ဆိုလို၏။)'ပညာသီလသမ္ပန္နော နတ္ထိ န မေ နဝိဇ္ဇတိ' ဟူသောစကားဖြင့် ထင်ရှားစွာ ထိုမင်းမှာထားခဲ့ကြောင်း ကိုဆိုသည်။ အနက်အဓိပ္ပာယ်ခဲ၏။ရာဇဝင်တတ်မှတ်သသူတို့ ကြံစည် မှတ်ယူပါကုန်"ဟု ဖော်ပြထားခဲ့၏။

www.dhammaransi.com



မှတ်ချက်။ ။မင်းတိုင်ပင် အမတ်ကြီး မဟာ သမ္မကြဲ မှာ နိကာယ်ငါးရပ်ပိဋကတ်သုံးပုံအလုံးစုံဟုဆိုအပ်သောမာဂဓ ဘာသာ၊ မြတ်စွာဘုရားစကားတော် အားလုံးနှင့် သက္ကဋ ဘာသာ သဒ္ဒါကျမ်းမျိုးစုံ၊ ဗေဒင်ကျမ်းမျိုးစုံ၊ ဆေးကျမ်း မျိုးစုံတို့ကို ထုံးလိုမွှေ ရေလိုနှောက် နိုင်စွမ်းသည့် ပါမောက္ခ တကာတို့ထက် အဂ္ဂမဟာ ပါမောက္ခကြီး ဖြစ်ပေ၏။ ထိုသို့ သော စွယ်စုံပညာရှိကြီးက အထက်ပါ ကျစွာမင်း၏—

"ပညာသီလသမ္ပန္နော နတ္ထိ န မေ န ဝိဇ္ဇတိ" ဟူသော မှာတမ်း ပါဠိကို အနက်အဓိပ္ပာယ် ဖော်ပြခြင်းမပြုပဲ ထား ခဲ့၏။ ထားခဲ့ရုံမက 'အနက်အဓိပ္ပာယ် ခဲ၏။ ရာဇဗင်၊ တတ်မှတ်သူတို့ ကြံစည်မှတ်ယူပါကုန်'ဟူ၍ ညည်းတွား ကာ မှာကြားထားခဲ့လေသည်။ သို့ဖြစ်၍ အကျွန်ုပ်တို့လည်း ထိုအချက်အတွက် လက်မြှောက်ကာ အရှုံးပေးလိုက်ရပါ တော့သည်။

## သီဟိုဠ်သားတို့ လက်ဖျားခါရသော သဒ္ဒနီတိကျမ်း

ကျစွာမင်း လက်ထက်၌ ထူးခြားသော အချက်တခုမှာ သဒ္ဒါအရာ၌ သီဟိုဠ်သားတို့ကပင် လက်ဖျားခါ၍ ထောမနာ ပြုရသော'သဒ္ဒနီတိ'အမည်ရှိသည့် သဒ္ဒါကျမ်းကြီး ထွက်ပေါ် လာခြင်းဖြစ်၏။ ထိုအချိန်တွင် သီဟိုဠ်ကျွန်း၌ ဗုဒ္ဓ သာသနာ နေဝလရောင်မကအောင် ထွန်းပြောင်ထိန်လင်း၍ အလွန် အမင်း စည်ကားနေရာ ပါဠိအဋ္ဌကထာ ဋီကာနှင့်တကွ သဒ္ဒါ၊ အဘိဓာန်၊ အလင်္ကာဆန်း ကျမ်းအသီးသီး၏ ထိပ်သီးပဏ္ဍိတ်

www.dhammaransi.com



ကဝိသာရပါမောက္ခတကာတို့ထက် ပါမောက္ခဖြစ်သော ရဟန်းသံဃာတော်များ ထင်ရှားရှိနေခိုက် ဖြစ်လေ၏။ သဒ္ဒနီတိကျမ်းကြီး၏ ကျမ်းပြုဆရာကား အရှင်အဂ္ဂဝံသ ဖြစ်၏။ အရှင်အဂ္ဂဝံသမှာ ပုဂံတွင် ပိဋကတ်တတ် နာမည်ကျော် အရှင်အဂ္ဂပဏ္ဍိတ၏ တူရင်းဖြစ်၏။ အရှင်အဂ္ဂဝံသ၏ မိခင်(မယ်တော်)မှာ အရှင်အဂ္ဂပဏ္ဍိတ၏ နှမရင်းဖြစ်ကြောင်း ပိဋကတ်တော်အုပ် မဟာသီရိဇေယျသူဘွဲ့ခံ ဦးရံ၏ ပိဋကတ်သမိုင်း စာတမ်း၌ ဖော်ပြထား၏။ ထိုအရှင် အဂ္ဂပဏ္ဍိတ၏ ဥပဇ္ဈာယ် ဆရာ မှာလည်း ပုဂံတွင် ပိဋကတ်တတ် နာမည်ကျော်ဖြစ်သော အရှင်မဟာအဂ္ဂပဏ္ဍိတဖြစ်၏။ထို အရှင်မဟာအဂ္ဂပဏ္ဍိတမှာ သက်တော် ၃၇နှစ်အရွယ်တွင် မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မဟာဗောဓိသို့ ဘုရားဖူးကြွရောက်၍ ထိုမှအပြန် လမ်းခရီးတဝက်တွင် ဂေါစာသက္ကရာဇ် ၅၃၅ ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက် အင်္ဂါနေ့ အရုဏ်မတက်မီ ပြန်လွန်တော်မူကြောင်း၊ ပုဂံမြို့ 'သရပါ' တံခါး အနောက်၌ ဂူနှင့်ရှိသော မဟာအဂ္ဂပဏ္ဍိတစေတီ ကျောက်စာ၌ အတည့်အလင်း ထိုးထားပေ၏။ သဒ္ဒနီတိကျမ်းဆရာ အရှင်အဂ္ဂဝံသ၏ ဦးလေးဖြစ်သော အရှင်အဂ္ဂပဏ္ဍိတသည်လည်း နာမည်ကျော် ပိဋကတဘ် မထေရ်ပင် ဖြစ်၏။ ထိုအရှင်အဂ္ဂပဏ္ဍိတသည် 'လောကုပ္ပတ္တိပကာသနီ' မည်သောကျမ်းကို စီရင်ပြုစုထားခဲ့၏။

## သဒ္ဒနီတိသုံးကျမ်း

သဒ္ဒနီတိကျမ်းမှာ တကျမ်းတည်းမဟုတ်၊ သုံးကျမ်းဖြစ်၏။ သုံးကျမ်းဟူသည်ကား—

www.dhammaransi.com



(၁) သဒ္ဒနီတိ ပဒမာလာ။

(၂) သဒ္ဒနီတိ ဓာတုမာလာ။

(၃) သဒ္ဒနီတိ သုတ္တမာလာတို့ ဖြစ်ပေ၏။

ထိုသုံးကျမ်းတို့တွင် (၁) ပဒမာလာကျမ်း၌ နာမ်ဝိဘတ်နှင့် အာချာတ်ဝိဘတ်တို့၏ အစဉ်လိုက် ပုဒ်စဉ် (ပဒမာလာ) များ ဖော်ပြထား၏။ (၂) ဓာတုမာလာကျမ်း၌ ဓာတ် စဉ် များ ဖော်ပြထား၏။ (၃) သုတ္တမာလာကျမ်း၌ ကစ္စာယန သဒ္ဒါ ကျမ်း (သဒ္ဒါကြီး ရှစ်စောင်ပါ၌)ကဲ့သို့ ကိုယ်ပိုင် သုတ်တည်၍ ဝုတ္တိ၊ ဥဒါဟရဏ်များနှင့်တကွ ဖော်ပြထား၏။

ထိုသုံးကျမ်း၌ပါရှိသော အချက်အလက်များမှာ နိကာယ် ငါးရပ်၊ ပိဋကတ်သုံးပုံ အလုံးစုံ တည်းဟူသော ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်နှင့် သက္ကဋဘာသာ လောကီ သဒ္ဒါ ကျမ်း အလုံးစုံတို့ကို မှီငြမ်းပြီး ... ၍ သဒ္ဒါနှင့် ပတ်သက်သမျှ အနှစ်သာရဟူသမျှ ယူငင်ရေးထားချက်များ ဖြစ်ပေ၏။ သဒ္ဒ နီတိကျမ်းဆရာ အရှင် အဂ္ဂဝံသကား သက္ကဋဘာသာ သဒ္ဒါ ဗျာကရဏ်း ဟူသမျှကို ထုံးလိုခမ္မ ရေလိုနှောက်၍ ပါမောက္ခ တကာတို့ထက် အဂ္ဂမဟာ ပါမောက္ခ မဟာဝေယျာကရဏိက သဒ္ဒသတ္တာပါရဂူ အဓိပတိသရဖူ ဖြစ်ဘော်မူသော်လည်း ဗုဒ္ဓ ဝစန အာဟစ္စ ဘာသိတဖြစ်သော မြတ်စွာဘုရား၏ စကား တော်နှင့် မလျော်လျှင် ဗုဒ္ဓါနုလောမ၊ ဗုဒ္ဓါနုရူပ၊ ဗုဒ္ဓါနုကူလ၊ ဗုဒ္ဓါနုစ္ဆဝိက၊ သုတ္တာနုလောမ၊ သုတ္တာနုရူပ၊ သုတ္တာနုကူလ၊

www.dhammaransi.com



သုတ္တာနုစ္ဆဝိက မဖြစ်လျှင် သက္ကဋဘာသာ သဒ္ဒါနည်းများကို လုံးဝ မသုံးစွဲပဲ အပုပ်ချ သကဲ့သို့ ရှုတ်ချကာ ဆုတ်ချေ နင်းဖဲ့၍ ကဲ့ရဲ့ သံဂရဟာ စကားများနှင့် မြတ်စွာဘုရား စကားတော်ဘက်က ရှေ့နေလိုက်လေ့ ရှိပေသည်။ ဥဒါဟာရဏ် ပုံစံပြရလျှင် သဒ္ဒနီတိ သုတ္တမာလာ သမာသကဏ္ဍ 'နိစ္စသက္ကာ ဒိတော ဒတ္တိယော' သုတ်၏ ဝုတ္တိ၌—

"ကေစိပန သက္ကဋဘာသာယံ ကတပရိစယာ။ သက္ကဋ ဘာသာယ သဝနော၊ သာသနိက ပါဠိနယံ အနောလော ကေတွာ ဗြဟ္မဒတ္တံ စီဝရံ ဒေဝဒတ္တော ပတ္တောတိ သဒ္ဒရစနံ ကုဗ္ဗိံသု။ တံသာသနံ ပတွာနယုဇ္ဇတိ။ တာဒိသဿ ဂုဏ သဒ္ဒဿ သာသနေ အဘာဝတော။ အဋ္ဌကထာ စရိယေ ဟိစ ဆဍ္ဍနတော။"ဟူ၍ သက္ကဋဘာသာ သမားများကို ရက်ရက်စက်စက် ထုနှက်ထားပေ၏။

အထက်ပါ ပါဠိ၏ ဆိုလိုရင်း အဓိပ္ပာယ်ကား—

"သက္ကဋဘာသာ၌ ပြုအပ်သော လေ့ကျက်ခြင်း ရှိကုန် သော သက္ကဋဘာသာဖြင့် ကြီးပွားလာကုန်သော အချို့ သော သူတို့သည် သာသနာတော်၏ ပါဠိနည်းကို မကြည့် ရှုပဲ 'ဗြဟ္မဒတ္တံ စီဝရံ ဒေဝဒတ္တော ပတ္တော'ဟူ၍ ပါဠိဘာသာ စာစီစာကုံး ပြုကြကုန်၏။ ထိုသို့ ပြုသော စာစီစာကုံးများ သည် သာသနာတော်သို့ ရောက်လာသောအခါ မသင့် မလျော်သော အဖြစ်သို့ ရောက်သွား၏။ အဘယ့်ကြောင့် ဆိုသော် ထိုသို့သော ပါဠိအနေအထား၊ သဒ္ဒါအနေ

www.dhammaransi.com



အထားများ သာသနာတော်၌ မရှိသောကြောင့် လည်းကောင်း၊ မြတ်စွာဘုရား၏ အလိုတော်သိ ကဝိရာဇာ ဖြစ်သော အဋ္ဌကထာ ဆရာမြတ်တို့က ပယ်စွန့်ထားသောကြောင့် လည်းကောင်း ဖြစ်၏'' ဟူပေ၏။

## ပုဂံနှင့်သီဟိုဠ်သဒ္ဒါတတ်ပြိုင်ခြင်း

စတုတ္ထရတနာပူရအဝမြို့တည် ဘကြီးတော်ဘုရားလက်ထက် မောင်းထောင် သာသနာပိုင်လူထွက် မင်းတိုင်ပင် အမတ်ကြီး မဟာဓမ္မသင်္ကြံ ရေးသည့် သာသနာလင်္ကာရ စာတမ်း၌ သဒ္ဒနီတိကျမ်းနှင့် ပတ်သက်၍—

''ပုဂံသား ရဟန်းများ သဒ္ဒါတတ်လှသည် ဟူ၍ သီဟိုဠ်တိုင်အောင် ကျော်စော လေသောကြောင့် သီဟိုဠ်သား သဒ္ဒါတတ် ရဟန်းများ ပြိုင်ဆိုင်မည်ဟု ပုဂံသို့ ကူးလာကြသည်။ ပုဂံသားရဟန်းများက သဒ္ဒနီတိကျမ်းကို ထုတ်၍ ပြသည်ကို ကြည့်ရှုကြပြီးလျှင် သဒ္ဒါအရာတွင် သည်ကျမ်းကဲ့သို့ သီဟိုဠ်မှာလည်း မရှိပေ။ သည်ကျမ်းတွင် လာသည့် အတိုင်း အကုန်အစင် ငါတို့လည်း မတတ်နိုင်ချေဟု ဆို၍ သီဟိုဠ် ရဟန်းများ ပြန်သွားလေသည်ဟု ယခုဘက်တိုင်အောင်ဥဒါန်းစဉ်ရှည်ပြောဆိုကြသည်'' ဟုဖော်ပြထားခဲ့၏။

## သဒ္ဒနီတိနှင့်နမောဗုဒ္ဓါယသိဒ္ဓံ

''နမောဗုဒ္ဓါယသိဒ္ဓံ-အ, အာ, ဣ, ဤ, ဥ, ဦ, ဧ, ဩ'' ဟူ၍ သင်ပုန်းကြီး၏အစတွင် ကလေးသူငယ် ဘဝက လူတိုင်း

www.dhammaransi.com



သင်ကြားခဲ့ကြရ၏။ ထို "နမော ဗုဒ္ဓါယသိဒ္ဓံ"ဟူသော ပါဠိ အတိုကလေးသည် မည်သည့်ခေတ် မည်သည့်တိုင်းပြည် မည်သည့် မင်းလက်ထက်ကစတင်ပေါ်ပေါက်လာကြောင်းကိုမူသိသူ အတော်ပင်ရှားပေ၏။ မြန်မာရာဇဝင်နှင့် မြန်မာသာသနာဝင် တွင် လိုက်လံ ရှာဖွေသောအခါ တကောင်းခေတ်နှင့် သရေ ခေတ္တရာ ခေတ်တို့တွင် ထို၂ါဠိအတိုကလေးကို မတွေ့ရပေ။ ပုဂံ ခေတ်တွင်မူတွေ့ရရုံမက တပြည်လုံးသုံးစွဲ၍ ခေတ်စားနေသော ပါဠိအတိုကလေး ဖြစ်နေကြောင်း အထက်ဖော်ပြပါ သဒ္ဒနီတိ ကျမ်းကြီး၏ ပဒမာလာပိုင်း၌ အကျယ်တဝင့် တခမ်းတနား ဖော်ပြထားပေ၏။ ဤ၌ ပြီးခဲ့သော သရေခေတ္တရာ သာသနာ ဝင်တွင် အကျွန်ုပ်တို့ ပဋိညာဉ် ထားခဲ့သည့်အတိုင်း သာသန ဘာသာဖြစ်သော "တန္တြာ ရောပိတ မာဂဓဘာသာ" ခေါ် ဗုဒ္ဓမြတ်စွာဘုရားသုံး ပါဠိဘာသာနှင့်ကပ်ပြီး လိုက်ပါလာသော "သက္ကဋဘာသာ"၏ မာဂဓဘာသာ အပေါ်၌ ခေတ်စား ဝါးမျိုခြင်းခံရပုံကို အကျဉ်းအမြွက်မျှ လင် ... က် ပြခဲ့ပေအံ့။

ပုဂံပြည်ဘွင် သာသနာတော် နေလိုသလို ထွန်းကားနေ၏။ ဗုဒ္ဓမြတ်စွာဘုရား၏ စကားတော်ဖြစ်သော ပါဠိတော်များ၏ တည်ရာ မာဂဓဘာသာ ခေတ်စားလာ၏။ မာဂဓဘာသာ နောက်မှ ကပ်လိုက်လာသော သက္ကဋ ဘာသာလည်း မာဂဓ ဘာသာနောက်နီးနီး ခေတ်စားလာ၏၊ တချို့နေရာတွင်သက္ကဋ ဘာသာက မာဓဘာသာနား ကပ်ပြီး မာဂဓ ဘာသာကိုပင် ဝါးမျိုနေ၏။ သက်သေပုံစံ ဥဒါဟရဏ် ထုတ်ပြရသော် အခြားမဟုတ်"နမောဗုဒ္ဓါယသိဒ္ဓံ"ပင် ဖြစ်ပေ၏။ သင်ပုန်းကြီး

www.dhammaransi.com



အစ သရရှစ်လုံးနှင့် ဗျဉ်းသုံးဆယ့်သုံးလုံးကို သင်ယူသည့် လူမမည် ကလေးသူငယ် ဘဂကာစပြီး ဗုဒ္ဓမြတ်စွာကို ရှိခိုးရမှန်း သိအောင် “နမောဗုဒ္ဓါယသိဒ္ဓံ”ဟူသော ခေါင်းစဉ်ပါဠိအတို ကလေးကို ဆရာဖြစ်သူ ရဟန်းသံဃာတော် ပညာတတ်မထေရ်ကြီး များက စီကုံးရေးသား ပေးထားကြ၏။ ထိုပါဠိအတို ကလေး၏ အဓိပ္ပါယ်ကား “မြတ်စွာဘုရားကို ရှိခိုးပါ၏။ ပြီးစီးအောင်မြင်ပါ စေသတည်း”ဟု ဆိုလို၏။ ထိုပါဠိအတို ကလေးကို သိမ်ရုပ်ခွဲ၍ ပုဒ်ခွဲ၍ စိစစ်လိုက်ချေ၊ သက္ကဋဘာသာ၏ ဝါးမျိုပုံပေါ်လာ၏။ ပုဒ်ခွဲကြည့်ကြစို့။ နမော တပုဒ်၊ ဗုဒ္ဓါယ တပုဒ်၊ သိဒ္ဓံ တပုဒ်၊ ပေါင်းသုံးပုဒ် ရှိသည်ကိုတွေ့ရ၏။ ထိုတွင် “သိဒ္ဓံ”ဟူသော စကားလုံးမှာ သရေခေတ္တရာ သာသနာဝင်ခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း သက္ကဋသုံး သက္ကဋထုံးစံ သက္ကဋဟန် သက္ကဋကျမ်းဂန်များ၌ မပါလျှင် မပြီးသလောက် ခရီးရောက်ကာ ရေပန်းစားနေသော စကားလုံးဖြစ်၏။ သာသနာတော် ကျမ်းစာဖြစ်သော ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တို့တွင် “သိဒ္ဓံ”ဟူသော စကားလုံးကိုသုံးစွဲရိုးမရှိပေ။ “ဗုဒ္ဓါယ” ဟူသော ပုဒ်၌လည်း သဒ္ဒါ အနေအထားအားဖြင့် ဗုဒ္ဓဝစန ဖြစ်သော မြတ်စွာဘုရား စကားတော် သာသနာတော်နည်း အလို “ဗုဒ္ဓါယ”ဟူ၍ မနေနိုင်ပေ။ “ဗုဒ္ဓဿ”ဟူ၍သာ နေနိုင်၏။ ဗုဒ္ဓါယဟူသော ပါဠိ အနေအထားမှာ သက္ကဋဘာသာ သဒ္ဒါကျမ်းများနည်းအရ ယူငင်စီစဉ်ထားခြင်းဖြစ်၏။

ဤ“နမော ဗုဒ္ဓါယ သိဒ္ဓံ”ဟူသော ပါဠိကို တီထွင်စီရင်ပေးသော ပုဂ္ဂိုလ်တို့မှာ သာသနဗာဟိရကာ ခေါ်သာသနာပ

www.dhammaransi.com



သာသနပြင်ဘက်က ပုဂ္ဂိုလ်များမဟုတ်ကြပေ။ သာသနာတွင်းက 'သာသနာဝစရ' ဖြစ်သော သာသနဝန်ထမ်း ကျမ်းဂန်တတ်အကျော် ထိပ်သီးဇော်ပုဂ္ဂိုလ်မော်များ ဖြစ်ကြပေ၏။ ထိုပုဂ္ဂိုလ်ကြီးတို့သည် ကာလေးသူငယ်တို့အတွက် တီထွင်စီရင်ပေးကြရုံမက မိမိတို့ကိုယ်တိုင်ပင် 'နမော ဗုဒ္ဓါယ'စသည်ဖြင့် ပါဠိဘာသာနှင့် ဂါထာများ စုဏ္ဏိယများစီကုံးကာ ရတနာသုံးပါးကို ရှိခိုးခြင်း 'ရတနတ္တယ ပဏာမ'ကို ပြုကြကုန်၏။ ဤသို့ပြုခြင်းကား သာသနာတော်နည်းအားဖြင့် ဗုဒ္ဓါယ ဟူ၍ မရှိနိုင်၊ မရှိကောင်း၊မနေနိုင် မနေကောင်းသည်ကို မသိ၍မဟုတ်၊ သိကြ၏။ သိကြလျက်နှင့် ပြုမူခြင်းကား သက္ကဋဘာသာ သဒ္ဒါကျမ်းများ၏ နည်းအရ ခေတ်ဆန်သည်။ ကောင်းသည်ဟုထင်ကာ တမင်တီထွင် စီရင်ပြုမူကြခြင်းဖြစ်၏။ (ထိုအချိန်တွင် ပုဂံပြည်၌ သက္ကဋဘာသာ အလွန်ခေတ်စားနေ၏။) သာသနာတော်နည်းအားဖြင့် 'ဗုဒ္ဓါယ'ဟူ၍ မနေနိုင်၊ 'ဗုဒ္ဓဿ'ဟူ၍သာ နေနိုင်ကြောင်း ကောင်းစွာသိရှိသူ နိပုဏပဏ္ဍိတ ကဝိဿရ ဝိဒူ ပိဋကတ္တယ ပါရဂူတို့ကပင် 'ဗုဒ္ဓါယ'ဟူသော သက္ကဋသဒ္ဒါနည်းနှင့် ဝန္ဒနာပဏာမ ပြုနေကြခြင်းမှာ သက္ကဋဘာသာက မာဂဓဘာသာကို လွှမ်းမိုးခြင်း၊ ဝါးမျိုခြင်းပင် ဖြစ်တော့၏။ ထိုအချိန်က ပုဂံပြည်တွင် သာသနာတော်နည်းနှင့် 'ဗုဒ္ဓဿ' ဟူ၍ဆိုကာ ဝန္ဒနာပဏာမပြုသူ လုံးဝမရှိမဟုတ်၊ အနည်းငယ်မျှတော့ရှိကြောင်း သဒ္ဒနီတိပဒမာလာ၌ ဖော်ပြထားပေ၏။ ပုဂံခေတ်၌ ရေးထိုးထားသောကျောက်စာအချို့တွင် အစ၌'ဋ္ဌိ' ဟူ၍ပါလေ့ရှိရာ ထိုစာလုံးမှာ သက္ကဋဝေါဟာရဖြစ်၏။ မြန်မာလိုပြန်လျှင် (မာဂဓဘာသာပြန်လျှင်) သိဒ္ဓိ ဟူ၍ ဖြစ်၏။

www.dhammaransi.com



ဤ'ဂြိ'(သိရိ)ဟူသော စာလုံးကို စာပေရေးရာ၌ ခေါင်းစီးထိပ် ပေါ်က အမြွက်တနိုးထား၍ သုံးစွဲခြင်းမှာလည်း သက္ကဋ ဘာသာကျမ်းစာများ၏ ထုံးစံကို ယူငင်ခြင်းပင်ဖြစ်၏။ မြတ်စွာ ဘုရားစကားတော်ဖြစ်သော ဗုဒ္ဓဝစနမာဂဓဘာသာ ကျမ်းဂန် များတွင် ထိုစာလုံးမျိုး ထိုအသုံးမျိုး သုံးနှုန်း ထုံးစံ မရှိပေ။ ဤကဲ့သို့ နာနာနယ နိပုဏဂမ္ဘီရဖြစ်၍ သိမ်မွေ့နက်နဲခက်ခဲသော နည်းအမျိုးမျိုးနှင့် ပြည့်စုံသည့် မြတ်စွာဘုရား၏ ဗုဒ္ဓဝစန၊ အာဟစ္စဘာသိတ ဖြစ်သော ပါဠိတော်ထံသို့ သက္ကဋဘာသာ ဝင်ရောက် ရောယှက် လာခြင်းသည် သာသနာတော် အတွက် အားနည်းချက်တခုပင် ဖြစ်တော့၏။ အကြောင်းကား သက္ကဋ ဘာသာမှာ မြတ်စွာဘုရားသုံးဘာသာ ဝေါဟာရမဟုတ်သော ကြောင့်တည်း။ မြတ်စွာဘုရားသုံး (ဗုဒ္ဓသုံး) တန္တိရေးပိတ မာဂဓဘာသာခေါ် ပါဠိဘာသာထင်ရှားရှိနေပါလျက်နှင့် သက္ကဋဘာသာနည်းနာကို ယူငင်သုံးစွဲနေခြင်းသည် ရှက်ဖွယ် ကောင်းလှပေ၏။ စက်ဆုပ်ဖွယ်ကောင်းလှပေ၏။

## ပြဿဒါးစေတီ

ဘုရင်ကျစွာ မင်းတရားသည် အခြားရှင်ဘုရင်များနည်းတူ ဘုရားစေတီတော်တဆူကို တည်တော်မူ၏။ သို့ရာတွင် ဘုရင် မင်းမြတ်မှာ ပိဋကတ်တော်များနှင့်သာ ပျော်မွေ့၍ စီမံ ဆောင်ရွက်ခြင်း မရှိသဖြင့် ဘုရားစေတီ အပြီးမသတ်ပေ။ ထို ဘုရားစေတီတော်အတွက် ထူးခြားချက်မှာ ဘုရားစေတီတည် ရန် အုတ်စ၍လုပ်သည်လည်း ပြဿဒါးနေ့၊ ပန္ဒက်ချသည်လည်း

www.dhammaransi.com



ပြဿဒါးနေ့၊ အုတ်မြစ်စသည်လည်း ပြဿဒါးနေ့၊ အလုံးစုံစ၍ လုပ်သမျှကို ပြဿဒါးနေ့တွင်သာ လုပ်စေ၏။ သို့ဖြစ်၍ ထို စေတီတော်ကို ပြဿဒါးဘုရားဟု ခေါ်တွင်နေရာ ယခုထက်တိုင် ပြဿဒါးဘုရားဟူပင် ခေါ် နေကြ၏။ ပုဂံ ဘုရားစောရွာ၏ အနောက်မြောက်တွင် ထိုစေတီတော်တည်ရှိ၏။

## သဒ္ဒါငယ်ကျမ်းပြု-စုပုရား

ဘုရင်ကျစွာမင်းတရားမှာ ကိုယ်တိုင်က ပိဋကတ်တတ်ဖြစ်၍ သားတော် သမီးတော်မှစပြီး နန်းတွင်းသူ နန်းတွင်းသား အားလုံးကို စာပေ ပိဋကတ် တတ်မြောက်ရန် သင်ကြားပို့ချ ပေးထားတော်မူခဲ့၏။ ထိုအချိန်ကား မြတ်စွာဘုရား စကား တော် ပိဋကတ်တော်များ ပုဂံပြည်တွင် ရေပန်းစား၍ တရား တော်ရောင် နေရောင် လရောင်မကာ ထွန်းလင်းနေချိန်ဖြစ်၏။ ဘုရင်ကျစွာ မင်းတရား၏ သမီးတော် 'စုပုရား' တပါးသည် ခမည်းတော် ဘုရင်မင်းမြတ်၏ သင်ကြားပို့ချ ပေးချက်အရ ပိဋကတ်တွင် တဘက်ကမ်းခတ်သောက်အောင် တတ်မြောက် ကျွမ်းကျင်သေ၏။ စုပုရားသည် နောင်လာ နောက်သားတို့ အတွက် သဒ္ဒါဘက်တွင် အခြေပါဒရစေရန် 'ဝိဘတျတ္ထ'[၁] မည် သော သဒ္ဒါငယ်ကျမ်းတစောင်ကို ပြုစုထားခဲ့၏။

---

၁။ ဝိဘတျတ္ထမည်သောကျမ်းကို ကျစွာမင်း၏သမီးတော် တပါး စီရင်ခဲ့ကြောင်း။ ပဌမသင်္ဂါယနာတင်ဘုရင် မင်းတုန်းမင်းလက်ထက် ပညာသာမိ သီရိကဝိ ဓဇမဟာ ဓမ္မရာဇာဓိရာဇ ဂုရုဘွဲ့ခံ ဒုတိယ မောင်ထောင် ဆရာတော်စီရင်သော 'သာသန ဝံသပ္ပ ဒီပိကာ'

## အနော်ရထာမင်းစော ဝင်စားသူ

ဘေးတော် သာသနာဒါယကာ အနော်ရထာ မင်းစော လက်ထက် ပြက္ခဒိန်တော်မြဲ၌—

“ငါ ဤပြည်တွင် နောက်တကြိမ် မင်းဖြစ်မှ ပေါက်စေသော” ဟု အနော်ရထာမင်းစောကိုယ်တိုင် အဓိဋ္ဌာန်၍ စိုက်ခဲ့သော ပေပင်သည် ဤသခု ကျစွာမင်းလက်ထက်တွင် ပေါက်လာ၏။ ထိုအကြောင်းကို ကျစွာမင်းတရားသိလျှင် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်တော်မူ၏။ သို့ဖြစ်၍ ကျစွာမင်းတရားကို အနော်ရထာမင်းစော ဝင်စားသူဟု မှတ်ယူယုံကြည်ကြ၏။ ဤအချက်နှင့် ပတ်သက်၍ ပုဂံရာဇဝင်အတွက် ရာဇဝင်အစဉ်အဆက် မှတ်သားချက်ပြုလာကြသော မင်းသုံးပါးတို့၏ လူဝင်စားဖြစ်ပုံကို ရာဇဝင်ပညာရှင်များက အောက်ပါအတိုင်း အထင်အရှား ဖော်ပြထားကြ၏။

၁။ (က) ပုဂံပြည်ကို ပထမဦးစွာ တည်ထောင်သော သမုဒ္ဒရာဇ်မင်း။

(ခ) သာသနာဒါယကာ အနော်ရထာမင်းစော။

---

အမည်ရှိသည့် ပါဠိဘာသာနှင့်ရေးထားသော သာသနာဝင်ကျမ်း၌ ဖော်ပြထား၏။ ပိဋကတ်တော်အုပ် မိုင်းခိုင်းမြို့စား မဟာသီရိဇေယျသူ၏ ပိဋကတ်သမိုင်း စာတမ်း၌မူ ဝိဘတျတ္ထကို ဝိဇယာပုရ မည်သော ပင်းယမြို့နေ အမည်မသိ မထေရ်ပြုသည်ဟု ဖော်ပြထား၏။

www.dhammaransi.com



(ဂ) ပိဋကတ္တယ ကောဝိဒဖြစ်သူ ကျစွာမင်းတရား။

ဤ မင်းသုံးပါးသည် တယောက်တည်း ဖြစ်၏။

၂။ (က) ဖျက်ကြီး၊ ဝက်ကြီး စသော ရန်သူများကို နှိမ်နင်း၍ မင်းအဖြစ်သို့ ရောက်ခဲ့သော ပျူစောထီးမင်း။

(ခ) သေဉ်လည်ကြောင်မင်း။

(ဂ) ကျန်စစ်သားမင်း။

ဤမင်းသုံးပါးသည် တယောက်တည်း ဖြစ်၏။

၃။ (က) စလေငခွေးမင်း။

(ခ) နရသူခေါ် ကုလားကျမင်း။

(ဂ) မင်းခွေးချေးခေါ် တရုတ်ပြေးမင်း။

ဤမင်းသုံးပါးသည် တယောက်တည်း ဖြစ်၏။

## ဥဇနာမင်း

ဂေါစာသက္ကရာဇ် ၆၁၂ ခုနှစ်တွင် ကျစွာမင်း၏ သားတော် သက်တော် ၃၃ နှစ်ရှိ ဥဇနာ နန်းတက်၏။ နန်းသက် (ရှင်ဘုရင်သက်) နှင့် ၅နှစ် နန်းစံ၍ သက်တော် ၃၈ နှစ်တွင် နတ်ရွာစံ၏။ ထိုမင်းလက်ထက် သာသနာရေးနှင့် ပတ်သက်၍ တစုံတရာ အထူးအထွေမှု ရှိပေ။

www.dhammaransi.com



## မင်းခွေးချေးခေါ် တရုတ်ပြေးမင်းလည်းခေါ် နရသီဟပတေ့မင်း

ဂေါစာသက္ကရာဇ် ၆၁၇ ခုနှစ်တွင် ဥဇ္ဇနာမင်း၏ သားတော် သက်တော် ၁၆နှစ်ရှိ မင်းခွေးချေးသည် 'နရသီဟပတေ့' ဟူသော အမည်ကို ခံယူ၍ နန်းတက်၏။ ဘွဲ့တံဆိပ်တော်မှာ 'သိရိတြိဘဝနာဒိတျပဝရ မဟာရာဇာ'ဟူ၍ ဖြစ်၏။ နန်းသက် (ရှင်ဘုရင်သက်)နှင့် ၃၁နှစ်၊ မှန်နန်းမဟာရာဇဝင်တော် အလိုအားဖြင့် ၃၅နှစ်။ ရာဇဝင်ချုပ် လက်ာနှင့် မင်္ဂလာစေတီကျောက်စာအရ ၄၄ နှစ် နန်းစံ၍ နတ်ရွာစံ၏။

## နရသီဟပတေ့မင်းလက်ထက် သာသနာရေး ဦးကျည်ပွေ့ခေါ် ဒိသာပါမောက္ခဆရာတော်

မင်းခွေးချေး ဟူ၍ လည်းကောင်း၊ တရုတ်ပြေးမင်း ဟူ၍ လည်းကောင်း ခေါ်ဆိုသော နရသီဟပတေ့မင်း လက်ထက်။ အသက် ခြောက်ဆယ်ကျော်မှ ရဟန်းပြုသော 'ဦးကျည်ပွေ့' ခေါ် ဒိသာပါမောက္ခ ဆရာတော်ကား သာသနာဝင်တွင် မှတ်တမ်းတင်လောက်အောင် ထူးခြားသော ဆရာတော်မထေရ်ကြီးဖြစ်၏။ ထိုဆရာတော်မထေရ်ကြီး၏ အကြောင်းကို ဘကြီးတော်ဘုရား လက်ထက် မင်းတိုင်ပင်အမတ်ကြီး မဟာမေ့သကြံ့ ခေါ် သာသနာပိုင်လူထွက် မောင်းထောင်ဆရာကြီး ရေးသား

www.dhammaransi.com



သော သာသနာလင်္ကာရ စာတမ်း၌ အောက်ပါအတိုင်း ဖော်ပြထားခဲ့၏။

"ပုဂံပြည်တွင် နရသီဟပတေ့မင်းလက်ထက် ခြောက်ဆယ်ကျော်ရွယ်မှ ရဟန်းပြုသော ရဟန်းကြီးတဦးသည် စာပေသင်ရန် ကံ့ကူဆန် ခံမည်ဟု မင်းအိမ်သို့ ဝင်လေသော် အကြောင်းကိုမေး၍ စာပေသင်ရန် ကံ့ကူဆန်ခံကြောင်းကို ပြောသည်တွင် ကျည်ပွေ့အတက်ပေါက်မှ စာပေတတ်တော့မည်ပဟု မင်းက ဆိုလိုက်သည်နှင့် တနေ့လျှင် ဒန်ပူခန့်မျှတက်၍ သဒ္ဒါ သင်္ဂြိုဟ်က စလျက် စာပေကျမ်းဂန်သင်သည်။ မကြာမြင့်မီပင် ကျမ်းဂန်တတ်မြောက်လေ၏။ ကျည်ပွေ့ကို သစ်ခက် သစ်ညွန့်စီး၍ မင်းအိမ်သို့ ဝင်ပြန်လေသည်တွင် အကြောင်းကိုမေးသော် ကျည်ပွေ့အတက်ပေါက်၍ ဝင်လာကြောင်းကို ပြောဆိုသောကြောင့် စာပေကျမ်းဂန် တတ်မြောက်ပြီဟု ဆိုလိုသည်။ ခြောက်ကျောင်းသား၊ ကျမ်းတတ်သံဃာများကို မေးမြန်းစုံစမ်းစေအမိန့်တော်ရှိ၍ မေးမြန်း စုံစမ်းကြရသည်။ မေးမြန်းတိုင်း ဖြေပြောနိုင်သည်။ ငါ့ရှင်တို့ ငါ့ကို မေးမြန်း လှလေပြီ။ ငါတလှည့် မေးမြန်းပါဦးမည်ဟု ခွင့်ပန်၍ အညသမာန်း စေတသိက်၌ အည၏ အပဒါန်ကို ခံပါကုန်ဟု ရဟန်းကြီးက မေးမြန်းသည်ကို ခြောက်ကျောင်းသား သံဃာများက အပဒါန် မခံတည့်နိုင်ရှိသည်။ ထိုအကြောင်းကို နရသီဟပတေ့မင်းကြီးကြား၍ ထိုရဟန်းကြီးကို 'ဒိသာပါမောက္ခ' ဟူသော တံဆိပ်နာမံနှင့် ဆရာပြု၍ ကိုးကွယ်လေသည်ဟု

www.dhammaransi.com



ယခုထက်တိုင် ဆရာစဉ်ဆက် ဥဒါန်းစဉ်ရှည် ပြောဆိုကြသည်။''

ဟု သာသနာ့လင်္ကာရ စာတမ်း၌ တခမ်းတနား ဖော်ပြထားသည်ကို တွေ့ရ၏။

အထက်ဖော်ပြပါ ဦးကျည်ပွေ့ခေါ် ဒိသာပါမောက္ခ ဆရာတော်ကား စာပေပိဋကတ်ဘက်ကသာ ထက်မြက်သည် မဟုတ်။ နိုင်ငံရေးဘက်ကလည်း ထက်မြက်၍ နရသီဟပတေ့မင်းလက်ထက် တရုတ်မြန်မာအရေးတွင် ငြိမ်းချမ်းရေးအဖွဲ့ကို ခေါင်းဆောင်ကာ တရုတ်ပြည် ပီကင်းမြို့တော်အရောက် သွားရောက် ဆောင်ရွက်ခဲ့၏။ ဦးကျည်ပွေ့သည် ခရစ်သက္ကရာဇ် (အေဒီသက္ကရာဇ်) ၁၂၈၅ ခု၊ မြန်မာဂေါစာသက္ကရာဇ် ၆၄၇ ခုနှစ်တွင် ပုဂံပြည်မှ တရုတ်ပြည် ပီကင်းမြို့တော်သို့ သံတမန်အဖြစ်နှင့် ကြွရောက်ခဲ့၏။ ထိုအချိန်က တရုတ်ပြည်တွင် ကမ္ဘာကျော်ဧကရာဇ်ဖြစ်သူ မွန်ဂို(တာတာ)ဘုရင် ကူဗလိုင်ခန် အုပ်စိုးနေခိုက်ဖြစ်၏။ ဆရာတော်ဦးကျည်ပွေ့သည် မွန်ဂိုဧကရာဇ်နှင့် စစ်ပြေငြိမ်းရေးစကားများ ပြောဟော၍ တရုတ်မြန်မာ နှစ်ပြည်ထောင် ရွှေသမ်းငွေလမ်းပေါက်အောင် ဆောင်ရွက်တော်မူခဲ့၏။ ဦးကျည်ပွေ့ခေါ် ဒိသာပါမောက္ခ ဆရာတော်သည် မိမိ တရုတ်ပြည်သို့ သွားရောက်၍ မွန်ဂိုဧကရာဇ်အား စစ်ပြေငြိမ်းရေး ဟောပြောပုံ၊ တာတာစစ်ဗိုလ်တို့နှင့် မေးမြန်း ပြောဆိုပုံ၊ တရားဟောပြောပုံ၊ အရေးပြီးပြတ်ပုံတို့ကို ကျောက်စာရေးထိုး၍ ထားခဲ့၏။ ကျောက်စာထိုးသောနှစ်မှာ မြန်မာဂေါစာသက္ကရာဇ် ၆၄၇ ခုနှစ် ဖြစ်၏။ ထိုကျောက်စာကို ဒိသာ

www.dhammaransi.com



ပါမောက္ခကျောက်စာဟု ခေါ်တွင်ကြ၏။ ပုဂံမြို့၏ တောင်ဘက်အနီးရှိတရုတ်ပြေးမင်းခေါ် နရသီဟပတေ့မင်း၏ကောင်းမှုဖြစ်သော မင်္ဂလာစေတီတွင် အထက်ပါ ဒိသာပါမောက္ခကျောက်စာ ရှိ၏။

## နရသီဟပတေ့ (တရုတ်ပြေးမင်း) လက်ထက် သာသနာရေးဘက်မှ ပျက်စီးချက်

နရသီဟပတေ့မင်းလက်ထက် တရုတ်နှင့်မြန်မာ စစ်ဖြစ်ကြရာ လက်ရှိ ပုဂံမြို့တော် ကျဉ်းနေသည်ထင်၍ မြို့တော်ကို ထပ်ဖွင့်ကာ ကျယ်ကျယ်လွင့်လွင့် တည်ဆောက်ရန် စီမံစိုင်းပြင်းတော်မူ၏။ ထိုအခါ ရုတ်တရက် ချက်ချင်း အုတ် ကျောက်ရနိုင်ရန် ခဲယဉ်းသဖြင့် စေတီဘုရား ဂူ ကျောင်းများကို ဖျက်၍ အုတ်ကျောက်တို့ကို ယူငင်လေ၏။ ဖျက်ဆီး၍ ပြီးစီးသောစေတီဘုရား ဂူကျောင်းများမှာ ဂူကြီးတထောင်၊ ဂူငယ်တသောင်း၊ ကုလားကျောင်း သုံးထောင်ဖြစ်၏။ နရသီဟပတေ့မင်းမှာ သာသနာကို လွန်မင်းစွာ ကြည်ညိုသော မင်းတရား မဟုတ်စေကာမူ ဗုဒ္ဓဘာသာ မြန်မာသမ္မာဒိဋ္ဌိ မိသစ္စာရတနာသုံးပါးကို ကိုင်းရှိုင်းသော ဘုရင်တပါးပင် ဖြစ်၏။ မင်္ဂလာစေတီတော်ကို တည်ထားခြင်း၊ အခြား သာသနာရေး သာသနာမှု အစုစုတို့ကို ချီးမြှင့်ခြင်း စသော အချက်တို့က သက်သေခံ အထင်အရှား ရှိနေသဖြင့် သာသနဒါယကာ မင်းတပါးပင်ဖြစ်ကြောင်း သိနိုင်ပေ၏။ သို့ရာတွင် အရေးတကြီး တရုတ်စစ်ကြီး ဆိုက်ရောက်လာသဖြင့် ဘာသာရေးထက် နိုင်ငံ

www.dhammaransi.com



ရေးခက် ဟူသကဲ့သို့ ဘာသာရေးကို အလေးမပေးနိုင်တော့ပဲ နိုင်ငံရေးအတွက် စစ်ရေးမျက်စိဖြင့် ကြည့်ကာ အထက်ပါအတိုင်း စီမံလိုက်ခြင်း ဖြစ်ပုံရပေ၏။

## နရသီဟပတေ့(တရုတ်ပြေးမင်း)၏ ထူးခြားချက်

ပုဂံရာဇဝင်တွင်မက တကောင်းရာဇဝင်မှစ၍ နောက်ဆုံးဖြစ်သော ကုန်းဘောင် ရာဇဝင်အထိ စားတော်ခေါ်ရာ၌ တရုတ်ပြေးမင်း ကဲ့သို့သော ရှင်ဘုရင် တပါးမျှ မရှိခဲ့ပေ။ အကြောင်းကား နေ့စဉ်အမြဲတမ်း စားတော်ခေါ်ရာ၌ ဟင်းလျာ ခွက်ပေါင်း ၃၀၀(သုံးရာတိတိ) အပြည့်ရှိမှ စားတော်ခေါ်၏။ သုံးရာမပြည့်လျှင် စားတော် မခေါ်ပေ။ ဤကဲ့သို့ ဟင်းလျာခွက်ပေါင်း သုံးရာတိတိနှင့် နေ့စဉ်အမြဲတမ်းစားတော်ခေါ်သော ရှင်ဘုရင်မှာ မြန်မာရာဇဝင်တလျှောက်လုံး ဤမင်းတပါးသာရှိပေ၏။ သည်ကဲ့သို့ ဟင်းလျာခွက်ပေါင်းသုံးရာနှင့် စားတော် ခေါ်ကြောင်းကို ဂုဏ်တခု အဖြစ်နှင့် မိမိ၏ကောင်းမှုဖြစ်သော မင်္ဂလာစေတီ ကျောက်စာ၌ မှတ်တမ်းတင်ကာ မော်ကွန်းထိုး၍ ထားခဲ့၏။

## မင်္ဂလာစေတီကျောက်စာမှ ကောက်နုတ်ချက်

"တနေ့တနေ့သော် ဟင်းခွက် ၃၀၀ (သုံးရာ) တမူလည်း သောက်ထသော နရသီဟပတိ ဓမ္မရာဇ် မင်းကြီးသည်

www.dhammaransi.com



သည်ချာ၏အစီးအပွား အလို့ငှာ နိဗ္ဗာန်ဟူသော ဆုကို ပြည့်လိုသောကြောင့် ကောင်းမှုတော်တည်၏။"

နရသီဟပတေ့မင်းသည် ဟင်းလျာခွက်ပေါင်း သုံးရာပြည့်မှ စားတော် ခေါ်ကြောင်းကို မှန်နန်း မဟာရာဇဝင်တော်ကြီး၌လည်း အောက်ပါအတိုင်း ရေးသား ဖော်ပြထားပေ၏။

"မင်းကြီးကား စားတော်ခေါ်လျှင် ငမဲ့ဆား, အချို, အချဉ်, အခါး, အစပ်, အဆိမ့်, အဖန်, အခွက်သုံးရာပြည့်မှ စားတော်ခေါ်သောဟူ၏။ ထိုသို့သော ဟင်းခွက်တို့တွင်တကြိမ်နှစ်ကြိမ်စားတော်ခေါ်ပြီးလျှင် မင်းညီမင်းသားမင်းပေါင်း မင်းလတ် အမတ် စစ်သူကြီးတို့ကို ပေးမြဲတည်း။ မိဖုရား မောင်းမ မိဿံတို့ကိုလည်း အစေ့အနှံ့ ပေးတော်မူမြဲတည်း။ ထိုဟင်းလျာတို့ကိုလည်း စားတော်သည်တို့တွင် စာရင်းနှင့် မှတ်သား၍ မိဖုရားစော နှစ်မပြတ် စစ်ကြောစီရင်ရသတည်း။"

## ဒလစား ကျော်စွာမင်း

ဂေါစာသက္ကရာဇ် ၆၄၇ ခုနှစ်တွင် နရသီဟပတေ့ (တရုတ်ပြေးမင်း)၏သားတော်သက်တော် ၂၇ နှစ်ရှိဒလမြို့စားကျော်စွာနန်းတက်၏။ နန်းသက် (ရှင်ဘုရင်သက်)နှင့် ၁၂ နှစ် နန်းစံ၍ သက်တော် ၄၀ တွင် နန်းကျ၏။ ထိုမင်းလက်ထက် သာသနာရေးနှင့် ပတ်သက်၍ တစုံတရာ အထူးအထွေမရှိပေ။

စပယ်ဦးစာပေ

www.dhammaransi.com



## စောနစ်မင်း

ဂေါစာသက္ကရာဇ် ၆၆၀ ပြည့်နှစ်တွင် နန်းကျ ဒလစား ကျော်စွာမင်း၏ သားတော် သက်တော် ၁၆ နှစ်ရှိ စောနစ် နန်းတက်၏။ နန်းသက်(ရှင်ဘုရင်သက်)နှင့် ၂၇ နှစ် နန်းစံ၍ သက်တော် ၄၃ နှစ်တွင် နတ်ရွာစံ၏။ ထိုခင်းလက်ထက်လည်း သာသနာရေးနှင့် ပတ်သက်၍ တစုံတရာ အထူးအထွေ မရှိပေ။

## စောမွန်နစ်မင်း

ဂေါစာသက္ကရာဇ် ၆၈၇ ခုနှစ်တွင် စောနစ်မင်း၏သားတော် သက်တော် ၁၅နှစ်ရှိ စောမွန်နစ် နန်းတက်၏။ နန်းသက်(ရှင်ဘုရင်သက်) နှင့် ၄၃ နှစ် နန်းစံ၍ သက်တော် ၅၈နှစ်တွင် နတ်ရွာစံ၏။ ထိုခင်းလက်ထက်လည်း သာသနာရေးနှင့် ပတ်သက်၍ တစုံတရာ အထူးအထွေ မရှိပေ။ ထိုအချိန်မှာ ဂေါစာ သက္ကရာဇ် ၇၃၀ ရှိခဲ့လေပြီ။

## ပုဂံရာဇဝင် ပြီးဆုံးခြင်း

သမုဒ္ဒရာဇ်မင်းမှစ၍ စောမွန်နစ် ခင်းအထိ ၅၅ ယောက် (ငါးကျိပ် ငါးပါး)သော မင်းတို့၏ စံရာ ပုဂံပြည်ကြီးကား ဂေါစာသက္ကရာဇ် ၇၃၀ ပြည့်နှစ်တွင် ရာဇဝင်ဆုံး၍ နိဂုံးချုပ် လေ၏။ပုဂံရာဇဝင်ဆုံး၍ နိဂုံးချုပ်ချိန်တွင်'ဝိဇယပုရ'မည်သော

www.dhammaransi.com



'ပင်းယ'ပြည်ကြီးတည်ထောင်ပြီး၍ ဖြူထီးဖြန့်ကြက်၊ကနက္ကဒဏ် အလံတော်လွှင့်ကာ ရာဇဝင်သစ် ဖွင့်လှစ်လျက် ရှိပေသတည်း။

## ပုဂံခေတ်သာသနာရေးအကျဉ်းချုပ်

မြန်မာပြည်၏ ဗုဒ္ဓသာသနာဝင်တွင်ပုဂံခေတ် သာသနာမှာ အစည်ကားဆုံး၊ အထွန်းကားဆုံး၊ အသန့်ရှင်းဆုံးဖြစ်၏။ ပုဂံပြည်ကြီးမှာ စည်ထီးခရိုင်နိုင်ငံအုပ်ချုပ် မင်းလုပ်သူတို့ကလည်း တရားသဖြင့်အုပ်ချုပ်၍ ဗုဒ္ဓဘာသာဝင် သူတော်စင်အစစ်များဖြစ်သည်အားလျော်စွာ သာသနာကို အစွမ်းကုန် အားပေး အားမြှောက် ချီးမြှောက်ပြုစုခဲ့ကြသည်။ တိုင်းပြည့်ငည်ပင်သာယာဝပြော၍ စပါးဆန်ရေပေါများကြွယ်ဝသဖြင့် အိမ်တိုင်းလူတိုင်း အစေ့အင လူစေ့တက်စေ့ လောက်ပင် ဘုရားတည်၊ ကျောင်းဆောက် ပြုလုပ်ခဲ့ကြ၏။သို့ဖြစ်၍ပင် ယခုအထိ ကြည့်မဆုံး မျှော်မဆုံးအောင် ဘုရားစေတီတော်များ ထင်ရှားရှိနေသည်ကို ဖူးမြော်နေကြရ၏။ပုဂံပြည် ပုဂံမြို့တော်ရှိ စေတီတော်ပေါင်းအရေအတွက်ကို ရေတွက်၍ရသမျှ လင်္ကာဆောင်ပုဒ် လုပ်ထားသည်မှာ—

"လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်း"ဟူ၍ ဖြစ်၏။ ထိုဆောင်ပုဒ်အရ နံသင့်အက္ခရာအလိုက် ဂဏန်းချသော်—

၄၄၄၆၇၃၃ (လေးသန်း လေးသိန်း လေးသောင်း ခြောက်ထောင်ခုနစ်ရာသုံးဆယ့်သုံး)ဆူရှိကြောင်း တွေ့ရ၏။ ဤစာရင်းပါ စေတီတော်များထဲမှ မြစ်ကမ်းပြို၍ မြစ်ထဲ ပါသွားသော ဘုရားစေတီတော်ပေါင်းမှာ —

www.dhammaransi.com



၄၄၆၄၄၄ (လေးသိန်း လေးသောင်း ခြောက်ထောင် လေးရာ လေးဆယ့်လေး)ဆူရှိကြောင်းကို-

"ရွှေသသာဝါဝါဝင်းရှင်တော်ရေချိုးဆင်း"ဟူ၍ လင်္ကာ ဆောင်ပုဒ် လုပ်ထားကြ၏။ ဤကား ရှေး ရာဇဝင်က ရေတွက် မှတ်သားထားချက်ဖြစ်ရာယခုအခါမှာမူမြင်ကမ်းပြို၍ ရေထဲပါသွားသော စေတီတော်များနှင့် ငလျင်ဘေး၊လေကြီး မိုးကြီးဘေး၊ မသူတော် လူမသမာတို့ဘေးစသော အန္တရာယ် များကြောင့် ပြိုပျက်သောစေတီတော်ပေါင်းမှာ ထိုထက်များ ပြားဖွယ်ရာရှိပေ၏။

## ပုဂံတပြည်လုံးပိဋကတ်တော်များဖုံးအုပ်နေခြင်း

ပုဂံပြည်၏ မိစ္ဆာဒိဋ္ဌိ အရည်းကြီးသာသနာကို တော်လှန်ခဲ့ သောသာသနဒါယကာ အနော်ရထာမင်းစော၏လက်ထက်မှ စ၍ ပုဂံရာဇဝင်ဆုံးသည့်တိုင်အောင် ပုဂံပြည်တွင် သာသနာ တော် နေရောင် လရောင်မကာ ထွန်းကားခဲ့သည်ကို အထက်၌ ပြခဲ့ပြီဖြစ်၏။ သာသနာတော် ထွန်းကားသည့် အလျောက် သာသနာဘာသာဖြစ်သော ဗုဒ္ဓကျမ်းစာဒေသနာပိဋကတ်များ ကို ရဟန်းရှင်လူ ဟူဟူသမျှ မာတုဂါမ အမျိုးသမီးများအထိ သင်ယူ တတ်မြောက်ကြ၏။ ရဟန်းတော် မထေရ်ကြီးများက ပိဋကတ်ကျမ်းစာ၏ အခြေပါဒဖြစ်သော သဒ္ဒါဗျာကရုဏ်း စသည့် ကျမ်းဂန်များကို အမြောက်အမြားရေးသားစီရင်ခဲ့ကြ ၏။ လူပုဂ္ဂိုလ်ထဲမှလည်း အမတ်ပညာရှိများက ကျမ်းဂန်ရေး

www.dhammaransi.com



သွားထားခဲ့ကြ၏။ အယုတ်သဖြင့် ကုမာရီရွယ်၊ သတို့သမီး ငယ် အပျိုရွယ် မိန်းကလေးများပင် သူ့ထက်ငါ အားကျမခံ သင်အံလေ့ကျက်ခဲ့ကြ၏။ အမျိုးသမီးချင်း တွေ့လျှင် "သင် အဘယ်ကျမ်းကို သင်ကြားသနည်း၊ အဘယ်မျှကျမ်းဂန်ကို နှုတ် တက်အာဂုံဆောင်ထားသနည်း" ဟု မေးလေ့ရှိကြ၏။ တကြိမ် က အမျိုးသမီးတယောက်က 'သင်ယခုအခါ ဘယ်မျှသော ကျမ်းဂန်ကို နှုတ်တက်ဆောင်သနည်း" ဟုမေးရာ အမေးခံရသူ အမျိုးသမီးက 'ယခုအခါငါ့မှာသားငယ်သမီးငယ် ကြောင့်ကြ ရှိခြင်းကြောင့် များများ မဆောင်နိုင်ပါ၊ သမန္တပဋ္ဌာန်း ကျမ်းက ကုသလတိက်မျှကိုသာ နှုတ်တက် ဆောင်နိုင်ပါတော့ သည်" ဟု ပြန်ပြော၏။ (ပဋ္ဌာန်းကျမ်းမှ ကုသလတိက်ဆိုသည် ကား ယခုအခါ ပထမပြန်စာမေးပွဲတွင်ပထမကြီး ပသခကျော် တန်းအတွက် ပြဋ္ဌာန်းထားသော ကျမ်းစာဖြစ်၏။)

## ဆွမ်းခံကြွလာသောရဟန်းတော်နှင့် (၁၂)နှစ်ရွယ်သတို့သမီးငယ်

တကြိမ်က ပုဂံပြည်တွင်းသို့ နံနက်ခင်း ဆွမ်းခံကြွလာသော ရဟန်းတော် တပါးအား ဆွမ်းလောင်းသူ (၁၂) နှစ်ရွယ် သူငယ်မကလေး တယောက်က—

"အရှင်ဘုရား ဘွဲ့တော် ဘယ်လိုခေါ်ပါသလဲ" ဟု မေး လျှောက်ရာ ရဟန်းတော်က—

"ငါ့ဘွဲ့မှာအရှင်ခေမာ(ဦးခေမာ)ဟု ခေါ်သည်" ဟု ပြန် ၍ မိန့်မြွက်တော်မူ၏။ ထိုအခါ သူငယ်မက—

www.dhammaransi.com



"အရှင်ဘုရား ယောကျ်ားဖြစ်ပါလျက် ဘာဖြစ်လို့ ဣတ္ထိလိင်အမည်ကို မှည့်ရပါသလဲ"ဟုလျှောက်ထားလိုက်ရာအိမ်ထဲမှ သူငယ်မ၏မိခင်ဖြစ်သူ အမျိုးသမီးက—

"သမီး ရာဇာဒိဂိုဏ်း၏ သဘောလက္ခဏာကို သင်မသိဘူးလား၊ ရာဇာဒိဂိုဏ်းကို ထောက်ဦးမှပေါ့"ဟု ဟန့်တားလိုက်၏။ ထိုအခါ သူငယ်မက—

"မေမေ ရာဇာဒိဂိုဏ်းသဘောကို ကျွန်မနားလည်ပါသည်။ ဤခေမာသဒ္ဒါဟာ ရာဇာဒိဂိုဏ်းလဲ မဟုတ်ပါဘူး"ဟုပြန်ပြောလိုက်ရာ မိခင်အမျိုးသမီးက—

"သမီး ခေမသဒ္ဒါဟာ တစိတ်တဒေသ အားဖြင့်တော့ ရာဇာဒိဂိုဏ်းဝင် ဖြစ်နိုင်သည်"ဟု ပြန်ပြောလိုက်ပေ၏။

ရဟန်းတော်ကား သားအမိ အချေအတင် ငြင်းခုံနေစဉ် ဆွမ်းလောင်းပြီးပြီဖြစ်၍ ဆွမ်းခံခရီး ဆက်လက် ကြွသွားတော်မူ၏။

ပုဂံပြည်တွင် ဤမျှလောက် အမျိုးသမီးကလေးများအထိ ပိဋကတ်ကျမ်းဂန်များ သင်ကြားလေ့လာ ခဲ့ကြ၏။

## သာသနာဘာသာဖြစ်သော
## ပါဠိဘာသာစည်ကား ပြန့်ပွားခြင်း

သာသနာတော် ထွန်းသည့် အလျောက် သာသနာဘာသာဖြစ်သော မာဂဓဘာသာခေါ် ပါဠိဘာသာလည်း ထွန်းကား စည်ကား၍ တံငါသည်များအထိ သုံးစွဲလာကြ၏။ သုံးစွဲပုံကား—

ပိုက်ကွန်ချရာ ပိုက်ကွန်ကြိုးဆွဲရာတို့၌ 'ဟိံ — ဇာလေ၊ ဟေဟေယျုံ' ဟူ၍ ပါဠိဘာသာဖြင့် သီဆိုကာ ပိုက်ကွန်ကြိုး ဆွဲကြကုန်၏။

"ဟိ ၊ တံငါသည်တို့။ ဇာလေ၊ ပိုက်ကွန်တို့ကို။ ဟေဟေယျုံ၊ ဆွဲကြကုန်"ဟု ဆိုလို၏။ (သဒ္ဒါအနေအထားကျနသော ပါဠိစစ်ကား မဟုတ်။ ပါဠိပျက်။ (ဒေသိယမာဂဓိခေါ် ပါဠိဘာသာမျိုး)ဖြစ်၏။

ပုဂံပြည်ကြီးကား ဤမျှအထိ ပါဠိဘာသာထွန်းကား၍ သာသနာတော် စည်ကားခဲ့သော တိုင်းပြည်ကြီး ဖြစ်၏။

## ပုဂံခေတ်သာသနာရေး အကျဉ်းချုပ်ပြီး၏

### ကျမ်းပြီးနိဂုံး

၁၃၃၈ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက် (ခရစ် ၁၉၇၆ ခု ဒီဇင်ဘာလ ၉ ရက်) ကြာသပတေးနေ့တွင် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သော ရန်ကုန်မြို့၌ ဤပုဂံသာသနာဝင် ဖြစ်သော 'ဗုဒ္ဓ၏ပုဂံ' ကျမ်းစာကို အပြီးအဆုံး နိဂုံးအုပ်၍ အဆုံးသတ် စီရင်ပြီးစီးသတည်း။

www.dhammaransi.com



## ကျမ်းဆရာ၏ဆုတောင်း

ဤကျမ်းပြုရ၊ ကုသလကြောင့်၊ ဗုဒ္ဓမြတ်စွာ၊ သာသနာနှင့်၊ တန္တြာရောပိတ၊ မာဂဓဘာသာ ကမ္မဋ္ဌာန်း ရောင်ဝါ ထွန်း၍၊ ကျွန်းအဆိုင်းဆိုင်း၊ ဘိုင်းအတည်တည်၊ ပြည်အစုံစုံ၊ မြို့အသီးသီး၊ အံ့ချီးမကုန်၊ ကမ္မဋ္ဌာန်းတုန်အောင်၊ ဂုဏ်အဆင့်ဆင့်၊ မြင့်စေသတည်း။

ကြည်းနေရေနေ၊ လေနေအားလုံး၊ ပီတိဖုံး၍၊ ပြုံးနိုင်ပါစေ၊ တောင်းဆုခြွေသည်၊ ယူလေအမျှ အားလုံးတည်း။

ရွှေစကြာ ဦးစိုးမြင့်

ပ-သ—အ-ခ (သကျသီဟပထမဂုဏ်ထူး)

www.dhammaransi.com

စာမူကြိုတင် ငွေပို့ပြုချက်အမှတ် (၇၃၂)

**မြန်မာ့လွတ်လပ်ရေး သမိုင်းဝင် အတွေ့အကြုံ အဖြစ်အပျက်**

**ဇာတ်လမ်း ဇာတ်ကွက်များကို**

✽ နိုင်ငံရေးစာပေအနေနဲ့ပဲ ဖတ်ချင်သလား။

✽ အထ္ထုပ္ပတ္တိစာပေအနေနဲ့ပဲ ဖတ်ချင်သလား။

✽ ဝတ္ထုစာပေအနေနဲ့ပဲ ဖတ်ချင်သလား။

စာဖတ်သူအား ဘာသိမ့်သိမ့် တငြိမ့်ငြိမ့် ဆွဲဆောင်စေမည်။

**ဝယ်မနှ ရှာမရအောင် ဖြစ်နေပါတယ်ဆိုလို့**

စပယ်ဦးစာပေမှ တစုတပေါင်းတည်း ရိုက်နှိပ်လိုက်ပါပြီ။

**စာရေးဆရာ၊ သတင်းစာဆရာ၊ သခင်နိုင်ငံရေးသမား**

# သခိန်းဖေမြင့်

# အရှေ့ကနေဝန်းထွက်သည့်ပမာ

(ပေါင်းချုပ်)

မဂ္ဂဇင်းဆိုက် အရွယ်ကြီး၊ ဆိုက်ကြီး၊ စာမျက်နှာ (၇၀၀) ခန့်။

ထူထူထဲထဲ၊ ခန့်ခန့်ညားညားဖြင့် ထွက်နေပါပြီ။

တဦးချင်းအလိုရှိသူများ တိုက်ရိုက် မှာကြားနိုင်ပါပြီ။

**စပယ်ဦးစာပေဖြန့်ချီရေး**

အမှတ် ၁၄၀/၁၅၀၊ ၃၃-လမ်း၊ ရန်ကုန်မြို့။ (ဖုန်း—၇၆၀၀၅)

www.dhammaransi.com

စာမူကြိုတင်ခွင့်ပြုချက် အမှတ် (၉၂၇)

ပုထုဇ္ဇနော ဥမ္မတကော ဟုဆိုသည့်အတိုင်း
လူတိုင်းလူတိုင်းတွင်စိတ်ရောဂါဟူသည်
အနည်းနှင့်အများ ရှိနေတတ်ကြသည်သာတည်း။

* စိတ်ရောဂါ ဖြစ်တတ်သော အကြောင်းရင်းများ။
* စိတ်ရောဂါ အမျိုးအစားများ။
* စိတ္တဇရောဂါ အရေးပေါ်အခြေအနေများ။
* စိတ်ရောဂါပညာသမိုင်း....စသည် စသည်ဖြင့်—

စိတ်ရောဂါအကြောင်း ပြည့်ပြည့်စုံစုံ သိရှိရမည်။

စိတ်ရောဂါအထူးကု ဆေးရုံကြီးမှ
သမားတော်ကြီးများကိုယ်တိုင် ပြုစုရေးသားသည့်

# အခြေခံစိတ်ရောဂါပညာ

**ဒေါက်တာဦးနေဝင်း**

M.B.B.S; D.P.M (LOND.) F.R.C.PSYCH.

**ဒေါက်တာအုန်းမောင်**

M.B.B.S, D.P.M (LOND.)

စာမျက်နှာ (၅၀၀) ခန့်၊ ထူထူထဲထဲ ပြည့်ပြည့်စုံစုံဖြင့် ထွက်နေပါပြီ။

**စပယ်ဦးစာပေဖြန့်ချိရေး**

အမှတ် ၁၄၀/၁၅၀၊ ၃၃-လမ်း၊ ရန်ကုန်မြို့။ (ဖုန်း-၇၆၀၀၅)

www.dhammaransi.com


စာမူ ကြိုတင်ခွင့်ပြုချက် အမှတ်(၀၃၀၇)

ယနေ့....သင်-အပါအဝင်

❋ လူတိုင်း-လူတိုင်း တွေ့ကြုံခံစားနေကြရသည့်

❋ သားရေး၊ သမီးရေး သောက....

❋ ငွေရေး၊ ကြေးရေး စီးပွားရေးသောက....

❋ အိမ်ထောင်ရေး၊ လူမှုရေးသောက....

ထိုသောက.... ဤသောက .... အနိဋ္ဌသောကများ

ခံစား နေရပါသလား။

ဒေးလ်ကာနေဂျီ ရေး

# သောကကင်းဝေးနေနိုင်ရေး

တက်တိုး-မြန်မာပြန်ဆိုသည်

အရွယ်ကြီး၊ဆိုက်ကြီး၊ စာမျက်နှာ(၅၀၀)ကျော်၊ထူထူထဲထဲနှင့်

ဆိုင်တိုင်းမှာ မေးဝယ်ပါ။ ထွက်နေပါပြီ။

တဦးချင်း အလိုရှိသူများ တိုက်ရိုက် မှာကြားနိုင်ပါပြီ။

**စပယ်ဦးစာပေဖြန့်ချီရေး**

အမှတ်၁၄၈/၁၅၀၊ ၃၃-လမ်း၊ ရန်ကုန်မြို့။ (ဖုန်း–၇၆၀၀၅)

www.dhammaransi.com

စာမူကြိုတင်ခွင့်ပြုချက် အမှတ်(၇၀၇)

**ပထမအကြိမ် ရိုက်နှိပ်စဥ်က လုံး၀ ၀ယ်မရလိုက်သူများအတွက်....**

**ယခု ဒုတိယ အကြိမ် ဖြည့်စွက် ရိုက်နှိပ်လိုက်ပါပြီ။**

* ကနေ့လို အချိန်မှာ ဘယ်စာပေတိုက်ကမှ ကိုယ်ကျိုးစွန့်ပြီး မထုတ်ရဲပါဘူး။

* ကဲ—ဒါဖြင့် ဘာကြောင့် ထုတ်သလဲ။

* ကျွန်တော်တို့တတွေ ခေတ်နောက်ကျ မနေစေချင်လို့ပဲ။

* ဤလောကတွင် မရှိတာ ဟူ၍ မရှိ။

* မသိသေးတာ၊ မမြင်ရသေးတာသာ ရှိသည်။

ယခု ဤစာအုပ်တွင် ကမ္ဘာပေါ်၌ အထူးအဆန်း၊ ရင်သပ်ရှုမော အံ့သြရမည့် အကြောင်းအရာများကို ဓာတ်ပုံ ဘလောက်ပေါင်း (၂၀၀)နီးပါးဖြင့် အံ့မခန်း ဖတ်ရမည့် စာအုပ်ထူး။

စပယ်ဦး စာတည်းအဖွဲ့ဝင်တဦး
ပြန်ဆိုပြုစုသည်။

# ကမ္ဘာ့အံ့ဖွယ်မှတ်တမ်းများ

**အရွယ်ကြီး၊ ဆိုက်ကြီး စာမျက်နှာ (၇၀၀) ခန့်၊ ထူထူထဲထဲခန့်ခန့်ညားညား**

တဦးချင်း အလိုရှိသူများ တိုက်ရိုက် မှာကြားနိုင်ပါသည်။

**စပယ်ဦးစာပေဖြန့်ချီရေး**

အမှတ် ၁၄၀/၁၅၀၊ ၃၃-လမ်း၊ ရန်ကုန်မြို့။ (ဖုန်း—၇၆၀၀၅)

www.dhammaransi.com

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၈၂ | ၂ | တကျယ်တဝင့် | အကျယ်တဝင့် |
| ၈၃ | ၁ | တဏာဝါဋ္ဌမိဂါနိစ | တတောဝါဋ္ဌ မိဂါနိစ |
| ၈၅ | ၁၆ | ကြေးကျော် | ကြေးကြော် |
| ၁၀၄ | ၂ | ရိသိနုဘောဒ္တော | သိရိနုဘောဒ္တော |
| ၁၃၈ | ၃၊၄၊၅၊၇ ၉၊၁၂ | နားဍောင်း | နားတောင်း |
| ၁၇၉ | ၁၇ | ကုသိုလ်လိုချင်မှုသက်သက် အတွက်သာဖြစ်ကြောင်း မှတ်သားအပ်ပါ၏။ | ဖျက်ရန် |
| ၂၀၀ | ၆ | မဓထေဓလေးပါး | မဓထေရ်လေးပါး |
| | ၁၄ | သဒ္ဒါ | သဒ္ဓါ |
| ၂၀၂ | ၂ | မိန့်မြွတ် | မိန့်မြွက် |
| | ၁၅ | ခြိုးမြွောက် | ချီးမြှောက် |
| ၂၁၀ | ၈ | ကုဒ္ဓါ | ဣဒ္ဓါ |
| | ၂၀ | အတိကဏော | ယတိဂဏော |
| ၂၁၂ | ၁၅ | သုတ္တနိဓဒ | သုတ္တနိဒ္ဒေသ |
| ၂၁၈ | ၁၇ | ဝိနယဂုဂတ္ထ | ဝိနယဂုဠှတ္ထ |
| ၂၂၂ | ၁၆ | အဓိဂဏာ | အဓိဂတော |
| ၂၂၅ | ၁၀ | အထကဋ္ဌာ | အဋ္ဌကထာ |
| ၂၄၀ | ၉ | တောဂ် | တေဒဂ် |
| ၂၄၁ | ၁ | အနုရာဇမြို့ | အနုရာဓမြို့ |
| ၂၄၃ | ၁၅ | ဒိဘဏာကရေ | ဒိတတောကရေ |
| ၂၅၅ | ၁၁ | စရယော | ဧရိယော |

www.dhammaransi.com

294.3,1-41

A1MMGB016006

## စပယ်ဦး[...]
## မှာ ယူရရှိနိုင်သေးသော စာအုပ်များ


| စဉ် | စာရေးဆရာ | စာအုပ်အမည် | တန်ဖိုး |
|---|---|---|---|
| ၁။ | ဆရာကြီးရွှေဥဒေါင်း | တသက်တာမှတ်တမ်းနှင့် အတွေးအခေါ်များပေါင်းချုပ် | ၅ိ |
| ၂။ | သန်းလှိုင် စီစဉ်သည့် | ခေတ်ဟောင်းတေးပေါင်းချုပ် | ၂ိ၅ |
| ၃။ | ကျော်လှိုင်ဦး | တထောင့်တညပုံပြင်များ (၁) | ၃ိ |
| ၄။ | ကျော်လှိုင်ဦး | ။ ။ (၂) | ၃ိ |
| ၅။ | ကျော်လှိုင်ဦး | ။ ။ (၃) | ၃ိ |
| ၆။ | စိုးမြိုင် | ရှားလော့ဟုမ်း (ပေါင်းချုပ်) | ၄ိ |
| ၇။ | ဒု-ပိုလ်မှူးကြီးသောင်းထိုက် | မဟာဗျူဟာ | ၂ိ၅ |
| ၈။ | အရှင်ဝဏ္ဏသိရိ | မြတ်ဗုဒ္ဓ၏ သားတော်ရာဟုလာ (ရုပ်စုံ) | ိ |
| ၉။ | သိန်းဖေမြင့် | အရှေ့ကနေဝန်းထွက်သည့်ပမာ | ၅ိ |
| ၁၀။ | တက္ကသိုလ်နေဝင်း | ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်း | ၁၂ |
| ၁၁။ | စပယ်ဦးစာတည်းအဖွဲ့ဝင်- | ကမ္ဘာ့အံ့ဖွယ်မှတ်တမ်း | ၃ိ |
| ၁၂။ | မောင်စင်ကြယ် | အမေရိကန် အိမ်ဖြူတော်မှ သမ္မတကြီးများ (အတ္ထုပ္ပတ္တိ) | ၄ိ |
| ၁၃။ | နုယဉ် | ဗုဒ္ဓဝင်ရုပ်စုံ (အင်္ဂလိပ်–မြန်မာ) | ၁၂ |
| ၁၄။ | နုယဉ် | အလှပန်းတပွင့်နှင့်ပုံပြင်ဝတ္ထုများ | ၆ |
| ၁၅။ | ဇော်ဂျီ | လက်ရွေးစဉ်မြန်မာဝတ္ထုတိုများ | ၅ |
| ၁၆။ | ဆရာစန္ဒြ | ဘဝခရီးနှင့် အတွေ့အကြုံများ | ၃ိ၅ |
| ၁၇။ | မောင်ထင် | ဂါလိဗာ၏ခရီးစဉ် | ၁ိ |
| ၁၈။ | ဒေါက်တာနေဝင်း ဒေါက်တာအုန်းမောင် | အခြေခံစိတ်ရောဂါပညာ | ၁ိ |
| ၁၉။ | ဒေါက်တာအုန်းမောင် | အိပ်မွေ့ချပညာ | ိ |
| ၂၀။ | ဓမ္မာစရိယဦးမောင်မောင်လေး | အနှစ်ချုပ်ဗုဒ္ဓဝါဒ | ၅ |
| ၂၁။ | ဓမ္မာစရိယဦးမောင်မောင်လေး | ဗုဒ္ဓဝါဒအခြေပြ | ၁၂ |

www.dhammaransi.com

| စဉ် | စာရေးဆရာ | စာအုပ်အမည် | တန်ဖိုး |
|---|---|---|---|
| ၂၂။ | တက်တိုး | သောကကင်းဝေးနေနိုင်ရေး | ၂၅ |
| ၂၃။ | တက်တိုး | အင်္ဂလိပ်ဘာသာသိမှတ်စရာ (၂) | ၇ |
| ၂၄။ | တက်တိုး | အင်္ဂလိပ်စာသင်ကြားမှုနည်းပြစာစဉ်များ | ၂၅ |
| ၂၅။ | တက်တိုး | ချစ်တေးကဗျာ | ၁၂ |
| ၂၆။ | တက်တိုး | ဥရောပဒဿနာရှိသုံးပုဒ် | ၆ |
| ၂၇။ | စိုးမြိုင် | အနှစ်ချုပ်အင်္ဂလိပ်သဒ္ဒါ | ၁၂ |
| ၂၈။ | ဒဂုန်ဦးလှဘော | တွေးခေါ်သိမြင်မှုဒဿနမြင်ကွင်း | ၁၀ |
| ၂၉။ | ဦးတင်မောင်ရင် (မဟာဝိဇ္ဇာ) | သီပေါမင်းနှင့် အင်းဝမြို့စား ဒပ်ဖရင် | ၁၅ |
| ၃၀။ | ရွှေစကြာ ဦးစိုးမြင့် | ဗုဒ္ဓရောင်ခြည်နှင့်ပုဂံမြို့ | ၁၀ |
| ၃၁။ | မင်းသုဝဏ် | ဟိုက္ကူကဗျာမြည်းစရာ | ၅ |
| ၃၂။ | ဒေါက်တာလှဖေ | မြန်မာစာပေညွှန်ခံစာတမ်း | ၇ |
| ၃၃။ | ဒေါက်တာမြင့်ဆွေ | ဂျပန်ခေတ်ဆေးရုံကြီးပေါ်ဝယ် | ၂၅ |
| ၃၄။ | ဦးထူးမောင် | မြန်မာ့ဘဏ်လုပ်ငန်းသမိုင်း | ၁၀ |
| ၃၅။ | ဗိုလ်ချုပ်အောင်ဆန်း | ဘားမားချဲလင်း | ၁၅ |
| ၃၆။ | မောင်ထင် | ယောမင်းကြီးဦးဘိုးလှိုင် (အတ္ထုပ္ပတ္တိ) နှင့် ရာဇဓမ္မသင်္ဂဟကျမ်း | ၁၆ |
| ၃၇။ | စတုဝဏ္ဏ | ပါရမီရှင်တို့၏ အတွေ့ထူး အသိထူး ကျင့်စဉ်လမ်း | ၁၈ |
| ၃၈ | ဒဂုန်ဦးစန်းငွေ | ဗုဒ္ဓကိုယ်တိုင်ဖြေ မေးခွန်းနှင့်ပြဿနာများ | ၄၅ |
| ၃၉။ | တက္ကသိုလ်သခ် | မြန်မာ့စီးပွားရေးစစ်တမ်း | ၁၂ |
| ၄၀။ | ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) | မြန်မာမင်းလက်ထက်တော်စာတမ်းများ | ၈ |
| ၄၁။ | မျိုးနွယ် | ပုလဲ | ၈ |
| ၄၂။ | မောင်မောင်ဘုန်းကြွယ် | ဂျပန်တပ်မတော်၏ မြန်မာပြည်သိမ်းစစ်ဆင်ရေး | ၁၀ |

တဦးချင်းအလိုရှိသူများ တိုက်ရိုက်မှာကြားနိုင်ပါသည်။

စပယ်ဦးစာပေ ဖြန့်ချိရေး
အမှတ် ၁၄၈/၁၅၀၊ ၃၃-လမ်း၊ ရန်ကုန်မြို့။ (ဖုန်း-၇၆၈၄၅)

www.dhammaransi.com